www.burmeseclassic.com



တက္ကသိုလ်
# ဝင်းကြွယ်

# မိုးကုပ်စက်ဝိုင်း ရန်နိမ့်သိုင်း

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဝင်းကြွယ်

မိုးကုပ်စက်ဝိုင်းရန်နီမ်သိုင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၉၃၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၁၉၀၆၁၀

ထုတ်ဝေသူ - ဦးချစ်ညွန့်
(ဇင်ရတနာစာပေ)
အမှတ် (၂၀၅)၊
မြို့သစ် (၄)လမ်း၊ အင်းစိန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်စိန်
(ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃-လမ်း။

စီစဉ်သူ - မောင်တင်ဋ္ဌေး

မျက်နှာဖုံးပန်းချီ - သဲဇာ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၇၅၀ ကျပ်

ပထမအကြိမ် - ဒီဇင်ဘာလ၊ ၂၀၀၆။

# တက္ကသိုလ်ဝင်းကြွယ်

## မိုးကုပ်စက်ဝိုင်း ရန်နီမ်သိုင်း

## (ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



ဘုရား ၊ တရား ၊ သံဃာ
အမိ ၊ အဖ ၊ ဆရာသမား
အနန္တော အနန္တ ငါးပါးအား
ဦးထိပ်ထားလျက်

# ရွှေဟင်္သာ စာပေ



(ရွှေဟင်္သာစာပေ)
အမှတ်(၂)အယ်သုန်လမ်း ကျောက်မြောင်း
တာမွေ ရန်ကုန်မြို့



## အခန်း(၁)

တရုတ်ပြည်၏ မြောက်ဘက် နယ်ခြားဒေသတွင် တောင်စွယ်တောင်တန်းများ ထူထပ်သည်။ တောရိုင်းတောင်တန်းများ ပေါများသည်။

ခရီးသွားလာမှု ခက်ခဲ၍ လူသူအရောက်အပေါက်လည်း နည်းသည်။

ထိုနယ်ခြားဒေသ တစ်နေရာတွင် မြင့်မားသော တောင်တန်းများဝန်းရံလျက် မြေပြန့်လွင်ပြင်ကျယ် တစ်ခုရှိသည်။ ထိုလွင်ပြင်ကျယ်ထဲတွင် ရွာတစ်ရွာရှိသည်။

ထိုရွာတွင် လူနေအိမ်ခြေ သိပ်မများပေ။

အိမ်ခြေ တစ်ရာကျော်ကျော်မျှသာ ရှိသည်။ သို့ရာတွင် ထိုရွာထဲတွင် တည်းခိုရိပ်သာများ စားသောက်ဆိုင်များ၊ အရက်ဆိုင်များ၊ ဆောင်ကြာမြိုင်များသည် အိမ်ခြေနည်းပါးပြီး ခရီးလမ်းပန်း ခက်ခဲလှသော ရွာ၏အနေအထားနှင့် မလိုက်အောင်ပင် များပြားသည်။

လူသူလည်း အလွန်စည်ကားသည်။

ထိုရွာတွင် စည်စည်ကားကား ရှိနေခြင်းမှာ လူနေများပြားသောကြောင့်လည်း မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ရွာခံလူများထက် ရပ်ဝေးမှရောက်လာကြသော ခရီးသွားဧည့်သည်များကြောင့် စည်ကားနေခြင်းဖြစ်သည်။

ဤသို့ ခရီးသွားဧည့်သည်များဖြင့် စည်စည်ကားကားရှိနေခြင်းမှာ ထိုရွာသည် စီးပွားရေးအချက်အချာကျသော နေရာတွင်ရှိနေသောကြောင့်လည်း မဟုတ်။

ခရီးလမ်းဆုံ ဖြစ်၍လည်း မဟုတ်။ အုပ်ချုပ်ရေး အရအရေးပါသည့် နေရာလည်း မဟုတ်ပေ။

အုပ်ချုပ်ရေးရာ နယ်ပယ်သတ်မှတ်ရာတွင် ထိုရွာသည် စာရင်းပင် မဝင်ပေ။ ထိုရွာတွင် တရားဝင်အမည်ပင် မရှိပေ။

ထိုရွာတွင် ဝင်ထွက်လာနေကြသော ခရီးသွားဧည့်သည်များသည် သာမန်လူများလည်း မဟုတ်။ သိုင်းလောက၏ ထင်ရှားသော သိုင်းသမားများသာ ဖြစ်ကြသည်။

အုပ်ချုပ်ရေးနယ်ပယ်တွင် မပါဝင်ဘဲ တရားဝင် အမည်ပင် မရှိသော ထိုရွာသည် သိုင်းလောကတွင်တော့ လူသိများသည်။ သိုင်းသမားများက ထိုရွာကို စိတ်တိုင်းကျ ပြည့်စုံကျေးရွာဟု ခေါ်ကြသည်။

ရွာခံလူများကမူ သူတို့၏ကျေးရွာကို ခပ်ရိုးရိုးပင် အမည်မဲ့ရွာဟု ခေါ်ကြသည်။

စိတ်တိုင်းကျ ပြည့်စုံရွာတွင် အကောင်းစား ဟင်းလျာများ၊ နှစ်ချို့ အရက်ကောင်းများ၊ မိန်းမချောလေးများနှင့် ပျော်ရွှင်ဖွယ်ရာများ အစုံးပင်စုံလင်လှသည်။

သိုင်းသမားများသည် ထိုအရာများကို သဘောကျနှစ်သက်ကြသည်မှန်သော်လည်း စိတ်တိုင်းကျ ပြည့်စုံရွာအနေဖြင့်



သိုင်းလောကတွင် အမည်သတင်း ကျော်ကြားနေခြင်း၊ သိုင်းသမားများ ထိုရွာသို့ ခက်ခဲသောလမ်းကို ဖြတ်ကျော်ကာ တကူးတကလာရောက်ကြခြင်း၏ အဓိကအကြောင်းအရင်း မဟုတ်ပေ။

သိုင်းသမားတို့ကို ဆွဲဆောင်နိုင်ဆုံးမှာ ထိုရွာရှိ ပြည့်စုံစားသောက်ဆိုင် ဖြစ်သည်။

ပြည့်စုံစားသောက်ဆိုင်သည် အစားသောက်များ ရောင်းချသော စားသောက်ဆိုင်ဖြစ်သော်လည်း သိုင်းသမားတို့ကို ဆွဲဆောင်မှုပြုသည်က ထိုဆိုင်၏ စားကောင်း သောက်ဖွယ်များထက် ထိုဆိုင်တွင် တစ်လတစ်ကြိမ် ပြုလုပ်သည့် ထူးဆန်းသော အရောင်းအဝယ် လုပ်ငန်းကြောင့် ဖြစ်သည်။

မည်သည့် ထူးဆန်းရှားပါးသည့် ပစ္စည်းမဆို ပြည့်စုံစားသောက်ဆိုင်တွင် ရောင်းချနိုင်သည်။ ဝယ်ယူနိုင်သည်။

စိန်၊ ရွှေ၊ ကျောက်မျက်ရတနာ၊ အဖိုးတန်အဝတ်အထည်၊ အထက်တန်းစား လူသုံးပစ္စည်း စသည်တို့သည် ရှားပါးသော်လည်း ထိုက်သင့်သည့် တန်ဖိုးပေးပါက မြို့ကြီးများရှိ ဆိုင်များတွင် ဝယ်ယူနိုင်သည်။

ထိုအရာများကို ဝယ်ယူရန်အတွက် လိုအပ်သည့် ငွေကြေးကို ရအောင်ရှာနိုင်ဖို့ပဲ လိုသည်။

သို့သော် ...

လျှို့ဝှက်သိုင်းကြမ်း စာအုပ်တစ်ခုခု၊ အဆိပ်တစ်ရာ ဖော်စပ်နည်း၊ အတွင်းအားပြည့် ဆေးလုံး၊ အသက်ကယ်ဆေး ဖော်စပ်နည်း၊ ပုန်းအောင်း ရှောင်းတိမ်း နေသူကို ရှာဖွေရန်လမ်းစ၊ အဆိပ်အပြင်းဆုံး ဖြစ်အောင် မျိုးစပ်ထားသော မြွေဆိုး တည်သည့်တို့ကိုမူ

www.burmeseclassic.com

www.burmeseclassic.com



အချက်မသိလျှင် ငွေပုံပေးသည့် တိုင်အောင် မည်သို့မျှ ဝယ်ယူ၍ ရနိုင်မည် မဟုတ်ပေ။

စိတ်တိုင်းကျ ပြည့်စုံရွာရှိ ပြည့်စုံစားသောက်ဆိုင်တွင်မူ မည်သည့် အရာကိုမဆို အရောင်းအဝယ် ပြုနိုင်သည်။ ချက်ချင်း အရောင်းအဝယ် မလုပ်နိုင်လျှင်လည်း ရက်ချိန်းပြုလုပ်ပေးကာ ထိုရက်ချိန်း ဆိုသည့်ရက်တွင် အရောင်းအဝယ်ဖြစ်အောင် ပြုလုပ်ပေးသည်။

ရောင်းဝယ်သည့် ကိစ္စကို မည်သူမျှ မသိစေရဘဲ လျှို့ဝှက်ထားလိုပါလျှင်လည်း ပြည့်စုံစားသောက်ဆိုင် ပိုင်ရှင်က တာဝန်ယူကာ လျှို့ဝှက်ပေးထားသည်။

ပစ္စည်းမှန် ဈေးမှန် ရရှိစေရန်လည်း ပြည့်စုံစားသောက်ဆိုင်က တာဝန်ယူသည်။

ပြည့်စုံစားသောက်ဆိုင်ကို နေ့စဉ်ဖွင့်လှစ် ရောင်းချသော်လည်း အရောင်းအဝယ် ကိစ္စကိုမူ လစဉ် လဆန်းငါးရက်နေ့ တစ်နေ့တည်းတွင်သာ ပြုလုပ်သည်။ ထိုရက်ကို မမှီလိုက်ပါက ပစ္စည်းကောင်း ရောင်းလိုလျှင်ဖြစ်စေ၊ ဝယ်လိုလျှင်ဖြစ်စေ နောက်လ ငါးရက်နေ့အထိ စောင့်ဆိုင်းရပေမည်။

ပြည့်စုံစားသောက်ဆိုင်တွင် တစ်လတစ်ကြိမ် ပြုလုပ်သည့် အရောင်းအဝယ်သည်ပင် စိတ်တိုင်းကျ ပြည့်စုံကျေးရွာတွင် သိုင်းသမားများနှင့် စည်ကားနေသည့် အကြောင်းအရင်းတစ်ခု ဖြစ်ပေသည်။

ပြီးခဲ့သည့် လဆန်းငါးရက်နေ့က ပြည့်စုံစားသောက်ဆိုင်တွင် အရောင်း အဝယ်သုံးခု ဖြစ်ခဲ့သည်။ ကျောက်စိမ်း ဝါးဆံထိုးတစ်ခု၊



လက်ညှိုး တစ်ချောင်းနှင့် အဆိပ်တစ်ရာ ဖြေဆေး တစ်ပုလင်းတို့ ဖြစ်သည်။

ယခုလ လဆန်းငါးရက်နေ့တွင် ယခင်လကထက် ပို၍ အံ့ဖွယ်ကောင်းသည့် ပစ္စည်းများ အရောင်း အဝယ်ဖြစ်ကြလိမ့်မည်ဟု ထင်ကြေး ပေးနေကြသည်။

ထိုသို့ထင်ကြေး ပေးကြရသည်မှာလည်း အကြောင်းမဲ့ မဟုတ်။

ယခုလဆန်းပိုင်း ရက်များတွင် ပလွေနက်စွန်းလုယီ၊ ငွေမျှင်ကြိုး ယီထိုက်ဟိန်း၊ မိုးတစ္ဆေမယ် လန်ယောင်ယောက်၊ မဟူရာအဆိပ် ညီးနောင်ငါးဖော်၊ ဒေါင်းညီအစ်မသုံးဖော်၊ ဝှမ်းစန်းတောင် မုတ်ဆိတ်ကြီး ရှန့်ဝမ်ကျူး၊ အုန်းသီးယီချွန်ကီ၊ အပျော်မယ် ရိပ်ရင်ကူနှင့် ဓားမပျံကိုဏ်းမှ သိုင်းသမားများ စိတ်တိုင်းကျ ပြည့်စုံရွာသို့ တစ်သုတ်ပြီး တစ်သုတ် ရောက်ရှိလာခဲ့ကြသည်။

စိတ်တိုင်းကျ ပြည့်စုံရွာသို့ အဆင့်မြင့် သိုင်းသမားများ ဝင်ထွက် သွားလာနေသည်မှာ မဆန်းလှသော်လည်း ယခုကဲ့သို့ သိုင်းလောက၏ နာမည်ကျော် သိုင်းသမားတို့ တစ်ချိန်တည်းတွင် ပြိုင်တူလိုလို ရောက်ရှိလာမှုမျိုးမှာမူ ဖြစ်ခဲသည်။

ထို့ကြောင့်လည်း ယခုလ လဆန်းငါးရက်တွင် ပြုလုပ်မည့် ပြည့်စုံ စားသောက်ဆိုင်၏ အရောင်းအဝယ်မှာ သိုင်းလောကကို လှုပ်ရှား သွားလောက်အောင် ထူးဆန်း ကြီးကျယ်မည်ဟု ထင်ကြေး ပေးနေကြခြင်း ဖြစ်သည်။

ထိုထင်ကြေး မှန်ကန်နိုင်မည်လော။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



လေးလပိုင်း။

လဆန်းနှစ်ရက်နေ့။

ထိုနေ့သည် နေသာသောနေ့ ဖြစ်သည်။ ကောင်းကင်တွင် တိမ်ကင်းစင်နေသော်လည်း တိမ်တိုက်များ ထူထပ်နေခြင်း မရှိ။ ပါးလွှာသော တိမ်များသာ ဟိုနားတစ်စ သည်နားတစ်စ ရှိနေကြသည်။

လေကလည်း ငြိမ်နေသည်။

နေ့လယ်ပိုင်းအချိန် နေရှိန်ကလည်း ပြင်းသောကြောင့် စိတ်တိုင်းကျ ပြည့်စုံရွာရှိ လူများသည် အပြင်သို့ သိပ်မထွက်ကြပဲ အရိပ်အာဝါသများအောက်တွင်သာ အနားယူနေကြသည်။

စိတ်တိုင်းကျ ပြည့်စုံရွာ၏ အလယ်ရှိ လူစွမ်းကောင်း တည်းခိုဆိုင် တံခါးသို့ ခရီးဆောင်အိတ်ကို ကျောတွင် လွယ်ပိုး ထားသော အညိုရောင်ဝတ်စုံဝတ် လူရွယ်တစ်ယောက် ရောက်ရှိ လာသည်။

ထိုလူရွယ်သည် အသက်နှစ်ဆယ်ခန့် ရှိသည်။ အရပ်မြင့်မား ကာ ကိုယ်ခန္ဓာ ကျစ်လျစ်သန်မာသည်။ ရုပ်ရည်ကလည်း မွန်ရည် ချောမောသည်။

သူ ဝတ်ထားသည့် အညိုရောင်ဝတ်စုံသည် အကောင်းစား ဝတ်စုံဖြစ်သော်လည်း ဖုန်မှုန့်များ ပေကျံနေသည်။ ခရီးရှည်နှင်ကာ လာခဲ့ရကြောင်း သိသာနိုင်သည်။



အဝတ်အစားများပေါ်တွင် ဖုန်များ ပေကျံနေသော်လည်း ထိုလူရွယ်သည် ခရီးပန်းသည့်အသွင်မျိုးမရှိတော့။ လန်းလန်း ဆန်းဆန်း ဖြိုးဖြိုးရွှင်ရွှင်ပင် ဖြစ်သည်။

သူ၏ နှုတ်ခမ်းတွင် မထီတရီအပြုံးတစ်ခု ခိုတွဲနေသည်။ သူ့မျက်လုံးများက တောက်ပကာ အကြည့်အရှု သွက်လက်သည်။ အနီးဝန်းကျင်ရှိ မည်သည့်အရာကိုမဆို မလွတ်တမ်း အကဲခတ် ကြည့်မြင်နိုင်လောက်အောင်လျင်သည့် မျက်လုံးများ ဖြစ်ကြသည်။

ထိုလူရွယ်ကို မြင်လိုက်သောအခါ လူစွမ်းကောင်း စားသောက်ဆိုင်အဝင်ဝရှိ ဧည့်ကြိုလုလင်လေးမှာ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ဧည့်ကြိုလုလင်လေးသည် ချက်ချင်းပင် မျက်နှာ အမူအရာကိုပြင်ကာ ပြုံးရယ်လျက် ခရီးဦးကြိုဆိုစကားဆိုသည်။

"ဟော ... ကိုယ်တော်လေး ထန်ပါလား၊ ရောက်မလာ တာ သတော်ကြာပြီနော်"

လူရွယ်က မထီတရီ အပြုံးမပျက်ပဲ ...

"ကျုပ်နာမည် ထန်ဟာန်၊ ကိုယ်တော်လေး မဟုတ်ပါဘူးဗျာ"

ဧည့်ကြိုလုလင်လေးက ပျာပျာသလဲပင် ...

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဆရာလေးထန်ခင်ဗျား၊ ကျွန်တော်တို့ဆိုင်မှာ ဧည့်တည်းခိုမလို့လား"

ထန်ဟာန်ဆိုသူ လူရွယ်က ခပ်လျောင်လျောင် ရယ်မောကာ ...

"ကျုပ်က ဆရာလေးထန်လည်း မဟုတ်ဘူး၊ ထန်ဟာန်ပါပဲ၊ အဲ ... သိုင်းလောကမှာတော့ မီးခဲထန်လို့ ခေါ်ကြလေရဲ့၊ ကျုပ်ကို ဘယ်နေရာကမှ လိုလိုလားလား မကြိုဆိုကြဘူး၊ ခင်ဗျားကလည်း မချိသွားဖြဲနဲ့ ကြိုနေတာမှန်း ကျုပ်သိပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အာပဲဖြစ်ဖြစ်လေ ဒီတစ်ခေါက် ကျုပ်က ခင်ဗျားတို့ တည်းခိုဆိုင်မှာ တည်းခိုမယ်လို့ စိတ်ကူးထားတယ်၊ ကျုပ် ရောက်လာပြီဆိုတော့ ခင်ဗျားတို့ တည်းခိုဆိုင်မှာ ပြဿနာတွေ ပေါ်ရပြီသာမှတ်ပေတော့"

"ဟာဗျာ ရယ်စရာစကားတွေ ပြောနေပြန်ပါပြီ"

"ကျုပ်က ရယ်စရာကို သဘောကျပေမဲ့ ကိုယ်တိုင်တော့ ရယ်စရာစကား မပြောတတ်ပါဘူး၊ ယော ... ခင်ဗျား ဖူးဖူးမှာမှာ ညှော်ဝတ်ပြုချင်တယ်ဆိုရင်တော့ တကယ့် သိုင်းမင်းသား ကိုယ်တော်လေးတစ်ယောက် ဟိုမှာ လာနေတယ်၊ ကျုပ်နဲ့ အချိန်ဖြုန်းနေမဲ့အစား ဟိုကိုယ်တော်လေးကို သွားကြိုဆိုပေတော့"

ထန်ဟန်က ထိုသို့ပြောရင်း ဆိုင်အပြင်ဘက် လမ်းမဆီသို့ မေးငေါ့ပြလိုက်သည်။

ညှော်ကြိုလုလင်လေးသည် ဆိုင်ရှေ့ လမ်းမပေါ်သို့ လှမ်းကြည့်လိုက်ရာ ခြေလှမ်းမှန်မှန်ဖြင့် လာနေသော သားနားခန့်ထည်လှသည့် လူရွယ်တစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။

ထိုလူရွယ်သည် အထက်တန်းကျလှသော ကဖ္ဗီပါဝတ်စုံကို လှပသေသပ်စွာ ဝတ်ဆင်ထားသည်။

နီလွင်သော ကဖ္ဗီပါဝတ်စုံသည် နေရောင်ခြည်အောက်တွင် တောက်ပနေသည်။ လူစွမ်းကောင်း တည်းခိုဆိုင်ရှိရာသို့ လှမ်းလာသည်ဖြစ်ရာ ခြေတစ်လှမ်း လျှောက်လှမ်းလိုက်တိုင်း တည်းခိုဆိုင်နှင့် ခြေလှမ်းတစ်လှမ်းစာ ပိုနီးလာသည်။

ထိုလူရွယ်၏ ရုပ်ရည် သွင်ပြင်လည်း ပိုမိုထင်ရှားလာသည်။



ထိုလူရွယ်၏ ရုပ်သွင်ကို ပို၍ ထင်ရှားစွာ မြင်ရလေလေ၊ ညှော်ကြိုလုလင်လေး၏ မျက်လုံးပြူးသွားလေလေ ဖြစ်နေသည်။

သူသည် လူစွမ်းကောင်း တည်းခိုဆိုင်တွင် ညှော်ကြိုလုလင် လုပ်နေသည်ဖြစ်ရာ လူပေါင်းစုံကို တွေ့ဖူးသည်။

အထက်တန်းစား ကိုယ်တော်လေးများကိုလည်း အများပင် မြင်ဖူးသည်။ ရုပ်ရည်သွင်ပြင် ထူးထူးဆန်းဆန်းရှိသည်များကို တွေ့ဖူးသည်မှာလည်း မနည်းတော့ပေ။

ယခု မျက်စိနှင့်မြင်ရ၍သာ သည်လို ရုပ်ရည်မျိုးနှင့် လူသားတစ်ယောက် ရှိနေကြောင်း လက်ခံယုံကြည်ရတော့သည်။

ညှော်ကြိုလုလင်လေးမြင်ရသည့် လူရွယ်သည် အရုပ်အဆောင်း ကောင်းပါသည်။ ကိုယ်ခန္ဓာ အချိုးအဆစ် ပြေပြစ်ပါသည်။

လမ်းလျှောက်ပုံ မာန်ပါသည်။ ဝတ်ပုံစားပုံ သားနားခန့်ထည်ပါသည်။

တစ်ခုသော ချွတ်ယွင်းချက် ရှိသည်။

ထိုချွတ်ယွင်းချက်မှာ လူရွယ်၏မျက်နှာ ဖြစ်သည်။

လူတစ်ယောက်၏ မျက်နှာပေါ်တွင် အဖုအပိန့်များရှိနေလျှင် အတော်ရုပ်ဆိုးနေပေသည်။

အကယ်၍ နှားရွက်ကားကား၊ နှာခေါင်းပေါက်လန်ကာ နှုတ်ခမ်းထော်ထော်နှင့် သွားတွေ မည်းနက်နေလျှင်မူ မည်သို့ ပြောရမည်နည်း။

ယခု ညှော်ကြိုလုလင်လေး မြင်ရသည့် ထိုလူရွယ်၏ ရုပ်ရည်သည် ထိုထက်ပင် အရုပ်ဆိုးပေသေးသည်။

ထို့ပြင် ထိုလူရွယ်တွင် မျက်ခုံးမွေး တစ်ပင်မျှပင်မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



"အလိုလေး လောကမှာ ဒီလောက် ရုပ်ဆိုးတဲ့လူ ရှိနေပါလား"

ညို့ကြိုလုလင်လေးက တအံ့တသြပင် ရေရွတ်လိုက်မိလေသည်။

ထန်ဟန်က ခပ်လျော့လျော့ ရယ်မောလိုက်ကာ ...

"သူ့ကို ရုပ်ဆိုးလှတယ်လို့ အထင်မသေးနဲ့၊ သိုင်းပညာအစွမ်းအစအနေနဲ့ကြည့်ကြည့် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတာနဲ့တိုင်းတာ တိုင်းတာ သူ့ကိုမီနိုင်တဲ့လူ ရှားတယ်၊ မဟုရာ အဆိပ်ညီနောင်ငါးဖော်နဲ့ ပလွေနက် စွန်းယိတို့ ပေါင်းလိုက်ရင်တောင်မှ သူ့ရဲ့သိုင်းပညာစွမ်းကို ပုံးပုံတစ်ပုံတောင် မမီနိုင်သေးဘူး"

"သိုင်းမင်းသား ကျန်းထင်ကျင့်ဆိုတဲ့နာမည်ကို ကြားဖူးသလား"

"ကြားဖူးပါတယ်၊ သိုင်းမင်းသားငါးဖော်ထဲက အမှတ်တစ်နေရာမှာ ရှိနေတဲ့လူပဲ၊ အခု လာနေတဲ့လူက သိုင်းမင်းသားကျန်းထင်ကျင့်လား"

"မမှားဘူး"

"သိုင်းလောကမှာ သားရေမျက်နှာဖုံးတွေ အများကြီးသုံးနေကျပါ၊ သူက ငွေကြေးကြွယ်ဝသားပဲဟာ၊ အကောင်းဆုံးသားရေမျက်နှာဖုံးကို ဝယ်ပြီး တပ်ဆင်ထားလိုက်ရင် ကိစ္စပြီးသွားမှာပဲ"

"ဒီအကြံကို ခင်ဗျားယက်အလျှင် သူ့ကို ပြောတဲ့လူ ရှိပြီးသွားပြီ"

"သူက ဘာပြန်ပြောလိုက်သလဲ"



"အသာပြုံးရယ်ပြီးပဲ နေလိုက်တယ်"

"ဟင် ... ဘာကြောင့် သားရေမျက်နှာဖုံးစွပ်ဖို့ အကြံကို လက်မခံရတာလဲ"

"သိုင်းမင်းသား ကျန်းထင်ကျင့်အနေနဲ့ သူ့ရဲ့ ရုပ်ရည်အပေါ်ဘာမှ မကျေနပ်ဖြစ်စရာ အကြောင်းမရှိလို့ပေါ့"

ညို့ကြိုလုလင်လေးသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ ဘာမှတော့ ထပ်မပြောပေ။ ပြောဖို့ကလည်း မသင့်တော့။

သိုင်းမင်းသား ကျန်းထင်ကျင့်သည် လှစွမ်းကောင်း တည်းခိုဆိုင်၏ အဝင်တံခါးနှင့် နီးကပ်လာနေပြီ ဖြစ်သည်။

လှစွမ်းကောင်း တည်းခိုဆိုင်ရှေ့သို့ သိုင်းမင်းသား ကျန်ထင်ကျင့် ရောက်ရှိလာသည်။

ကျန်းထင်ကျင့်သည် သူ၏ မျက်ခုံးမွေး ကင်းမဲ့နေသော မျက်လုံးအစုံဖြင့် ထန်ဟန်ကို စိုက်ကြည့်သည်။ ထိုအကြည့်မှာ မြက်ပင်များအကြားတွင် ရောင်စုံကင်းကြီးတစ်ကောင်ကို တွေ့လိုက်ရသည့်အတွက် ကြည့်သည့်အကြည့်မျိုး ဖြစ်သည်။

ထန်ဟန်၏ အနီးတွင်ရှိနေသော ညို့ကြို လုလင်လေးမှာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

မီးခဲထန်ဟန်သည် သိုင်းပညာထက်မြက်သလောက် အလွန်လက်သွက်သည့် သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ညို့ကြိုလုလင်လေး ကောင်းကောင်းသိထားသည်။ သိုင်းမင်းသား ကျန်းထင်ကျင့်မှာလည်း အစွမ်းအစထက်သူတစ်ယောက်ဖြစ်ကြောင်း ကြားဖူးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ညှို့ကြိုလုလင်လေးက သည်လို တိုက်ခိုက်မှုမျိုး ဖြစ်လာမည်ကို နိုးရိမ်သည်။ သို့သော် သူ့အနေဖြင့် မည်သို့မှ တားဆီးခြင်းလည်း မပြုရ။ အထူးပင် အခက်တွေ့ရလေတော့သည်။

ထန်ဟန်သည် ကျန်းထင်ကျင့်၏ စူးစိုက်ကြည့်မှုကို အတော်ကြာကြောင် ခံနေပြီးနောက် မထီတရီ ပြုံးလိုက်ကာ ...

"ခင်ဗျားနဲ့ ဟုန်စမ်းတောင်မှာ လမ်းခွဲခဲ့ကြတာ တစ်နှစ်တောင်မှ အချိန်မကြာသေးဘူး၊ ဒီနေရာမှာ ပြန်လာဆုံကြရပြန်ပြီ၊ ခင်ဗျားနဲ့ ဒီမှာ ပြန်ဆုံရလိမ့်မယ်လို့ ထင်တောင် မထင်မိဘူး"

သိုင်းမင်းသား ကျန်းထင်ကျင့်က သူ၏ စူးရှသော အကြည့်ကို ရုပ်သိမ်းလိုက်ပြီး သက်ပြင်းတစ်ချက်ချကာ ...

"ခင်ဗျားက မထင်မိတာ အကြောင်းမဟုတ်ပါဘူး ကျွန်တော့်အဖို့တော့ ခင်ဗျားနဲ့ လာဆုံရတာ ကံဆိုးလှတယ်"

ထန်ဟန်က သူ့ထုံးစံအတိုင်း မထီတရီ ရယ်မောလိုက်ပြန်ကာ ...

"ခင်ဗျားရဲ့ ဓားသိုင်းပညာစွမ်းနဲ့ အရက်သောက်နိုင်စွမ်းကို ကျွန်တော် ချီးမွမ်းမိပါတယ်၊ ဒါပေမဲ့ စကားအပြောအဆိုမှာတော့ နည်းနည်း လိုနေသေးတယ်"

"စောစောက ကျွန်တော် ပြောလိုက်တဲ့ စကားတွေမှာ ဘာများ မသင့်လျော်တာ ပါနေလို့လဲ"

"ကံကောင်းတယ်လို့ ပြောရမဲ့နေရာမှာ ကံဆိုးတယ်လို့ မှားပြောမိတယ်လေ၊ ခင်ဗျားအဖို့ ကျွန်တော်နဲ့တွေ့ရင် အရက်ဒကာခံရတာကလွဲလို့ ဘာများ ကံဆိုးခဲ့တာ ရှိလို့လဲ"

"ထားပါတော့လေ ထားပါတော့"



"အခုတစ်ခေါက် ဆုံမိကြတဲ့အခါလည်း အရင်အခေါက်တွေ့တုန်းကလိုပဲ လောင်းကြေးစားကြေး အရက်သောက်ကြဦး မလို့လား"

"အသင့်ပါပဲ"

"ဘယ်နေရာလဲ"

"အိပ်မက်ဂေဟာ"

အိပ်မက်ဂေဟာ ဆိုသည်မှာ စိတ်တိုင်းကျ ပြည့်စုံရွာ၏ ဆောင်ကြာမြိုင် တစ်ခုဖြစ်သည်။ ထိုနေရာတွင် စားသောက်ဖွယ်ရာနှင့် အရက်များလည်း ရနိုင်သည်။

"ကျွန်တော်က အရက်များများသောက်ပြီးရင် အေးအေးမနေတတ်ဘူးဆိုတာကိုတော့ ခင်ဗျား သိပါလိမ့်မယ်"

"ဟုတ်ပြီ၊ ဒီလိုဆိုရင် လောင်းကြေးကတော့ ထုံးစံအတိုင်းပဲ မဟုတ်လား"

"ဟုတ်တယ် အရင်မှုံးတဲ့လူက ဒကာခံကြေး"

အိပ်မက်ဂေဟာ၏ အထူးခန်းထဲသို့ ကျန်းထင်ကျင့်နှင့် ထန်ဟန်တို့နှစ်ယောက် ရောက်ရှိသွားကြသည်။

ကျန်းထင်ကျင့်က ရင်ရင်နှင့် လိန်လိန်ဆိုသော မိန်းမပျို နှစ်ယောက်ကို သူတို့အား ညှို့ခံရန် ခေါ်ယူလိုက်သည်။ အရက်နှင့် ဟင်းလျာများသည်လည်း မှာယူလိုက်သည်။

အရက်နှင့် ဟင်းလျာများ ရောက်လာသောအခါ ကျန်းထင်ကျင့်သည် အရက်တစ်ခွက် ငှဲ့ယူလိုက်ပြီး ...

"ကဲ ... စကြစို့လား၊ စမသောက်ခင် ဒီနေ့ အရင်မှုံး အတွက် ကျေးဇူးတင်တဲ့အကြောင်း ခင်ဗျားကို အရင်ပြောပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းထင်ကျင့် ပြောသည့်စကားသည် ထိုအရက်ဝိုင်းအတွက် ထန်ဟန်က ဒဏ်ခံရမည့်သဘောကို ဆိုလိုခြင်း ဖြစ်သည်။

ထန်ဟန်က မထီတရီ ပြုံးရယ်လိုက်ပြီး ...

"ဒီလို ပဏာမပျိုးတဲ့စကားမျိုး ကျွန်တော် ကြားဖူးခဲ့ပေါင်း များပါပြီ၊ ဒါပေမဲ့ အပြီးသတ်ကျတော့ အရက်ဝိုင်းအတွက် ဒဏ်ခံရတာက ခင်ဗျားချည်းပဲ ဖြစ်နေတာကို မမေ့နဲ့ဦး"

"ဟား ... ဟား ... ဟား ကျွန်တော်က ငါးကြီးကြီးကို အမိဖမ်းယူချင်လို့ ငါးမျှားကြိုး ရှည်ရှည်လွှတ်ထားတာပါဗျ"

"ခင်ဗျားက ငါးကြီးကို ဘယ်တော့ အမိဖမ်းမှာလဲ"

"ဒီနေ့ပဲ"

"သေချာလို့လား"

"သေချာလို့ လောင်းတောင် လောင်းချင်သေးတယ်"

"ဒီအရက်ဝိုင်းမှာ သောက်စားတဲ့အရက်နဲ့ ဟင်းလျာတွေ အတွက် ဒဏ်ခံရမှာ ထပ်ပြီး လောင်းကြေးလုပ်ချင်သေးလို့လား"

"ဟုတ်တယ်"

"ဘယ်လို လောင်းကြေးလဲ"

"ရှုံးတဲ့လူက နိုင်တဲ့လူရဲ့စကားကို နာခံကြေး"

"ခင်ဗျားက ကျွန်တော့်ဆီက သတင်းစကား နှိုက်ထုတ် ချင်နေတာကိုး"

ကျွန်းထင်ကျင့်က ပြုံးရယ်လိုက်ကာ ...

"ကျွန်တော်က ဘာသတင်းတွေ စုံစမ်းရမှာလဲ"

"ဥပမာ ပြောမယ်ဗျာ၊ အခု မဟုရာ အခဆိပ်ညီနောင် ငါးဖော်တို့ ပလွေနက် ခွန်းလူယီတို့ အပျော်မယ် ရိုဝ်ရင်ကူတို့



ရှေလုံရှင် ကိုးရန်မိန်တို့ ဓားမပျံဂိုဏ်းက ဂိုဏ်းခွဲမှူးကြီး လေးယောက် တို့ စတဲ့ သိုင်းပညာရှင်တွေ စိတ်တိုင်းကျ ပြည့်စုံရှာကို ရောက်လာ ကြတဲ့အကြောင်းနဲ့ ပတ်သက်တဲ့ သတင်းမျိုးပေါ့" ခြ

"ဘယ်လိုသတင်းမျိုးတွေပါလိမ့်"

"ဥပမာအဖြစ် ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ ခြောက်လဘ္ဘာပြီဖြစ် တုန်းက ဖုန့်ယန်ရွဲတိုက်ရဲ့ ပင့်ကူမျှင်အင်္ကျီ ပျောက်ဆုံးသဆက်ကာ အဲဒီ ပင့်ကူမျှင်အင်္ကျီဟာ ဒီလဆန်း ငါးရက်ကျရင် သောက်ဆိုင် အရောင်းအဝယ်ပွဲမှာ ပေါ်ထွက်ကောင် လာနိုင်တယ်၊ ခင်ဗျားက ပင့်ကူမျှင်အင်္ကျီကို စိတ်ဝင်စား ...

"ဟင့်အင်း"

"ဓားမပျံဂိုဏ်းက ဂိုဏ်းချုပ်ရဲ့ ဓားအိမ်ဟာ ပျောက်း မှုံးသွား က ဘယ်မှာရှိနေသလဲလို့ လမ်းစပေါ်လာပြီ ကြားတ

"ဒီကိစ္စလည်း ကျွန်တော် စိတ်မဝင်စားဘူး"

"ဒီအတိုင်းဆိုရင် ကျွန်တော်နဲ့ နောက်ထပ် လောင်း မလုပ်ပါနဲ့တော့၊ ဘာကြောင့်လဲဆိုတော့ တကယ်လို့ ခင်ဗျ နိုင်တယ်ဆိုရင် ကျွန်တော့်ဆီက ခင်ဗျား စိတ်ဝင်စားမဲ့ ဘာသတင်းမှ မရနိုင်လို့ပါပဲ"

"ရနိုင်တာ ရှိပါသေးတယ်"

"အလို ဘာများပါလိမ့်"

"နောက်တော့မှ ပြောရင်လည်း ဖြစ်ပါသေးတယ်၊ ဒီမယ် ထန်ဟန် ဒီနေ့ စားသောက်တဲ့နေရာမှာ ကျွန်တော် အရင်မှုံးလဲ သွားရင် ခင်ဗျားကို ရွှေဒင်္ဂါးတစ်သိန်း ပေးမယ်"

ထန်ဟန်က လေတစ်ချက်ချွန်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ကျွန်တော် အရင်မူး လဲသွားမယ် ဆိုရင်

ကာ"

"ကျွန်တော့်အတွက် အလုပ်တစ်ခု လုပ်ပေးရမယ်"

"ဘယ်လိုအလုပ်လဲ၊ ကောင်းကင်က ကြယ်တံခွန်ကို ယူပေး

များပါပြ .."

ဒကာခံရ လုပ်ရမယ်ဆိုတာ အရင်စလို ပြောစရာမလိုသေးပါ

"ဟာ တ် တစ်ခုတော့ သေသေချာချာ ပြောနိုင်ပါတယ်၊

အမိများယူချ လုပ်နိုင်းမဲ့အလုပ်ဟာ ခင်ဗျားအနေနဲ့ လုပ်ဆောင်နိုင်

"ခင်ဗ တစ်ခုပါ"

"ဒီ င်ဗျားကိုယ်တိုင်ကကော အဲဒီ အလုပ်ကို မလုပ်နိုင်ဘူး

"

"

"ဒွ ျန်းထင်ကျင့်က အသာပြုံးလိုက်ကာ ...

ကျွန်တော့်အနေနဲ့ ဆောင်ရွက်ဖို့ အတော်ခက်ခဲနေ

အတွက် ယ်"

"ကောင်းပြီ ခင်ဗျား ပြောတဲ့ လောင်းကြေးကို သဘော

တူတယ်"

***

လေးလပိုင်း လဆန်း သုံးရက်နေ့။

သည်နေ့သည် ကောင်းကင်တွင် တိမ်ထူထပ်သောနေ့ တစ်နေ့ ဖြစ်သည်။ တိမ်မည်းညိုများ ကောင်းကင်တစ်ခုလုံး အုပ်ဆိုင်းနေ၍ နေရောင်ဝင် ကောင်းစွာ မထွန်းလင်းနိုင်။



နေသိပ်မမြင့်သေးသော်လည်း မိုးလင်းချိန်ကား ရောက်နေပြီ ဖြစ်သည်။ နေရောင်မတောက်ပဘဲ အုံ့အုံ့မှိုင်းမှိုင်း ဖြစ်နေသောကြောင့် အတော်ပင် အိပ်၍ စည်းစိမ်ရှိသည့် ရာသီဥတု အခြေအနေမျိုး ဖြစ်သည်။

ထန်ဟန်မှာလည်း အိပ်ပျော်ရာမှ နိုးသည်မှာ ကြာပြီဖြစ်သော်လည်း အိပ်ရာမှ ရုတ်ခြည်း မထသေးပေ။ အသာဆက်ကာ မှိန်းနေသေးသည်။

"ကျန်းထင်ကျင့်ကော ရင်ရင်"

ရင်ရင်က သမ်းဝေကာ မျက်လုံးဖွင့်ကြည့်ပြီး ...

"ဟိုဘက်ခန်းမှာ အိပ်နေတယ်"

"မနေ့ညက သူကော ငါကော နှစ်ယောက်လုံး မူးသွားကြသလား"

"ဟုတ်တယ်"

"ဘယ်သူက အရင်မူးလဲသွားသလဲ"

"ရှင်ပေါ့"

"ကျန်းထင်ကျင့်ကကော ဘယ်တော့မှ မူးလဲသွားသလဲ"

"ရှင်နဲ့ တချိန်ခါသမ်းဝေစာပဲ ကြာတယ်"

"ဘယ်လို မင်းပြောတာ ငါ နားမလည်ဘူး"

"ရှင် မူးပြီး လဲကျသွားတဲ့အချိန်တုန်း ကျန်းထင်ကျင့်ဟာ သမ်းဝေနေပါတယ်၊ ကျွန်မကော လိန်လိန်ပါ၊ ရှင် အခုလို ကပ်ပြီး ရှုံးသွားရတာကို အသည်းယားမိကြတယ်"

ထန်ဟန်သည် အိပ်ရာထဲတွင် စည်းစိမ်ခံကာ မှိန်းမနေတော့။ ကမန်းကတန်းထကာ အဝတ်အစားများကို ဝတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းခင်းသား ကျန်းထင်ကျင့်သည် သာမန်ဝုဂ္ဂိုလ်မဟုတ်ပေ။ သိုင်းပညာစွမ်းရည်အရ ကြည့်ကြည့်၊ ပိစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝမှုဘက်က ကြည့်ကြည့် ထိပ်တန်းစာရင်းဝင်သူတစ်ယောက်ဖြစ်သည်။

သူသည် တော်ရုံတန်ရုံ ကိစ္စတစ်ခုအတွက် ရွှေဒင်္ဂါးတစ်သိန်းကို အလောင်းအစားပြုကာ အကူအညီ တောင်းခံလိမ့်မည်မဟုတ်ပေ။ ယခု မိမိက လောင်းကြေးရှုံးနိမ့်ပြီဖြစ်ရာ ကျန်းထင်ကျင့်၏ ဆန္ဒအတိုင်း နိုင်းရာကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း ထန်ဟန် နားလည်သည်။

ထို့ကြောင့် ထန်ဟန်သည် အဝတ်အစားများ ဝတ်ဆင်ပြီးသည်နှင့် ကျန်းထင်ကျင့် ရှိနေမည်ဖြစ်သော တစ်ဖက်ခန်းသို့သွားကာ တံခါးကို အသာခေါက်လိုက်သည်။

"ကျန်းထင်ကျင့် ထတော့လေဗျာ၊ မိုးတောင် အတော်လင်းနေပြီ"

တံခါးခေါက်ရင်း ပါးစပ်မှလည်း ပြောလိုက်သည်။

အခန်းတံခါး ပွင့်သွားသည်။ တံခါးဖွင့်ပေးသူမှာ လိန်လိန်ဖြစ်သည်။

"ကျန်းထင်ကျင့် မရှိတော့ဘူး၊ ထွက်သွားပါပြီ"

တံခါးဖွင့်ပေးပြီးနောက် လိန်လိန်က ပြောသည်။

"ဟင် ... ဘယ်အချိန်က ထွက်သွားတာလဲ"

"မိုးလင်းစ အချိန်လောက်ကပါ"

"ဘယ်ကို သွားမယ်ပြောသလဲ"



"အဲဒါကိုတော့ မမေးလိုက်မိဘူး၊ သူကလည်း ပြောမသွားဘူး"

"သူက ဘာတွေများ မှာကြားထားခဲ့သလဲ"

"အစ်ကိုလေးနဲ့ မနေ့ညက ပြောခဲ့တဲ့ကိစ္စကို ခဏလေး ကိုက် ဆိုင်းထားမယ်တဲ့၊ အချိန်တန်ပြီး လုပ်ဆောင်ရတော့မဲ့ အချိန် အခါကျမှ အစ်ကိုလေးကို လာရှာပြီး ပြောပါမယ်တဲ့"

"သူက ဘာတွေများ ထပ်ပြီး မှာခဲ့သေးလဲ"

"ဟို ... အစ်ကိုလေးဟာ အတော် သဘောကောင်းတယ်လို့တဲ့၊ သူ့မှာ ရွှေဒင်္ဂါးတစ်သိန်း အလျော်ပေးရမှာစိုးလို့ အစ်ကိုလေး က တမင် အရှုံးပေးလိုက်တာလို့ ပြောသေးတယ်၊ ဒီအတွက် အစ်ကို လေးကို ကျေးဇူးတင်ပါတယ်တဲ့"

ထန်ဟန်သည် မထိတရီ တစ်ချက်ပြုံးကာ အိပ်ခန်းဆောင်မှ ထွက်လာခဲ့သည်။ အပြင်တွင် မိုးက ခပ်ဖွဲဖွဲလေး ရွာနေသည်ကို တွေ့ရသည်။ ထန်ဟန်သည် ခပ်ဖွဲဖွဲကျနေသော မိုးရေများထဲတွင်ပင် အသာလျှောက်လှမ်းလာခဲ့သည်။

သူ့စိတ်ထဲတွင်မူ ကျန်းထင်ကျင့်က မိမိကို မည်သည့်ကိစ္စ ပြုလုပ်ခိုင်းမည်နည်းဟု တွေးတောစဉ်းစားနေမိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

မိုးက တဖွဲဖွဲ ရွာနေသည်။

သည်းသည်းထန်ထန်ကြီးတော့ မဟုတ်။

ခပ်ဖွဲဖွဲလေးကျနေသော မိုးစက်များကြောင့် ရာသီဥတုက ပို၍ ချမ်းစိမ့်စိမ့် ဖြစ်နေသည်။

သည်လိုအချိန်ရာသီသည် အရက်သောက်၍ကောင်းသော အချိန်မျိုး ဖြစ်သည်။

စိတ်တိုင်းကျ ပြည့်စုံရွာတွင် အရက်ဆိုင်များ၊ စားသောက်ဆိုင်များ အတော်ပင် များပြားသည်။

အာကာနန်း ပျော်တော်ဆက် စားသောက်ဆိုင်မှာလည်းလ တစ်ခု အပါအဝင် ဖြစ်သည်။

အာကာနန်း ပျော်တော်ဆက် စားသောက်ဆိုင်သည် အရောင်းအဝယ်ကောင်းပြီး လူစည်ကားသော စားသောက်ဆိုင် တစ်ခု ဖြစ်သည်။

ယခုအချိန်မှာမူ နံနက်စာ စားသောက်ချိန်လည်း မရောက်သေးသောကြောင့် အာကာနန်း ပျော်တော်ဆက် စားသောက်ဆိုင် ထဲတွင် လူခပ်ကျဲကျဲသာ ရှိနေသည်။



ဆိုင်အပေါ်ဝယ် စားသောက်ခန်းထဲတွင် စားသောက်နေကြ သူ ခုနစ်ဦး ရှစ်ဦးခန့်သာ ရှိသည်။

သို့သော် ထိုစားသောက်သူများထဲတွင် ထူးခြားသည့် လူ တစ်ယောက် ပါနေသည်။

ထိုသူသည် အမျိုးသမီးတစ်ယောက် ဖြစ်သည်။

ငယ်ရွယ်နုနယ်သော မိန်းမပျိုတစ်ယောက်ကားမဟုတ်။

သို့သော် ရုပ်ရည်ချောမောလှပကာ ကိုယ်လုံးကိုယ်ထည် ဖွံ့ထွားတောင့်တင်းကာ ဆွဲဆောင်မှုပြည့်ဝသည့် မိန်းမရွယ် တစ်ယောက် ဖြစ်သည်။

မိန်းမရွယ်၏အသက်မှာ သုံးဆယ်ခန့် ရှိသည်။ အသားက နှင်းပွင့်လိုဖြူဖွေးကာ နူးညံ့အိထွေးနေသည်။

ဝတ်ထားသော ခရမ်းရင့်ရောင် ဝတ်စုံက ဖြူဖွေးသော အသားနှင့် လိုက်ဖက်သည်။

စားပွဲပေါ်တွင် အရက်အိုးတစ်လုံး ရှိသည်။ ပန်းကန်ပြား ကြီးတွင် ထည့်ထားသော အသားကြော်တစ်ပွဲ ရှိသည်။

မိန်းမပျိုသည် အရက်အိုးထဲမှ အရက်ကို ခွက်ထဲသို့ အသာငှဲ့ကာ တဖြည်းဖြည်း သောက်နေသည်။

အရက်ရှိန်ကြောင့် မိန်းမရွယ်၏ ပါးပြင်နှစ်ဖက်ပေါ်တွင် ပန်းနုရောင်သမ်းနေကာ တစ်မျိုး ချစ်စရာကောင်းနေသည်။

မိန်းမပျို ထိုင်နေသော နေရာ၏ ရှေ့တည့်တည့်တွင် အရက်ခွက် အလွတ်တစ်ခု၊ တူအသစ်တစ်စုံနှင့် သေသေသပ်သပ် ခေါက်ထားသော လက်သုတ်ပုဝါတစ်ထည် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမရှုယ်သည် တစ်စုံတစ်ယောက်နှင့်အတူ စားသောက်ရန်အတွက် စောင့်ဆိုင်းနေသည့် သဘောမျိုး ဖြစ်သည်။

ခုနစ်ယောက် ရှစ်ယောက်မျှသာရှိသော စားသောက်နေကြသူများသည် မိန်းမရှုယ်၏အလှတွင် ယစ်မူးနေကြသည်။

ဤဆွဲဆောင်မှုအပြည့်ရှိသော မိန်းမရှုယ်နှင့်အတူ စားသောက်မည့်သူ မည်သူဖြစ်မည်နည်းဟုလည်း အသီးသီး တွေးကာ မသိမသာ အကဲခတ်ကြည့်နေကြသည်။

သူတို့ ကြာကြာမစောင့်ရပါ။

လှေကားဆီမှ ခြေသံကြားရပြီး စားသောက်ခန်းမဆီသို့ လူတစ်ယောက် တက်ရောက်လာသည်။

မိန်းမပျိုမှအပ ကျန်စားသောက်သူ အားလုံးတို့၏ မျက်လုံးများက လှေကားထိပ်ဆီသို့ ရောက်သွားကာ လှေကားမှ တက်လာသူကို အကဲခတ်သလို ကြည့်လိုက်ကြသည်။

လှေကားမှ တက်လာသူမှာ အသက် (၃၅)နှစ်ခန့်ရှိ သိုင်းသမား ယောကျ်ားကြီးတစ်ယောက် ဖြစ်သည်။ အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ထိုသူ၏အကြည့်က ပြတင်းပေါက်နားရှိ စားပွဲတွင် ထိုင်နေကာ ခရမ်းရောင်ဝတ်စုံဝတ် မိန်းမရှုယ်ဆီသို့ အရောက်တွင် ရပ်တန့်သွားသည်။

မျက်နှာမှလည်း ပြုံးရောင်သမ်းလာပြီး ထိုမိန်းမရှုယ်ရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် ခပ်သွက်သွက် လျှောက်သွားသည်။

ဝတ်စုံစိမ်းဝတ်လူ၏ ခြေလှမ်းများက ကျယ်ပြီး အားမာန်ပြည့်သည်။



ရင်ကိုကော့ကာ ခေါင်းကို မော့ထားသည်။ အရေးကိစ္စတစ်ခုကို အောင်မြင်စွာ ဆောင်ရွက်ပြီးခဲ့သူ၏ မာန်ဝင့်သော ဟန်ဟိတ်မျိုး ဖြစ်သည်။

* * *

ဝတ်စုံစိမ်းဝတ် သိုင်းသမားယောကျ်ားကြီးသည် ခရမ်းရောင်ဝတ်စုံဝတ် မိန်းမပျိုထိုင်နေသည့် စားပွဲနားသို့ ရောက်လာသည်။

ထိုအချိန်တွင် ခရမ်းရောင်ဝတ်စုံဝတ် မိန်းမရှုယ်သည် အသားကြော်တစ်ဖတ်ယူကာ စားနေသည်။

သူမသည် ဝတ်စုံစိမ်းယောကျ်ားကြီး အနားသို့ ရောက်လာသည်ကို သိသော်လည်း ခေါင်းငုံ၍ပင်မကြည့်ဘဲ အသားကြော်ကို တမြုံ့မြုံ့ ဝါးနေသည်။ ထို့နောက် အရက်ခွက်ကို ကောက်ကိုင်ကာ အရက်တစ်ငုံ သောက်လိုက်သေးသည်။

ပြီးမှ ဝတ်စုံစိမ်းဝတ် ယောကျ်ားကြီးဘက်သို့ ခေါင်းကို မသိမသာငဲ့ကာ ...

"ကိစ္စ ပြီးပြတ်ခဲ့ပြီလား"

ဝတ်စုံစိမ်း ယောကျ်ားကြီးက ကိုယ်ကို မသိမသာကိုင်းကာ ...

"ဟုတ်ကဲ့ ပြီးပြတ်ခဲ့ပါပြီ"

"လူတော့ မမှားနိုင်ပါဘူးနော်"

"သွားလက်ဝါး ဆီဝတ်ကုန်းကို ဘယ်လိုမှ လူမမှားနိုင်ပါဘူး၊ ကျုပ် တျူးချီ နောက်ထပ် အသက်သုံးဆယ်လောက်ကြီးပါစေ၊ မျက်စိ မမှုန်နိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



စားသောက်နေကြသူများ ကျောထဲတွင် စိမ့်သွားကြသည်။ ကျူးချီ ဆိုသည်မှာ ရက်စက်လှသော ကြေးစားသိုင်းသမားဆိုသူ တစ်ယောက်ဖြစ်ကြောင်း သူတို့ ကောင်းကောင်း ကြားဖူးထားသည်။

"ဝစ္စည်းကော"

"ရလာပါတယ်"

ကျူးချီက ဤသို့ပြောပြီး ကတ္တီပါဘူးနီတစ်ခု ထုတ်ယူကာ လက်နှစ်ဖက်ဖြင့်ကိုင်၍ မိန်းမရွယ်ထံ ကမ်းပေးသည်။ ဘူးငယ်လေး လွတ်ကျသွားမည်ကို စိုးရိမ်နေသည့် အသွင်မျိုး ရှိနေလေသည်။

မိန်းမရွယ်က ခပ်ပေါ့ပေါ့အမူအရာဖြင့် ကတ္တီပါဘူးနီလေးကို လက်တစ်ဖက်ဖြင့် ဆတ်ခနဲယူကာ စားပွဲပေါ် အသာချထားလိုက်သည်။

ထို့နောက် ကျူးချီဘက်သို့ အသာလှည့်ကြည့်ကာ လှပစွာ ပြုံးလိုက်ပြီး ...

"ကျေးဇူးတင်ပါတယ် ထိုင်ပါဦးလား"

အရည်ရွှန်းလက်နေသော မျက်လုံးရွဲကြီးများဖြင့် စိုက်ကြည့်ပြီး နီထွေးသော နှုတ်ခမ်းလွှာလေးများကို တွန့်ရုံမျှ လှပစွာပြုံးရင်း ချိုနွဲ့သောလေသံဖြင့် ပြောလိုက်သည့် မိန်းမရွယ်၏အကြည့် အပြုံးနှင့် စကားသံတို့သည် တောင့်ရဲတန်ရုံ လူတစ်ယောက်၏ နှလုံးသားကို အရည်ပျော်သွားစေနိုင်သည်။

ကျူးချီ၏ မျက်နှာမှာ ဝင်းပရွှင်လန်းသွားကာ မိန်းမရွယ်နှင့် မျက်နှာချင်းဆိုင်လျက်ရှိသည့် ထိုင်ခုံတွင် ဖွတ်ခနဲ ဝင်ထိုင်လိုက်သည်။



လောကတွင် စိတ်အလိုရမ္မက်ကို မထိန်းသိမ်းနိုင်သော ယောကျ်ားတို့သည် မာယာများသော မိန်းမတို့၏ ကြိုးဆွဲရာက,ရသော ရုပ်သေးရုပ်များအဖြစ်သို့ တစ်နေ့မဟုတ်တစ်နေ့ ရောက်ကြရမည် မလွဲပေ။

ကျူးချီမှာလည်း ဤ မိန်းမရွယ်၏ မာယာကြော့ကွင်းတွင် ဝပ်စင်းကာ အမိခံနေရသူဖြစ်ရာ ထိုမိန်းမရွယ် စေစားသမျှ လုပ်ဆောင်ရန် အသင့်ဖြစ်နေသည်။

ကျူးချီအဖို့ ယောကျ်ားတွေအများကြီး ရှိနေလျက်နှင့် မိမိ တစ်ယောက်တည်းကိုသာ ရွေးချယ်ကာ အားကိုးတကြီး စေခိုင်းသည်ကို ဆောင်ရွက်ပေးရသည့်အတွက် ကျေနပ်အားရနေသည်။

"ရိပ်ရင်ကူရဲ့ ညွှဲဝတ်ပြုခြင်းကို ခံယူရတာဟာ ရခဲတဲ့ ဆုလာဘ်တစ်ခုပါပဲ၊ နောက်နောင်မှာ လုပ်ဆောင်စရာရှိရင် ကျုပ် ကျူးချီကိုသာ အကြောင်းကြားလိုက်ပါ၊ ကျုပ်က လုပ်ဆောင်ပေးဖို့ အသင့်ပါပဲ"

ရိပ်ရင်ကူ ဟူသော အမည်ကို ကြားလိုက်ရသည်နှင့် ကျန် စားသောက်နေသူများအနက် အချို့မှာ ကြက်သီးထသွားကြသည်။

ထိုသူတို့သည် ရိပ်ရင်ကူအကြောင်းကို သိနေကြသူများပင် ဖြစ်သည်။

ရိပ်ရင်ကူကိုအပျော်မယ် ရိပ်ရင်ကူဟုလည်း ခေါ်ကြသည်။ သိုင်းလောကတွင် အမည်သတင်းကြီးသည့် မာယာရှင်တစ်ယောက် လည်း ဖြစ်သည်။

အပျော်မယ် ရိပ်ရင်ကူသည် ကျူးချီကို ဆွဲဆောင်မှုပြည့် ပါသော မျက်လုံးရွဲကြီးများဖြင့် ခဝ်ညှုညှု ကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်ဟင့် ... အစ်ကိုကျူးဆီက အကူအညီတွေ အများကြီး ‌ဖောင်းစရာရှိနေသေးတယ်၊ ဒါပေမဲ့ ပြောရမှာ အားနာပါတယ်လေ"

မိမိကို ရိပ်ရင်ကူက အစ်ကိုကျူးဟု ခေါ်လိုက်သည့်အတွက် ကျူးချီမှာ အလွန်ပင် သဘောကျသွားသည်။

ကျူးချီသည် အရက်ခွက်ကို ကောက်ကိုင်ကာ မော့သောက်လိုက်ပြီး ...

"ဟာ ... အားနာစရာ မလိုပါဘူး၊ ဘာတွေ လုပ်ပေးရမယ်ဆိုတာကို ပြောသာပြောပါ"

ကျူးချီ၏ ရင်ခုန်သံ မြန်လာသည်။ မြန်ရာမှ ကြမ်းလာသည်။

တဒိန်းဒိန်းပင် အသံမြည်ဟိန်းတော့မတတ် ဖြစ်လာသည်။

ကျူးချီ၏ မျက်နှာမှာလည်း သွေးနီရောင် သမ်းလာရာမှ ချက်ချင်း နီမြန်းလာကာ မျက်လုံးအစုံမှာလည်း ပြူးကျယ်လာသည်။

"တောက် ... တိရစ္ဆာန်မ"

ကျူးချီသည် ထိုင်နေရာမှထခုန်ကာ ဒေါသတကြီး ရေရွတ်သည်။

ရိပ်ရင်ကူသည် ကျူးချီကို မျက်လုံးမှေးကာ ကြည့်လိုက်ပြီး ...

"ကျွန်မက ရှင့်ကို ခေါ်ပြည် ခေါ်လည်သွားခိုင်းချင်တာ၊ ဟင့် ... ဟင့်"

"မင်း ... မင်း ဘာကြောင့်"



ကျူးချီ စကားကို ဆုံးအောင်မပြောနိုင်၊ ကိုယ်ခန္ဓာ ယိမ်းယိုင်ပြီး ကြမ်းပြင်ပေါ် ဘိုင်းခနဲ လဲကျသွားလေတော့သည်။

ကျန် စားသောက်နေသူများမှာ အတော်ပင် အံ့သြသွားကြရသည်။ ကျူးချီတစ်ယောက် အဆိပ်သင့်သွားခြင်း ဖြစ်ကြောင်းကို သူတို့ သိကြသည်။

သို့သော် ရိပ်ရင်ကူ မည်သည့်အချိန်က မည်သို့မည်ပုံ အဆိပ်ခတ်လိုက်သည်ကို သူတို့ မသိလိုက်ကြ။

ပြီးတော့ အရက်ထဲတွင် အဆိပ်ခတ်ထားနှင့်သည် ဆိုရအောင်ကလည်း ရိပ်ရင်ကူ ကိုယ်တိုင်လည်း ထိုအရက်အိုးထဲမှ အရက်များကို ငှဲ့သောက်နေခဲ့သည်။

ရိပ်ရင်ကူ သောက်ပြီးတော့ အရက်ပမာဏသည် ကျူးချီ သောက်ချလိုက်သော အရက်ထက်ပင် များနေပေသေးသည်။

သူတို့ အတွေးရခက်နေဆဲမှာပင် သန်မာသော လူကြီးနှစ်ယောက် ဆိုင်အပေါ်ထပ် ခန်းမထဲသို့ တက်လာကြသည်။

ထိုလူကြီးနှစ်ယောက်သည် ဘာမှမပြောတော့ဘဲ လဲကျနေသော ကျူးချီ၏ ကိုယ်ခန္ဓာကို ခေါင်းမှတစ်ယောက်၊ ခြေထောက်မှ တစ်ယောက် မကာ အောက်သို့ ပြန်ဆင်းသွားကြလေသည်။

ရိပ်ရင်ကူသည် ထိုင်နေရာမှ ထမသွားပေ။ အရက်ကို ဖြည်းဖြည်းချင်းသောက်လိုက်၊ အသားကြော်ကို တမြုံ့မြုံ့ဝါးလိုက် လုပ်နေသည်။

စားပွဲပေါ်မှ မသုံးရသေးသည့် တူအသုံတစ်စုံနှင့် သပ်ရပ်စွာ ခေါက်ထားသော လက်သုတ်ပဝါတို့မှာ သည်အတိုင်းပင်ရှိနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ရိပ်ရင်ကူက စောစောက ကျူးချီ သောက်သွားသော အရက်ခွက်ကိုလည်း မူလနေရာဝင် ပြန်ထားလိုက်လေသည်။

နောက်ထပ် ရောက်လာဦးမည့် လူတစ်ယောက်ယောက်ကို ဆက်လက်စောင့်နေသည့် အသွင်မျိုး ဖြစ်သည်။

အကယ်၍ ထိုသို့ စောင့်နေကြောင်း မှန်ကန်သည်ဆိုလျှင် ဒုတိယလူသည် မည်သူ ဖြစ်မည်နည်း။

ဒုတိယလူလည်း ပထမလူ ကျူးချီလို ဆြမ္မာမျိုးပင် ကြုံရလေမည်လား။

* * *

အချိန်က တရွေ့ရွေ့ ကုန်သွားသည်။

အာကာနန်း ပျော်တော်ဆက် စားသောက်ဆိုင်သည်လည်း လူများ စည်ကား၍ လာလေပြီ။

အပျော်မယ် ရိပ်ရင်ကူကတော့ ပြတင်းပေါက်နားရှိ စားပွဲဝိုင်းတွင်ထိုင်ကာ အရက်ကို ဖြည်းဖြည်းချင်း သောက်နေဆဲ။ အရက်ခွက်၊ တူအသစ်တစ်စုံနဲ့ သပ်ရပ်စွာ ခေါက်ထားသော လက်သုတ်ပဝါတို့လည်း သည်အတိုင်း ရှိနေမြဲ။

စောစောက ဖြစ်ပျက်ခဲ့ပုံကို မည်သူကမှ မပြောကြသေး။

စိတ်တိုင်းကျ ပြည့်စုံစွာရှိ ရှာခံလူများနှင့် ထိုရွာသို့ ရောက်လာကြသည့် သိုင်းသည့်သည်များသည် မည်သည့်ကိစ္စကို ပြောဆိုရန်သင့်ပြီး မည်သည့်အကြောင်းကို ပြောဖို့မသင့်ကြောင်း နားလည်ကြသည်။



စကားပြောမှားက မိမိတို့အတွက် အန္တရာယ်ဆိုး ကြုံရနိုင်ကြောင်းလည်း သိကြသည်။

မကြာမီမှာပင် အညိုရောင်ဝတ်စုံ ဝတ်ထားသော လူရွယ်တစ်ယောက် အပေါ်ထပ် စားသောက်ခန်းမသို့ တက်လာသည်။ ထိုလူရွယ်သည် မီးခဲထန်ဟာန်ပင် ဖြစ်သည်။

အပျော်မယ် ရိပ်ရင်ကူသည် ထန်ဟာန်ကို လှမ်းမြင်လိုက်သည်နှင့် မျက်လုံးအစုံသည် လျှပ်စီးလက်သကဲ့သို့ ဝင်းလက်သွားသည်။ အရည်လည်လာသည်။ တောက်ပြောင်လာသည်။

"ဟေး ... ထန်ဟာန်၊ ဒီကို လာပါဦးကွယ့်"

ရိပ်ရင်ကူသည် ထန်ဟာန်ကို ပြုံးရယ်နှုတ်ဆက်ကာ လှမ်းခေါ်သည်။

ထန်ဟာန်သည် ရိပ်ရင်ကူ ထိုင်နေသည့် စားပွဲသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းချဉ်းကပ်သွားသည်။

စားပွဲဝိုင်းနားသို့ ရောက်သောအခါ ထန်ဟာန်က မထီတရီ ပြုံးလိုက်ပြီး ...

"မမက ကျွန်တော့်ကို လှမ်းခေါ်တာ နှုတ်ဆက်ဖို့ သက်သက်လား၊ အရက် အတူခေါ်သောက်ဖို့ မဟုတ်လား၊ ဪ ... မမက ညှို့သည်တစ်ယောက်ကို စောင့်နေတာကိုး"

"အပျော်မယယ် ရိပ်ရင်ကူက စားသောက်ဆိုင်မှာ ညှို့သည်တစ်ယောက်ကို လာစောင့်တယ်လို့ မောင်လေး ဘယ်တုန်းက ကြားဖူးလို့လဲ"

ရိပ်ရင်ကူက ညို့မျက်လုံးကြီးများနှင့် ထန်ဟာန်ကို ကြည့်ပြီးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီ ခွက်လွတ်ရယ်၊ တုရယ်၊ လက်သုတ်ပုဝါရယ်က ဘာယ်လိုသဘောလဲ"

"ဓပုလွေကို အကာအကွယ် လုပ်ထားတာပါ"

"ဘယ်လို ဓပုလွေမျိုးကို ကာကွယ်ထားတာလဲ"

"ရမ္မက် ဓပုလွေကိုပေါ့"

"ဪ ... သိပြီ ... သိပြီ၊ ဒီလို ခွက်လွတ်တွေ၊ လက်သုတ်ပဝါတွေ၊ တင်ထားတော့ မမရဲ့ ညှော်သည်တစ်ယောက် ရောက်လာမယ်လို့ ထင်စရာဖြစ်ပြီး မမကို သိချင် ရစ်ချင်တဲ့ လူတွေ ဝေးဝေးက ရှောင်သွားအောင်ကိုး"

"ဟင့် ... ဟင့် တို့မောင်က ဉာဏ်အကောင်းသားပဲကိုး"

"ဒီလိုဆိုရင် ကျွန်တော် ဒီမှာ ထိုင်ခွင့်ရှိသလား၊ အရက်လေး တစ်ခွက်နှစ်ခွက်လောက်သောက်ပြီး စကားပြောကြတာပေါ့"

"ရပါတယ်လေ အရက်ကွာ အကောင်းစားအရက် ဖြစ်မှ တို့မောင်က သောက်ရဲမယ် မထင်ဘူး"

ထန်ဟာန်သည် ရိပ်ရင်ကူနှင့် မျက်နှာချင်းဆိုင်နေရာတွင် ဝင်ထိုင်လိုက်ကာ ...

"ဘာလဲ အရက်ထဲမှာ အဆိပ်ခပ်ထားလို့လား"

"ဟုတ်တယ် ... သိပ်ကို ပြင်းထန်တဲ့ အဆိပ်ပဲ"

"ဒီနေ့ ဒီအရက်ကို သောက်မိလို့ လူ ဘယ်နှစ်ယောက် အဆိပ်သင့်သွားပြီလဲ"

ရိပ်ရင်ကူ သွယ်ပျောင်းသော လက်ချောင်းတစ်ချောင်း ထောင်ပြကာ ...

"တစ်ယောက်"



"ဘယ်သူများပါလိမ့်"

"ကျူးချီ"

"အလောင်းကော"

"သယ်ထုတ်သွားကြပြီ"

"မမက ဘာကြောင့် သည်လို လုပ်ရတာလဲ"

ရိပ်ရင်ကူက ညို့မျက်လုံးဖြင့် ကြည့်လိုက်ပြန်ကာ ...

"ဘာကြောင့်လဲဆိုတာ မောင်လေး သိဖို့ကောင်းတယ်"

ထန်ဟာန်သည် ရိပ်ရင်ကူပြောသည့် စကားများကို မယုံသည့်အတွက် အသာပင် ရယ်မောလိုက်သည်။

လူများသည် အတော်ပင် ဆန်းသည်။ မဟုတ်မမှန်သော စကားများကို တစ်ခါတစ်ရံတွင် အဟုတ်ကြီးထင်တတ်ကာ ဟုတ်မှန်သည့် စကားများကိုမူ တစ်ခါတစ်ရံတွင် မယုံနိုင်အောင် ရှိတတ်သည်။

အကယ်၍ စောစောပိုင်းကအဖြစ်ကို မျက်မြင်တွေ့ခဲ့ရသူ တစ်ယောက် မဟုတ်ဟုဆိုပါလျှင် ရိပ်ရင်ကူ၏ စကားများကို ယုံနိုင်မည်မဟုတ်ဘဲ တမင် နောက်ပြောင် ပြောဆိုနေသည်ဟုသာ ထင်ကြပေမည်။

ထန်ဟာန်က ရိပ်ရင်ကူ၏ စကားများကို မယုံနိုင်သည်မှာ အံ့သြဖွယ်ရာ မဟုတ်ပေ။

ထန်ဟာန်သည် ရယ်မောပြီးနောက် အရက်အိုးကို ကောက်ယူကာ စောစောက ကျူးချီ သောက်သွားသည့် အရက်ခွက်ထဲသို့ပင် အရက်များ ငှဲ့ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးချီ အဆိပ်သင့်သွားချိန်က မျက်မြင်ဖြစ်ခဲ့ကြသော လူခုနစ်ယောက် ၊ ရှစ်ယောက်ခန့်အနက်မှ ငါးယောက်ခန့်မှာ ထပြန်ကုန်ကြပြီ။ သုံးယောက်ခန့်မှာမူ စားသောက်ခန်းထဲတွင် ရှိနေကြဆဲ ဖြစ်သည်။ ထိုသူများသည် ထန်ဟာန် အရက်ငှဲ့သောက် လိုက်ကို မြင်ရသောအခါ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်ကုန်ကြသည်။

စောစောက ရိုပ်ရင်ကူ ပြောခဲ့သည့် စကားများသည် မှန်ကန်သည့် စကားများသာ ဖြစ်ကြောင်းကို သူတို့ကသာ သိသည်။ ထန်ဟာန်လည်း ကျူးချီလို အဖြစ်မျိုး ကြုံရမည်ကို သူတို့ တွေးပူမိသည်။

သို့သော် သူတို့သည် ပွဲရုံသာ ပွပန်နိုင်သည် ဘာမှ မတတ်နိုင်ကြ။

မီးခဲထန်ဟာန်သည် မည်သို့သော လူစားဖြစ်သည်ကို သူတို့ သိကြသလို အပျော်မယ် ရိုပ်ရင်ကူကလည်း ဘယ်လို အမျိုးသမီး ဖြစ်သည်ကို သူတို့ နားလည်ကြသည်။

ထန်ဟာန်သည် အရက်ခွက်ကို ကောက်ကိုင်ကာ အားရပါးရ ပင် မော့သောက်လိုက်သည်။

* * *

မိုးက သဲသဲမဲမဲ ရွာချလာသည်။

လေတလည်း ခပ်ထန်ထန် တိုက်ခတ်လာသည်။ ခပ်ဖွဲဖွဲ ရွာနေသော မိုးကြောင့် ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေသော ပတ်ဝန်း ကျင်မှာ ရုတ်တရက် အသက်ဝင် နိုးကြားလာခဲ့သည်။



အပျော်မယ် ရိုပ်ရင်ကူသည် ထန်ဟာန်ကို စူးစိုက်ကာ ကြည့်နေသည်။

ရိုပ်ရင်ကူ၏ နှုတ်ခမ်းတွင် လှပသော အပြုံးတစ်ပွင့် တွဲခိုနေသော်လည်း သူမ၏ ညို့မျက်လုံးများတွင်မူ အုံ့ဩသည့် အရိပ်အသွင်များ ယှက်သန်းနေသည်။

ရိုပ်ရင်ကူသည် လူတစ်ယောက် အရက်သောက်သည်ကို မမြင်ဖူးသည့် အသွင်မျိုးဖြင့်ပင် ထန်ဟာန်ကို စူးစိုက်ကြည့်နေလေသည်။

ယခု ထန်ဟာန် အရက်သောက်နေသည်မှာ သုံးခွက်ရှိသွားလေပြီ။

"နှစ်တစ်ရာအရက်ကို မသောက်ရတာ အချိန်အတော်ကြာသွားပြီ၊ အင်း ... စဉ်းစားကြည့်မယ်ဆိုရင် ကျူးချီရဲ့ကံက မဆိုးလှပါဘူး"

"ကျူးချီရဲ့ ကံက ဘယ်နေရာမှာများ ကောင်းနေလို့လဲ"

ရိုပ်ရင်ကူက မေးသည်။

ရိုပ်ရင်ကူ၏ အသံတွင် အံ့ဩသည့် အရိပ်အသွင်များ ယှက်သန်းနေသည်။

ထန်ဟာန်သည် အရက်သုံးခွက် ဆင့်သောက်ကာ ယခုလို စကားပြောနေနိုင်စရာ အကြောင်းမရှိပေ။ အရက်တစ်ခွက်သောက်ပြီးချိန်ကပင် အသက်ပျောက်သွားရမည် ဖြစ်သည်။

ယခုတော့ ဘာမှမဖြစ်သလို အေးအေးလူလူပင် စကားပြောနေသည့်အတွက် ရိုပ်ရင်ကူမှာ မအံ့ဩဘဲ မနေနိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com


"တစ်နေ့တည်း၊ တစ်ချိန်တည်းမှာ ထူးခြားတဲ့ အဖြစ်နှစ်ခုကို ကြုံတွေ့ရဖို့ဆိုတာ နည်းတဲ့ အခွင့်အရေးမှ မဟုတ်တာ၊ ဒီတော့ ကံကောင်းတယ်လို့ ဆိုရမှာပေါ့"

ထန်ဟာန်က ပြောပြန်သည်။

"ဘယ်လို ထူးခြားတဲ့ အဖြစ်နှစ်ခုလဲ"

"တစ်မိုးအောက် တစ်ယောက်ဆိုသလို အလှပဆုံး မိန်းမချော တစ်ယောက်နဲ့ တစ်စားပွဲတည်း နီးနီးကပ်ကပ် နေရတယ်၊ ပြီးတော့ အဆိပ်အပြင်းဆုံး အရက်ကိုလည်း သောက်ရတယ်"

ရိပ်ရင်ကူသည် လှုပ်ရှားသွားသောစိတ်ကို တည်ငြိမ်အောင် ကြိုးစားကာ ထိန်းနေရာမှ ...

"မောင်လေးကို ကြည့်ရတာ စောစောက မမ ပြောခဲ့တာတွေကို မယုံသလိုလိုပါပဲ"

"အင်း ... ဟုတ်တယ်၊ ဒါဟာ ကျွန်တော့်အကျင့် ဆိုပါတော့"

"သူတစ်ပါးစကားကို မယုံနိုင်တာလား"

"မမ ပြောတာကို မယုံဘူးဆိုပြီး အခုတော့ ဘာကြောင့် ကျူးချီတစ်ယောက် အဆိပ်အရက်ကို သောက်ခဲ့ရတယ်လို့ ပြောနေရတာလဲ"

"ဒါကတော့ ကျွန်တော့်ရဲ့ မျက်လုံးကိုတော့ ယုံရတာကိုး"

"ကျူးချီရဲ့အလောင်းကို ထမ်းထုတ်သွားကြတာ မောင်လေးက တွေ့လိုက်တာကိုး"

"ဟုတ်ပါတယ်၊ ကျူးချီ သေသွားတာကို ကျွန်တော် သိနေပေမဲ့ မမက အရက်ထဲ အဆိပ်ခတ်ထားတယ်လို့ ပြောတာကိုတော့ ကျွန်တော် မယုံမိဘူး၊ ဘာကြောင့်လဲဆိုတော့ မမကိုယ်တိုင် အဲဒီ အရက်ထဲက အရက်ကိုပဲ ထည့်ယူသောက်နေခဲ့တာကိုး"

"အခုတော့ အရက်ထဲမှာ အဆိပ်ခတ်ထားတယ် ဆိုတာကို ယုံသွားပြီလား"

"အင်း"

"မောင်လေးက အဆိပ်အရက် သုံးခွက်တိတိ သောက်ခဲ့ပြီးပေမဲ့ ဘာကြောင့် အဆိပ်မသင့်ရတာလဲ"

ထန်ဟာန်က မထီတရီ ပြုံးလိုက်ပြန်ကာ ...

"ဒါကတော့ မမနဲ့ အကြောင်းရင်းချင်း တူနေကြလို့ပါပဲ"

ရိပ်ရင်ကူသည် မျက်လုံးရွှဲကြီးများဖြင့် ထန်ဟာန်ကို ကြည့်လိုက်သည်။

"မောင်လေးက ဒီကိုရောက်လာတာဟာ အဆိပ်အရက်ကို မြည်းစမ်းကြည့်ဖို့တော့ ဟုတ်မယ်မထင်ဘူး"

"မမ ပြောတာ မမှားဘူး"

"ဒါဆိုရင် ဘာရည်ရွယ်ချက်ကြောင့်လဲ"

ထန်ဟာန်က ပြုံးရယ်၍သာ နေသည်။ ဘာမှမပြော။

"ကျူးချီအတွက် လက်စားချေချင်လို့လား"

"မဟုတ်ပါဘူး၊ ကျူးချီလို ကြေးစားလူသတ်သမား တစ်ယောက်ဟာ သေသင့်တဲ့လူပဲ၊ သူ့လို လူမျိုး ဆယ်ယောက် သေသွားလည်း ကျွန်တော် ထန်ဟာန်က တရင်းရှင်း လက်စားချေစရာ မလိုပါဘူး"

"ဒါဆိုရင် ဘာကြောင့်လဲ"

ထန်ဟာန် ပြုံးနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရိပ်ရင်ကူက တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် ...

"ဪ ... သိပြီ သိပြီ၊ အပျော်မယ် ရိပ်ရင်ကူ အာကာနန်း ပျော်တော်ဆက် စားသောက်ဆိုင်မှာ တစ်ယောက်တည်း အရက်သောက်နေတယ်ဆိုတာကြားလို့ အတူတူ စကားပြောပြီး အရက်သောက်ရအောင် ရောက်လာတာကိုး"

"ကျွန်တော်က အဲဒီလို တိုကနယ်ကြီးပြောရမှာ အားနာတယ်ဗျာ"

ရိပ်ရင်ကူက မျက်လုံးကို အသာမှေးပြီး ထန်ဟန်ကို ကြည့်နေသည်။

ထန်ဟန်က ဆက်လက်၍ ...

"ဒါပေမဲ့ ကျွန်တော်ဟာ ဘယ်လိုလူစားမျိုးလဲ ဆိုတာကိုတော့ မမ သိပါလိမ့်မယ်၊ ကျွန်တော်ဟာ ပါးစပ်က ပြောထွက်ဖို့ အားနာပေမဲ့ လက်တော့မနေးဘဲ ကိုယ် လိုချင်ရာကို လုပ်တတ်တယ်နော်"

ရိပ်ရင်ကူ၏ ရင်မို့ခုန်လာကာ မျက်နှာပြင်တွင် နီရောင်သမ်းသွားသည်။

ရိပ်ရင်ကူသည် ထန်ဟန်ကို မျက်လွှာပင့်ကာ ကြည့်လိုက်ပြီး ခပ်တိုးတိုး လေသံဖြင့် ...

"တကယ်လား မောင်လေးရဲ့"

"ကျွန်တော် ပြောတာ ဟုတ်မဟုတ် မမ လက်တွေ့စမ်းကြည့်ချင် ကြည့်နိုင်ပါတယ်"

ရိပ်ရင်ကူသည် အသံကို ပိုတိုးကာ ထန်ဟန်တစ်ယောက်တည်း ကြားနိုင်ရုံ လေသံဖြင့် ...



လွန်ခဲ့တဲ့ လဆန်းငါးရက်က ပြည့်စုံစားသောက်ဆိုင်မှာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ အဆိပ်တစ်ရာဖြေဆေးကို မောင်လေးက ရောင်းခဲ့တာကိုး"

ထန်ဟန်သည် ခပ်သဲ့သဲ့ ပြုံးရယ်ကာ ...

"ကျွန်တော့်အတွက် လက်ဆောင်ခြေဆောင့် နည်းနည်းပါးပါး ချန်ထားခဲ့တာ တော်သေးတာပေါ့"

"ဝယ်သူဟာ မမ ဖြစ်မှန်း မောင်လေးက စုံစမ်းသိခဲ့တယ် မဟုတ်လား"

"ဘယ်သူက ဝယ်သွားတယ်ဆိုတာကိုလည်း ကျွန်တော် မစုံစမ်းခဲ့ပါဘူး၊ ဒီလိုလုပ်တာဟာ ပြည့်စုံစားသောက်ဆိုင်က သတ်မှတ်ထားတဲ့ အရောင်းအဝယ်စည်းကမ်းနဲ့လည်း ဆန့်ကျင်နေပါတယ်"

"ဒါဆိုရင် မမက ဝယ်သွားတယ် ဆိုတာကို ဘယ်သူပြောပြလို့ သိရတာလဲ"

ထန်ဟန်က ရိပ်ရင်ကူကို မေးငေါ့ပြကာ ...

"မမကိုယ်တိုင်ပါပဲ"

ရိပ်ရင်ကူ အံ့ဩသွားပြီး ...

"သိပ်ဟုတ်တာပေါ့"

"မမက ဘယ်တုန်းက ပြောပြခဲ့လို့လဲ"

"အခုလေးတင်ပါပဲ"

ရိပ်ရင်ကူမှာ နားလည်သဘောပေါက်သွားကာ ...

"ဒီအရင်တုန်းက မင်း မသိသေးဘူးပေါ့"

ထန်ဟန်က ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမဟာ အဆိပ်တစ်ရာ မြွေဆေးကို ဝယ်သွားတဲ့လူမှန်းမင်းက မသိဘဲနဲ့ ဘာကြောင့် မမရဲ့ အဆိပ်အရက်ကို စိတ်ဝင်စားနေရတာလဲ"

တန်ဟန်က မထိတရီပြုံးကာ ...

"ဒါဟာ ကျွန်တော် ထန်ဟန်ဟာ သိုင်းလောကရဲ့ အရှုပ်အထွေး အမျိုးမျိုးနဲ့ ပတ်သက်နေလျက်နဲ့ ဒီနေ့အထိ အသက်ရှင်နေနိုင်သေးတဲ့ ရှူးစမ်းတတ်သိမှုလေးဆိုပါတော့"

ရိပ်ရင်ကူသည် ညို့မျက်လုံးများဖြင့် ထန်ဟန်ကို စူးစိုက်ကြည့်လိုက်ပြန်ကာ ...

"မောင်လေးက မမနဲ့ တကယ်ပဲ အေးအေးဆေးဆေး အတူတူစားသောက်ရင်း စကားပြောချင်တယ်ဆိုရင် ဒီနေရာက သိပ်မကောင်းပါဘူး၊ အခြားတစ်နေရာကို သွားကြရအောင်လား"

* * *

## အခန်း(၃)

လေးလပိုင်း ...။

လဆန်းလေးရက် ...။

သည်နေ့တွင် မိုးမရွာပေ။

သို့သော် စိတ်တိုင်းကျ ပြည့်စုံရွာ၏ အထက်မိုးကောင်းကင်တွင် တိမ်များ အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသည်။

ရွာထဲတွင်လည်း သတင်းထူးတစ်ခုကို တီးတိုးတီးတိုး ပြောဆိုနေကြသည်။

ထိုသတင်းမှာ မီးခဲထန်ဟန် ထူးဆန်းစွာ ပျောက်ကွယ်နေသည့် သတင်းပင် ဖြစ်သည်။

မီးခဲထန်ဟန်သည် လဆန်း နှစ်ရက်နေ့တွင် လူစွမ်းကောင်းတည်းခိုဆိုင်သို့ ရောက်လာကာ ဆိုင်အဝင်ဝတွင်ပင် သိုင်းမင်းသားကျန်းထင်ကျင့်နှင့် ဆုံမိကြသည်။ ထန်ဟန်သည် လူစွမ်းကောင်းတည်းခိုဆိုင်တွင် အခန်းတစ်ခန်းကို ဆယ်ရက်တွက် ငှားရမ်းပြီးနောက် ကျန်းထင်ကျင့်နှင့်အတူ အိပ်မက်ကမ္ဘာ ဆောင်ကြာမြိုင်သို့လိုက်ပါသွားသည်။ အိပ်မက်ကမ္ဘာ ဆောင်ကြာမြိုင်တွင် အရက်သောက်စားကာ တစ်ညအိပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ လဆန်း သုံးရက်နေ့တွင် အာကာနန်း ပျော်တော်ဆက် စားသောက်ဆိုင်မှ နှစ်ယောက်သား ထွက်သွားကြပြီးနောက်တွင် ထန်ဟန်ကိုစိတ်တိုင်းကျ ပြည့်စုံရှာတွင် မတွေ့မမြင်ကြရတော့ပေ။

ထန်ဟန်သည် ကျောက်ခဲတစ်လုံး ရေထဲပစ်ချလိုက်သလို စုပ်စမြုပ်စ ပျောက်၍နေလေပြီ။

ထန်ဟန်၏ ခြေရာပျောက်နေသော်လည်း ရိုပ်ရင်ကူမှာမူ ခြေရာမပျောက်ပေ။ စိတ်တိုင်းကျ ပြည့်စုံရှာ၏ အခမ်းနားအကြီးကျယ်ဆုံးသော တည်းခိုရိပ်သာကြီးဖြစ်သည့် နတ်နန်းဆောင် တည်းခိုရိပ်သာ၏ အထူးတည်းခိုဆောင်တွင် တည်းခိုနေထိုင်လျက်ရှိသည်။

အာကာနန်း ပျော်တော်ဆက် စားသောက်ဆိုင်မှ ထန်ဟန်နှင့် ရိုပ်ရင်ကူတို့နှစ်ယောက် အတူတူ ထွက်သွားကြပြီး ရိုပ်ရင်ကူက နတ်နန်းဆောင် တည်းခိုရိပ်သာ အထူးတည်းခိုဆောင်သို့ ရောက်နေပြီး ထန်ဟန်က ပျောက်ချင်းမလှ ပျောက်နေသည့် သတင်းကို စိတ်တိုင်းကျ ပြည့်စုံရှာသို့ ရောက်နေကြသည့် သိုင်းသမားတိုင်းက သိလိုနေကြသည်။

အဖြေမှန်ကို သိလိုလျှင် အပျော်မယ် ရိုပ်ရင်ကူကို သွားမေးက အကောင်းဆုံးအဖြေ ရနိုင်မည် ဖြစ်သည်။ သို့သော် ဤအတွေးမျိုး တွေးမိသူကား အလွန်နည်းသည်။

မတွေးမိသည်ကလည်း အခြားအကြောင်းကြောင့်မဟုတ်ပေ။

အပျော်မယ် ရိုပ်ရင်ကူသည် ရုပ်ရည်ချောမောကာ မာယာများသလောက် နာမည်နှင့်လိုက်အောင်ပင် အပျော်အပါး ခုံမင်



သည်။ အပျော်မယ် ရိုပ်ရင်ကူသည် အရောင်အသွေး လှပပြီး မွှေးရနံ့ကြိုင်သလောက် အဆိပ်ပြင်းသည့် ပန်းတစ်ပွင့်လို ဖြစ်လေသည်။

အပျော်မယ် ရိုပ်ရင်ကူနှင့် အတူတူ စားသောက်ကာ နှစ်ယောက်ယှဉ်တွဲ ထွက်သွားပြီးနောက် သတင်းအစအနမရပဲ ပျောက်ဆုံးသွားသည့် ယောကျ်ားများသည် တစ်ယောက်တည်း မဟုတ်ပေ။

ထန်ဟန် ပျောက်ဆုံးသွားမှုကို သိုင်းဇည်သည်အပေါင်း စိတ်ဝင်စားကြသည် မှန်သော်လည်း ထန်ဟန် ပျောက်ဆုံးမှု၏ ဂယက်ရိုက်ခံရသူများမှာမူ မဟူရာအဆိပ်ညီနောင် ငါးဖော်နှင့် သိုင်းမင်းသား ကျန်းထင်ကျင့်တို့ ဖြစ်ကြသည်။

ထန်ဟန် စုပ်စမြုပ်စ ပျောက်သွားသည့်အတွက် မဟူရာအဆိပ်ညီနောင် ငါးဖော်တို့မှာ စိတ်ကသိကအောက် ဖြစ်ကြရကာ ကျန်းထင်ကျင့်မှာမူ အတော်ပင် ဒေါသထွက်မိလေသည်။

* * *

မဟူရာ အဆိပ်ညီနောင် ငါးဖော်တို့သည် လေးရက်နေ့ နေ့လယ်ပိုင်းအချိန် ထိုက်ပိုင်ကျို အရက်ဆိုင်တွင် အရက်သောက်နေကြစဉ် ထန်ဟန်၏ သတင်းထူးကို ကြားမိကြသည်။

"တောက် ထန်ဟန်က တယ် လျှင်ပါလား၊ ကျုပ်တို့ ညီနောင်ငါးဖော်ဒီကို ရောက်လာကြတာကို ကြားတာနဲ့ တစ်ခါတည်း ခြေရာဖျောက်ပြီး လစ်ပြေးသွားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မဟူရာအဆိပ်ညီနောင် ငါးဖော်အနက် ဝါစဉ်နှစ် ဖြစ်သူက ကင်းမြီးနက် ထိုယဲကြည်က ပြောသည်။

"ကျုပ်က ဒီကောင်လေး လစ်ပြေးသွားတာ ဟုတ်ချင်မှ ဟုတ်မယ်၊ ရိုပ်ရှင်ကူနဲ့တွေ့ပြီး အပျော်တျူးရာက အသက်ပါ ပျောက်သွားတာ ဖြစ်နိုင်တယ်"

ဝါစဉ်သုံးဖြစ်သော ပင့်ကူထိုကျီထူးက ဖြည့်စွက်လိုက်လေသည်။

"ဒီလူက အပျော်မယ် ရိုပ်ရှင်ကူနဲ့ အရက်အတူသောက်ပြီး အတူတွဲ ထွက်သွားခွင့်ရအောင်တောင် လုပ်နိုင်သေးတယ်၊ ကျွန်တော်ဖြင့် ဒီသတင်းကြားရတော့ အသည်းကို ယားသွားတာပဲ"

အငယ်ဆုံးဖြစ်သူ ဖားပြုပ်ထိုချန်ယိက ပြောသည်။

"ဒီကောင်လေး ရှောင်တိမ်ပြေးတာဖြစ်ဖြစ် သေသွားတာပဲ ဖြစ်ဖြစ် ဟို အဆိပ်တစ်ရာ ဖြေဆေးတွေကိုတော့ မရရအောင် ပြန်ယူရမှာပဲ"

"ဝါစဉ်လေးဖြစ်သူက ကင်းခြေများ ထိုဟူထုန်က ပြောသည်။

'မဟူရာ အဆိပ်ညီနောင် ငါးဖော်တွင် ခေါင်းဆောင်ဖြစ်သော မြွေပွေးထိုစီလင်က အေးစက်စက် ရယ်မောလိုက်ကာ

"ဒီကောင်လေး ထန်ဟာန်ကို အပျော်မယ် ရိုပ်ရှင်ကူက အခွင့်အရေးပေးခဲ့တာဟာ အဆိပ်တစ်ရာ ဖြေဆေးကြောင့် ဖြစ်ချင် ဖြစ်နိုင်တယ်"

"အဆိပ်တစ်ရာ ဖြေဆေးဟာ လွန်ခဲ့တဲ့ လဆန်းငါးရက်က ပြည့်စုံစားသောက်ဆိုင်၊ အရောင်းအဝယ်ပွဲမှာ အရောင်းအဝယ်



ဖြစ်သွားခဲ့ပြီပဲ၊ အခုအချိန်ကျမှ ရိုပ်ရှင်ကူက အဆိပ်တစ်ရာ ဖြေဆေးကို ထန်ဟာန်က အရယူလာနိုင်ကြောင်းသိလို့ကော ဘာများ အကျိုးရှိမှာတဲ့လဲ"

ကင်းမြီးနက် ထိုယဲကြည်က မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

"ထန်ဟာန်က ငါတို့ဆီက အဆိပ်တစ်ရာဖြေဆေး ပုလင်းကြီးနဲ့အပြည့် အလုံးတစ်ရာ ခိုးယူသွားတာကို မင်းမေ့နေပြီလား၊ ပြည့်စုံစားသောက်ဆိုင်မှာ အရောင်းအဝယ် ဖြစ်ခဲ့တာကအဆိပ်တစ်ရာဖြေဆေး အလုံးငါးဆယ်ပဲပါတဲ့ ပုလင်းသေးပဲ၊ ထန်ဟာန်ဆီမှာအလုံးငါးဆယ် လောက်တော့ကျန်နေရမယ်၊ ဒီတော့ ရိုပ်ရှင်ကူက ထန်ဟာန်ကို ချဉ်းကပ်တာဟာ အကျိုးမရှိဘူးလို့ ဘယ်ပြော နိုင်မှာလဲ"

"ဒါဆိုရင် ကျုပ်တို့က ဘာကိုစောင့်နေကြတာလဲ၊ ရိုပ်ရှင်ကူဆီကို အခုသွားပြီး စစ်မေးကြည့်ကြပါစို့လား"

ကင်းမြီးနက် ထိုယဲကြည်က ပြောသည်။

ပင့်ကူထိုကျီတူးက ထောက်ခံသည်။

"ကောင်းတယ် ကောင်းတယ်၊ ကျွန်တော် အရင်ဆုံးဝင်စမ်းကြည့်မယ်"

ဖားပြုပ် ထိုချန်ယိက အားရပါးရပြောသည်။

"မင်းက ဘာကြောင့် အလျင်ဦးဆုံး ဝင်စမ်းချင်ရတာလဲ"

ပင့်ကူ ထိုကျီတူးက ပြောပြောဆိုဆို ထိုချန်ယိကို ခြေဖြင့် ကန်လိုက်ရာ ထိုချန်ယိမှာ ထိုင်ခုံပေါ်မှနေ၍ ကြမ်းပြင်ပေါ်သို့ ထိုးကြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလတ် ဒီမှာ အစ်ကိုလေး အနိုင်ကျင့်နေတာကို ကြည့်ပြောပါဦး"

ထို့ချိန်ယီသည် လဲကျသွားရာမှ လူးလဲထကာ ထို့ယှဲကြည်ကိုပြောသည်။

"ဟိတ် ... တော်ကြစမ်း မဆူကြနဲ့၊ ဒီကိစ္စမှာလည်း ကြီးစဉ်ငယ်လိုက် အစီအစဉ်ရှိရမယ်၊ အစ်ကိုကြီးက အလျင်ဆုံးရှေ့ဆောင်လိမ့်မယ်"

ကင်းမြီးနက် ထို့ယှဲကြည်က ခပ်ထန်ထန်ပြောသည်။

မြွေပွေး ထို့စီလင်၏ မျက်လုံးများ အရောင်များတောက်လာသည်၊ ကင်းမြီးနက်၏ စကားကြောင့် စိတ်လှုပ်ရှားသွားဟန်တူသည်။

"ရိုပ်ရင်ကူ အခု ဘယ်မှာရှိလဲ"

မြွေပွေးက မေးသည်။

"နတ်နန်းဆောင် တည်းခိုရိပ်သာမှာ ရှိနေပါတယ် အစ်ကိုကြီး"

ကင်းမြီးနက်က ပြန်ဖြေသည်။

"ကောင်းပြီ ငါတို့ နတ်နန်းဆောင် တည်းခိုရိပ်သာကိုသွားကြစို့"

* * *



၈

ထန်ဟာန်၏ သတင်းထူးကို သိုင်းခင်းသား ကျုန်းထင်ကျင့်သည် ကုရားမွေး လက်ဖက်ရည်ဆိုင်ထဲတွင် ကြားသိခဲ့ရလေသည်။

စိတ်တိုင်းကျပြည့်စုံ ရွာထဲတွင် စားသောက်ဆိုင်များ၊ အရက်ဆိုင်များ အများအပြားရှိသော်လည်း လက်ဖက်ရည်ဆိုင်ဟူ၍ကား ခရားမွေး လက်ဖက်ရည်ဆိုင် တစ်ဆိုင်တည်းသာရှိသည်၊ ဤဆိုင်တွင် လက်ဖက်ရည် လာသောက်သူများမှာလည်း များသောအားဖြင့် ရွာခံလူများဖြစ်သည်။

ရင်းနှီးသော ရွာခံ လူချင်းတွေ့ဆုံကာ လက်ဖက်ရည်သောက်ရင်း ရွာထဲတွင် ဖြစ်ပျက်သည့် အကြောင်းအရာမျိုးစုံနှင့် သတင်းများကို အပြန်အလှန် ပြောကြသည်။

ကျုန်းထင်ကျင့်သည် ဒေါသဖြစ်ခဲ့သည်။ ထိုသို့ဒေါသဖြစ်ခဲ့သည်မှာလည်း ကျုန်းထင်ကျင့်အတွက် ဒေါသဖြစ်စရာ အကြောင်းတွေ့ရခဲ့သောကြောင့်ပင်။

ကျုန်းထင်ကျင့်၏ သိုင်းပညာစွမ်းရည်မှာ သိုင်းလောက၏ ပထမတန်းတွင်ရှိသည်။

ပစ္စည်းဥစ္စာလည်း ကြွယ်ဝချမ်းသာသည်။ ထို့ကြောင့်လူတိုင်းလိုလို၏ အရေးပေးခြင်းကိုခံရသည်။ လိုချင်တာမှန်သမျှလည်း ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်အဖို့ လိုချင်တာတွေ အကုန်ရနေလျှင် စိတ်အလိုမကျဘဲ ဒေါသဖြစ်စရာအကြောင်း ဘယ်မှာရှိနိုင်မှာ ခြည်နည်း။

ခရားမွှေး လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ကြမ်းကျကျ တစ်အိုးမှာကာ အရသာ ခံသောက်ရင်း အခြားသူများ၏ ပြော စကားများကို နားထောင်နေသော ကျန်းထင်ကျင့်သည် ထန်မာန် တစ်ယောက် အပျော်မယ် ရိပ်ရင်ကူနှင့် အတူတွဲကာ ထွက်သွား ပြီး ပျောက်ဆုံးနေသည့် အကြောင်းကို ကြားရသောအခါ ဒေါသ ထောင်းခနဲ ထသွားသည်။

မထွက်စဖူး ဒေါသထွက်လာရသော ကျန်းထင်ကျင့်သည် စားပွဲကို လက်ဝါးစောင်းဖြင့် တအားရိုက်ချလိုက်ရာ ခပ်ဟောင်း ဟောင်း စားပွဲသည် လက်ဝါးစောင်းဒဏ်ကို မခံနိုင်ဘဲ ကျိုးပျက်သွား လေတော့သည်။

"တောက် ... မိန်းမကို မကြုံဖူး မတွေ့ဖူးတာလည်း မဟုတ်၊ ဒီဟာမအကြောင်းလဲ သိသားနဲ့ သွားပတ်သက်ချင်သေး တယ်၊ အခုတော့ သူ့အပေါ် လောင်းကြေးနိုင်ထားတာ စား သွားအသုံးကျတော့မှာလဲ"

ကျန်းထင်ကျင့်သည် တစ်ယောက်တည်း မကျေမနပ် ရေရွတ်သည်။

ကျန်းထင်ကျင့် ရေရွတ်ပြောဆိုလိုက်သည်များကို အနားသို့ ရောက်လာသော စားပွဲထိုးလူငယ်လေးက ကောင်းကောင်းကြား သည်။

သို့သော် ဘာမှန်းတော့ နားမလည်ပေ။



ကျန်းထင်ကျင့်သည် ငွေဒင်္ဂါးအနည်းငယ်ထုတ်ကာ ကျိုး ပျက်နေသော စားပွဲပေါ် ပစ်ချပြီး လှစ်ခနဲ ပြေးထွက်သွားလေသည်။

ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားမှုများကိုသာ မျက်စိရှုပ်အောင် မြင်လိုက်ရပြီး သူ့ရှေ့မှ ကျန်းထင်ကျင့် ပျောက်ကွယ်သွားသည်။

စားပွဲထိုး လူငယ်လေးသည် မျက်စိကို ပွတ်သပ်ကာ ကြည့်လိုက်တော့မှ ကျိုးပျက်နေသော စားပွဲပေါ်တွင် ငွေဒင်္ဂါး ဆယ်ပြား စိုက်ဝင်လျက်ရှိနေသည်ကို တွေ့ရသည်။

ပျက်စီးသွားသည့် စားပွဲအတွက် အလျော်ပေးသွားခြင်း ဖြစ်ကြောင်း စားပွဲထိုးလူငယ်လေး သိလိုက်သည်။ အလျော်ပေး သွားသော ထန်မိုးမှာ ပျက်သွားသည့် စားပွဲဖိုးသာမက တစ်ဆိုင် လုံး၏ တစ်ပတ်စာ ရောင်းရငွေနီးပါးဖြစ်ရာ စားပွဲထိုး လူငယ် လေး၏ မျက်နှာမှာ ဝင်းပသွားလေတော့သည်။

❋ ❋ ❋

ကောင်းကင်တွင် တိမ်တိုက်များ ထူထပ်နေသည်။

ညို့ညို့ဆိုင်းဆိုင်းနှင့် အုပ်မှိုင်းနေဆဲ ဖြစ်သည်။

နတ်နန်းဆောင် တည်းခိုရိပ်သာ၏ သီးသန့်အဆောင်ဝင်း ခြံမှာ သိပ်မကျယ်လှပေ။ သို့သော် ဝင်းခြံသီးသီးသန့်သန့် ခက်ကာထား၍ ဝင်းတံခါးပြုလုပ်ထားသည့်အပြင် ပန်းပင်များ ပါးပင်များကို လှပစွာ စိုက်ပျိုးထားသည်။

အပျော်မယ် ရိပ်ရင်ကူသည် ပန်းခြံလေးထဲတွင် အသာအယာ လမ်းလျှောက်လျက် ရှိနေသည်။ သူမ၏ ကိုယ်ပေါ်တွင် ပါးလွှာ

www.burmeseclassic.com

www.burmeseclassic.com



သော ပိုးသားဝတ်စုံကို တစ်ထပ်တည်း ဝတ်ဆင်ထားသည်။ ရိပ်ရင်ကူ၏ လှပသော ကိုယ်လုံးလေးမှာ ဆွဲဆောင်မှု အပြည့်ရှိနေသည်။

လေက တစ်ချက်တစ်ချက်တွင် ခပ်ပြင်းပြင်းနော့ကာ တိုက်ခတ်လာသည်။ လေအနေ့တွင် ရိပ်ရင်ကူ၏ ဝတ်စုံက တလွင့်လွင့် ဖြစ်နေသည်။ ပန်းခြံထဲရှိ ပန်းအပေါင်းတို့၏အလှထက် ရိပ်ရင်ကူ၏အလှက ပိုမိုနေသည်။ ရိပ်ရင်ကူသည် ထိုပန်းခြံငယ်လေးထဲတွင် အလှဝဆုံးသော ပန်းပွင့်တစ်ပွင့် ဖြစ်နေရလေပြီ။

"ဝုန်း"

ခပ်ပြင်းပြင်း အသံနှင့်အတူ ပိတ်နေသော ဝင်းတံခါး ပွင့်သွားသည်။

ထို့နောက် လူကြမ်းကြီးငါးယောက် ခြံဝင်းလေးထဲသို့ ခြေသံပြင်းပြင်း ဝင်ရောက်လာကြသည်။

ထိုယောကျ်ားကြီးငါးယောက်မှာ မဟူရာ အဆိပ်ညီနောင် ငါးဖော်တို့ပင် ဖြစ်ပေသည်။

မဟူရာ အဆိပ်ညီနောင် ငါးဖော်တို့နှင့် အပျော်မယ် ရိပ်ရင်ကူတို့အကြားတွင် မည်သည့်ပြဿနာမှ မရှိခဲ့ပေ။

မီးခဲထန်ဟန်နှင့်သာ အဆိပ်ညီနောင်ငါးဖော်တို့ ပြဿနာရှိနေခဲ့သည်။ မီးခဲထန်ဟန်သည် အဆိပ်ညီနောင်ငါးဖော်တို့၏ အဆိပ်တစ်ရာ ဖြေဆေးပုလင်းကြီးတစ်လုံးကို အရယူသွားခဲ့သည်။ ဤကိစ္စအတွက် မဟူရာ အဆိပ်ညီနောင်ငါးဖော်တို့က ထန်ဟန်ကို လိုက်ရှာခဲ့ကြသည်။



စိတ်တိုင်းကျ ပြည့်စုံရှာသို့ ထန်ဟန် ရောက်လာကြောင်း သိရပြီးနောက် ရုတ်တရက် စုပ်စမြုပ်စ ပျောက်သွားခဲ့သော ထန်ဟန်နှင့် နောက်ဆုံးအတူရှိနေသူ ရိပ်ရင်ကူထံသို့ ထန်ဟန် အကြောင်း စုံစမ်းရန် မဟူရာ အဆိပ်ညီနောင်ငါးဖော်တို့ ရောက်လာကြခြင်း ဖြစ်သည်။

ရိပ်ရင်ကူ တည်းခိုနေထိုင်ရာ နတ်နန်းဆောင် တည်းခိုရိပ်သာ အထူးတည်းခိုဆောင်၏ ဝင်းတံခါးကို ခပ်ကြမ်းကြမ်း တွန်းဖွင့်ကာ ဝင်းခြံထဲ ဝင်လိုက်သည်နှင့် မဟူရာ အဆိပ်ညီနောင် ငါးဖော်တို့သည် ရိပ်ရင်ကူကို မျက်နှာချင်းဆိုင် တွေ့ကြရလေတော့သည်။

မဟူရာ အဆိပ်ညီနောင်ငါးဖော်တို့ ခြေလှမ်းတုံ့သွားကြသည်။

သူတို့သည် သိုင်းသမားဆိုးများဖြစ်ကြကာ မိန်းမမှုလည်း ပွေသည်။ အနယ်နယ်အရပ်ရပ် ခရီးလှည့်လည် သွားလာနေကြသူများပီပီ မိန်းမအမျိုးမျိုးတို့ကို တွေ့ကြုံဖူးသည်။

သို့ရာတွင် မိုးသားများ အုံ့ဆိုင်းကာ လေပြင်းတစ်ချက်တစ်ချက် တိုက်ခတ်နေသောအချိန်၌ ပန်းပွင့်များ ဖူးပွင့်ဝေဆာနေသော ပန်းခြံလေးထဲတွင် ပါးလွှာသည့် ပိုးသားဝတ်စုံကိုဝတ်ကာ လမ်းလျှောက်နေသော ရိပ်ရင်ကူလို မိန်းမချောကိုကား တစ်ကြိမ်မှ မမြင်ဖူးကြသေးပေ။

ထိုချိန်ယံသည် စိတ်အလှုပ်ရှားဆုံး ဖြစ်၏။ ရင်ထဲတွင်လည်း တဒိန်းဒိန်း ခုန်နေသည်။ အကယ်၍ အစ်ကိုလေးယောက်သာ

www.burmeseclassic.com

www.burmeseclassic.com



ရှိမနေလျှင် ရိပ်ရင်ကူထံသို့ ပြေးသွားကာ အတင်းမွေ့ဖက်လိုက်မည် မလွဲပေ။

အပျော်မယ် ရိပ်ရင်ကူသည် ဆွဲဆောင်မှု အပြည့်ပါသော ညို့မျက်လုံးကြီးများဖြင့် မဟူရာ အဆိပ်ညီနောင်ငါးကောင်ကို ငုံ့ကာ ကြည့်လိုက်သည်။

သွယ်ပျောင်းသော လက်ကလေးဖြင့် ဖြန့်ချထားသော ဆံကေသာကို အသာသပ်လိုက်ကာ ကြားရသူ စိတ်လှုပ်ရှားချင်စရာကောင်းလှသည့် မူနွဲ့သော လေသံဖြင့် ...

"ဟော ... မဟူရာအဆိပ်ညီနောင်တို့ပါလား။ ရှင်တို့က ဝင်လာချင်ကြတယ် ဆိုရင်လည်း အသံလေးဘာလေး ပေးလိုက်ရင် ကျွန်မ တံခါးလာဖွင့်ပြီး ကြိုဆိုမှာပေါ့၊ အခု အတင်းတွန်းဖွင့်ဝင်လာတော့ တံခါးပျက်စီးသွားပြီ၊ ဘယ်သူက လာအလျော်ပေးမှာလဲလို့"

ထိုချန်ယီသည် တံတွေးတစ်ချက် မျိုချလိုက်ကာ ...

"ဒါက အသေးအမွှားပါ၊ အသေးအမွှားပါ၊ ကျွန်တော်တို့ လျော်ပေးမှာပါ၊ ဟဲ ... ဟဲ ... ဟဲ ..."

ပင့်ကူထို့ကျိုထူးသည် ဖားပြုပ် ထိုချန်ယီကို မျက်စောင်းထိုးကာ ကြည့်လိုက်ပြီး ...

"ဟေ့ ... ဖားပြုပ် တံခါးဝမှာ သွားရပ်ပြီး စောင့်နေစမ်း၊ ဟိုဟာပြော ဒီဟာပြော လုပ်မနေနဲ့"

ကျန် မဟူရာ ညီနောင်များကလည်း ဖားပြုပ်ကို မကျေနပ်သလို ကြည့်လိုက်ကြသည်။



မိမိ အငမ်းမရဖြစ်သွားမှုကြောင့် အစ်ကိုများ စိတ်ဆိုးသွားကြကြောင်း ရိပ်မိသည့်အတွက် ဖားပြုပ်သည် ဘာမှမပြောဘဲ ဝင်းတံခါးဝသို့ အသာလျှောက်သွားသည်။

ဖားပြုပ်၏ စိတ်ထဲတွင်မူ ပင့်ကူကိုကြည့်ကာ ကျိန်ဆဲနေမိသည်။

အပျော်မယ် ရိပ်ရင်ကူသည် ကျန်နေသေးသော အဆိပ်ညီနောင်လေးယောက်တို့ကို စူးစမ်းကြည့်ပြီး မည်သူသည် ခေါင်းဆောင်ဖြစ်မည်ကို အကဲခတ်သိသွားသောကြောင့် ...

"ရှင်က မြွေပွေး ထိုစီလင် မဟုတ်လား"

ရိပ်ရင်ကူသည် မျက်လုံးရွှဲကြီးများဖြင့် ထိုစီလင်ကို အသာစိုက်ကြည့်ပြီး ခပ်တိုးတိုး မေးသည်။

ရိပ်ရင်ကူ၏ ညို့ဓာတ်အပြည့်ပါသော အကြည့်က မြွေပွေး၏နှလုံးသားတိုင်တိုင် ထိုးဖောက်ဝင်ရောက်သွားသလို၊ ရိပ်ရင်ကူ၏ ခပ်တိုးတိုးအသံကလည်း မြွေပွေး၏ သွေးများကို ဆူဝေလာစေသည်။

"ဟုတ်ပါတယ် ဟုတ်ပါတယ်"

မြွေပွေးက ပြန်ဖြေသည်။

မြွေပွေးသည် လေသံမာမာနှင့် စကားပြောတတ်သူ ဖြစ်သည်။ သို့သော် ရိပ်ရင်ကူကို ပြန်အဖြေပေးသော မြွေပွေး၏ အသံမှာမူ မာကျောခြင်းမရှိ။ ပျော့ပျောင်းချိုသာနေသည်။

ယောကျ်ားများစွာကို ဆော့ကစားလာသော ရိပ်ရင်ကူသည် မြွေပွေး၏ လေသံအပြောင်းအလဲကို အကဲခတ်မိသည်။ မြွေပွေး၏

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် မည်သို့သော လှုပ်ရှားမှုမျိုး ရှိနေမည်ဆိုခြင်းကိုလည်း နားလည်လိုက်သည်။

ရိုပ်ရင်ကူသည် အံ့ဩသော အမူအရာမျိုး ဆောင်လိုက်ကာ —

"အလို အဆိပ်တစ်ရာဖြေဆေး ဟုတ်လား၊ အဲဒါ လွန်ခဲ့တဲ့ လဆန်းငါးရက်နေ့က ဥဩဘုံစားသောက်ဆိုင်ရဲ့ အရောင်းအဝယ်ပွဲမှာ ရောင်းချလိုက်ပြီ မဟုတ်လား"

"အဲဒီလို အရောင်းအဝယ်ဖြစ်ခဲ့တာဟာ ကျုပ်တို့ ပျောက်ဆုံးသွားတဲ့ အဆိပ်တစ်ရာဖြေဆေးလုံးတွေရဲ့ ထက်ဝက်လောက်ပဲ ဖြစ်မယ်"

"ဒါဆို ကျန်တဲ့ထက်ဝက်က ဘယ်သူ့ဆီ ရောက်နေတာလဲဟင်"

"မီးခဲထန်ဟန်ဆီမှာ"

"သြော် ... မီးခဲထန်ဟန်က သူ့မှာ ကျန်နေသေးတဲ့ အဆိပ်တစ်ရာဖြေဆေးတွေကို ကျွန်မတို့ကို ပေးခဲ့တယ်လို့ ထင်နေကြလို့လား၊ ဒီလိုထင်ရင် မှားမှာပေါ့ရှင်၊ ခစ် ... ခစ် ... တော်တော်ရယ်ဖို့ကောင်းတယ်"

"ဘာ ... ရယ်ဖို့ကောင်းတာလဲ"

"ရှင်က ကျွန်မကို တွေ့ချင်တယ်ဆိုရင် အခြားအကြောင်းနဲ့လည်း လာလို့ရပါတယ်၊ ဒီလိုမျိုး လှည့်ပတ်ပြီး လာမေးမြန်းတာက ရယ်စရာကောင်းတယ်လို့ ပြောတာပါ၊ ကျွန်မကလည်း မြွေပွေး ထိုဝီလင်ဆိုတဲ့ လူကြီးနဲ့ အင်း ... အေးအေးဆေးဆေး စကားပြောချင်နေတာပါရှင့်၊ ခစ် ... ခစ် ... ခစ်"



ဤစကားများကိုပြောရင်း ရိုပ်ရင်ကူသည် လက်နှစ်ဖက်ကို အသာခေါင်းနောက်သို့ ပစ်တင်ကာ ဖားလျားချထားသော ဆံပင်များကို အသာသပ်တင်သည်။

မိမိတစ်ယောက်တည်း သည်နေရာကို မလာမိခဲ့သည်ကိုလည်း မြွေပွေးမှာ နောင်တရနေမိသည်။

ယခုမူ အဖော်များပါနေသောကြောင့် မည်သို့ အကြောင်းပြပြီး ကျန်လူများကို ဖယ်ရှားထုတ်ရမည်ကို မြွေပွေးမှာ မစဉ်းစားတတ်ပဲ အခက်တွေ့နေရသည်။

ကင်းမြီးနက် ထိုယဲကြည်က မြွေပွေး ဘာတွေ စဉ်းစားနေသည်ကို သိသည်။ ထို့ကြောင့် အခြေအနေပြေလည်စေရန် ကြားဝင်ကာ ပြောဆိုသည်။

"အစ်ကိုကြီး ကျုပ်တို့ သတင်းမှားရတာ ဖြစ်ချင်ဖြစ်မယ်၊ ဒီတော့ ကျုပ်နဲ့ ကျန်တဲ့ညီငယ်တွေ စားသောက်ခန်းကို သွားပြီး အရက်သောက်နေလိုက်မယ်၊ အစ်ကိုကြီးက ဒီမိန်းကလေးနဲ့ တည်းခိုဆောင်ထဲ လိုက်သွားပြီး ပြောဆိုဆွေးနွေးကြည့်ပေါ့၊ သူ့ဆီက မီးခဲထန်ဟန်ရှိတဲ့ နေရာကို သတင်းအစအန ရချင်ရနိုင်တယ်"

အပျော်မယ် ရိုပ်ရင်ကူသည် မျက်လုံးကို ခပ်မှေးမှေးပြုကာ ကင်းမြီးနက်ကို ကြည့်လိုက်ပြီး ...

"ရှင်က မဟူရာအဆိပ်ညီနောင်မှာ ဝါစဉ်နှစ်ဖြစ်တဲ့ ကင်းမြီးနက် ထိုယဲကြည် မဟုတ်လား"

ရိုပ်ရင်ကူ၏ အကြည့်ကြောင့် ကင်းမြီးနက်မှာ စိတ်လှုပ်ရှားသွားရကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မိန်းကလေး၊ ကျုပ်အကြောင်း ကြားဖူးထားတယ် ထင်ပါရဲ့"

ရိပ်ရင်ကူက ကိုယ်ခန္ဓာ အလှအပများ တသိမ့်သိမ့်တုန်အောင် ရယ်မောလိုက်ကာ ...

"ဘယ့်နှယ်ပြောပါလိမ့်ရှင် ကင်းမြီးနက်ဟာ စကားပြောကောင်းတယ်၊ အေးအေးဆေးဆေးနဲ့ ပြဿနာကို ဖြေရှင်းနိုင်တယ်ဆိုတဲ့ သတင်းတွေကို ကြားဖူးထားတာပေါ့၊ ဒါကြောင့်ရှင့်ကို တွေ့ချင်နေတာ ကြာပြီ ခစ် ... ခစ်"

မဟူရာ အဆိပ်ညီနောင် ငါးဖော်တွင် ကင်းမြီးနက်သည် ကြံရည်ဖန်ရည်အရှိဆုံး ဖြစ်သည်။ သူ့အနေဖြင့် ညီငယ်သုံးယောက်ကို ဩဇာဖြင့် နေခဲ့ရန် အမိန့်ပေးပြီး ဉာဏ်ထိုင်းသော အစ်ကိုကြီးမြွေပွေးကိုလည်း အကြောင်းပြချက်ကောင်းကောင်း တစ်ခုပြလိုက်ပါက သူ့အနေဖြင့် ရိပ်ရင်ကူထံ တစ်ယောက်တည်း လာနိုင်ပေမည်။ ဤသို့ မလုပ်မိခဲ့သည့်အတွက် ကင်းမြီးနက်သည် မိမိကိုယ်မိမိ အပြစ်တင်မိသည်။

သို့သော် မတတ်နိုင်။ လွန်ပြီးသောအရာကို တွေးကာ စိတ်ပျက်နေမည့်သည် ယခု လောလောဆယ်တွင် မြွေပွေးပြီးပါက မိမိအလှည့် ရောက်လာရမည်မို့ အခြေအနေကို လက်တွေ့ကျကျ လုပ်ဆောင်သည်က အကောင်းဆုံးဟုတွေးကာ ကျန်ညီငယ်များကို မျက်ရိပ်ပြပြီး လှည့်ထွက်လာခဲ့သည်။

ပျက်နေသော တံခါးဝကို ဖြတ်ကျော်သွားရာတွင် ဖားပြုပ်လည်း ကင်းမြီးနက်တို့လူစုနှင့်အတူ ပေါင်း၍လိုက်လာသည်။



ဖားပြုပ်သည် ဖြောင့်ဖြောင့်ပင် လမ်းမလျှောက်နိုင်ဘဲ နောက်သို့ လှည့်ကြည့်လှည့်ကြည့်လုပ်နေရာ မြွေပွေးနှင့် ရိပ်ရင်ကူတို့ အတူတူယှဉ်ကာ တည်းခိုဆောင်ထဲ ဝင်သွားသည်ကို မြင်လိုက်ရသည်။

* * *

နတ်နန်းဆောင် တည်းခိုရိပ်သာ၏ အရက်နှင့် ဟင်းလျာများသည် တကယ့် အကောင်းစားများ ဖြစ်ကြသည်။

သို့သော် ...

ကင်းမြီးနက်တို့ လေးယောက်အဖို့မှာမူ အရက်သည် ပေါ့ပျက်ပျက်ဖြစ်၍ ဟင်းလျာများကိုလည်း ခံတွင်းမတွေ့လှပေ။

လေးယောက်ထဲတွင် ကင်းမြီးနက်သည် စိတ်အလှုပ်ရှားဆုံးဖြစ်နေသည်။ အစဉ်အတိုင်းဆိုပါက မြွေပွေးပြီးလျှင် ရိပ်ရင်ကူကို သွားရောက်တွေ့ဆုံရမည့်လူမှာ ကင်းမြီးနက် ဖြစ်သည်။ ထို့ကြောင့် စောင့်နေရသည်ကိုပင် စိတ်မရှည်နိုင်အောင် ဖြစ်နေသည်။

သူတို့လေးယောက်သည် စကားသိပ်မပြောကြပေ။ အရက်ကိုသာ တစ်ခွက်ပြီးတစ်ခွက် သောက်နေကြသည်။

မြွေပွေးက ပေါ်မလာသေး။

"အစ်ကိုကြီး အခြေအနေက ဘယ်လိုရှိလဲ မသိဘူး၊ ငါ သွားကြည့်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကင်းမြီးနက်သည် ထိုသို့ပြောပြီး ထိုင်နေရာမှထကာ ရိပ်ရင်ကူ တည်းခိုနေထိုင်ရာ အထူးတည်းခိုဆောင်သို့ ထွက်လာတော့သည်။

* * *

ကျိုးပျက်နေသော ဝင်းတံခါးကိုကျော်ဖြတ်ကာ ခြံဝင်းထဲ ဝင်လိုက်သည်နှင့် ကင်းမြီးနက်၏ ခြေလှမ်းများ တုံ့ရပ်သွားသည်။

သူ့စိတ်ကို အထူးလှုပ်ရှားစေသည့် အပျော်မယ် ရိပ်ရင်ကူကို ပန်းခြံထဲတွင် ရုတ်တရက် တွေ့လိုက်ကြရသောကြောင့် ဖြစ်လေသည်။

ကင်းမြီးနက်၏ ခြေသံကိုကြားသော်လည်း လှည့်၍ပင် မကြည့်ပေ။

ကင်းမြီးနက်သည် ရိပ်ရင်ကူကို ယခုလို တွေ့ရလိမ့်မည်ဟု မထင်ခဲ့ပေ။ ထို့ကြောင့် ကင်းမြီးနက်မှာ အံ့အားသင့်ကာ ဘာလုပ်ရမည်မသိဘဲ ကြောင်အမ်းအမ်း ဖြစ်နေသေးသည်။

အတန်ကြာအောင် ကြောင်အမ်းအမ်းဖြစ်နေပြီးမှ ကင်းမြီးနက်သည် ရိပ်ရင်ကူ၏အနီးသို့ လျှောက်လှမ်းသွားကာ လေသံတိုးတိုးဖြင့် ...

"အစ်ကိုကြီးကော"

"အိပ်ခန်းထဲမှာ"

"သူက ဘာလုပ်နေတာလဲ"



"အိပ်ပျော်နေတယ်လေ၊ သူက အခုတလောမှာ စိတ်မော လူမောနဲ့ သိပ်ကို မင်ပန်းခဲ့တယ်တဲ့၊ ဒါကြောင့် နားချင်တယ် ဆိုပြီး အိပ်နေတာပဲ၊ အလကားလူ ဘာမှ အသုံးမကျဘူး၊ စိတ်ကို ညစ်ရောပဲ"

ရိပ်ရင်ကူက မကျေမနပ် ပြောနေသည်။

ကင်းမမြီးနက်မှာ ဤအခါတွင်မှ ရိပ်ရင်ကူ ဘာကို မကျေမနပ် ဖြစ်နေသည်ကို နားလည် သဘောပေါက်သွားသည်။

"ဒီ တည်းခိုဆောင်မှာ အိပ်ခန်းနှစ်ခန်း ရှိတယ် မဟုတ်လား"

ကင်းမြီးနက်က ပြောသည်။

"အင်း"

"အစ်ကိုကြီးက ဘယ်အိပ်ခန်းထဲမှာ အိပ်ပျော်နေတာလဲ"

"အရှေ့ဘက် အိပ်ခန်းထဲမှာ"

"ဒါဆိုရင် ကျုပ်တို့ အနောက်ဘက် အိပ်ခန်းထဲကို သွားကြစို့လား၊ ကျုပ်ကတော့ အစ်ကိုကြီးလို ခင်ဗျားကို စိတ်ပညစ်စေပါဘူး"

အိပ်ခန်းထဲသို့ ရောက်သောအခါ နှစ်ယောက်အတူ ယှဉ်တွဲ ခုတင်ကြီးပေါ် လှဲအိပ်လိုက်ကြသည်။

ထိုအချိန်မှာ ကင်းမြီးနက် မည်သို့မှ မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာသည်။ မြွေပွေးတစ်ယောက် မည်သို့သော ကြမ္မာကြုံခဲ့ရသည်ကိုလည်း ကင်းမြီးနက် သိလိုက်လေသည်။

သို့သော် အလွန်နောက်ကျသွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နေရာမှ ထုတ်ယူလိုက်သည်မသိ၊ ရိပ်ရင်ကျွ၏ ညာလက်ထဲတွင် ဓားပါးတစ်လက် ရောက်လာသည်။ ဓားမှာ သိပ်မကြီးသော်လည်း အသွားက ထက်မြက်ကာ ထိပ်ဖျားကလည်း ချွန်လှသည်။

ရိပ်ရင်ကျွသည် လည်ပင်းကို ညာလက်ဖြင့် အသာဖက်ကာ ဓားသွားကို ကင်းမြီးနက်၏ နောက်ကျောထဲသို့ ထိုးစိုက်ထည့်လိုက်သည်။

သည်လို အခြေအနေ အချိန်အခါမျိုးတွင် သည်လို တိုက်ခိုက်လာမှုကို မည်သည့်ယောကျ်ားမှ ခုခံနိုင်မည် မဟုတ်ပေ။

ကင်းမြီးနက်လည်း ခြွင်းချက်မဟုတ်ပါ။

* * *

ကျန်မဟူရာ အဆိပ်ညှိနှောင် သုံးယောက်တို့သည် စား သောက်ခန်းထဲတွင် အရက် ဆက်သောက်နေကြသည်။

ကင်းမြီးနက်ပြီးလျှင် အလှည့်ကျရောက်မည့် မင့်ကျွတို့ကို ထူးသည် နေမဆိုး ထိုင်မသာ ဖြစ်နေသည်။

ဖားပြုပ် ထို့ချုန်ယိသည် မင့်ကျွထက်ပင် ပို၍ စိတ်လှုပ်ရှားကာ ထိုင်ရမလိုလို ထရမလိုလို ဖြစ်နေသည်။

အချိန် အတော် ကုန်လွန်သွားပြီ ဖြစ်သော်လည်း မြွေဖျား နှင့် ကင်းမြီးနက်တို့ ပြန်ရောက်မလာကြပေ။ ကြားထဲတွင် မင့်ကျွနှင့် ကင်းခြေများတို့ ရှိနေကြသေးသည်။ မည်သည့်အချိန် ကျမှ မိမိအလှည့်သို့ ရောက်လာမည်နည်းဟု ဖားပြုပ်က တွေးကာ



စိတ်ပူပန်နေသည်။ ရိပ်ရင်ကျွ၏ အလှအပများကလည်း ဖားပြုပ် ထို့ချုန်ယိ၏ မျက်လုံးထဲမှမထွက်။

အကြောင်းတစ်ခုခုတော့ ရှိရမည်ဟု ဖားပြုပ်၏ စိတ်ထဲတွင် တွေးမိသည်။

"ကျွန်တော် အပြင်ထွက်ပြီး ရှုမျှော်ခင်းတွေ ကြည့်လိုက်ဦးမယ်"

ဖားပြုပ်သည် ထိုသို့ပြောပြီး ထိုင်ရာမှထကာ စားသောက်ခန်းအပြင်ဘက်သို့ အသာထွက်လာခဲ့သည်။

စားသောက်ခန်းနှင့် ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ ဖားပြုပ်သည် အသာရပ်နေလိုက်သည်။

ထိုအခါ စောစောက မျက်ရိပ်ပြခဲ့သော ခပ်ပိန်ပိန် စားပွဲထိုးလူငယ်လေးသည် ဖားပြုပ် အနီးသို့ အသာ ချဉ်းကပ်လာတော့သည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

ဖားပြုပ်က ဆီး၍မေးသည်။

"မျောက်ကလေးလို့ ခေါ်ပါတယ်၊ အခု တည်းခိုဆောင်မှာ မြစ်လုပ်ကိုင်ပေးဖို့ တာဝန်ယူထားရပါတယ်"

စားပွဲထိုးလူငယ်က ပြန်ဖြေသည်။

ဤစကားကို ကြားရသည့်အခါ ဖားပြုပ်၏မျက်နှာ ဝင်း သက်သွားသည်။

"ဪ ... မင်းက ရိပ်ရင်ကျွကို ပြုစုပေးနေရတာကိုး"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

"မင်းက ငါ့ကို မျက်ရိပ်ပြပြီးခေါ်တာ ဘာလုပ်မလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"ရိပ်ရင်ကူက ဆရာလေးကိုပြောဖို့ မှာလိုက်တယ်၊ ဆရာလေးရဲ့ အစ်ကိုနှစ်ယောက်ကို အသာထားခဲ့ပြီး ထွက်လာခဲ့ပါတဲ့"

ဖားပြုပ်သည် ဘာမှ ပြန်မပြောတော့ပေ။ ငွေစ အနည်းငယ်ကို မျောက်ကလေးလက်သို့ ပေးအပ်ထားခဲ့ပြီး အပြေးထွက်သွားလေတော့သည်။

အချိန်သည် တန်ဖိုးရှိသည် မဟုတ်ပါလား။

* * *

အပျော်မယ် ရိပ်ရင်ကူသည် အထူးတည်းခိုဆောင်၏ ခြံဝင်းထဲတွင်ပင် အသာ လမ်းလျှောက်လျက် ရှိနေသည်။ သူမသည် အဝတ်အစားကို တစ်မျိုး လှဲလှယ်ဝတ်ဆင်ထားသည်။

အရောင်က အနီရောင်လွင်လွင်ဖြစ်ကာ ဖြူဆွတ်သော အသားနှင့် လိုက်ဖက်၍ ပို၍ပင် ဆွဲဆောင်မှုအား ကောင်းနေပေသည်။

ဖားပြုပ်သည် ဝင်းတံခါးမှမဝင်ဘဲ ဝင်းထရံကိုကျော်လွှားကာ ဝင်ရောက်လာသည်။

ရိပ်ရင်ကူသည် ရှက်သွေးဖြာနေသော အမူအရာမျိုး ပြုထားကာ ခြံဝင်းကို ခုန်ကျော်ဝင်လာသည့် ဖားပြုပ်ကို တစ်ချက် ကြည့်လိုက်သည်။

ထိုသို့ ကြည့်ပြီးနောက် ချက်ချင်းပင် ရှက်ရွံ့ဟန်ဖြင့် ခေါင်းကို အသာငုံ့ထားလိုက်သည်။



သည်အပြုအမူသည် စူးစိုက်ကာ ကြည့်လိုက်ခြင်းထက် ပို၍ ထိရောက်သည်။

ဖားပြုပ်၏ရင်ထဲက တဒိန်းဒိန်းလှုပ်ရှားကာ သွေးများ ဆူပွက်လာခဲ့သည်။ ဖားပြုပ်သည် ရိပ်ရင်ကူ၏အနီးသို့ လျင်မြန်စွာ ချဉ်းကပ်သွားသည်။

"အစ်ကိုကြီးနဲ့ အစ်ကိုလတ်တို့ကော"

ဖားပြုပ်က မေးသည်။

"အရှေ့ဘက် အိပ်ခန်းထဲမှာ တစ်ခုခု ဆွေးနွေးတိုင်ပင်နေကြသလိုပဲ"

ရိပ်ရင်ကူက ခေါင်းငုံ့ထားလျက်က ပြန်ဖြေသည်။

"ဘာတွေ တိုင်ပင်နေကြသလဲ"

"အဲဒါကတော့ ကျွန်မ ရေရေရာရာ မသိဘူး၊ ဟို ... သူတို့ ပြောတဲ့စကားထဲမှာ ပလွေနက်စွန်းလူယိဆိုတဲ့ နာမည်ကိုတော့ တစ်ခါနှစ်ခါလောက် ကြားလိုက်မိပါရဲ့"

"ဟာ ... ကျုပ် သိပြီ၊ ကျုပ် သိပြီ၊ အစ်ကိုကြီးက ပလွေနက်ကို ဆုံးမချင်နေတာ ကြာပြီ၊ အခု သူတို့ အဲဒါကို တိုင်ပင်နေတာ ဖြစ်မယ်၊ ဒီအထူးတည်းခိုဆိုင်မှာ အိပ်ခန်းနှစ်ခု ရှိတယ် မဟုတ်လား"

"အင်း"

ရိပ်ရင်ကူက မပွင့်တပွင့်အသံဖြင့် ပြန်ဖြေသည်။

အကယ်၍ ဖားပြုပ်သာ ခုတင်အောက်သို့ ငုံ့ကြည့်မည်ဆိုပါက ခုတင်အောက်တွင် ရှိနေသော ကင်းမြီးနက်၏ အလောင်းကို တွေ့ရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဖားပြုပ်သည် ခုတင်အောက်ကို ငုံ့ကြည့်ရမည်ထ
ရိပ်ရင်ကူ၏ အလှအပများကို ကြည့်ရန်သာ ပို၍ စိတ်စော
သည်။

ဤသို့ဖြင့် ဖားပြုပ်မှာလည်း မြွေပွေးနှင့် ကင်းမြီးနက်တို့
ကံကြမ္မာမျိုး ကြုံသွားရလေတော့သည်။

* * *

ဖင့်ကူထိုကျိုထူးနှင့် ကင်းခြေများ ထိုဟူထုန်တို့နှစ်ယော
သည် ဆက်၍ အရက်သောက်နေကြသည်။

ကင်းခြေများသည် မိန်းမမှုတွင် ဝါသနာပါသော်လည်
ယခုလို ဟင်းတစ်ခွက်တည်း အများပိုင်းကာ စားရမှုမျိုးကိုတေ
သိပ်မကြိုက်ပေ။

ဤသို့ဖြင့် မဟုရာ အဆိပ်ညီနောင်ငါးဖော်တွင် ကင်း
များတွင် အခြားလူများနှင့်စာလျှင် စိတ်ပိုတည်ငြိမ်ကာ ပို
ဆင်ခြင်စဉ်းစားနိုင်ခဲ့သည်။

မြွေပွေးနှင့် ကင်းမြီးနက်တို့ အချိန်ကြာမြင့်သည်အထ
ရောက်မလာသည်တွင် ကင်းခြေများသည် စိတ်ထဲတွင် သံသ
ဖြစ်လာမိသည်။

ထို့ပြင် ဖားပြုပ် ထိုချိန်ယိ စားသောက်နေရာမှ ထ
ထွက်သွားသောအခါ ကင်းခြေများအဖို့ သံသယဖြစ်စရာတစ်
ပိုတိုးလာသည်။



ဖားပြုပ်အကြောင်းကို ကင်းခြေများ ကောင်းကောင်းသိသည်။
ယခုလို အချိန်အခါမျိုးတွင် ဖားပြုပ်သည် သူ့အလှည့်ကိုသာ
စိတ်စောကြီးစွာ စောင့်နေမည်ဖြစ်ပြီး အပြင်ထွက်ကာ လမ်းသလား
နေစရာအကြောင်း လုံးဝမရှိပေ။

ကင်းခြေများ ထိုဟူထုန်အနေဖြင့် မြွေပွေးနှင့် ကင်းမြီးနက်တို့
နှစ်ယောက် ရိပ်ရင်ကူ၏လက်ချက် အမိခံရသည့်အကြောင်းကို
မစဉ်းစားမိသော်လည်း ဖားပြုပ် ထိုချိန်ယိသည် အသာတစ်ပတ်
လှည့်ကာ ရိပ်ရင်ကူရှိရာသို့ သွားမည်ဖြစ်ကြောင်းကိုကား မှန်းဆ
တွေးမိလိုက်သည်။

"အစ်ကိုလေး ဟိုကောင်ဖားပြုပ် အပြင်ကိုထွက်သွားတာ
မသင်္ကာစရာပဲ၊ ကျွန်တော်တို့ ရိပ်ရင်ကူရဲ့ တည်းခိုဆောင်ကို
သွားကြည့်ကြရင် ကောင်းမယ်ထင်တယ်"

ကင်းခြေများ ထိုဟူထုန်က ဖင့်ကူထိုကျိုထူးကို ပြောလိုက်
သည်။

ဖင့်ကူက ခေါင်းညိတ်ပြကာ နှစ်ယောက်သား ထိုင်ရာမှ
ထလျက် ရိပ်ရင်ကူရှိရာ အထူးတည်းခိုဆောင်ဘက်သို့ ထွက်လာ
ခဲ့ကြသည်။

* * *

ဖင့်ကူ ထိုကျိုထူးနှင့် ကင်းခြေများ ထိုဟူထုန်တို့နှစ်ယောက်
ခြံဝင်းထဲသို့ ရောက်လာသည့် အချိန်တွင် ရိပ်ရင်ကူလည်း
အဆောင်ထဲမှ အပြင်သို့ လျှောက်လှမ်းထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပင့်ကူနှင့် ကင်းခြေများတို့ နှစ်ယောက်အတူ ရောက်လာကြသည်ကို တွေ့ရသောအခါ ရိပ်ရင်ကူ၏စိတ်ထဲတွင် အခြေသိပ်မဟန်ကြောင်း တွေးမိကာ ထိတ်ခနဲ ဖြစ်သွားသည်။

"ကျုပ်တို့ရဲ့ညီလေး ဖားပြုပ်ထို့ချိန်ယိ ဒီကို ရောက်လာသလား"

ကင်းခြေများ ထို့ဟူထုန်က မေးခွန်းထုတ်သည်။

"လာတာပေါ့၊ ဒါပေမဲ့ ကျွန်မက လက်မခံပဲ မောင်းထုတ်ပစ်လိုက်လို့ ထွက်သွားပြီ"

ရိပ်ရင်ကူက ပြန်ဖြေသည်။

"ကျုပ်တို့ရဲ့ အစ်ကိုကြီးနဲ့ အစ်ကိုလတ်တို့ကော ဘယ်ရောက်သွားကြလဲ"

"ဘယ်လိုလဲ လူကို ရာဇဝတ်သားတစ်ယောက်လို မေးမြန်းနေပါလား၊ သူတို့ကိုယ်ပေါ်မှာ ခြေထောက်နှစ်ချောင်း ပေါက်နေတာဆိုတော့ သူတို့ သွားချင်ရာကို သွားကြမှာပေါ့၊ ကျွန်မက ဘယ်လိုလုပ် သိနိုင်မှာလဲ"

"ညီလေး ... တို့နှစ်ယောက် တည်းခိုဆောင်ထဲကို ဝင်ကြည့်ကြရအောင်လား"

ပင့်ကူက ကင်းခြေများကို ပြောသည်။

တည်းခိုဆောင်၏ အိပ်ခန်းနှစ်ခန်းထဲတွင် အလောင်းသုံးလောင်းကို ထည့်ဝှက်ထားသည်။ အထဲသို့ ဝင်ရှာမည်ဆိုသောအခါ ရိပ်ရင်ကူမှာ ရင်ထိတ်သွားမိသည်။

သို့သော် ဣန္ဒြေမပျက်ရအောင် ကြိုးစားကာ ထိန်းထားပြီး -



"တည်းခိုဆောင်ထဲက အခန်းတွေကို တစ်ခုမှ သော့မပိတ် ထားဘူး၊ ကြိုက်သလို ဝင်ရှာပါ"

"အစ်ကိုလေး အပြင်မှာ စောင့်နေခဲ့ပါ၊ ကျွန်တော်တစ်ယောက်တည်း အထဲဝင်ရှာရင် လုံလောက်ပါတယ်"

ကင်းခြေများက ပင့်ကူကို ပြောသည်။

ရိပ်ရင်ကူက သဘောကျသလို ရယ်မောလိုက်ကာ ...

"အင်း ... ဟုတ်သားပဲ၊ တော်ကြာ ကျွန်မ ထွက်ပြေးသွားရင် ခက်နေဦးမယ်"

ကင်းခြေများ တည်းခိုဆောင်ထဲသို့ ဝင်ရောက်သွားပြီးနောက် ရိပ်ရင်ကူသည် ခါးကိုနွဲ့ကာ ပင့်ကူအား ညို့မျက်လုံးများဖြင့် အသာကြည့်သည်။ နီထွေးသော နှုတ်ခမ်းလေးများကို မဟတဟပြုကာ တစ်စုံတစ်ရာ ပြောတော့မည့်ဟန်မျိုး လုပ်သည်။

ပင့်ကူသည် ရိပ်ရင်ကူ၏ လှပသောမျက်နှာလေးကို အငေးသားကြည့်ကာ ရိပ်ရင်ကူ ပြောလာမည့်စကားကို အသာ နားစွင့်နေသည်။

ထိုအချိန်မှာပင် ရိပ်ရင်ကူ၏ မျက်နှာအမူအရာ တစ်မျိုးပြောင်းသွားကာ ...

"ဟော ... ဟိုမှာ ရှင်တို့အစ်ကိုကြီး ပြန်လာနေပြီ မဟုတ်လား"

ရိပ်ရင်ကူ၏ စကားအဆုံးတွင် ပင့်ကူသည် အလိုလိုပင် နောက်သို့လှည့်ကာ ကြည့်လိုက်သည်။ ထိုအချိန်မှာပင် ရိပ်ရင်ကူ၏ညာလက်သည် လျှင်မြန်စွာ လှုပ်ရှားလိုက်ရာ အပြာရောင် အလင်းတန်းတစ်ခု လက်ခနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရိပ်ရင်ကူက သေးငယ်သည့် အဆိပ်အပ်မြှင်လေးတစ်ခုဖြင့် ပင့်ကူ ထို့ကျိုထူးကို လှမ်းပစ်လိုက်ခြင်း ဖြစ်သည်။

ပင့်ကူသည် အားခနဲတစ်ချက်သာ အော်နိုင်ပြီး မြေကြီးပေါ် လဲကျသွားသည်။

တည်းခိုရိပ်သာထဲသို့ ရောက်သောအခါ ကင်းခြေများ ထို့ဟူထုန်သည် အနောက်ဘက်အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။ ထိုအိပ်ခန်းဆောင်ထဲရှိ ခုတင်အောက်တွင် ကင်းမြီးနက်နှင့် ဖားပြုပ်တို့၏ အလောင်းများ ရှိနေသည်။

ကင်းခြေများသည် ခုတင်အောက်သို့ ငုံ့ကြည့်မည်အလုပ် အားခနဲအော်သံနှင့် ဘိုင်းခနဲ လဲကျသွားသံတို့ကို ကြားလိုက်ရသည်။

အပြင်ဘက်တွင် တစ်ခုခုဖြစ်နေကြောင်း ကင်းခြေများ သိလိုက်သည်။

ထို့ကြောင့် ကင်းခြေများသည် ခါးတွင် ထိုးထားသော သံမဏိပေတံကို ဆွဲထုတ်ကာ တည်းခိုဆောင် အပြင်ဘက်သို့ ပြေးထွက်လာခဲ့သည်။

အပြင်ဘက်သို့ရောက်၍ ဘာဖြစ်သည်ကို ရေရေရာရာမသိရသေးမီမှာပင် ရယ်မောသံကို ကြားလိုက်ရသည်။

ကင်းခြေများသည် ပင့်ကူအတွက် စိုးရိမ်စိတ်များ ဖြစ်နေသောကြောင့် တည်းခိုရိပ်သာ၏ တံခါးမှ ပြေးထွက်လာခဲ့ရာတွင် တံခါး၏ ဘောင်တစ်ဖက်တစ်ချက်ကို သတိပြုမထားမိဘဲ ဖြစ်သွားသည်။

ထိုအချိန်မှာပင် ရယ်မောသံတစ်ခုကို ကြားလိုက်ရသည်တွင် ချက်ချင်း သတိရကာ အန္တရာယ်ကို ရင်ဆိုင်ရန် ပြင်ဆင်မှု



ပြုတော့မည့် အချိန်မှာပင် ရိပ်ရင်ကူ၏ လက်ဝါးရိုက်ချက်က ကင်းခြေများ၏ နောက်ကျောပေါ်သို့ မိမိရရပင် ရိုက်မိသွားတော့သည်။

ပင့်ကူကိုမူ ဆံပင်ကြားတွင် ဖွက်ထားသော အဆိပ်အပ်မြှင်လေးဖြင့် ပစ်ခတ် လုပ်ကြံခဲ့သည်။ ယခု ကင်းခြေများကိုမူ ဆံပင်တွင် ဖွက်ထားသော အဆိပ်အပ်မြှင်လည်း မရှိတော့သောကြောင့် လက်ဝါးရိုက်ချက်ဖြင့် ရက်နက်လိုက်ခြင်း ဖြစ်လေသည်။

ကင်းခြေများသည် လက်ဝါးရိုက်ချက် တစ်ချက်တည်းဖြင့် လဲကျသွားခြင်းမရှိဘဲ ဒဏ်ရာသာရသွားကာ ရိပ်ရင်ကူကို တန်ပြန်တိုက်ခိုက်ရန် ကြိုးစားသေးသည်။ ညာလက်တွင် ဆုပ်ကိုင်ထားသော သံမဏိပေတံဖြင့် ရိပ်ရင်ကူကို လှမ်းရိုက်သည်။

ဒဏ်ရာရထားသည့်အတွက် အားအင်ကတော့ သိသိသာသာ လျော့နည်းနေသည်။

ကင်းခြေများ တောင့်မခံနိုင်တော့။ လက်ဝါးရိုက်ချက်ဒဏ်ကြောင့် ပက်လက်လန် လဲကျသွားလေတော့သည်။

“ဘယ်ကောင်းတဲ့ လက်ဝါးရိုက်ချက်ပါလား”

အေးစက်စက် ပြောလိုက်သော စကားသံကြောင့် ရိပ်ရင်ကူမှာ ရင်ထိတ်သွားရသည်။

အသံကြားရာဘက်သို့ လှမ်းကြည့်လိုက်ရာ ဘယ်အချိန်ကရောက်နေသည်မသိ၊ ကျိုးပျက်နေသော ပန်းခြံတံခါးဝနားတွင် လူရွယ်တစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုလူရွယ်မှာ ...

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျိုးပျက်နေသော ပန်းခြံ အဝင်ဝနားတွင် လူရွယ်
တစ်ယောက် ရပ်နေသည်။

ထိုလူရွယ်မှာ သိုင်းမင်းသား ကျန်းထင်ကျင့်ပင် ဖြစ်လေ
သည်။

ရောက်လာသူသည် ကျန်းထင်ကျင့်ဖြစ်ကြောင်း သိသည်နှ
ရိပ်ရင်ကူမှာ စိတ်အနည်းငယ်အေးသွားကာ မျက်နှာတွင် ဆွဲဆော
မှုအပြည့်ပါသောအပြုံး ပြန်ပေါ်လာသည်။

ဤသို့သော ရည်ရွယ်ချက်မျိုးဖြင့် ရောက်လာသေ
ယောကျ်ားမျိုးကို ရိပ်ရင်ကူ ကောင်းကောင်း ကိုင်တွယ်တ
ပါသည်။

ရိပ်ရင်ကူသည် မြေကြီးပေါ် လဲကျသွားပြီဖြစ်သော ကင်းခြေ
များကို အရေးမထားတော့ပဲ ကျန်းထင်ကျင့်ကိုသာ ဆွဲဆောင်
ပြည့်ဝသောအပြုံးဖြင့် ပြုံးရယ်ကာ နှုတ်ဆက်စကား ဆိုသည်
"ယော ... မင်းသားလေးပါလား၊ ဘာလေတိုက်ပြီး ဒီ
ရောက်လာတာလဲ"

ရိပ်ရင်ကူ၏အသံမှာ ယခုလောလောဆယ် လူငါးယောက်
တရင်းရှင်းခဲ့သည့် အသွင်မျိုး မထင်ရ။ ဟင်းငါးမျိုး ချက်ပြု
နေရာမှ ချည့်သည်ရောက်လာ၍ မီးဖိုခန်းထဲမှ ပြေးထွက်လာက
နှုတ်ဆက်စကားဆိုသည့် အသွင်မျိုး ဖြစ်သည်။



ကျန်းထင်ကျင့်သည် သိုင်းလောကတွင် အလှအပ အညှု
အခရာနှင့်ပတ်သက်၍ နာမည်ကြီးနေသည့် အပျော်မယ် ရိပ်ရင်ကူ
ကို စူးစိုက်ကာ ကြည့်သည်။

သူ၏အကြည့်မှာ မဟူရာ အဆိပ်ညီနောင်ငါးဖော်တို့ထက်
မညှိပေ။

မဟူရာ အဆိပ်ညီနောင်ငါးဖော်တို့ တွေ့မြင်သည့်ထက်ပင်
သူက ပို၍ တွေ့မြင်သည်။

သို့သော် ...

ကျန်းထင်ကျင့်သည် မဟူရာ အဆိပ်ညီနောင်ငါးဖော်တို့
ကဲ့သို့ သွေးဆူလွယ်ခြင်း မရှိ။

အငမ်းမရမဖြစ်။

တည်တည်ငြိမ် ငြိမ်ပင် ရှိနေသည်။

ကျန်းထင်ကျင့်သည် မြေကြီးပေါ်တွင် လဲကျနေသူ
နှစ်ယောက်ကို တစ်ချက်ကြည့်ပြီးနောက် ရိပ်ရင်ကူဘက် မျက်နှာ
ပြန်မူကာ ...

"အဲဒါ ပင့်ကူနဲ့ ကင်းခြေများတို့ မဟုတ်လား"

"ဟုတ်ပါတယ်"

ရိပ်ရင်ကူက ခေါင်းညိတ်ကာ အဖြေပေးသည်။

"ကျန်တဲ့ သုံးယောက်ကကော"

"ကျွန်မ အိပ်ခန်းထဲက ခုတင်အောက်မှာ လဲလျောင်းနေ
ကြပါတယ်၊ မင်းသားလေး သွားကြည့်ချင် ကြည့်နိုင်ပါတယ်"

"သူတို့ကို ခင်ဗျားက ရှင်းပစ်လိုက်တာလား"

"ဟုတ်ပါတယ်၊ ကျွန်မကို လာနှောင့်ယှက်လို့ပါပဲ၊ ဒီလိုသာ

www.burmeseclassic.com

www.burmeseclassic.com



နောင့်ယှက်မဲ့လူတွေ များနေရင်တော့ ကျွန်မကို ကာကွယ်စောင့်ရှောက်ပေးဖို့ အားကိုးအားထားတစ်ယောက်ယောက် ရှာဖို့ လိုပြီလား မသိဘူး"

"ထန်ဟန်ကိုကော ခင်ဗျားက ရှင်းပစ်လိုက်ပြီလား"

"မဟုတ်ပါဘူး"

"ဒါဆိုရင် သူ ဘယ်မှာရှိသလဲ"

"သူ ပုန်းအောင်းနေပါတယ်"

"ဘာကြောင့် ပုန်းအောင်းနေရတာလဲ"

"မဟူရာ အဆိပ်ညီနောင်ငါးဖော်နဲ့ ပြဿနာ မဖြစ်ချင်လို့ပါ"

"ဒီစကားကို ထန်ဟန်ကိုယ်တိုင် ပြောတာလား"

"ဟုတ်တယ် သူက မပြောရင် ကျွန်မ ဘယ်လိုလုပ်သိနိုင်မှာလဲ"

"ထန်ဟန်က ဘာကြောင့် မဟူရာ အဆိပ်ညီနောင်ငါးဖော်ကို ရှောင်တိမ်းနေရတာလဲ"

"ထန်ဟန်က မဟူရာ အဆိပ်ညီနောင်ငါးဖော်တို့ရဲ့ အဆိပ်တစ်ရာပြဖေးတစ်ပုလင်း ယူလာခဲ့လို့ပေါ့"

"ဪ ... မဟူရာ အဆိပ်ညီနောင်ငါးဖော်တို့ ဒီကိုရောက်လာတာ ထန်ဟန်အကြောင်း စုံစမ်းဖို့ကိုး"

"သူတို့က ကျွန်မဆီကိုရောက်တော့ ကျွန်မကို ရိုသေ့သဲ့လုပ်ဖို့ကို ဗိုအားသန်နေကြတယ်"

"ဒါကြောင့် ခင်ဗျားက သူတို့ကို အမြင်ကတ်ပြီး ရှင်းပစ်လိုက်တာလား"



"သူတို့ကို ရှင်းပစ်တာက ကျွန်မရဲ့အစီအစဉ် မဟုတ်ပါဘူး"

"ဘယ်သူ့ရဲ့ အစီအစဉ်လဲ"

"ထန်ဟန်"

"ခင်ဗျားက ထန်ဟန်အတွက်နဲ့ အင်မတန် ကြောက်စရာကောင်းအောင် ဆိုးသွမ်းမိုက်မဲတဲ့ မဟူရာအဆိပ်ညီနောင် ငါးဖော်တို့ကို ရင်ဆိုင်ရဲတာကိုး၊ ဘာကြောင့်များလဲဗျာ"

"တစ်နေ့ကတုန်းက အာကာနန်း ပျော်တော်ဆက် စားသောက်ဆိုင်မှာ ထန်ဟန်ကို အဆိပ်အရက်တိုက်ပြီး အသေသတ်ဖို့ ကျွန်မ ကြံမိတယ်၊ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး၊ ဒီလိုလုပ်တဲ့အတွက် ထန်ဟန်က ကျွန်မကို ဘယ်လိုမှ အပြစ်မဆိုတဲ့အပြင် ရင်းရင်းနှီးနှီးတောင် စကားပြောနေခဲ့တယ်၊ ဒီလို စိတ်ထားကောင်းမွန်ပြီး ကျွန်မအပေါ် ခွင့်လွှတ်တတ်တဲ့ ယောကျ်ားတစ်ယောက်အတွက် ရိပ်ရင်ကူက ဘာမဆို လုပ်ဆောင်ပေးဖို့ အသင့်ပါပဲ"

"အင်း ... ဒီလူက တော်တော်ညံ့သေးတာပဲ"

"ထန်ဟန်က ဘယ်နေရာမှာ ညံ့ဖျင်းနေလို့လဲ"

"ထန်ဟန်ရဲ့ သိုင်းပညာဟာ ခင်ဗျားထက် အများကြီး မြင့်မားတယ်၊ သူက မဟူရာ အဆိပ်ညီနောင်ငါးဖော်တို့ကို ရင်ဆိုင်ဖို့အတွက် ခင်ဗျားရဲ့အကူအညီကို ယူတာကြောင့် ညံ့တယ်လို့ ပြောရတာပေါ့"

"ဒီတစ်ချက်တော့ မင်းသားလေး အတွေး ချော်သွားလေပြီ"

"ဘယ်လို အတွေးချော်တယ်ဆိုတာ ပြောပြစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ထန်ဟာန်ရဲ့ သိုင်းပညာက ကျွန်မထက် အများကြီး သာလွန်မြင့်မားနေတာကို ကျွန်မ မငြင်းပါဘူး၊ ဒါပေမဲ့ ဒါဟာ တစ်ကမ္ဘာပါ၊ မဟုရာ အဆိပ်ညီနောင်ငါးဖော်လို လူစားမျိုးကို ရင်ဆိုင်ဖြေရှင်းဖို့နေရာမှာတော့ ထန်ဟာန်လိုလူမျိုး ဆက်ယောက် မှုပေါင်းလုပ်ဆောင်တာထောင် အပျော်မယ်ရိပ်ရင်ကူ တစ်ယောက် တည်းဆောင်တာရဲ့ ထက်ဝက်လောက်တောင်မှ ထိရောက်မှာ မဟုတ်ဘူး"

ကျန်းထင်ကျင့်သည် နားလည် သဘောပေါက်သွားကာ ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

ရိပ်ရင်ကူ ပြောသည်မှာ ဟုတ်သည်။ သိုင်းပညာစွမ်းရည် မြင့်မားမှုသည် ပြိုင်ဘက်များကိုအနိုင်ယူရာတွင် အရေးကြီးသော အချက်ဖြစ်သော်လည်း တစ်ခုတည်းသော အဆုံးအဖြတ်ပေးသည့် အချက်တော့ မဟုတ်ပေ။

ဤကိစ္စကို အပျော်မယ်ရိပ်ရင်ကူ မဟုတ်ဘဲ အခြား တစ်ယောက်ယောက်က ဖြုလုပ်ပါလျှင် အောင်မြင်ရန် မသေချာပေ။ အကယ်၍ အောင်မြင်သည့်တိုင် ရိပ်ရင်ကူ လုပ်ဆောင်သလောက် အဆင်ပြေချောမွေ့မည် မဟုတ်ပေ။

"ထန်ဟာန် ဘယ်မှာပုန်းနေတယ်ဆိုတာ ခင်ဗျားသိသလား"

ရိပ်ရင်ကူက တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် ရယ်မော လိုက်ပြီး ...

"သူက ဝေးဝေးမှာ ပုန်းမနေတော့ပါဘူး၊ ရှင့်ရဲ့ နောက် ဘက်မှာ ရောက်နေပါပြီ"

* * *



သိုင်းသမား ကျန်းထင်ကျင့်သည် သိုင်းလောကတွင် ပထမ တန်း အဆင့်တွင်ရှိနေသော သိုင်းသမားတစ်ယောက် ဖြစ်သည်။ သိုင်းပညာထက်မြက်ပြီး အကြားအာရုံ အမြင်အာရုံ အလွန်ကောင်း သည်။

အကယ်၍ တစ်စုံတစ်ယောက်သည် သူ၏ နောက်ကျောမှ ချဉ်းကပ်လာမည်ဆိုလျှင် ကျန်းထင်ကျင့်သည် နောက်လှည့်ကြည့် ရန်မလိုဘဲ ထိုသူ၏ လှုပ်ရှားသံနှင့် အသက်ရှူသံတို့ကို ကြားကာ ထိုသူ ရောက်နေကြောင်း သိရှိပေမည်။

ထန်ဟာန်တစ်ယောက် မိမိ၏နောက်ဘက်တွင် ရောက်ရှိ နေပြီဟု ရိပ်ရင်ကူက ပြောလာသောအခါ ကျန်းကင်ကျင့်သည် မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ တကယ်ပင် သူ့နောက်ဘက်တွင် ထန်ဟာန်သည် မထိတရီအပြုံး ဖြင့် ရပ်နေသည်ကို တွေ့ရသည်။

"ခင်ဗျားက ကိုယ့်ဖော့ပညာ သိပ်အဆင့်မြင့်ပြီး ခြေသံ မကြားရအောင် ချဉ်းကပ်လာနိုင်တယ်ဆိုတာကို ပြလိုက်တာပေါ့ ဟုတ်လား"

ကျန်းထင်ကျင့်က မဲ့ပြုံးပြုံးကာ ပြောသည်။

"အရင်ကလိုပဲ ဒကာခံတမ်း အရက်ပြိုင်သောက်ချင် သေးလား"

"အသင့်ပါပဲ၊ ကဲ ... လာ သွားကြစို့"

"ခဏနေပါဦးလေ"

"ဘာကို စောင့်နေဦးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုရာ အဆိပ်ညီနောင်ငါးဖော်တို့ကို နှိမ်နင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ရိုပ်ရင်ကူ ပြောသွားတာတွေဟာ တကယ်ပဲလား"

"တစ်ခုကလွဲလို့ အားလုံး အမှန်အကန်တွေပါပဲ"

"မမှန်တဲ့တစ်ခု ဘာများလဲ"

"သူက ကျွန်တော့်အတွက် အစစအရာရာ လုပ်ဆောင်ပေးဖို့ အသင့်ရှိနေတယ်ဆိုတာ မဟုတ်ဘူး၊ တကယ်တော့ ကျွန်တော်ကသာ သူ့အတွက် အစစအရာရာ လုပ်ဆောင်ပေးဖို့ အသင့်ရှိနေတာပါ"

ဟုတ်သော်ရှိ မဟုတ်သော်ရှိ ထိုစကားများသည် ရိုပ်ရင်ကူ၏ စိတ်နှလုံးကို ကြည်နူးသွားစေခဲ့သည်။ အမျိုးသမီးတိုင်းသည် သူတို့ကို အလေးထား ဦးစားပေးသည်ကို လိုလားနှစ်သက်ကြသည် မဟုတ်ပါလား။

* * *



## အခန်း(၄)

လေးလပိုင်း ငါးရက်နေ့။

ပြည့်စုံစားသောက်ဆိုင်၏ အရောင်းအဝယ်နေ့ ဖြစ်သည်။

ထိုနေ့တွင် ကောင်းကင်ပြင်၌ မိုးတိမ်များက ကင်းစင်နေသည်။

နံနက်စောစောတွင်သာ နှင်းမှုန်လေးများကျပြီး မကြာမီ နေရောင်ခြည်က ထွန်းလင်းတောက်ပနေသည်။

ဤနေ့သည် လစဉ်လတိုင်း စိတ်တိုင်းကျ ပြည့်စုံရွာ၏ အရေးကြီးဆုံးသော နေ့ဖြစ်သည်။ ရွာထဲတွင် လူအစည်ကားဆုံးနှင့် စိတ်လှုပ်ရှားဖွယ် အကောင်းဆုံးသော နေ့လည်းဖြစ်သည်။

လစဉ်ဝင် လဆန်း ငါးရက်နေ့ကို အေးဆေးစွာ ကုန်ဆုံးစေသည့် အချိန်များရှိသလို ထိုနေ့တွင် ထူးဆန်းသော ဖြစ်ရပ်များပေါ်ကာ သိုင်းလောကကို တုန်လှုပ်သွားစေသော အဖြစ်များလည်း ကြုံရတတ်သည်။

ယနေ့ ပြည့်စုံစားသောက်ဆိုင်တွင် မည်သို့သော ပစ္စည်းများ အရောင်းအဝယ် ဖြစ်မည်နည်းဟု စိတ်တိုင်းကျ ပြည့်စုံရွာရှိ လူအားလုံးလိုလိုပင် စိတ်ဝင်စားနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သိုင်းလောက၏ ထင်ရှားသော သိုင်းသမားများပင် ယခု အကြိမ်တွင် စိတ်တိုင်းကျ ပြည့်စုံရှာသို့ စုဝေးရောက်ရှိနေကြသည် ဖြစ်ရာ ယနေ့ပြုလုပ်မည့် အရောင်းအဝယ် ကိစ္စတို့မှာလည်း ကြီးကျယ်ကာ ဆန်းပြားမည်ကိုတော့ ခန့်မှန်းနိုင်ကြသည်။

အရောင်းအဝယ်ကို ပြည့်စုံစားသောက်ဆိုင်၏ အေးငြိမ်း လိုဏ်ဂူခန်းဆောင်ထဲတွင် ကျင်းပမည်ဖြစ်သည်။

အေးငြိမ်းလိုဏ်ဂူခန်းဆောင်သည် ပြည့်စုံစားသောက်ဆိုင်၏ သီးသန့်ခန်းဆောင်တစ်ခုဖြစ်ကာ လဆန်း ငါးရက်နေ့ အရောင်း အဝယ်ပြုလုပ်ချိန်တွင်သာ ဖွင့်လှစ်ပြီး ကျန်အချိန်များတွင် ပိတ်ထားသည်။

အေးငြိမ်းလိုဏ်ဂူ ခန်းမဆောင် ဆောက်လုပ်ထားပုံနှင့် ခန်းမဆောင်အတွင်း နေရာထိုင်ခင်းများ ခင်းကျင်းထားပုံသည် တစ်မူထူးခြားသည်။

အေးငြိမ်းလိုဏ်ဂူ ခန်းမဆောင်ထဲတွင် လူသုံးရာခြောက် ဆယ် ထိုင်နိုင်သည့် နေရာများ စီစဉ်ထားသည်။ ထိုင်ခုံနေရာ တစ်ခုကို လူတစ်ရပ်ကျော်မြင့်သည့် ပျဉ်ပြားများဖြင့် ဘေးနံစ်ဖက် နှင့် ကျောဘက်တို့တွင် အလုံပိတ် ကာရံထားလေသည်။

ခန်းမဆောင် အရှေ့ဘက်တွင်ရှိသည့် စင်မြင့်ဘက်သို့ မျက်နှာမူထားရာ နေရာတွင်သာ သစ်သားပြားဖြင့် ကာရံထားခြင်း မရှိပေ။ အဝန်းတစ်တန်းလျှင် ထိုင်ခုံနေရာ နှစ်ဆယ်ပါဝင်သော ထိုင်ခုံနေရာ အတန်းတစ်ဆယ့်ရှစ်တန်း ရှိသည်။

ထိုင်ခုံနေရာတစ်ခုတွင် ဝင်ထိုင်လိုက်သူသည် မိမိ၏ ဝဲဘက် ယာဘက်နှင့် အနောက်ဘက်တို့တွင် အလုံပိတ်နေသည့် လိုဏ်ဂူ



တစ်ခုထဲသို့ ရောက်သွားသလိုမျိုး ဖြစ်သွားပေသည်။ ထို့ကြောင့် လည်း အေးငြိမ်းလိုဏ်ဂူခန်းဆောင်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။

ဘယ်ညာနှစ်ဖက်နှင့် နောက်ကျောဘက်တို့တွင် သစ်သား ပြားဖြင့် ကာရံထားမှုကြောင့် ထိုနေရာများတွင် ထိုင်နေသူများ ကို မည်သို့မှမမြင် မသိနိုင်ကြပေ။

ထို့ပြင် ဖွင့်ထားသော ရှေ့ဘက်မိုင်းမှ ကြည့်လျှင်လည်း မိမိရှေ့ရှိ ထိုင်ခုံနေရာတွင် ထိုင်နေသူကို မမြင်နိုင်။ ထိုထိုင်ခုံနေရာ၏ နောက်ကျောဘက်တွင် ကာရံထားသော သစ်သားပြားကိုသာ မြင်ရပေမည်။

နောက်ကျောဘက်တွင် ကာရံထားသော သစ်သားပြားများ ပေါ်တွင် ဆေးဖြူဖြင့် ဂဏန်းများ ရေးထားသည်။

စာရင်းလာသွင်းသူ တစ်ယောက်စီအား ဂဏန်းများ ရေးထား သည့် ငွေပြားတစ်ခုစီ ပေးသည်။ ထိုငွေပြားတွင် ရေးထားသော ဂဏန်းသည် အေးငြိမ်းလိုဏ်ဂူခန်းဆောင်ထဲရှိ ထိုင်ခုံနေရာများ အနက်မှ မိမိထိုင်ရမည့် နေရာအမှတ်အသားဖြစ်သလို အရောင်း အဝယ် ကိစ္စအဝဝတွင် ဆက်သွယ်ရမည့် အမှတ်အသားလည်း ဖြစ်သည်။

ပြည့်စုံစားသောက်ဆိုင်၏ အရောင်းအဝယ်တွင် လူနာမည်ကို ထုတ်ပြောရန်မလိုပဲ မိမိလက်တွင်ရှိသော ငွေပြားဂဏန်းကိုသာ ပြောဆိုလုပ်ဆောင်ရသည်။

ရောင်းချရာတွင် ဈေးနှုန်းကို သုံးကြိမ်သုံးခါ ခေါ်ယူသည်။ ဈေးနှုန်းကို မိမိကိုယ်တိုင် ထပြောရန်မလိုပေ။ ထိုင်ခုံအတန်း တစ်တန်းစီအတွက် ဈေးနှုန်းများ လိုက်လံမေးမြန်းရန် တာဝန်ချ

www.burmeseclassic.com

www.burmeseclassic.com



ထားသော တာဝန်ခံ တစ်ယောက်စီ ရှိသည်။ ထိုတာဝန်ခံတို့သည် မိမိတို့ တာဝန်ကျသည့် အတန်းအတိုင်း လျှောက်သွားကာ ပေးမည့်ဈေးနှုန်းများကို လိုက်နားထောင်သည်။

ထို့နောက် ထိုအတန်းမှ အများဆုံးပေးသည့် ဈေးနှုန်းကို အရောင်းအဝယ်စင်ပေါ်တွင် ထိုင်နေသော လူတွင်ကျယ် ပိုင်ထင်တိန်းထံသို့ သွားပြောရသည်။

တာဝန်ခံ ဆယ်ယောက် လာရောက်ပြောကြားသည့် ဈေးနှုန်းများထဲမှ အမြင့်မားဆုံး ဈေးနှုန်းကို လူတွင်ကျယ် ပိုင်ထင်တိန်းက အများသိအောင် ကြေညာပေးသည်။ သုံးကြိမ်သုံးခါ သတ်မှတ်သည့် အနက်မှ ဈေးနှုန်းအမြင့်မားဆုံးပေးသူနှင့် အရောင်းအဝယ် ပြုလုပ်သည်။

မည်သူ့ကို မည်သည့်ဈေးနှုန်းဖြင့် ရောင်းချလိုက်သည့်ဆိုခြင်းကို လျှို့ဝှက်ထားရန် လူတွင်ကျယ် ပိုင်ထင်တိန်းက အပြည့်အဝ တာဝန်ယူသည်။

အဆိပ်တစ်ရာဖြေဆေး အရောင်းအဝယ်နှင့် ပတ်သက်၍ ရိုပ်ရင်ကူနှင့် ထန်ဟန်တို့အကြား ဖြစ်ပွားခဲ့သည့်ကိစ္စသည် မမျှော်လင့်ပဲ ဖြစ်ပေါ်ခဲ့ခြင်းသာ ဖြစ်ပေသည်။

အကယ်၍ ရိုပ်ရင်ကူက အဆိပ်အရက်ဖြင့် ထန်ဟန်ကို လုပ်ကြံရန် မကြိုးစားခဲ့လျှင် သို့မဟုတ် ထန်ဟန်က အဆိပ်တစ်ရာဖြေဆေးကို ကြိုတင် သောက်ထားခြင်းမရှိလျှင် အဆိပ်တစ်ရာဖြေဆေး ရောင်းသူ/ဝယ်သူများကို သိနိုင်မည်မဟုတ်ပေ။

ယခု လေးလပိုင်း ငါးရက်နေ့တွင် ပြုလုပ်ကျင်းပမည့် ပြည့်စုံစားသောက်ဆိုင်၏ အရောင်းအဝယ်ပွဲတွင် ဝှမ်စန်းတောင်



မုတ်ဆိတ်ကြီး ရှန့်ဝမ်ကျူး၊ ဒေါင်းညီအစ်မသုံးဖော် အပျော်မယ်ရိုပ်ရင်ကူ၊ အုန်းသီးယိချွန်ကိ၊ သိုင်းမင်းသား ကျန်းထင်ကျင့်၊ ဝလွှနက်စွန်းလူယိ၊ မီးခဲထန်ဟန်၊ ရွှေလှံရှင် ကိုးရန်မိန် စသည့် အကျော်အမော် သိုင်းပညာရှင်များ ပါဝင်ကြမည်ဟု စိတ်တိုင်းကျ ပြည့်စုံရွာတွင် သတင်းပျံ့နှံ့နေပေသည်။

＊＊＊

အချိန်က ံနံနက်ရှစ်နာရီခန့် ရှိနေပေပြီ။

ပြည့်စုံစားသောက်ဆိုင်၏ အနောက်ဘက်ရှိ ခန်းဆောင်ထဲတွင် အရောင်းအဝယ်ပြုလုပ်မည့်လူများ နေရာယူကြပြီး ဖြစ်သည်။ တာဝန်ခံ ဆယ့်ရှစ်ယောက်တို့ကလည်း မိမိတို့ တာဝန်ကျသည့် ထိုင်ခုံတန်းများ၏ ဘေးနားတွင် ငြိမ်သက်စွာ ရပ်နေကြသည်။

လက်ရှိ သိုင်းလောကတွင် ထိပ်သီးအဆင့် ရှိသူများမှာ နှစ်ယောက်တည်းသာ ရှိသည်။ ထိုနှစ်ယောက်မှာ လူတွင်ကျယ် ပိုင်ထင်တိန်းနှင့် မီးခဲထန်ဟန်တို့ ဖြစ်ကြသည်။

ထန်ဟန်သည် အသက်နှစ်ဆယ်ခန့်သာ ရှိသော်လည်း သိုင်းပညာစွမ်းရည်မှာ အံ့သြလောက်အောင်ပင် ထူးချွန်ထက်မြက်သည်။ နေရပ် အတည်အကျမရှိပဲ သိုင်းလောကတွင် လှည့်လည်သွားလာနေခဲ့ရာ ရင်ဆိုင်တိုက်ခိုက်မှုများစွာတွင် ရှုံးပွဲတစ်ပွဲမှ မရှိဘဲ အနိုင်ရကာ မီးခဲထန်ဟန်ဟု အမည်ရလာခဲ့ပေသည်။

ထန်ဟန်၏ အမည်သည် လမ်းမှန်သိုင်းသမားများနှင့် လမ်းလွဲသိုင်းသမားတို့ အကြားတွင် ကျော်ကြားနေသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟန်၏ သိုင်းပညာစာစ်မြစ်နှင့် မည်သည့် ဂိုဏ်းအဖွဲ့ကဖြစ်၍ မည်သူ့ထံ တပည့်ခံခဲ့သည်တို့ကို မသိကြရပေ။ ထန်ဟန်၏ ဘဝနောက်ကြောင်းသည် ပဟေဠိတစ်ခုလို ဖြစ်နေခဲ့သည်။

နေရာတကာတွင် စိတ်ဝင်စားကာ သူတစ်ပါး၏အကြောင်း ကိစ္စများကို ကြိုးစားကာ ရှာဖွေစုံစမ်းရန် ဝါသနာထုံလှသည့် ဖိုးစပ်စု ကောင်လင်ဖုန်းပင်လျှင် ထန်ဟန်၏ ဘဝနောက်ကြောင်းကို စုံစမ်းမသိနိုင်ခဲ့ပေ။

လူတွင်ကျယ် ပိုင်ထင်တိန်းသည်လည်း ထန်ဟန်နှင့် အပြိုင် ထင်ရှားသည့် သိုင်းအကျော်အမော်တစ်ယောက် ဖြစ်သည်။

လူတွင်ကျယ် ပိုင်ထင်တိန်းလို သိုင်းပညာစွမ်းရည် မြင့်မားသည့် အာဂသိုင်းပညာရှင်တစ်ယောက်မှလွဲ၍ အခြားလူများအနေဖြင့် သည်လိုလုပ်ငန်းမျိုးကို လုပ်ဆောင်နိုင်မည် မဟုတ်ပေ။

သိုင်းသမားဆိုးများသည် ပြည့်စုံစားသောက်ဆိုင်တွင် ပြုလုပ်သည့် တန်ဖိုးကြီးမားလှသော အရောင်းအဝယ်လုပ်ငန်းကို ဝင်ရောက်လုယက်ချင်သော်လည်း ပိုင်ထင်တိန်း၏ သိုင်းပညာစွမ်းရည်ကို ရှိန်ကြသောကြောင့် မည်သူမှ ပြဿနာ လာမလုပ်ကြရဲပေ။

ပိုင်ထင်တိန်းသည် မိမိ၏ သိုင်းပညာစွမ်းရည်ကို အားကိုး၍ မပြုဘဲ ပေါင်းသင်းဆက်ဆံရေးကောင်းအောင်လည်း ပြုလုပ်ထားသည်။

စိတ်တိုင်းကျ ပြည့်စုံရွာထဲရှိလူများ အေးချမ်းသာယာစွာ နေထိုင်ရေးကို အထူး ဂရုစိုက်ကာ လုပ်ဆောင်ပေးသည်။ အခက်အခဲကြုံလာလျှင် ဦးဆောင်ကာ ကူညီပေးသည်။ ငွေကြေးများ



ထောက်ပံ့သည့်အပြင် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများကို လည်း မကြာခဏ ဝေငှပေးသည်။

ဤအတွက် စိတ်တိုင်းကျ ပြည့်စုံရွာမှ ရွာခံလူများသည် ပိုင်ထင်တိန်းကို အထူးပင် လေးစားချစ်ခင်ကြသည်။

* * *

အရောင်းအဝယ်ပွဲ စတော့မည်။

အရောင်းအဝယ်ပွဲကို နှစ်ပိုင်းခွဲထားသည်။ နံနက်ပိုင်းတွင် ရောင်းချခြင်းပြုလုပ်ပြီး ညနေပိုင်းတွင် ဝယ်ယူခြင်း ပြုလုပ်လေသည်။

ထို့ကြောင့် ရောင်းချခြင်းကို စတင်ပြုလုပ်သည်။

ပိုင်ထင်တိန်းက အချက်ပြလိုက်သည်နှင့် အညိုရောင်ဝတ်စုံ ဝတ် လူနှစ်ယောက်သည် အရောင်းအဝယ် စင်မြင့်ပေါ်တွင် သောက်ဖြင့် ပြုလုပ်ထားသော တိုင်တစ်ခုကို ထူလိုက်ကြသည်။ ထိုတိုင်ပေါ်တွင် အလျားသုံးပေ၊ အနံ နှစ်ပေခန့်ရှိသည့် သစ်သားပြား တစ်ခုကို ချိတ်လိုက်သည်။ ထို့နောက် သစ်သားပြားပေါ်တွင် ရောင်းချမည့်ပစ္စည်း၏အမည်ကို ရေးသားလိုက်သည်။

"ပင့်ကူမျှင်အကျီ"

ထိုစာလုံးများကို မြင်လိုက်သည်နှင့် ခန်းဆောင်ထဲတွင် တီးတိုးအသံများ ပေါ်လာသည်။

ဖုန့်ယန်ရဲတိုက်၏ ပင့်ကူမျှင်အကျီ ပျောက်ဆုံးသွားကြောင်း သတင်း သိုင်းလောကတွင် ပျံ့နှံ့နေသည်မှာ ကြာပေပြီ။ ယနေ့တွင်မူ

www.burmeseclassic.com

www.burmeseclassic.com



ပင့်ကူမျှင်အင်္ကျီသည် ဖြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲတွင် ပေါ်ထွက်လာခဲ့သည်။

ဈေးနှုန်းပေးနိုင်ရန် လှုပ်ရှားမှု စတင်လေပြီ။ တာဝန်ခံအတန်းများအတွင်းသို့ အသာလျှောက်လှမ်းသွားကာ ထိုင်ခုံနေရာတစ်ခုစီတွင် ထိုင်နေသူများပေးသည့် ဈေးနှုန်းများကို လိုက်မှတ်သားနေသည်။

ဈေးနှုန်းများ လိုက်လံမေးပြီးနောက် တာဝန်ခံ ဆယ့်ရှစ်ယောက်တို့သည် တစ်ယောက်နောက်တွင် တစ်ယောက်စီတန်းကာ စင်မြင့်ရှိရာသို့ သွားကြကာ လက်ဟန်ခြေဟန်ဖြင့် ပိုင်ထင်တိန်းထံတွင် ဈေးနှုန်းများကို သတင်းပို့ အကြောင်းကြားကြသည်။

ပိုင်ထင်တိန်းသည် တည်ငြိမ်သော အမူအရာဖြင့် တာဝန်ခံ ဆယ့်ရှစ်ယောက်တို့၏ သတင်းပို့ချက်များကို နားထောင်နေလေသည်။

တာဝန်ခံ ဆယ့်ရှစ်ယောက်တို့သည် သတင်းပို့ပြီးနောက် မိမိတို့၏ မူလနေရာများတွင် ပြန်ရပ်ကြသည်။

ထိုအခါတွင်မှ ပိုင်ထင်တိန်းက ရရှိသော အမြင့်ဆုံးဈေးနှုန်းကို ထုတ်ဖော်ကြေငြာသည်။

"အသပြာ နှစ်သောင်းနှစ်ထောင်ငါးရာ ဖြစ်ပါတယ်"

ဆက်လက်၍ ဒုတိယအကြိမ် ဈေးနှုန်းပေးမှုကို လုပ်ဆောင်ကြပြန်သည်။ ဒုတိယအကြိမ် ဈေးနှုန်းပေးရာတွင် အမြင့်ဆုံးဈေးနှုန်းမှာ အသပြာ (၃၇၀၀၀) ဖြစ်သည်။

အားငြိမ်းလိုက်ရ ခန်းဆောင်ထဲရှိလူများ စိတ်လှုပ်ရှားစပြုလာကြသည်။ တတိယနှင့် နောက်ဆုံးအကြိမ် ဈေးနှုန်းပေးရတော့မည်။ သုံးကြိမ်သုံးခါ ဈေးနှုန်းပေးပြီးသည့်နောက် ဈေးနှုန်းအမြင့်ဆုံးပေးသူ၏ လက်ထဲသို့ ပင့်ကူမျှင်အင်္ကျီ ရောက်ရှိသွားပေတော့မည်။

တတိယအကြိမ် ဈေးနှုန်းပေးရာတွင် ရရှိသော အမြင့်ဆုံးဈေးနှုန်းမှာ အသပြာ (၅၅၀၀၀) ဖြစ်သည်။ ပိုင်ထင်တိန်းက ပင့်ကူမျှင်အင်္ကျီကို အသပြာ (၅၅၀၀၀)ဖြင့် ရောင်းချကြောင်း ကြေညာကာ ငွေမောင်းလေးကို တီးခတ်လိုက်လေသည်။

ပင့်ကူမျှင်အင်္ကျီ ရောင်းချမှု ပြီးပြတ်သွားလေပြီ။

ပင့်ကူမျှင်အင်္ကျီသည် နုညံ့သော ကိုယ်ကျပ်အင်္ကျီတစ်ခုဖြစ်သည်။ နုညံ့သော်လည်း ခိုင်ခံ့သည်။ ဓားလှံလက်နက်များ၏ ဒဏ်ကို ခံနိုင်ရည်ရှိသည်။

ပင့်ကူမျှင်အင်္ကျီအတွက် အသပြာ (၅၅၀၀၀) ပေးဝယ်ခြင်းသည် တန်ဖိုးကြီးမားလှသည်ဖြစ်သော်လည်း အံ့သြခြင်း မရှိကြပေ။

ဖုန့်ယန်ရဲတိုက်သည် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝပြီး သိုင်းသမားအင်အား တောင့်တင်းပါလျက် သူတို့လက်မှ အခိုးခံသွားရသော ပင့်ကူမျှင်အင်္ကျီ ဖြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲတွင်တင်ကာ ရောင်းချမှုတွင် မည်သို့မှ ဝင်ရောက်စွက်ဖက်လာခြင်း မရှိသည်ကိုသာ အံ့သြနေကြလေသည်။

အရောင်းအဝယ် စင်မြင့်ပေါ်ရှိ သစ်သားပြားပေါ်တွင် ပင့်ကူမျှင်အင်္ကျီဟူသော စားလုံးကိုဖျက်ကာ နောက်ထပ် စာလုံးတစ်လုံး ထပ်မံရေးသားလိုက်ပြန်သည်။

"ခရုငွေဓားအိမ်"



www.burmeseclassic.com

www.burmeseclassic.com



ခရုဗွေဓားအိမ်သည် ဓားမပျံဂိုဏ်းချုပ်၏ ရတနာဖြစ်သည်။ ထိုစာလုံးကို ဖတ်လိုက်ရသည်နှင့် စိတ်တိုင်းကျ ပြည့်စုံရွာသို့ ဓားမပျံဂိုဏ်းမှ ဂိုဏ်းမှူးကြီးများ ရောက်ရှိနေကြသည့်အကြောင်းကို လူအပေါင်း စဉ်းစားမိကြသည်။

သုံးကြိမ် ဈေးနှုန်းခေါ်ယူခဲ့ရာ အမြင့်ဆုံးဈေးနှုန်းဖြစ်သည့် အသပြာ (၃၀၀၀) ဖြင့် အရောင်းအဝယ်တည့်သွားသည်။ ခရုဗွေဓားအိမ်ထို ပစ္စည်းမျိုးအတွက် အသပြာ (၃၀၀၀) သည် အလွန်ချိုသာသော ဈေးနှုန်းဖြစ်သည်။

စိတ်တိုင်းကျ ပြည့်စုံရွာသို့ ဓားမပျံဂိုဏ်း၏ ဂိုဏ်းမှူးကြီးများ ရောက်နေသည်ကို သိထားသူများအဖို့ ခရုဗွေဓားအိမ် ဈေးချိုချိုနှင့် အရောင်းအဝယ်ဖြစ်သွားသည်ကို မအံ့သြကြပေ။

ခရုဗွေဓားအိမ် အရောင်းအဝယ်ဖြစ်ပြီးနောက် သစ်သားပြားပေါ်တွင် ထပ်မံရေးသားလာသည်ကို ဖတ်ရသောအခါတွင်မူ အေးငြိမ်းလိုဏ်ဂူ ခန်းဆောင်ထဲတွင် ထိတ်လန့်တုန်လှုပ်သည့် အသံများ လွှမ်းမိုးသွားသည်။

ပြည့်စုံစားသောက်ဆိုင်က သိုင်းသမားအပေါင်း စဉ်းစားခြင်းမပြုနိုင်အောင် ထူးဆန်းသည့်အရာကို ရောင်းချရန် ကြေညာလိုက်လေပြီ။

✻ ✻ ✻



ထိုအရာသည် မိုးခဲထန်ဟန်၏ သိုင်းပညာဇာစ်မြစ်နှင့် ဆရာအမည်ပင် ဖြစ်သည်။

လူတစ်ယောက်၏ ဘဝဇာစ်မြစ်နှင့် ဆရာသမားအမည်တို့မှာ တန်ဖိုးသတ်မှတ်ကာ ရောင်းချနိုင်သည့်အရာ ဖြစ်ပါသလား။ ဤအကြောင်းအရာမျိုးကို ရပ်ထဲ ရွာထဲတွင် ပြောကြလျှင် ရယ်စရာဖြစ်ပေမည်။

သို့သော် ပြည့်စုံစားသောက်ဆိုင်၏ အေးငြိမ်းလိုဏ်ဂူခန်းဆောင်ထဲတွင် ပြောကြားလျှင် ရယ်စရာ မဟုတ်ပေ။

မိုးခဲထန်ဟန်၏ ဘဝနောက်ကြောင်းသည် သိုင်းလောက၏ ပဟေဠိတစ်ခုသဖွယ် ဖြစ်နေသည်။

ထိုအကြောင်းကို သိုင်းသမားအများကပင် သိချင်နေကြသည်။

ပြိုင်ဘက်ကောင်းနှင့် မတွေ့ရှိလား၊ သူကပင် တော်၍လားမသိ။ ယခုအချိန်ထိ ထန်ဟန်ကို အနိုင်ရအောင် တိုက်ခိုက်နိုင်သူ မပေါ်ပေါက်သေးပေ။

ထန်ဟန်၏ ဘဝဇာစ်မြစ်နှင့် ဆရာသမားတို့ကို သိရလျှင် ထန်ဟန်ကို ချေမှုန်းပစ်နိုင်မည့်နည်းလမ်း ရှာတွေ့ကောင်း တွေ့နိုင်ပေသည်။

ကာရံထားသော ပျဉ်ပြားများကြောင့် မည်သည့်နေရာတွင် မိုးခဲထန်ဟန် ထိုင်နေသည်ကိုမူ မသိကြပေ။

www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ် ဈေးနှုန်းစပေးပြီ ဖြစ်သည်။ တာဝန်ခံတစ်ဆယ့်ရှစ်ယောက်တို့သည် ထိုင်ခုံနေရာ အတန်းများအကြားတွင် လှည့်လည်ကာ ဈေးနှုန်းရယူပြီးနောက် ပိုင်ထင်တိန်းထံ သွားရောက်သတင်းပို့ကြသည်။

ထို့နောက် ပိုင်ထင်တိန်းက ရရှိသော အမြင့်ဆုံးဈေးနှုန်းကို ကြေညာသည်။

"ပထမအကြိမ် ဈေးနှုန်းပေးကြတာမှာ အမြင့်ဆုံးဈေးနှုန်းက အသပြာတစ်သိန်း ဖြစ်ပါတယ်"

ခန်းဆောင်ထဲတွင် အလန့်တကြား ရေရွတ်လိုက်သံများ ဝေါခနဲ ပေါ်ထွက်လာသည်။ ဤဈေးနှုန်းသည် ပြည်စုံစားသောက်၏ အရောင်းအဝယ်ပွဲများတွင် အမြင့်ဆုံး စံချိန်တင်သည့် ဈေးနှုန်းဖြစ်သည်။

ဒုတိယအကြိမ် ဈေးနှုန်းပေးမှု ဆက်လက်ပြုလုပ်နေပြန်လေပြီ။

တာဝန်ခံ တစ်ဆယ့်ရှစ်ဦးသည် ပထမအကြိမ်ကလိုပင် ထိုင်ခုံနေရာတန်းများအကြား လှည့်လည်သွားရောက်ပြီး ရရှိသည့် ဈေးနှုန်းများကို ပိုင်ထင်တိန်းထံ သွားရောက် သတင်းပို့ကြလေသည်။

ပိုင်ထင်တိန်းသည် တာဝန်ခံများ အချက်ပြသည်ကို ကြည့်ရင်း မျက်နှာပေါ်တွင် ပြုံးယောင်တစ်ချက် သမ်းသွားသည်။

အရောင်းအဝယ် ပြုလုပ်နေချိန်တွင် အမှုအရာ တည်ငြိမ်စွာ မရှိဘဲ ပြောင်းလဲမှုဖြစ်ပေါ်ပါက ရောင်းသူ ဝယ်သူတို့၏ လျှို့ဝှက်ချက် ပေါက်ကြားသွားနိုင်သည်။



တာဝန်ခံတစ်ယောက်ချင်းစီသည် ထိုင်ခုံတန်းတစ်ခုချင်းစီကို တာဝန်ယူကာ ဈေးနှုန်းများရယူပြီး ပိုင်ထင်တိန်းထံ သတင်းပို့ပေးကြရာ အကယ်၍ တာဝန်ခံတစ်ယောက်ယောက်က အထူးမြင့်မားသော ဈေးနှုန်းကို အချက်ပြ ပြောကြားချိန်တွင် ပိုင်ထင်တိန်း၏ မျက်နှာအမူအရာ ပျက်သွားပါက လူအပေါင်းအနေဖြင့် မည်သည့်အတွက် ဈေးနှုန်းအများဆုံး ပေးလိုက်ကြောင်း သိသွားနိုင်သည်။

ထိုင်ခုံနေရာများတွင် နေရာယူပြီးချိန်တွင် အခြားလူများကို မမြင်နိုင်သော်လည်း ခန်းမဆောင်ထဲ ဝင်သည့်အချိန်နှင့် ခန်းဆောင်ထဲမှ ပြန်ထွက်သွားသည့် အချိန်တို့တွင် တစ်ယောက်ကိုတစ်ယောက် တွေ့နိုင်မြင်နိုင်သည်။ အနည်းငယ် သတိထားကာ စူးစမ်းကြည့်မည်ဆိုလျှင် မည်သူသည် မည်သည့်ထိုင်ခုံတန်းတွင် ထိုင်သည်ကိုတော့ သိနိုင်သည်။

ထိုသို့ဆိုလျှင် ဈေးနှုန်းအမြင့်ဆုံးပေးမည့်သူ မည်သူဖြစ်မည်ကို ခန့်မှန်းကာ သိရှိနိုင်ပေသည်။

ဤသို့ အစဉ်အဆက် နေလာခဲ့သော ပိုင်ထင်တိန်းသည် ပြုံးယောင်ယောင် ဖြစ်သွားရသည်မှာ မည်သည့်အတွက်ကြောင့်နည်း။

သို့လော သို့လော တွေးစရာပင်ဖြစ်သည်။

သို့ရာတွင် မကြာမီမှာပင် အေးငြိမ်းလိုက်၍ ခန်းဆောင်ထဲရှိ သိုင်းညှော်သည်အပေါင်းသည် ပိုင်ထင်တိန်းတစ်ယောက် မည်သည့်အတွက်ကြောင့် ပြုံးယောင်ယောင် ဖြစ်သွားသည်ကို နားလည်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ထင်တိန်းက ဒုတိယအကြိမ် ဈေးနှုန်းပေးရာတွင် အများဆုံးဈေးနှုန်းမှာ အသပြာငါးသောင်းဖြစ်ကြောင်း ကြေညာလိုက်သည်။

မည်သို့ပင်ဖြစ်ဖြစ် ဒုတိယအကြိမ် ဈေးနှုန်းပေးရာတွင် ပထမအကြိမ်ထက် များရမည်ဖြစ်သည်။ ယခုတော့ ပထမအကြိမ်ထက် ထက်ဝက်မျှသာရှိသောကြောင့် ခန်းဆောင်ထဲတွင် ရယ်မောသံများ စဝ်သဲ့သဲ့ ပေါ်လာသည်။

တတိယနှင့် နောက်ဆုံးအကြိမ် ဈေးနှုန်းပေးရာတွင်မှု အမြင့်ဆုံး ဈေးနှုန်းမှာ အသပြာ တစ်သိန်းငါးသောင်း ဖြစ်နေသည်။

အောငြိမ်းလိုက်ဂု ခန်းဆောင်ထဲရှိ သိုင်းသည်သည်များမှာ အံ့သြကုန်ကြသည်။ တစ်သိန်းမှငါးသောင်းသို့ ကျသွားပြီး တစ်ဖန် တစ်သိန်းငါးသောင်းသို့ ပြန်တက်သွားမှုကို မအံ့သြပဲ မနေနိုင်ကြပေ။

ထန်ဟန်၏ သိုင်းပညာစာစ်မြစ်နှင့် ဆရာသမား အကြောင်းကို အသပြာ တစ်သိန်းငါးသောင်းနှင့် အရောင်းအဝယ် ဖြစ်သွားသည်။

ရောင်းချမှုအလုပ်ကို ရပ်နားလိုက်ကာ ဝယ်ယူခြင်းအလုပ်ကို ဆက်လက်ပြုလုပ်ပြန်သည်။

* * *



ပြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်၏ ဝယ်ယူခြင်းအလုပ် စတင်ပြုလုပ်သည်။

ပြည့်စုံစားသောက်ဆိုင်တွင် လူအပေါင်းသည် မိမိတို့ဝယ်လိုသည်များကို စိတ်တိုင်းကျ ဝယ်ယူနိုင်သည့်နည်းတူ မိမိတို့ ရောင်းချလိုသည်များကို စိတ်ကြိုက် ရောင်းချနိုင်ကြသည်။

ပြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲ၏ နံနက်ပိုင်းရောင်းချခြင်းအလုပ်သည် ပစ္စည်းရောင်းလို၍ လာရောက်ဆက်သွယ်သူများအတွက် ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

ညနေပိုင်း ဝယ်ယူခြင်းအလုပ်မှာမူ ပစ္စည်းဝယ်လိုသူများအတွက် ဆောင်ရွက်ပေးမှု ဖြစ်သည်။ ထိုသူများ၏ကိုယ်စား ပြည့်စုံစားသောက်ဆိုင်က ဝယ်ယူပေးခြင်း ဟုလည်း ဆိုနိုင်ပေသည်။

နံနက်ပိုင်း ရောင်းချသည့်အလုပ်တွင် သိုင်းသည်သည်များက ပြည့်စုံစားသောက်ဆိုင်က ကိုယ်စားပြု ရောင်းချပေးသည့် အရာများအတွက် မိမိတို့ ဝယ်ယူနိုင်မည့် ဈေးနှုန်းများကို ပေးကြသည့်နည်းတူ ညနေပိုင်းဝယ်ယူခြင်း အလုပ်တွင်လည်း ပြည့်စုံစားသောက်ဆိုင်က ကိုယ်စားပြုဝယ်ယူမည့် အရာများအတွက် မိမိတို့က ရယူလိုသည့် ဈေးနှုန်းများကို ပေးကြရသည်။

လုပ်ငန်းလုပ်ဆောင်မှုမှာ နံနက်ပိုင်း ရောင်းချခြင်းအလုပ်တွင် လုပ်ဆောင်ပုံအတိုင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ယူခြင်းအလုပ်စတင်၍ သစ်သားပြားပေါ်တွင် ပထမဆုံးရေးလိုက်သည့် စာလုံးများကို ဖတ်ရှုရသောအခါ ခန်းမဆောင်ထဲတွင် အံ့ဩစွာ ရေရွတ်သံများ ပေါ်လာပြန်သည်။

သစ်သားပြားပေါ်တွင် ရေးထားသည်မှာ အောက်ပါအတိုင်းဖြစ်သသည်။

"အပျော်မယ် ရိုဝ်ရင်ကူ၊ အသက်ရှင်လျက်ဖြစ်ပြီး ဒဏ်ရာလုံးဝ မရစေရ၊ ဆယ့်ငါးရက်အတွင်း အရဆောင်ကြဉ်းပေးရမည်"

ပြည့်စုံစားသောက်ဆိုင်သည် အခြားလူများအတွက် ကိုယ်စားပြုကာ ပစ္စည်းများ ရှာဖွေဝယ်ယူပေးမှုကို ယခင်ကလည်း လုပ်ဆောင်ခဲ့ဖူးသည်။

သို့သော် သက်ရှိလူသား တစ်ယောက်ကို ဝယ်ယူလိုကြောင်း ကြေညာလုပ်ဆောင်သည်ကတော့ သည်အကြိမ် ပထမဆုံးဖြစ်သည်။

ခန်းဆောင်ထဲတွင် တအံ့တဩ ရေရွတ်သံများ တော်တော်နှင့် မစဲပေ။

အပျော်မယ် ရိုဝ်ရင်ကူကို ဝယ်ယူလိုသူက မည်သူဖြစ်မည်နည်း။ သည်လူ စိတ်မှကောင်းပါလေစဟု တွေးသူက တွေးနေသည်။

ရန်ငြိုးရန်စရှိသူများက အပျော်မယ် ရိုဝ်ရင်ကူ၏ ဦးခေါင်းကို လိုချင်သည်ဆိုပါက နားလည်နိုင်မည် ဖြစ်သော်လည်း မှုရာမဒယာ အလှအပတို့ဖြင့် ယောကျ်ားတို့ကို ဖမ်းစားကာ ပျော်မြူးနေသည့် ရိုဝ်ရင်ကူကို အရယူကာ ခေါ်ဆောင်သွားလိုသည်ကတော့ အတွေးရခက်စရာပင်။



ထိုသူသည် ယခုမရှုံးလျှင်လည်း ရိုဝ်ရင်ကူကို အရယူနိုင်ပြီးသည့်နောက် ရှုံးသွားရမည်ဟု တွေးသူတို့က တွေးနေကြသည်။

မည်သို့တွေ အံ့သြအံ့သြ၊ မည်သူတွေက ဘာတွေ တွေးနေနေ ပြည့်စုံစားသောက်ဆိုင်၏ အရောင်းအဝယ်ပွဲကတော့ သူ့လုပ်ငန်းကိုသူ ဆက်လုပ်လေတော့သည်။

ပထမအကြိမ် ဈေးနှုန်းကောက်ယူလေပြီ။ ပထမအကြိမ်ဈေးနှုန်းကောက်ယူရာတွင် မည်သူကမှ ဈေးနှုန်းမပေးသောကြောင့် ဈေးနှုန်းက သုညဖြစ်သည်။

မည်သူကမှ ဈေးနှုန်းမပေးသော်လည်း ပြည့်စုံစားသောက်ဆိုင်၏ အရောင်းအဝယ်ပွဲကတော့ သူ့ အစီအစဉ်အတိုင်း ဆက်လုပ်ကာ ဒုတိယအကြိမ် ဈေးနှုန်းခေါ်ယူပြန်သည်။

ဒုတိယအကြိမ် ဈေးနှုန်းကောက်ခံရာတွင်လည်း ဈေးက သုညသာ ဖြစ်နေသည်။

သည်အရောင်းအဝယ်တော့ ဖြစ်နိုင်ပုံမရ။ မည်သူကမှ အပျော်မယ် ရိုဝ်ရင်ကူကို အရဖမ်းယူပေးလိုစိတ် ရှိမည်မဟုတ်ဟု တွေးမိသူတွေ များလာသည်။

တတိယအကြိမ် ဈေးနှုန်းကောက်ယူရာတွင်လည်း ဈေးနှုန်းက သုညဖြစ်နေပြန်သည်။

ဤအခါတွင် မိုင်ထင်တိန်းက ဤကိစ္စ ဆောင်ရွက်ပေးလျှင် ရရှိနိုင်မည့်ဈေးနှုန်းကို ပြောဆို ကြေညာရလေတော့သည်။

မိုင်ထင်တိန်း ကြေညာလိုက်သည့် ဈေးနှုန်းကိုကြားရသောအခါ သိုင်းလောကသည် အပေါင်းမှာ အလွန် အံ့သြကုန်ကြရပြီသည်။

www.burmeseclassic.com

www.burmeseclassic.com

ပိုင်ထင်တိုင်း ကြေညာလိုက်သည့်ဈေးမှာ အသပြာတစ်သိန်း ဖြစ်လေတော့သည်။

ပြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲ၏ ဝယ်ယူခြင်း အပိုင်းတွင် အပျော်မယ် ရိပ်ရင်ကူကို ဝယ်ယူလိုမှု တစ်ခုတည်းသာ ရှိသည်။

ရိပ်ရင်ကူကို အသက်ရှင်လျက် ဒဏ်ရာဒဏ်ချက်မရှိပဲ အရဆောင်ကြဉ်းပေးနိုင်လျှင် ငွေအသပြာတစ်သိန်း ရမည်ဖြစ်ကြောင်း ဈေးနှုန်းသတ်မှတ် ကြေညာပြီးနောက် ပြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲကို အဆုံးသတ်လိုက်လေတော့သည်။

* * *



## အခန်း(၇)

ထန်ဟန်နှင့် ကျန်းထင်ကျင့်တို့သည် အိပ်မက်ဂေဟာသို့ သွားရောက်ကြကာ အရက် အတူသောက်ကြသည်။ သည်တစ်ခေါက် သူတို့ကို ဧည့်ခံသူများမှာ ယခင်တစ်ခေါက်က ဧည့်ခံခဲ့ကြသည့် ရင်ရင်နှင့် လိန်လိန်တို့ပင် ဖြစ်သည်။

မှာထားသည့် အရက်နှင့်ဟင်းလျာများ ရောက်ရှိလာသော်လည်း သူတို့နှစ်ယောက်သည် အရက်အနည်းငယ်စီ ထည့်သောက်သည်မှလွဲ၍ စားသောက်ခြင်း မပြုကြသေးပေ။

ထန်ဟန်နှင့် ကျန်းထင်ကျင့်တို့နှစ်ယောက် အိပ်မက်ဂေဟာသို့ သည်တစ်ခေါက် ရောက်လာခြင်းသည် ယခင်တစ်ခေါက်ကလို အရက်သောက်ဖြိုင်ရန် မဟုတ်ပေ။ အရေးကြီးသောကိစ္စများ ပြောဆိုတိုင်ပင်ရန် ဖြစ်သည်။

ထို့ကြောင့် ပြောဆိုတိုင်ပင်ရန်ကောင်းသော နေရာတစ်ခုဟု ဆိုနိုင်သည်။

သူတို့နှစ်ယောက်သည် အခြားလူတစ်ယောက်ကို စောင့်နေသည့်အတွက် မစားမသောက်ကြသေးခြင်း ဖြစ်ပေသည်။ သူတို့ စောင့်နေသူသည် အပျော်မယ် ရိပ်ရင်ကူပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာပင် ထန်ဟန်နှင့် ကျန်းထင်ကျင့်တို့ ရှိနေသည့် သီးသန့်ခန်းထဲသို့ ရိပ်ရင်ကူ ရောက်လာသည်။

ရိပ်ရင်ကူသည် ယောက်ျားလေး တစ်ယောက်အသွင် ဝတ်ဆင်လာခဲ့သည်။

ယောက်ျားလေးလို ဝတ်ထ ကြောင့် ရိပ်ရင်ကူမှာ တစ်မျိုး ကြည့်ကောင်းကာ အလှတိုးနေသည်။

"တောက် ... ဘယ်အကောင်ကများ အရူးထပြီး လုပ်လိုက်တယ် မသိဘူး။ တကယ် ဒေါသထွက်စရာ ကောင်းတယ်"

အခန်းထဲသို့ရောက်သည်နှင့် ရိပ်ရင်ကူက မကျေမနပ် ရေရွတ်ပြောဆိုသည်။

ထန်ဟန်နှင့် ကျန်းထင်ကျင့်တို့ နှစ်ယောက်မှာ မည်သည့် အတွက် ရိပ်ရင်ကူ ဒေါသဖြစ်နေသည်ကို ရုတ်တရက် စဉ်းစား၍ မရသည့်အတွက် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

နောက်မှ ပြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲတွင် သူ့မှုကို အရယူလိုကြောင်း အသပြာတစ်သိန်း သတ်မှတ်ကာ ကမ်းလှမ်းလာသူကို ဒေါသထွက်နေခြင်းဖြစ်ကြောင်း နားလည်ကာ ပြုံးမိကြသည်။

"မိတ်ဆွေကြီး ကျန်းထင်ကျင့်က ကျုပ်ကို ဖိတ်ခေါ်အရက် တိုက်တာဟာ အသပြာတစ်သိန်းတန် အရောင်းအဝယ်တစ်ခု အပ်ချင်လို့နဲ့တူတယ်"

ထန်ဟန်က ကျန်းထင်ကျင့်ကို ပြောသလိုလိုနှင့် ရိပ်ရင်ကူ ကို စလိုက်သည်။



"သွားစမ်းပါ မောင်လေးက ဒီအချိန်မျိုးမှာတောင် ရယ်စရာ ပြောနေနိုင်သေးလား"

"ကျွန်တော့်မှာ စိတ်အနှောင့်အယှက် ဖြစ်စရာ ဘာအ ကြောင်းများ ရှိနေလို့လဲ"

"မောင်လေးရဲ့ သိုင်းပညာဓာတ်မြစ်နဲ့ ဆရာသမားအကြောင်း ကို တန်ဖိုးကြီးကြီးပေးပြီး သိချင်နေတဲ့လူ ရှိနေပြီလေ"

"အဲဒါ ဘာဖြစ်သလဲ"

"မောင်လေးက တယ်ခက်ပါလား၊ မောင်လေးရဲ့ သိုင်းပညာ ဓာတ်မြစ်နဲ့ ဆရာသမားကို တစ်ယောက်ယောက်က သိသွားပြီးရင် မောင်လေးအတွက် နောင်တစ်ချိန်ချိန်မှာ အန္တရာယ်ကျ ရောက် လာနိုင်ဘူးလား"

"အန္တရာယ်ကျမယ် ဆိုရင်လည်း အချိန်အများကြီး လိုပါ သေးတယ်"

"မောင်လေး ဘာကိုဆိုလိုတာလဲ"

"တကယ်လို့ တစ်ယောက်ယောက်က ကျွန်တော့်ရဲ့ သိုင်းပ ညာဓာတ်မြစ်နဲ့ ဆရာသမားအကြောင်း သိသွားပြီပဲထား၊ အဲဒီလို သိထားတဲ့လူက ကျွန်တော့်ထက် သိုင်းပညာစွမ်းရည်နဲ့ ပရိယာယ် နည်းပါးလွန်းရင် ဘယ်လိုလုပ်ပြီး ကျွန်တော့်ကို အန္တရာယ် ပေးနိုင် မှာလဲ"

ထန်ဟန်က သူ၏ သိုင်းပညာဓာတ်မြစ်နှင့် ဆရာသမား အကြောင်းကို သူတစ်ပါးသိသွား၍ စိတ်လှုပ်ရှားပူပန်ခြင်း မဖြစ်မိ သော်လည်း ရိပ်ရင်ကူကတော့ ထန်ဟန်အစား ပူပန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



“ထန်ဟာန် စကားကို ပေါ့ပေါ့တန်တန် မပြောပါနဲ့၊ ခင်ဗျားက မပူပန်ပေမဲ့ ရိပ်ရင်ကူကတော့ ပူပန်နေမိတယ်၊ ဒါကို ခင်ဗျား အသိအမှတ်ပြုဖို့ ကောင်းတယ်”

ကျန်းထင်ကျင့်က ကြားဝင်ပြောသည်။

“ဟုတ်ကဲ့ မမက ‹ ... › ဘက်အတွက် ပူပန်နေတာကို ကျွန်တော် အသိအမှတ်ပြုပါတယ်၊ မမ စိတ်အေးအေးထားပါ လို့လည်း ပြောပါရစေ”

ထန်ဟာန်က ရိပ်ရင်ကူကိုကြည့်ကာ ပြောသည်။

“ကဲ ... ခင်ဗျားကိစ္စကို အသာထားချင်ထားလိုက် ရိပ်ရင်ကူ အတွက် ရင်ဆိုင်နေရတဲ့ ပြဿနာကိုတော့ ခင်ဗျားက ကူညီပြီး ဖြေရှင်းနိုင်မဲ့နည်းလမ်း ရှာပေးသင့်တယ်”

ကျန်းထင်ကျင့် ပြောပြန်သည်။

“မမရိပ်ရင်ကူကို အသက်ရှင်လျက် ဒဏ်ရာအနာတ[illegible] မဖြစ်ပဲ ရယူချင်တဲ့ကိစ္စဟာ ရုတ်တရက် ကြည့်ရင်တော့ အတော်[illegible] ပဟေဠိဆန်တာပဲ၊ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်ရင်တော[illegible] ဒီလောက်လည်း မရှုပ်ထွေးပါဘူး”

“ဟင် ... မောင်လေး စကားက ဘယ်လို သဘော[illegible] လဲ”

ရိပ်ရင်ကူက အံ့ဩဟန်ဖြင့် မေးသည်။

ထန်ဟာန်က မထီတရီ ပြုံးလိုက်ကာ ...

“မမရိပ်ရင်ကူနဲ့ ပြဿနာဖြစ်ရတဲ့ လူတွေက မနည်း[illegible] အသက်ရှင်လျက် ကျန်နေတဲ့ လူတွေကတော့ အတော်နည်း[illegible]



တယ်၊ ကဲ ... မမက ပြဿနာ ဖြစ်ရတဲ့လူတွေကို ပြောပြစမ်းပါ၊ ကျွန်တော် တစ်ယောက်ချင်း စိစစ်ကြမယ်”

“ပြောပြရင် ယုံနိုင်ပါမလားတော့ မသိဘူး၊ ဒီလ လဆန်း ငါးရက်နေ့အတွင်းမှာ ဓားပြသွေးလက်ဝါး လီပတ်ကုန်းရယ်၊ ကျူးချီရယ်၊ မဟူရာအဆိပ်ညီနောင် ငါးဖော်ရယ်တို့ကလွဲလို့ အခြား ဘယ်သူနဲ့မှ ပြဿနာ မဖြစ်ခဲ့သေးပါဘူး”

“သူတို့အားလုံး သေဆုံးကုန်ကြပြီဆိုတော့ အစဉ်းစားရ ခက်စရာပဲ”

ကျန်းထင်ကျင့်က ရေရွတ်လိုက်သည်။

“ခင်ဗျားတို့ တွက်ဆကြည့်တဲ့အထဲမှာ လူတစ်မျိုးကို မေ့ချန်ထားကြတာကိုး”

ထန်ဟာန်က ပြောသည်။

“ဘယ်လိုလူမျိုးကို မေ့ချန်ထားခဲ့လို့လဲ”

“မိန်းမတွေကိုပဲ”

“အပျော်မယ် ရိပ်ရင်ကူဟာ မိန်းမတွေနဲ့ ပြဿနာဖြစ်မှာ တဲ့လား”

ရိပ်ရင်ကူက မကျေနပ်သည့် အသွင်အပြင်ဖြင့် ပြောလေသည်။

“မိန်းမတွေနဲ့ အတိအလင်း ပြဿနာ မဖြစ်ခဲ့ပေမဲ့ သွယ်ဝိုက်တဲ့နည်းနဲ့တော့ ပြဿနာ ဖြစ်နိုင်ပါတယ်”

“ဘယ်လို မိန်းမမျိုးတွေလဲ”

“မမကို အားကျနေတဲ့မိန်းမ၊ မနာလိုဖြစ်နေတဲ့ မိန်းမနဲ့၊

www.burmeseclassic.com

www.burmeseclassic.com

မမ လက်ချက်မိသွားတဲ့ ယောကျ်ားတွေနဲ့ တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေတဲ့ မိန်းမတွေပေါ့"

ရိပ်ရင်ကူ၏မျက်လုံး အဝိုင်းသား ဖြစ်သွားသည်။

ကျန်းထင်ကျင့်မှာလည်း အံ့ဩသွားရသည်။

ထန်ဟန် ပြောသည့်အချက်ကို သူတို့နှစ်ယောက်လုံး မစဉ်းစားမိခဲ့ကြပေ။

ယောကျ်ားတစ်ယောက်သည် မိန်းမတစ်ယောက်ကို အကြောင်းခိုင်ခိုင်လုံလုံရှိမှသာ မုန်းတီးတတ်ကြသော်လည်း မိန်းမတစ်ယောက်ကမူ အခြား မိန်းမအကြောင်း ရေရေရာရာ မရှိဘဲနှင့် မုန်းတီးချင် မုန်းတီးနေတတ်သည်။

မိမိထက် ပိုမိုလှပသော မိန်းမကို မနာလိုမှုစိမ့် ဖြစ်တတ်သည်။ မိမိထက် အရည်အချင်းသာသော မိန်းမကို မလိုမုန်းထား ဖြစ်ချင်ဖြစ်တတ်သည်။

ထို့ပြင် ယောကျ်ားများက အခြား မိန်းမတစ်ယောက်ကို မိမိထက် အကြိမ်အနည်းငယ် ပိုမိုကြည့်ကာ အနည်းငယ် ပိုအရေး ပေးသည်နှင့် ထိုမိန်းမကို မုန်းချင်လျှင် မုန်းတတ်သည်။

"ခင်ဗျားဟာ တယ်လည်း အစဉ်းစားဉာဏ်ကောင်းပြီး အကွက်မြင်တာပဲကိုး၊ ဒါကြောင့်လည်း အန္တရာယ်အမျိုးမျိုးကြားက ရုန်းထွက်နိုင်ခဲ့ပြီး မီးခဲလို့ နာမည်ရခဲ့တာပဲ"

ကျန်းထင်ကျင့်က ချီးမွမ်းစကားဆိုသည်။

ထိုအချိန်မှာပင် ခေါင်မိုးပေါ်မှ ရယ်မောသံနှင့်အတူ စကားသံ တစ်ခု ပေါ်ထွက်လာသည်။



"မီးခဲထန်ဟန်ဟာ အချီးမွမ်း ခံထိုက်ပါတယ်၊ သူ့ တွေးဆချက်က သိပ်မှန်တယ်၊ ကျွန်တော်က အခကြေးငွေမယူပဲ သတင်းကောင်း ပါးရမယ်ဆိုရင် ရိပ်ရင်ကူကို ဝယ်ချင်တဲ့လူဟာ ခေါင်းညီအစ်မ သုံးဖော်တို့ပါပဲ"

ကျန်းထင်ကျင့်သည် ထိုင်နေရာမှ ရုတ်တရက် ထလိုက် ကာ ...

"ဘယ်က မိတ်ဆွေလဲ၊ မိတ်ဆွေဆိုရင် အပြင်ထွက်လာပြီး စကားပြောပါ၊ ခုန်းလျှိုးကွယ်လျှိုး လုပ်မနေပါနဲ့"

"ဒီလူ ဘယ်သူဖြစ်မလဲ"

"အသံကို ခင်ဗျား မမှတ်မိလိုက်ဘူးလား"

"အသံကိုတော့ ကြားဖူးသလိုလို ရှိတယ်၊ ဒါပေမဲ့ ဘယ်သူ ဘယ်ဝါလို့တော့ မသိဘူး"

"ဖိုးစပ်စု ကောင်းလင်ဖုန်းကလွဲရင် အခြားဘယ်သူ ဖြစ်နိုင် ဦးမှာလဲ"

"ဒီကောင်းလင်ဖုန်း ဆိုတဲ့လူက ပျော့ပျော့နွဲ့နွဲ့နဲ့ ကိုယ်ဖော့ ပညာ တယ်ကောင်းပါလား"

"သူဟာ ကိုယ်ဖော့ပညာကောင်းလို့ အရာရာမှာ စပ်စပ် စုစု လိုက်စုံစမ်းနိုင်တာပေါ့"

"ကောင်းလင်ဖုန်းဟာ စပ်စပ်စုစု လုပ်တတ်သလောက် သတင်းမျိုးစုံကိုရအောင် စုံစမ်းနိုင်တယ်၊ စောစောက သူ ပြောသွား တာဟာ ဟုတ်နိုင်လိမ့်မယ် ထင်ပါတယ်"

ထန်ဟန်က ခေါင်းညိတ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ ဖိုးစပ်စု ပြောသွားတာ အမှန်ဖြစ်မယ်လို့ ယုံကြည်ပါတယ်၊ ဒါပေမဲ့ သူပြောသွားတဲ့ သတင်းဟာ ကျွန်တော်တို့အဖို့ သိပ်တော့ အသုံးမဝင်ပါဘူး"

ဤစကားကြောင့် ကျန်းထင်ကျင့်နှင့် ရိုပ်ရင်ကူတို့မှာ အံ့သြသွားကြသည်။

"မောင်လေး ဘာကိုဆိုလိုတာလဲ၊ ကောင်းလင်ဖုန်း ပြောသွားတဲ့သတင်းက ဘာကြောင့် သိပ်အသုံးမဝင်တာလဲ"

ရိုပ်ရင်ကူက မေးလိုက်သည်။

"ကောင်းလင်ဖုန်း ပြောသွားတာ မမကို အရလိုချင်လို့ ငွေပုံပေးတဲ့လူတွေရဲ့ နာမည်ပဲဖြစ်တယ်၊ မမတို့ တကယ်တမ်း အန္တရာယ်ပေးမှာက သူတို့ မဟုတ်ဘူး၊ သူတို့ ပုံပေးတဲ့ငွေကို မက်မောတဲ့ အခြားလူတစ်ယောက်ယောက် ဒါမှမဟုတ် လူတစ်စု ဖြစ်တယ်၊ အဲဒီလူတွေ ဘယ်သူဖြစ်မယ်ဆိုတာ သိရရင်တော့ မမ အပေါ် ကျရောက်မဲ့ အန္တရာယ်ကို ကာကွယ်တဲ့နေရာမှာ အများကြီး အသုံးဝင်နိုင်တယ်၊ ဒါကိုပြောတာပါ"

ထန်ဟန်က ရှင်းပြသည်။

"အခုလိုဆိုရင် မမတို့ ဘယ်လိုလုပ်ကြမလဲဟင်"

ရိုပ်ရင်ကူက မေးသည်။

"ကျွန်တော် နည်းလမ်းနှစ်ခု စဉ်းစားမိထားတယ်"

"ဘယ်လို နည်းလမ်းတွေများလဲ ပြောစမ်းပါဦး"

"ပထမနည်းလမ်းကို အလျင်ပြောမယ်၊ မမအနေနဲ့ ဘယ်ကိုမှ အရေးကိစ္စမရှိသလို ပုံမှန်အတိုင်း သွားမြဲနေမြဲ သွားလာနေထိုင်ပါ၊



ကျွန်တော်နဲ့ ကျန်းထင်ကျင့်တို့က နောက်ကွယ်ကနေ စောင့်ဆိုင်းအကဲခတ်ပြီး မမကို ကာကွယ်စောင့်ရှောက်ပေးမယ်၊ ဒေါင်းညီအစ်မ သုံးဖော်တို့ပေးတဲ့ ငွေအသပြာတစ်သိန်းကို မက်မောပြီး မမကို လာအန္တရာယ်ပေးမဲ့လူ ပေါ်လာတယ်ဆိုရင် ကျွန်တော်တို့က သူ့ကို တစ်ခါတည်း အမိအရ ဖမ်းလိုက်မယ်"

ထန်ဟန်က မိမိ၏ ပထမအကြံအစည်လို့ ပြောပြသည်။

ကျန်းထင်ကျင့်က ခေါင်းကိုညိတ်လိုက်ကာ ...

"ဒီအကြံမဆိုးဘူး၊ ရှေးလူကြီးတွေ ပြောကြတဲ့ ယုန်ကို ကျားက ချောင်း၊ ကျားကို မုဆိုးက ထောင်ဆိုတဲ့ စကားလိုမျိုးပေါ့"

"ဒီနည်းကို သိပ်မကြိုက်ချင်ဘူး"

ရိုပ်ရင်ကူက ပြောသည်။

ကျန်းထင်ကျင့်သည် ထန်ဟန်ဘက်သို့ လှည့်ကြည့်လိုက်ပြီး ...

"ခင်ဗျားဆီမှာ အကြံအစည်နှစ်ခု ရှိနေတယ်ဆို၊ ဒုတိယအကြံကို ပြောစမ်းပါဦး"

ထန်ဟန်က လက်ကိုဝှေ့ယမ်းပြကာ ...

"ဒုတိယနည်းလမ်းကို မပြောတာပဲ ကောင်းပါတယ်"

"အလို ဘာကြောင့် မပြောပဲနေရင် ကောင်းရမှာလဲ"

"ပထမအကြံကို လုပ်ဆောင်ဖို့ မလွယ်ဘူးဆိုရင် ဒုတိယအကြံက ပိုပြီးတော့တောင် ခက်ဦးမယ်"

"ဘာကြောင့်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒုတိယနည်းလမ်းမှာ အဆင်မပြေတဲ့နေရာတွေ အများကြီး ရှိတယ်"

"ပြောကြည့်ပါဦးလေ ကျွန်တော်တို့ ဝိုင်းဝန်းပြီး အကြံလေး ဘာလေး ပေးတန်ပေးရတာပေါ့"

"မမကတော့ ဒုတိယနည်းလမ်းကို နားထောင်ချင်ရဲ့လား"

ထန်တန်က ရိပ်ရင်ကူကို မေးမြန်းသည်။

"ဖြစ်နိုင် မဖြစ်နိုင်တာကတခြား၊ နားထောင်ကြည့်တာက တခြားပဲကွယ် နားမထောင်စရာ ဘာအကြောင်းရှိရမှာလဲ"

ရိပ်ရင်ကူက ပြန်ဖြေသည်။

"ဒုတိယနည်းလမ်းက ကျွန်တော့်အနေနဲ့ မမသနားမှာ အမြဲတမ်းရှိနေပြီး အချိန်ပြည့် ကာကွယ်စောင့်ရှောက် ပေးနိုင်အောင် ကျွန်တော်နဲ့ မမနဲ့ ဆယ့်ငါးရက်လောက် ညားကာစ ဇနီးမောင်နှံ တွေလို အတူတူသွားလာ နေထိုင်ကြဖို့ပါပဲ"

ကျန်းထင်ကျင့်သည် မအောင့်နိုင်ပဲ တစ်ချက်ရယ်မောလိုက်ကာ ...

"ဟား ဟား ဒီလောက်ကောင်းတဲ့ အကြံကို ခင်ဗျားမို့လို့ စဉ်းစားမိတယ်ဗျာ"

ထန်တန် ပေးသောအကြံကို ရိပ်ရင်ကူအနေဖြင့် သဘောတူနိုင်မည် မဟုတ်ဟု ကျန်းထင်ကျင့်က ထင်မိသည်။ သို့သော် သူ၏ထင်ကြေး လွဲသွားသည်။

ရိပ်ရင်ကူက ပြုံးရယ်ကာ ခေါင်းကိုညိတ်လိုက်ပြီး ...

"ဒီအကြံကို မမ သဘောကျတယ်"



ကျန်းထင်ကျင့်သည် အံ့ဩသည့်အသွင်ဖြင့် ရိပ်ရင်ကူ၏ ကြည့်လိုက်သည်။ ထို့နောက် သဘောပေါက်သွားဟန်ဖြင့် တစ်ချက်ပြုံးကာ ထိုင်နေရာမှထသည်။

"ကျွန်တော့်မှာ အရေးကြီးတဲ့ ကိစ္စတစ်ခု ချိန်းဆိုထားတာကို အခုမှ သတိရမိတယ်၊ ခင်ဗျားတို့နှစ်ယောက် အေးအေး ဆေးဆေး ဆက်ဆွေးနွေးကြပါ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

စကားဆုံးသည်နှင့် ကျန်းထွင်ကျင့်သည် သီးသန့်ခန်း အပြင်ဘက်သို့ ထွက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ချမ်းသာတည်းခိုဆိုင်။

အမည်က ချမ်းသာစာတည်းခိုဆိုင် ဆိုသော်လည်း ဆိုင်ကတော့ သားနား ခံ့ထည်ခြင်း မရှိပေ။

တည်ရှိနေသည့် နေရာကလည်း စိတ်တိုင်းကျပြည့်စုံရွာ၏ မြောက်ဘက်အစွန်ဆုံးတွင် ဖြစ်သည်။

ယခုနေ့တွင်မူ ချမ်းသာတည်းခိုဆိုင်၏ တည်းခိုခန်းတစ်ခုထဲတွင် ခါတိုင်းနှင့်မတူ တစ်မူထူးခြားသော စားသောက်ဝိုင်းတစ်ခု ခင်းကျင်းထားသည်။

ထိုစားသောက်ဝိုင်းတွင် ခင်းကျင်းထားသော ဟင်းလျာများမှာ တကယ့် အထက်တန်းစား ဟင်းလျာများဖြစ်သည်။

ထိုစားသောက်ဝိုင်းကို မည်သူက ချက်ပြုတ်သနည်း။ မည်သူတွေအတွက် တည်ခင်းထားခြင်း ဖြစ်သနည်း။

မကြာမီ သိရှပေတော့မည်။

စားသောက်ဝိုင်းခင်းထားသည့် အခန်းထဲသို့ ဧည့်သည်များ တစ်ယောက်ပြီးတစ်ယောက် ဝင်ရောက်လာသည်။



ပထမဆုံး ဝင်ရောက်လာသူက မုတ်ဆိတ်မွေးရှည်ရှည်နှင့် အဘိုးကြီးတစ်ယောက် ဖြစ်သည်။ အဘိုးကြီးသည် အဖာအထေးရာများ ပြည့်နေသော အဝတ်အစား ခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားသည်။

အဝတ်အစားများ စုတ်ပြတ်ကာ ခပ်နွမ်းနွမ်း ဖြစ်နေသော်လည်း ဟန်ပါတ်ကတော့ အလွန်ပြည့်သည်။

အခန်းထဲသို့ ဝင်ရောက်လာပုံမှာ ဘုရင်တစ်ပါး ပွဲတော်ဆောင်ထဲသို့ ဝင်ရောက်လာသည့် ဟန်ပန်မျိုးဖြစ်သည်။

“အလျင်ရောက်လာတဲ့လူက အလျင်စားရမှာပဲ၊ ကျုပ်တော့ ဘယ်သူ့ကိုမှ မစောင့်တော့ဘူး”

အခန်းထဲသို့ရောက်သည်နှင့် အဘိုးကြီးက ဤသို့ပြောကာ တူကိုကောက်ကိုင်ကာ လှပသောအသည်းပုံ ကြွေပန်းကန်ပြားကြီးထဲမှ အသားကင်တစ်ဖတ်ကို ကောက်ယူကာ ဝါးစားလိုက်သည်။

“အင်း ... ကျုပ်တော့ လုံမလေးရဲ့အသားကို အကြိုက်ဆုံးပဲ”

စားနေရင်း ပါးစပ်မှ ပြောလိုက်သေးသည်။

အဘိုးကြီး ပြောသည့်စကားက အတော်ပင် ခွကျသည်။ လုံမလေး၏ အသားလော။ လုံမလေး ကင်ထားသည့် အသားကင်ကို အပြောမှားခြင်းလော။ မသိတတ်နိုင်ပေ။

“ဟိုပြောသည်ပြော လျှောက်ပြောမနေနဲ့ ပါးနစ်ခြမ်းကွဲသွားမယ်”

ကြည်လင်ချိုအေးသော အသံလေး အခန်းအပြင်ဘက်မှ ပေါ်လာသည်။ ထို့နောက် အမျိုးသမီးတစ်ယောက် အခန်းထဲသို့ ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသူသည် ဆံပင်များ ဖြူဖွေးနေသော အဘွားအို တစ်ယောက်ဖြစ်သည်။ အသံက ကြည်လင်ချိုအေးသလောက် လူကတော့ အိုမင်းနေသည်။

စောစောက အဘိုးကြီး ပြောလိုက်သည့် လုံမလေးဆိုသည်မှာ ဤဆံပင်ဖြူ အဘွားကြီးတော့ မဟုတ်နိုင်ပေ။

အဘိုးကြီးသည် နောက်သို့ပင် လှည့်မကြည့်ပေ။ အသံကြားရုံနှင့် ဝင်လာသူ မည်သူမည်ဝါ ဖြစ်သည်ကို သိနှင့်နေပုံရသည်။

"စိတ်ချစမ်းပါ အဘွားကြီးရယ်၊ ကျုပ်က အဘွားကြီး စားချင်နေတဲ့ ငါးပေါင်းကို လက်ဖျားနဲ့တောင် မတို့ပါဘူး"

အဘိုးကြီးက ပြောသည်။

"လုံမလေးက ကျုပ်တို့ကို ဒီနေ့ ဘယ်လိုအကြောင်းကိစ္စရှိလို့ ထမင်းစားဖိတ်တာလဲ"

အဘွားကြီးက အဘိုးကြီးကို မေးသည်။

"ဘယ်သိနိုင်မှာလဲ"

"လာဖိတ်ကြားထားတဲ့ သူငယ်မလေးကို မမေးလိုက်ဘူးလား"

"ဟင့်အင်း"

"တော်တော် နမော်နမဲ့နိုင်တာပဲကိုး"

"ဒီလိုဆို အဘွားကြီးကကော သိလို့လား"

"လာဖိတ်တုန်းက ကျုပ် တည်းခိုဆိုင်မှာမရှိဘူး အပြင်ကို သွားနေတယ်၊ ဒါကြောင့် ဆိုင်က စားပွဲထိုးလေးကို တစ်ဆင့်မှာပြီး ဖိတ်ခဲ့တာ၊ ဒီတော့ ဘယ်လိုလုပ် သိနိုင်မှာလဲ၊ လာဖိတ်တဲ့ သူငယ်မလေးနဲ့သာ တွေ့မိရင် သေသေချာချာ မေးလိုက်မှာပေါ့"



"လုံမလေးက ကျုပ်တို့ကို ထမင်းစားဖိတ်ကျွေးတာ ဒီတစ်ကြိမ် ပထမဆုံးမှမဟုတ်တာ၊ ဘာများ ထွေထွေထူးထူး မေးနေစရာ လိုသလဲ၊ ကျုပ်ကတော့ လုံမလေးကိုယ်တိုင် စီမံထားတဲ့ အသားကင် ဟင်းလျာ ပါမယ်ဆိုတာကြားတာနဲ့ တစ်ခါတည်း အပြေးရောက်လာတာပဲ"

ထိုအချိန်မှာပင် အခန်းထဲသို့ အဝါရောင်ဝတ်စုံဝတ် လူရွယ် တစ်ယောက် ဝင်လာပြန်သည်။ ထိုလူရွယ်သည် အရပ်မြင့်မြင့် မျက်လုံးမျက်စုံးလှကာ ဆံပင်ကို ထူးဆန်းသော ပုံတစ်မျိုးဖြင့် ထုံးထားသည်။

လူပုံသည် ခပ်ပျော့ပျော့နွဲ့နွဲ့ဖြစ်ကာ ရုတ်တရက် ကြည့်လျှင် မိန်းမလျာတစ်ယောက်လိုလို ထင်ရသည်။

"ဟော ... ခွင်ဗျားတို့ ရောက်နှင့်နေကြပြီကိုး"

လူရွယ်သည် ရယ်မောပြောဆိုကာ ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ သူ ထိုင်ချလိုက်သော ထိုင်ခုံရှေ့ စားပွဲပေါ်တွင် အသားချိုချဉ် ဟင်းလျာပန်းကန် ရှိနေသည်။ ထိုဟင်းလျာမှာ ဝတ်စုံဝါလူရွယ် အကြိုက်နှစ်သက်ဆုံး အစားအစာပင် ဖြစ်သည်။

* * *

ဤအခန်းထဲသို့ ရောက်လာကြသော ဧည့်သည်သုံးယောက် တို့ကား မည်သူတွေ ဖြစ်ကြသနည်း။ သူတို့ကို ထမင်းစားဖိတ်ကျွေးသည့် လုံမလေးကကော မည်သူနည်း။

သူတို့၏ အမည်များကိုသိလျှင် ထိတ်လန့်သွားပေမည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးသည် ဂုမ်စန်းတောင် မုတ်ဆိတ်ကြီး ရှန်ဝမ်ကျူး ဖြစ်သည်။ အသွားကြီး၏ အစည်မှာမူ မိုးတစ္ဆေမယ် လန်ယောင်ယောက်ဟု ခေါ်သည်။ ဝတ်စုံဝါဝတ်လူရွယ်မှာ ဖိုးစပ်စု ကောင်းလင်ဖုန်းပင် ဖြစ်သည်။

သူတို့ကို ထမင်းဖိတ်ကျွေးသည့် လုံမလေးမှာ အခြားသူမဟုတ်။ ဒေါင်းညီအစ်မ သုံးဖော်အနက်မှ ငွေဒေါင်းပျို ချန်လီလီပင် ဖြစ်သည်။

ညသည်သုံးယောက် ရောက်နေပြီဖြစ်သော်လည်း ငွေဒေါင်းပျို ချန်လီလီသည် အတွင်းခန်းထဲမှ ထွက်မလာသေးပေ။ အိမ်ရှင်က ထွက်မလာသေးသော်လည်း ဧည့်သည်များကတော့ အစားအသောက်မပျက်ပေ။

ကောင်းလင်ဖုန်း တစ်ယောက်သာလျှင် အစားအသောက် စားရာတွင် အေးအေးဆေးဆေး ရှိသည်။ သူ၏ရှေ့မှ ဝက်သားလုံးချိုချဉ်ပန်းကန်မှာ သိသိသာသာကြီး လျော့သွားခြင်းမရှိပေ။

စားသောက်နေရင်း ရှန်ဝမ်ကျူးသည် ဝမ်းဗိုက်ကို လက်ဖြင့်နှိပ်ကာ ထိုင်နေရာမှ ထရပ်လိုက်သည်။ မျက်နှာအမူအရာမှာလည်း တစ်မျိုးဖြစ်နေသည်။

"ဘယ်လိုဖြစ်တာလဲ စားပိုးနင့်နေပြီလား"

လန်ယောင်ယောက်က မေးသည်။

"ကျုပ် ... ကျုပ် ... အား"

ရှန်ဝမ်ကျူးမှာ စကားကို ဆုံးအောင်မပြောနိုင်။ ပါးစပ်မှ အော်ဟစ်လိုက်ပြီး အော်သံမဆုံးမီမှာပင် ဘိုင်းခနဲ လဲကျသွားသည်။



ဘာဖြစ်သည်ကို လန်ယောင်ယောက် နားလည်လိုက်လေပြီ။

"ဟာ ... ဒုက္ခပဲ၊ ဟင်းလျာတွေထဲမှာ အဆိပ်"

လန်ယောင်ယောက်သည် ဤမျှသာ ရေရွတ်ပြောကြားနိုင်ပြီး ထိုင်ခုံပေါ်မှ နောက်သို့လန်ကာ လဲကျသွားသည်။

ကြောင်အမ်းအမ်း ဖြစ်နေသော ဖိုးစပ်စု ကောင်းလင်ဖုန်းသည် လန်ယောင်ယောက်၏ စကားကိုကြားရသည်နှင့် ထိုင်ရာမှ ထကာ အခန်းပြင်သို့ ပြေးထွက်သွားသည်။

သို့သော် ခြေလှမ်းနှစ်လှမ်းခန့်သာ လှမ်းနိုင်ပြီး ကိုယ်ခန္ဓာသည် ချာလည်ပတ်လည်လျက် မှောက်လျက်သား လဲကျသွားလေတော့သည်။

ထိုအချိန်ကျမှပင် ငွေဒေါင်းပျို ချန်လီလီသည် အတွင်းခန်းထဲမှ လျှောက်လှမ်းထွက်လာသည်။

* * *

ငွေဒေါင်းပျို ချန်လီလီသည် အတွင်းခန်းထဲမှ ထွက်လာသည်။

ဒေါင်းညီအစ်မ သုံးဖော်တို့သည် သိုင်းလောကတွင် နာမည်ကြီးသော အလှမယ် သိုင်းကညာများ ဖြစ်ကြသည်။ သူတို့၏ သူပချော့မောမှုသည် ရိပ်ရင်ကူထက် မညံ့ပေ။

ရိပ်ရင်ကူသည် တကယ်တော့ အပြင်ပန်း အပြောအဆို၊ အမူအရာဖြင့် ယောက်ျားတို့ကို ညှို့ယူဆွဲဆောင်သည်ကများကာ လက်တွေ့သိပ်မပါပေ။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညီအစ်မ သုံးဖော်တို့ကား အပျော်အပါးကို လက်တွေ့လုပ်ဆောင်ကြသူတွေ ဖြစ်သည်။

အတွင်းခန်းထဲမှ ထွက်လာသော ငွေခေါင်းပျို ချန်လီလီ၏ အသွင်အမူအရာမှာ တက်ကြွရွှင်လန်းနေသည်။

ချန်လီလီ၏ မျက်လုံးအစုံသည် အရောင်လက်ကာ မျက်မှာထားက ချိုလှသည်။ မပြုံးမရယ်ပဲနှင့်ပင် ပြုံးယောင်ယောင် ရှိနေသည်။ ပြုံးရယ်လိုက်သည့် အခါတွင်မူ ပါးချိုင့်လေးနှစ်ခု ခွက်ဝင်သွားကာ အသွင်ပင်လှပသည်။ မျက်စလေးချီကာ တစ်ချက်ပြုံးလိုက်သည်နှင့် မြင်ရသူ ယောကျာ်းသားတိုင်း ရင်မိုသွားနိုင်လောက်သည်။

ယခုတော့ ညီသည်သုံးယောက်မှာ ဘာကိုမှ မမြင်နိုင်ကြတော့ပေ။

ချန်လီလီသည် ဂုမ်စန်းတောင်မုတ်ဆိတ်ကြီး ရှန်ဝမ်ကျုံး လဲကျနေရာသို့သွားကာ ရှန်ဝမ်ကျုံး၏ အပြင်ဝတ် အင်္ကျီရှည်ကြီးကို အသာချွတ်နေသည်။ အပေါ်ဝတ်အင်္ကျီကို ဖယ်ရှားလိုက်သည်နှင့် ဝင်းလက်သော ရွှေရောင်တောက်နေသည့် အတွင်းခံ ကိုယ်ကျပ်အင်္ကျီ ပေါ်လာသည်။

"ဟော ... ပင့်ကူမျှင်အင်္ကျီပါလား"

"ဒီပင့်ကူမျှင်အင်္ကျီကို ရနိုင်ဖို့အတွက် အသပြာငါးသောင်းငါးထောင် ပေးပြီးဝယ်ရတယ်၊ ချန်လီလီတို့ အတွက်ကတော့ အသားကင် တစ်ပန်းကန်နဲ့ လဲယူလို့ရပြီ"

လဆန်းငါးရက်နေ့ ပြည်စုံစားသောက်ဆိုင် ရောင်းဝယ်ပွဲတွင် ပင့်ကူမျှင်အင်္ကျီကို အသပြာ ငါးသောင်းငါးထောင်ပေးကာ ဝယ်ယူသွားသူသည် ဂုမ်စန်းတောင်မုတ်ဆိတ်ကြီး ရှန်ဝမ်ကျုံး ဖြစ်နေသည်။ ဤသတင်းကို ချန်လီလီက မည်သို့ တိတိကျကျ ရရှိခဲ့လေသနည်း။

ရှန်ဝမ်ကျုံးက ပင့်ကူမျှင်အင်္ကျီကို ဈေးကြီးပေးကာ ဝယ်ယူခဲ့ခြင်းသည် သူ့အတွက် အကာအကွယ်ကောင်း တစ်ခုအဖြစ် အသုံးချရန် ဖြစ်ပေမည်။ ယခုမူ ပင့်ကူမျှင်အင်္ကျီသည် သူ့အတွက် အကာအကွယ် မဖြစ်ရုံသာမက အန္တရာယ်ကိုပင် ဖိတ်ခေါ်ခဲ့လေပြီ။

ချန်လီလီသည် ရှန်ဝမ်ကျုံး၏ ကိုယ်ပေါ်မှ ပင့်ကူမျှင်အင်္ကျီကို ချွတ်ယူပြီးနောက် မိုးတာဈွေမယ် လန်ယောင်ယောက် လဲကျနေရာသို့ ချဉ်းကပ်သွားပြန်သည်။ လန်ယောင်ယောက်၏ ကိုယ်ပေါ်တွင် ရှာဖွေကြည့်ရာ ငွေအသပြာ အများအပြားနှင့် သိုင်းကျမ်းစာအုပ် တစ်အုပ် ရရှိသည်။

ငွေခေါင်းပျို ချန်လီလီသည် ကျေနပ်သည့်အပြုံး ပြုံးလိုက်ပြီး မှောက်လျက်လဲကျနေသော ဇိုးစပ်စု ကောင်းလင်ဖုန်းထံသို့ လျှောက်လှမ်းသွားသည်။

"အင်း ... ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားရတာ စိတ်မကောင်းစရာပဲ၊ သူက နေရာတကာ လိုက်စပ်စုချင်နေတာ ခက်တယ်၊ ရှင်က ကျွန်မတို့ဘက်သားလိုလို ဟန်ဆောင်ပြီး ကျွန်မတို့အကြောင်းကို စုံစမ်းနေတာ မသိဘူးမှတ်လို့လား၊ ဒါဟာ ရှင့် စပ်စုမှုအတွက် ရတဲ့ ဆုလာဘ်ပဲ"

ငွေခေါင်းပျိုက ထိုသို့ပြောပြီး သဘောကျစွာ ရယ်မောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူ့ ကိုယ်ပေါ်မှာရှာလို့တော့ အဖိုးတန်ဗစ္စည်းရမယ် မထင်ပါဘူး၊ ဒါပေမဲ့ အခုလို ဖြစ်ရခြင်းအတွက်တော့ ဟိုနှစ်ယောက် ကိုယ်ပေါ်မှရှာပြီး သူ့ကိုယ်ပေါ်မှာမရှာရင် ဘယ်သင့်လျော်မှာလဲ၊ စတီလောက်ဖြစ်ဖြစ် ရှာလိုက်ဦးမှ"

ချန်လီလီသည် မှောက်လျက်သား ဖြစ်နေသော ကောင်းလင်ဖုန်းကို ပက်လက်ဖြစ်အောင်ပင် မပြုတော့ပဲ လက်ကိုအသာ အောက်သို့လျှိုကာ စမ်းသပ်ကြည့်သည်။ အပေါ်ဘက်မှ စမ်းကြည့်လာရာ လဈ်က အောက်သို့ တဖြည်းဖြည်း ရောက်လာသည်။

"ခစ်၊ ခစ် ... ယားတယ်ဗျ"

ချန်လီလီ၏ နားထဲတွင် စကားသံတစ်ခုကို ကြားလိုက်ရလေသည်။

ချန်လီလီ အလွန်ပင် အံ့ဩသွားကာ ဆတ်ခနဲ ပြန်ထလိုက်သည်။ သို့သော် မှောက်လျက်လဲကျနေသော ကောင်းလင်ဖုန်းကလည်း ချန်လီလီနှင့်အပြိုင် ခုန်ထလာကာ ချန်လီလီ၏ ညာဘက်လက်ကို ဆတ်ခနဲဖမ်းချုပ်ကာ နောက်ပြန် ဆွဲလိမ်လိုက်သည်။

မမျှော်လင့်သောဖြစ်ရပ်နှင့် ရင်ဆိုင်ရသည့်အတွက် ချန်လီလီမှာ မည်သို့မှ ခုခံရှောင်တိမ်းခြင်း မပြုနိုင်ပဲ လိမ်ထားခြင်းခံရသော ညာလက်သည် ကျောဖြင့်ဘက်သို့ရောက်ကာ ခပ်ကော့ကော့လေး ဖြစ်လျက် ကောင်းလင်ဖုန်း၏ လက်ထဲတွင် အချုပ်ဖမ်းခံလိုက်ရလေတော့သည်။

* * *



ချန်လီလီမှာ ကောင်းလင်ဖုန်း၏ လက်ထဲတွင် အချုပ်ဖမ်းခံလိုက်ရသည်။

ငွေခေါင်းပျို ချန်လီလီ၏ သိုင်းပညာမှာ ကောင်းလင်ဖုန်းထက် မနိမ့်ပေ။

သို့သော် မမျှော်လင့်သောအချိန်တွင် အငိုက်မိသွားသောကြောင့် ဘာမှမတတ်သာပဲ တစ်ချက်တည်းနှင့် အမိအရချုပ်ဖမ်းခြင်း ခံလိုက်ရလေသည်။

မိမိက သေဆုံးသွားပြီဟု အပိုင်တွက်ထားသော ကောင်းလင်ဖုန်းသည် ရုတ်တရက် ခုန်ထလာကာ မိမိကို ဖမ်းချုပ်ခြင်း ခံလိုက်ရသည်တွင် ချန်လီလီမှာ အတော်ပင် ကြောက်လန့်သွားခဲ့သည်။

မိမိအပေါ် စိတ်ဝင်စားမှု အနည်းငယ်မျှပင် ရှိနေပါစေ ထိုသို့သော ယောကျ်ားကို မိမိရရ ညှို့ယူချုပ်ကိုင်နိုင်သည့် ပညာများကို ချန်လီလီ ကောင်းစွာ တတ်မြောက်ထားသည်။

ယခုလည်း ကောင်းလင်ဖုန်းကို မိမိ၏ မှုရာမာယာတို့ဖြင့် ဆွဲဆောင် အမိဖမ်းနိုင်တော့မည်ဟု ချန်လီလီက တွက်လိုက်လေသည်။

ချန်လီလီသည် ကြောက်လန့်၍ ရှုန်းသလိုလိုနှင့် မိမိ၏ ကိုယ်နောက်ပိုင်းကို ကောင်းလင်ဖုန်းနှင့် ပိုမို ထိကပ်မိစေအောင် ပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စကားစ၍ဆိုသည်။

"ရှင်က ဟင်းလျာတွေကို မစားခဲ့ပဲကိုး"

ကောင်းလင်ဖုန်းက ရယ်မောလိုက်ပြီး ...

"ဟာ ... စားလိုက်ပါတယ်ဗျာ၊ အတော်များများကို စားလိုက်ပါတယ်"

"စားလျက်သားနဲ့ ဘာကြောင့် အဆိပ်မသင့်တာလဲ"

"ကျွန်တော့်မှာ အဆိပ်မသင့်အောင် လုပ်တဲ့နည်း ရှိထားလို့ပေါ့"

"ဘယ်လိုနည်းလဲ"

"ဒီနည်းကို ကျွန်တော့် မိတ်ဆွေတစ်ယောက်ဆီက သင်ယူခဲ့တာပါ၊ ဘယ်သူ့ကိုမှ ပြောမပြဘူးလို့လည်း ကတိပေးခဲ့ရတယ်"

"အဲဒီမိတ်ဆွေက ဘယ်သူလဲ"

"ဘယ်ပြောလို့ဖြစ်မှာလဲ"

"မီးခဲထန်ဟန် မဟုတ်လား"

"ခင်ဗျားက ဉာဏ်အကောင်းသားပဲ"

"အင်း ... ကျွန်မ ဒီရွာကို ရောက်လာတာနဲ့ ထန်ဟန်ကို သွားတွေ့ဖို့ကောင်းတယ်"

"သူက ကျွန်တော့်ထက် ဘာများသာလို့လဲ"

"အလွယ်ဆုံး ဥပမာပေးရရင် ရှင်တာ ထန်ဟန်လောက် မိန်းမတွေကို နားမလည်ဘူး၊ မိန်းမသားတွေအပေါ်မှာ နူးညံ့သိမ်မွေ့မှုမရှိဘူး"

"ထန်ဟန်က မိန်းမသားအပေါ်မှာ နူးညံ့သိမ်မွေ့တယ်လို့ ခင်ဗျားက ဘာ့ကြောင့်ပြောနိုင်တာလဲ၊ ကိုယ်တွေ့မို့လို့လား"



"ကိုယ်တွေ့မဟုတ်ပေမဲ့ ထင်ရှားတဲ့ဥပမာ ရှိနေတယ်"

"ပြောစမ်းပါဦး"

"လဆန်းနှစ်ရက်နေ့က အာကာနန်း ပျော်ဘော်ဆက်စားသောက်ဆိုင်ပေါ်မှာ အပျော်မယ် ရိပ်ရင်ကူက မီးခဲထန်ဟန်ကို အဆိပ်ခတ်ထားတဲ့ အရက်တိုက်ခဲ့တယ်၊ အခု ရှင်နဲ့ကျွန်မဘို့လိုပေါ့၊ ထန်ဟန်က အရက်ထဲမှာ အဆိပ်ခတ်ထားတာကို သိပေမဲ့ ရိပ်ရင်ကူကို အပြစ်မယူခဲ့ဘူး၊ သူတို့နှစ်ယောက် အခု ဘယ်လိုအခြေအနေ ရှိနေကြတယ်ဆိုတာ ရှင်လည်း သိမှာပေါ့"

ငွေခေါင်းပျို၏ စကားမှာ ချက်ကောင်းကို ထိမှန်သွားသည်ဟု ဆိုရမည်။

သို့သော် ကောင်းလင်ဖုန်းကလည်း လူပါးဖြစ်သည်။ သူ့တွင် အကြောင်းပြစရာ ရှိနေသည်။

"ကျွန်တော်က သူ့လောက် သိုင်းပညာအစွမ်းအစ မြင့်မားတာ မဟုတ်ဘူး။ ဒီတော့ သူ့ကို လိုက်တုပြီးလုပ်လို့ ဘယ်ဖြစ်မှာလဲ"

"ဒါဆိုရင် ကျွန်မလက်ကို ဘာကြောင့် ဒီလောက် အကြာကြီး ကိုင်ထားရတာလဲ၊ အခန်းတံခါးပိတ်ထားပြီး အတွင်းခန်းထဲမှာလည်း ဘယ်သူမှ မရှိတာကိုသိလို့ ကျွန်မကို နိုင်ထက်စီးနင်း လုပ်ချင်လို့လား"

ချန်ဆီလီ၏ စကားသည် တကယ်တော့ ရေလာမြောင်းပေးလုပ်ပေးသော မာယာတစ်မျိုးသာ ဖြစ်သည်။

လက်မြန်ခြေမြန်မရှိသော ယောကျ်ားများကို မိန်းမများက တစ်ခါတရံ ဤသို့ လမ်းပြစကားများ ပြောပေးတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစကားမျိုး ပြောလိုက်လျှင် ယောကျ်ားဖြစ်သူများသည် စိတ်ဝိုလှုပ်ရှားလာကာ ရဲရဲတင်းတင်း ဖြူမူတတ်ကြသည်။

သို့သော် ကောင်းလင်ဖုန်းသည် ချန်လီလီ တွေးဆထားသလို စိတ်လှုပ်ရှားလာခြင်း မရှိပေ။

"တလွဲတွေတွေးပြီး စိတ် မဲနေပါနဲ့၊ ကျွန်တော့်မှာ ဒီလိုစိတ်ထားမျိုး မရှိပါဘူး"

"ဒါဆိုရင် ရှင်က ဘယ်လိုသဘောနဲ့ ကျွန်မကို အခုထက်ထိ လွှတ်မပေးပဲ အတင်းဖက်ထားရတာလဲ"

ကောင်းလင်ဖုန်းကလည်း ချန်လီလီ၏ မာယာကို နားလည်ကာ အသာပြုံးလိုက်သည်။

"ခင်ဗျားဆီက မေးချင်တာတစ်ခု ရှိနေလို့ပေါ့"

"ဘာမေးမှာလဲ"

"ဝင့်ကူမျှင်အကျႌကို ဝယ်သွားတဲ့လူဟာ ရှန်ဝမ်ကျုံးဖြစ်ကြောင်း ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

"ဒီကိစ္စက ရှင်နဲ့ ဘယ်လိုဆိုင်နေလို့လဲ"

"လာမဲ့ငါးလပိုင်း ငါးရက်နေ့ ပြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲမှာ ကျွန်တော် ပါဝင်ချင်ပါဝင်မယ်၊ ဒါကြောင့် အခု ရှန်ဝမ်ကျုံးလို ကြမ္မာမျိုး မကြုံရအောင် ကြိုတင်မေးထားတာပါ"

"ကျွန်မ ပြောတာကို ရှင်က လက်ခံယုံကြည်ပါ့မလား"

"မှန်တာဆိုရင်တော့ ယုံကြည်ပါတယ်"

"ကျွန်မ ပြောတာမှန်မမှန် ရှင် ဘယ်လိုလုပ် သိနိုင်မှာလဲ"



"ဒါကြောင့် ခင်ဗျားရဲ့လက်မောင်းကို အခုထက်ထိ လွှတ်မပေးပဲ လိမ်ချိုး ဖမ်းချုပ်ထားတာပေါ့၊ ခင်ဗျားရဲ့ လှပတဲ့ လက်မောင်းတစ်ဖက်နဲ့ မှန်ကန်တဲ့ စကားတစ်ခွန်း အလဲအလှယ် လုပ်ဖို့ဆိုရင် ခင်ဗျားက မှန်တဲ့အတိုင်း ပြောပါလိမ့်မယ်"

"ပြည့်စုံ စားသောက်ဆိုင်က တာဝန်ခံ တစ်ယောက်ယောက်က သတင်းပေးတာလို့ပြောရင် ရှင် လက်ခံနိုင်မလား"

"လက်ခံနိုင်ပါတယ်"

"ဒါဆိုရင် ကျွန်မလက်ကို လွှတ်ပါတော့"

"အဲဒီတာဝန်ခံရဲ့ နာမည်ကို သိချင်သေးတယ်"

"ဘာလုပ်ဖို့လဲ"

"နောင်တစ်ချိန်မှာ သူနဲ့ဆက်သွယ်ပြီး အပေးအယူ လုပ်နိုင်အောင်လို့ပေါ့"

"ရှယ်ရှင်"

"ကျေးဇူးပါပဲ"

ကောင်းလင်ဖုန်းသည် စကားတည်သည်။ ချန်လီလီထံမှ သတင်းစကားကို ရပြီးသည်နှင့် သူ ပြောဆို သဘောတူထားသည့်အတိုင်း ချန်လီလီကို ပြန်လွှတ်ပေးလိုက်သည်။

သို့သော်။

ပြောဆိုသဘောတူထားမှုတွင် မပါသော လှုပ်ရှားမှုတစ်ခုကိုတော့ ကောင်းလင်ဖုန်း ပြုလုပ်လိုက်သည်။

ထိုလှုပ်ရှားမှုမှာ ချန်လီလီ၏ ပျော့ခွေကြောကို ပိတ်ပစ်လိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ဖမ်းထားမှုမှ လွတ်သွားသော်လည်း အကြောပိတ်ခံလိုက်ရသည့်အတွက် ချန်လီလီမှာ ပျော့ခွေကာ ကြမ်းပြင်ပေါ် လဲကျသွားသည်။

ကောင်းလင်ဖုန်းသည် ချန်လီလီကို ပြောင်ချော်ချော်နှင့် ကြည့်ပြီး အခန်းထဲမှ ထွက်သွားသည်။

* * *



## အခန်း(၇)

လေးလပိုင်း ငါးရက်နေ့။ ပြည့်စုံ စားသောက်ဆိုင်၏ အရောင်းအဝယ်ပွဲ ပြီးသွားပြီဖြစ်သော်လည်း ထိုအရောင်းအဝယ်ပွဲ၏ ဂယက်ကတော့ စိတ်တိုင်းကျ ပြည့်စုံရွာထဲတွင် ရိုက်ခတ်နေဆဲဖြစ်သည်။

ဤသည်မှာလည်း စိတ်တိုင်းကျပြည့်စုံရွာ၏ ထုံးစံတစ်ခုပင်ဖြစ်သည်။ ပြည့်စုံ စားသောက်ဆိုင်၏ အရောင်းအဝယ်ပွဲတစ်ခုပြီးစီးသွားတိုင်း ထိုပွဲတွင် အရောင်းအဝယ်ပြုမှုများနှင့် ပတ်သက်၍ ဝေဖန်ပြောဆိုကြခြင်း၊ လာမည့် လဆန်းငါးရက်နေ့ ရောင်းဝယ်ပွဲတွင် မည်သည့်အရောင်းအဝယ်မျိုးဖြစ်မည်ကို ခန့်မှန်းပြောဆိုခြင်းတို့သည် စိတ်တိုင်းကျပြည့်စုံရွာသို့ လာရောက်ကြသည့် သိုင်းသည်သည်တို့အတွက် စိတ်လှုပ်ရှားဖွယ် အရသာတစ်မျိုး ဖြစ်သည်။

အချို့ သိုင်းသမားများဆိုလျှင် ရောင်းလိုဝယ်လိုခြင်း မရှိပါပဲနှင့် စိတ်တိုင်းကျပြည့်စုံရွာသို့ ဤလို စိတ်လှုပ်ရှားမှုမျိုး ခံစားရရန် တမင်လာရောက်ကြခြင်း ဖြစ်ကြသည်။

လေးလပိုင်း ငါးရက်နေ့တွင် ပြုလုပ်ခဲ့သည့် ပြည့်စုံ စားသောက်ဆိုင်၏ အရောင်းအဝယ်ပွဲတွင် သိုင်းသမားအပေါင်း

www.burmeseclassic.com

www.burmeseclassic.com



အဂို့ စိတ်ဝင်စားစရာ အကောင်းဆုံးမှာ အပျော်မယ် ရိပ်ရင်ကူကို အသပြာတစ်သိန်းနှင့် အရဝယ်ယူလိုခြင်းပင် ဖြစ်သည်။

မည်သူကများ ရိပ်ရင်ကူလို အမျိုးသမီးတစ်ယောက်ကို အသပြာတစ်သိန်း အကုန်အကျခံကာ အရယူချင်ရသနည်း။

မည်သူက အသပြာတစ်သိန်းကို မက်မောကာ ရိပ်ရင်ကူအား ဆောင်ကြဉ်းပေးမည်နည်း။

ရိပ်ရင်ကူလို သိုင်းပညာရှင် မိန်းမပျိုတစ်ယောက်ကို ဒဏ်ရာဒဏ်ချက်မရှိပဲ အမိအရ ဖမ်းပေးနိုင်ပါမည်လော။

ထို့ကြောင့် လေးလပိုင်း ငါးရက်နေ့ ပြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲအတွက် ရောက်လာကြသော သိုင်းသမားအများစုမှာ ပြန်လည်ထွက်ခွာသွားခြင်း မပြုကြသေးပဲ စိတ်တိုင်းကျပြည့်စုံရွာတွင်ပင် ဆက်လက် နေထိုင်နေကြလေသည်။

စိတ်တိုင်းကျပြည့်စုံရွာတွင် ဆက်လက် နေထိုင်နေကြသူများထဲတွင် ရွှေလှံရှင် ကိုးရန်မိန်၊ ပလွေနက် စွန်းလူယိနှင့် ခားမပျံကိုဏ်းမှ ဂိုဏ်းမှူးကြီး လေးယောက်တို့လည်း ပါဝင်ပေသည်။

ရွှေလှံရှင် ကိုးရန်မိန်သည် ရိပ်ရင်ကူကဲ့သို့ပင် နတ်နန်းဆောင် တည်းခိုရိပ်သာ၏ အထူးတည်းခိုဆောင်တစ်ခုတွင် ငှားရမ်းနေထိုင်သည်။

သို့သော် သူသည် တည်းခိုဆောင်တွင် နေသည့်အချိန်ကနည်းပြီး နတ်နန်းဆောင် တည်းခိုရိပ်သာအနီးရှိ လောင်းကစားဝိုင်းတွင် အချိန်ဖြုန်းနေသည်က များသည်။

ပလွေနက် စွန်းလူယိလည်း နတ်နန်းဆောင် တည်းခိုရိပ်သာ၏ အထက်တန်း တည်းခိုခန်းတစ်ခုတွင် တည်းခိုနေထိုင်သည်။



သူသည် ရိုးသားအေးဆေးကာ များသောအားဖြင့် ရွာအပြင်ဘက် တောအုပ်ထဲသို့သွားကာ ပလွေမှုတ်ရင်း အချိန်ဖြုန်းနေတတ်သည်။

ခားမပျံဂိုဏ်းမှ ဂိုဏ်းမှူးကြီး လေးယောက်တို့မှာမူ များသောအားဖြင့် အခန်းအောင်းကာ စားလိုက်သောက်လိုက် ပြုနေတတ်သည်။ သူတို့တွင် အရေးကြီးသော ကိစ္စတစ်ခုလုပ်ဆောင်ရန် ရှိနေသလိုလို သတင်း သိုးသိုးသန့်သန့်လည်း ထွက်လာသည်။ ထိုသတင်း ဟုတ်မဟုတ်မူ မည်သူမှ မပြောနိုင်ပေ။

လေးလပိုင်း ခုနစ်ရက်နေ့တွင် နတ်နန်းဆောင် တည်းခိုရိပ်သာသို့ သိုင်းသည့်သည်တစ်ယောက် ထပ်မံရောက်ရှိလာသည်။ ထိုသိုင်းသည့်သည်မှာ ကျောက်စိမ်းမင်းသား အိုက်တာရင့်ပင် ဖြစ်ပေတော့သည်။

* * *

အိုက်တာရင့်သည် ရုပ်ရည်ချောမောသော လုလင်ပျိုတစ်ယောက် ဖြစ်သည်။ ထိုသို့ ရုပ်ရည်ချောမောသောကြောင့်လည်း ကျောက်စိမ်းမင်းသားဟု အမည်ရနေခြင်းဖြစ်သည်။

ယခု နတ်နန်းဆောင် တည်းခိုရိပ်သာသို့ ရောက်လာသော ကျောက်စိမ်းမင်းသား အိုက်တာရင့်၏ အသွင်ကတော့ ခါတိုင်းနှင့်မတူပဲ ထူးခြားနေသည်။

အိုက်တာရင့်၏ မျက်နှာမှာ မရွှင်မပျပဲ မှုန်ကုပ်ကုပ်ဖြစ်နေသည်။ တစ်စုံတရာ စိတ်အနှောင့်အယှက် ဖြစ်နေသည့် အသွင်မျိုးဖြစ်သည်။ မိတ်ဆွေ တစ်ယောက်ယောက်နှင့် တွေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



ဖြူးရယ်နှုတ်ဆက်ရာတွင်လည်း သူ့အပြုံးသည် သိပ်မတောက်ပပဲ ကြိုးစားကာပြုံးရသည့် အပြုံးမျိုးဖြစ်နေသည်။

အိုက်တာရင့်တစ်ယောက် ဘာဖြစ်လာသနည်း။

လေးလပိုင်း လဆန်းငါးရက်နေ့ ပြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲတွင် ရောင်းချခဲ့သည်တို့မှာ မင့်ကူအကျီ၊ ခရမ္မေ စားအိမ်နှင့် ထန်ဟန်၏ သိုင်းပညာစာစ်မြစ် ဆရာသမားအမည်တို့ ဖြစ်သည်။

ဒါတွေသည် အိုက်တာရင့်နှင့် မပတ်သက်ပေ။

ဝယ်လိုသောအရာဖြစ်သည့် အပျော်မယ် ရိပ်ရင်ကူဆိုလျှင် ဝို၍ ပတ်သက်မှုမရှိပေ။

အိုက်တာရင့်သည် နတ်နန်းတော် တည်းခိုရိပ်သာတွင် အထက်တန်းအခန်းတစ်ခု ငှားရမ်းကာ ပစ္စည်းများထားပြီးနောက် ရွာထဲသို့ ထွက်လာခဲ့သည်။

ထိုသို့ ထွက်လာရာတွင် အိုက်တာရင့်သည် သာမန်ချည်ကြမ်း အဝတ်အထည်များကိုသာ ဝတ်ဆင်ကာ မထင်မရှား ခပ်ကုပ်ကုပ် အသွင်ဖြင့် ထွက်လာခြင်းဖြစ်သည်။

ခါတိုင်း အကောင်းစား အဝတ်အထည်များကို ဟန်ကျကျ ဝတ်တတ်သော ကျောက်စိမ်းမင်းသား အိုက်တာရင့်သည် မည်သည့် အတွက်ကြောင့် ချည်ကြမ်းအထည်များကိုဝတ်ကာ ထွက်လာရ သနည်း။

သူ့တွင် မည်သို့သော လျှို့ဝှက်ကိစ္စ ရှိသနည်း။

သူ မည်သည့်နေရာသို့ သွားလေသနည်း။

***



ကျောက်စိမ်းမင်းသား အိုက်တာရင့်သည် အိပ်မက်ဂေဟာ ထဲသို့ အသာဝင်ရောက်လာခဲ့သည်။

အိုက်တာရင့် ရောက်လာသည်ကို တွေ့ရသောအခါ ငိုက်မြည်းနေသော ညှို့ကြိုလုလင်လေးသည် အသာထရပ်ကာ ...

"ဟော ... ဆရာလေး ကြွပါ ကြွပါ"

ထွီးစံအရ ညှို့ဝတ်ပြုကာ ကြိုဆိုရသော်လည်း ညှို့ကြို လုလင်လေးမှာ တသမ်းသမ်း တဝေဝေ ဖြစ်နေသည်။

အိုက်တာရင့်သည် တံခါးမှအတွင်းသို့ အသာခေါင်းပြူကာ ငွေသိမ်းစားပွဲဘက်သို့ လှမ်းကြည့်သည်။

ငွေသိမ်းစားပွဲတွင် မည်သူမှမရှိ။ အိပ်မက်ဂေဟာအတွင်း ဘက်ပိုင်းတွင်လည်း လူရိပ်လူယောင် မတွေ့ရပဲ ခြောက်ကပ် နေသည်။

ဆိုင်ထိုင်လူကြီးထံတွင် မေးမြန်းစုံစမ်းကြည့်ရန် ကြံရွယ် ထားသော အိုက်တာရင့်မှာ ညှို့ကြိုလုလင်လေးကိုသာ မေးရလေ တော့သည်။

"ကျွန်တော့်နာမည် အိုက်တာရင့်ပါ၊ ကျွန်တော့်ကိုတွေ့ဖို့ လူတစ်ယောက်ယောက်က ချိန်းဆိုမထားဘူးလား"

"ဒီလိုချိန်းဆိုမှုတွေကို ကျွန်တော် မသိဘူး၊ ဆိုင်ထိုင်လူကြီး ပဲ သိလိမ့်မယ်"

"ဆိုင်ထိုင်လူကြီး ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ညွှန့်ကြိုလုလင်လေး အတော်ဖြေရခက်သွားသည်။

အိပ်မက်ဗေဟာသည် နေ့လယ်ပိုင်းလောက်တွင်မှ စတင်စည်ကားကာ ညနေပိုင်းအချိန်များတွင် အစည်ကားဆုံးဖြစ်ပေသည်။

ညွှန့်ကြိုလုလင်လေးသည် ခဏစဉ်းစားလိုက်ကာ ...

"ဆိုင်ထိုင်လူကြီး မကြာခင် ရောက်လာပါလိမ့်မယ်"

"ဒါဆို ကျွန်တော် ဒီမှာပဲ အရက်သောက်ပြီး စောင့်နေချင်တယ်၊ ဖြစ်ပါတယ်နော် သိပ်များစောနေသလား"

အိုက်တာရင့်က ပြောလိုက်သည်။

"ဟာ ... ဖြစ်ပါတယ် ဖြစ်ပါတယ်၊ ကြွပါ ကြွပါ"

ညွှန့်ကြိုလုလင်လေးက ထိုသို့ပြောပြီး အိုက်တာရင့်ကို ဆိုင်အတွင်းသို့ ဖိတ်ခေါ်လာခဲ့သည်။

ဆိုင်အတွင်းဘက်တွင် အလယ်ခေါင်နေရာမှ အခန်းရှည်ဖွဲ့ထားသော အားတစ်ဖက်တစ်ချက်တွင် သီးသန့်အခန်းလေးများရှိသည်။

ညွှန့်ကြိုလုလင်လေးက အိုက်တာရင့်ကို အစွန်ဆုံးအခန်းလေးရှိရာသို့ ခေါ်သွားသည်။

"ဆရာလေးကိုညွှန့်ခံဖို့ ဘယ်သူ့ကို စေလွှတ်ပေးရမလဲခင်ဗျာ"

အိုက်တာရင့်ကို အခန်းထဲသို့ အရောက်ပို့ပေးပြီးနောက် ညွှန့်ကြိုလုလင်လေးက မေးသည်။

"ကျွန်တော် ဒီကို ပထမဆုံးအကြိမ် ရောက်လာတာပါ၊ ဘယ်သူနဲ့မှ မသိကျွမ်းပါဘူး၊ သင့်တော်မဲ့ တစ်ယောက်ကိုသာ စေလွှတ်ပေးပါ"



အချိန်အတန်ကြာမှ အရက်နှင့်ဟင်းလျာများ ရောက်လာသည်။ အိုက်တာရင့်ကို ညွှန့်ခံရန်မိန်းမပျိုတစ်ဦးလည်း ပါလာသည်။

ထိုမိန်းမပျိုမှာ သိုင်းမင်းသား ကျန်းထင်ကျင့်ကို ညွှန့်ခံနေကျဖြစ်သူ လိန်လိန်ပင် ဖြစ်သည်။

* * *

လိန်လိန်သည် အိပ်ရေးမဝသေးသည့်အသွင်ဖြင့် မျက်တောင်ခင်းလျက်သား ရှိနေသည်။

ခြေလှမ်းများကလည်း မလှမ်းချင် လှမ်းချင်နှင့် လျှောက်လှမ်းလာသည်။

အိပ်ချင်မူးတူးဖြစ်နေသော လိန်လိန်၏ မှေးစင်းနေသည့် မျက်လုံးများသည် အခန်းထဲတွင်ထိုင်နေသော အိုက်တာရင့်ကို မြင်လိုက်သည်နှင့် ချက်ချင်းပင် ကျယ်လာသည်။ အိပ်ချင်နေမှုများလည်း ပပျောက်သွားသည်။

ဤမျှလောက် ရုပ်ရည်ချောမောပြီး ခွဲမက်စရာကောင်းသည့် ယောကျ်ားမျိုးကို လိန်လိန် မတွေ့ဖူးပေ။

အိုက်တာရင့်ကတော့ လိန်လိန်ကို မော်၍ပင်မကြည့်ပေ။ အလွန်ပင် စိတ်မောလူမောဖြစ်ဟန်ဖြင့် ထိုင်နေသည်။

သည်ရွာ၏ အစဉ်အလာအတိုင်းသာ ညွှန့်ခံရန် မိန်းမပျိုကို ခေါ်လူရသည်။ အိုက်တာရင့်သည် ထိုမိန်းမပျိုကို စိတ်ဝင်စားခြင်း မရှိပေ။ တတ်နိုင်ပါလျှင် တစ်ယောက်တည်းသာ အရက်သောက်နေလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖူးပွင့်စ ပန်းကလေးတစ်ပွင့် အသွင်မျိုးသို့ ပြောင်းသွားသော လိန်လိန်သည် အိုက်တာရင့်၏ ဘေးနားတွင် ပူးပူးကပ်ကပ် ထိုင်ချလိုက်သည်။

"အစ်ကို့နာမည် ဘယ်လိုခေါ်လဲ"

လိန်လိန်က မူနွဲ့နွဲ့အသံလေးဖြင့် မေးသည်။

ယောကျ်ားသားတို့၏ အသည်းစိုင်ကို ဆွဲကိုင်လှုပ်ရှားနိုင်လောက်သည့် အသံလေးဖြစ်သော်လည်း အိုက်တာရင့်ကမူ မည်သို့မှ မလှုပ်ရှားပေ။

"အိုက်တာရင့်ပါ"

အေးစက်စက်ဖြင့်သာ အဖြေပေးလိုက်သည်။

"ကျွန်မက လိန်လိန်ပါ၊ အရက်သောက်ပါဦး အစ်ကိုရဲ့"

လိန်လိန်က ထိုသို့ပြောပြီး အရက်ခွက်ထဲသို့ အရက်များ ငှဲ့ပေးလိုက်သည်။

လိန်လိန်ကတော့ အစွမ်းကုန် ညှို့ခံပြုစုနေရှာသည်။

အချိန်က တရွေ့ရွေ့ ကုန်သွားသည်။

လိန်လိန်၏ ပျူငှာသော ညှို့ခံမှုကြောင့် အိုက်တာရင့်၏ ညစ်ညူးနေသောစိတ်များ အနည်းငယ် ကြည်လင်လာဟန်တူသည်။ အစတုန်းကလို ခေါင်းသာညိတ်မနေတော့။ စကားအတော်အသင့် ပြန်ပြောလေသည်။

နေ့လယ်ပိုင်းအချိန်သို့ ရောက်ပြီမို့ အိမ်မကြေဟာတွင်လည်း လူများစည်ကားစ ပြုလာသည်။

ထိုအချိန်တွင် အပြင်ဘက်ဆီမှ အော်ဟစ်ပြောလိုက်သော ခပ်သြသြ စကားသံတစ်ခု ရုတ်တရက် ပေါ်လာသည်။



"ဟော့ ... လိန်လိန်ကော ဘယ်ရောက်နေလဲ"

စားပွဲထိုးတစ်ယောက်၏ ပြန်ဖြေလိုက်ဟန်တူသော ဖြေသံက ဆက်ပေါ်လာသည်။

"ဧည့်သည်တစ်ယောက်ကို ဧည့်ခံနေပါတယ်"

"သွား၊ အဲဒီကောင်မလေးကို အခုချက်ချင်း ငါ့ကို လာဧည့်ခံဖို့ခေါ်လိုက်"

"ဟာ ... ဆရာကြီးဟာက မဟုတ်သေးပါဘူး"

"ဘာမဟုတ်တာလဲ"

"ကျွန်တော်တို့ဆိုင်ရဲ့ စည်းကမ်းကို ဆရာကြီး သိပါတယ်၊ ဒီလိုကြားဖြတ်ပြီး"

စားပွဲထိုး၏စကားသံ တစ်ပိုင်းတစ်စနှင့်ပြတ်ကာ ဖြန်းခနဲ ပါးရိုက်လိုက်သံ ပေါ်လာသည်။

အသံသြသြနှင့်လူကြီးက စားပွဲထိုးကို ပါးရိုက်လိုက်ဟန် တူသည်။

"မင်းက ငါ့ကို ကလန်ကဆန် လုပ်ချင်တာလား၊ သွား လိန်လိန်ကို အခုခေါ်လာခဲ့"

"ဒီလူကြီးအသံ နားထောင်ရတာ ကြမ်းကြမ်းရမ်းရမ်းနဲ့ စိတ်ထင်တိုင်း လုပ်မဲ့ပုံပဲ၊ အပြင်ဘက်က စားပွဲထိုးလေး အလကား တစ်သက် အရိုက်အနှက် ခံနေရဦးမယ်၊ လိန်လိန် သူ့ကို သွားတွေ့လိုက်ပါလား"

အိုက်တာရင့်က လိန်လိန်ကို ပြောလိုက်သည်။

လိန်လိန်ကတော့ မွှန်ရည်ချောမောသော အိုက်တာရင့်၏ ပါးမှ ခွာမသွားလို။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလူရမ်းကားမျိုး အမြဲရှိနေပါတယ်၊ ဆိုင်ထိုင်လူကြီးဟူအော့က ကြည့်ပြီးထိန်းလိုက်ပါ့မယ်၊ ရော့ ... အစ်ကို ဒီဟင်းလျာကို စားလိုက်ပါဦး"

လိန်လိန်က ထိုသို့ပြောပြီး ဝက်သားတုံးတစ်ဖတ်ကို တူဖြင့်ညှပ်ယူကာ အိုက်တာရင့်ကို ကျွေးသည်။ အိုက်တာရင့်လည်း အလိုက်သင့်သဘောဖြင့် လိန်လိန် ကျွေးသည်ကို အသာစားလိုက်သည်။

မကြာမီမှာပင် အိုက်တာရင့် ရှိနေသော သီးသန့်ခန်းလေး၏ တံခါး ဝုန်းခနဲပွင့်ကာ လူကြမ်းကြီးတစ်ယောက် တံခါးဝတွင် မားမားကြီး ရပ်လာသည်။

ထိုလူကြီးသည် အရပ်မြင့်မားကာ ကိုယ်ခန္ဓာလည်း ကြံ့ခိုင်ထွားကျိုင်းလှသည်။

မျက်နှာတွင် ကျောက်ပေါက်မာဗရပွနှင့် ကြမ်းကြုတ်ခက်ထန်မည့် အသွင်ရှိသည်။

လက်ကိုင်ရိုးရှည်သော ဓားတစ်လက်ကို ခါးတွင်ချိတ်ထားသည်။ ဓားအိမ်ကို ကျားသစ်ရေဖြင့်ဖုတ်ကာ လှပစွာ ပြုလုပ်ထားသည်။

တံခါးကို တွန်းဖွင့်လာသော လူထွားကြီးသည် လိန်လိန်နှင့်အတူ မွန်ရည်ချောမောသော လူရွယ်တစ်ယောက် ရှိနေသည်ကို မြင်ရသောအခါ မနှာလိုစိတ်များ ပေါ်လာကာ ပို၍ ဒေါသဖြစ်သွားသည်။

"လိန်လိန်၊ မင်းက လူရည်ချောတစ်ယောက်နဲ့ အဖော်ပြုနေရလို့ ငါ ခေါ်တာကို မလာနိုင်တာကိုး၊ ဒီကောင်လေးက



ချောပေမဲ့ ပျော့ပျော့နွဲ့နွဲ့နဲ့ ငါ့လောက် သန်စွမ်းမှုမရပါဘူး၊ အလကား မိန်းမလျာလေးပါ"

လူထွားကြီးက မဲ့ကာရွဲ့ကာ ပြောသည်။

ကျောက်စိမ်းမင်းသားက လူထွားကြီးကို ကြည့်လိုက်ပြီး ...

"ဒီမယ်မိတ်ဆွေ စကားပြောရင် ကြည့်ပြောစေချင်တယ်"

"မင်းက ကျုပ်ကို ဆရာလာလုပ်တာလား"

"သားရဲဆယ့်သုံးဖော်ထဲက ကျားသစ် လျှိုမာဖိုးဆိုတာ ကျုပ်ပဲ၊ မင်းလို ကန့်ကလန့် ကောင်လေးမျိုးနဲ့ ကျုပ် လျှိုမာဖိုးက ဘက်ပြိုင်မနေချင်ဘူး၊ ဒီတော့ ဒီနေရာက အမြန်ဆုံးထွက်သွား၊ ကောင်မလေးကတော့ ငါ့ကိုပြုစုပေး"

"သြော် ... ခင်ဗျားက ရွှေခြေသေ့ ချိုက်ကူကွမ်းရဲ့ အမှတ်ရှစ် ညီငယ်လေးကိုး"

ကျားသစ်မှာ မျက်နှာကွက်ခနဲ ပျက်သွားကာ ...

"မင်းက အစ်ကိုကြီး ရွှေခြေသေ့နဲ့ တွေ့ဆုံဖူးသလား"

"အင်း"

"ဘယ်နေရာမှာလဲ"

"ဖုန်လင်ဆိပ်ကမ်း"

ကျားသစ် လျှိုမာဖိုးက သိသိသာသာ တုန်လှုပ်သွားသည်။ မျက်နှာတွင်လည်း သွေးရောင်မဲ့သလို တစ်ချက်ဖြစ်သွားသည်။

ဖုန်လင်ဆိပ်ကမ်းတွင် မိမိတို့၏အစ်ကိုကြီး ရွှေခြေသေ့ ချိုက်ကူကွမ်းသည် ကျောက်စိမ်းမင်းသား အိုက်တာရင့် လက်ချက်ဖြင့် ရှုမလှ အရေးနိမ့်ခဲ့ရပုံကို သူ ကောင်းကောင်းသိထားသည်။

"ဟာ ... ဒါဆို ဟို ... ကျောက်စိမ်းမင်းသား"

www.burmeseclassic.com

www.burmeseclassic.com


ကျားသစ်က အလန့်တကြား ရေရွတ်သည်။

"ဒီမိန်းကလေး လိန်လိန် ညှော်ခံတာကိုတော့ လိုချင်နေတုန်းပဲလား"

"မဝံ့ရဲပါဘူး ... မဝံ့ရဲပါဘူး၊ ကျုပ်မှာ လုပ်ဆောင်စရာကိစ္စ ရှိနေတာကြောင့် အရက်မသောက်တော့ပါဘူး"

"လုပ်စရာကိစ္စ ရှိတယ်ဆိုရင် ဘာကြောင့် မြန်မြန်မသွားသေးတာလဲ"

ကျားသစ် လှမှီမာဖိုးသည် ကြီးမားသော အပြစ်ဒဏ်တစ်ခုမှ ချမ်းသာရာရသွားသည့် အသွင်မျိုးဖြင့် အိုက်တာရင့်ကို အထပ်ထပ် အရိုအသေပေးကာ အပြေးထွက်ခွာသွားသည်။

BURMESE CLASSIC

***

ကျားသစ် လှမှီမာဖိုး ထွက်ခွာသွားသည်။

ထိုအခါတွင်မှ အိုက်တာရင့်သည် သက်ပြင်းရှည်ကြီး တစ်ချက်ချကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

လိန်လိန်သည် အိုက်တာရင့်ကို အံ့ဩသော မျက်နှာလေးဖြင့် ကြည့်နေသည်။

အိုက်တာရင့် အသွင်မှာ အပြင်းအထန် ဖျားနေရာမှ ပျောက်ကင်းကာစ အားနည်းနေသည့် လူမမာတစ်ယောက် အားစိုက်ခွန်စိုက်လုပ်ရသည့် အလုပ်တစ်ခုကို အားခဲကာလုပ်ပြီး၍ ခြေပစ်လက်ပစ် ဖြစ်သွားသည့်အသွင်မျိုး ဖြစ်နေသည်။

မွန်ရည်ချောမောသော အိုက်တာရင့်အပေါ် သံယောဇဉ် ရှိနေမိပြီဖြစ်သော လိန်လိန်သည် အမွှေးနံ့သာများ ဆွတ်ထားသော လက်ကိုင်ပဝါကိုထုတ်ကာ အိုက်တာရင့်၏ နဖူးပြင်တွင် စို့နေသည့် ချွေးသီးချွေးပေါက်တို့ကို အသာတို့ပေးလိုက်လေသည်။

"အစ်ကို ကြည့်ရတာ နေမကောင်း ဖြစ်နေသလိုပါလား"

လိန်လိန်က ကြင်နာစွာ ပြောလိုက်သေးသည်။

အိုက်တာရင့်သည် မျက်နှာတစ်ချက် ပျက်သွားကာ ...

"နေမကောင်းဖြစ်တာ မဟုတ်ပါဘူး၊ ညက အအေး နည်းနည်း မိသွားလို့ပါ"

"ဆေးဆရာ သွားပြမလား"

"မလိုပါဘူး မလိုပါဘူး၊ အရက်လေး နည်းနည်းသောက်လိုက်ရင် နွေးထွေးပြီး အအေးမိတာ ပျောက်သွားမှာပါ"

လိန်လိန်က အရက်တစ်ခွက် ငှဲ့ပေးနေချိန်တွင် ရိပ်ခနဲ လှုပ်ရှားမှုနှင့်အတူ အခန်းထဲသို့ လူတစ်ယောက် ဝင်ရောက်လာသည်။

ထိုသို့ ရောက်လာသူမှာ ဖိုးစပ်စု ကောင်းလင်ဖုန်းပင် ဖြစ်လေသည်။

***

www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲသို့ ဖိုးစပ်ဇု ကောင်းလင်ဖုန်း ရောက်ရှိလာသည်။

ဝင်လာသူမှာ ကောင်းလင်ဖုန်းဖြစ်ကြောင်း သိသည်နှင့် အိုက်တာရင့်၏ မျက်နှာပေါ်တွင် အားတက်သည့် အရိပ်အယောင်များ ပေါ်လွင်လာသည်။

ကောင်းလင်ဖုန်းသည် အခန်းထဲသို့ ဝင်လာသော်လည်း အိုက်တာရင့်ကို နှုတ်ဆက်ခြင်းမပြု။ လိန်လိန်ကိုသာ လှမ်းကြည့်၍ မေးခွန်းထုတ်သည်။

"ဒီနေ့ရာမှာ ပိုင်ကျိုကွားဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိသလား"

လိန်လိန်က ခေါင်းညိတ်ပြပြီး ...

"ရှိပါတယ်"

"ကျေးဇူးပြုပြီး သူ့ကို သွားခေါ်ပေးပါလား၊ ကောင်းလင်ဖုန်းက ခေါ်တာဆိုရင် သူ သိပါတယ်"

"ဟုတ်ကဲ့"

လိန်လိန်သည် ထိုသို့ပြောပြီး အခန်းအပြင်သို့ ထွက်သွားလေသည်။

"စောစောတုန်းက ကျားသစ် လျှိုမာဖိုး ဒီဆိုင်ကနေ ထွက်သွားတာ မြင်လိုက်ရတယ်၊ ဒီလူနဲ့ ခင်ဗျား ဆုံမိသေးလား"

အိုက်တာရင့်က မချိပြုံးပြုံးကာ ...



"မဆုံမိပဲနေပါ့မလား၊ ကျွန်တော်က မနည်းအားတင်းပြီး ဟန်ဟိတ်ထုတ်ပြီး သူ့ကို ခြောက်လှန့်လိုက်ရတယ်၊ ကျွန်တော် အတွင်းဒဏ်ရပြီး သိုင်းပညာတွေ မသုံးနိုင်ပဲ ဖြစ်နေတာကို သူ မရိပ်မိလို့ တော်သေးတယ်၊ မဟုတ်ရင် ကျွန်တော့်မှာ အသက်ဆယ်ချောင်းရှိတာတောင် သေသွားရမှာပဲ"

"အင်း ... တော်သေးတယ်"

"ခင်ဗျား ဒီကိုရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"ခြောက်ရက်လောက်ရှိပြီ"

"ကိစ္စတွေ အဆင်ပြေရဲ့လား"

ဖိုးစပ်ဇု ကောင်းလင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"လဆန်းနှစ်ရက်နေ့က ကြေးစားသိုင်းသမား ကျူးချိဟာ သွေးလက်ဝါးပတ်ကုန်းကို သတ်ဖြတ်ခဲ့တယ်၊ ပြီးတော့ အာကာနန်း ပျော်တော်ဆက် စားသောက်ဆိုင်ကိုသွားပြီး ရိပ်ရင်ကူ လက်ထဲကို ဘူးငယ်တစ်ခု ပေးအပ်ခဲ့တယ်၊ အဲဒီဘူးငယ်ထဲမှာ ကျောက်စိမ်းဝါဆံထိုး ရှိနိုင်တယ်"

"ခင်ဗျားက ဘာကြောင့် ရိပ်ရင်ကူဆီကို သွားတွေ့ပြီး မေးမကြည့်တာလဲ၊ သူ့ဆီမှာ ရှိတယ်ဆိုရင် သူတောင်းတဲ့ဈေးပေးပြီး ဝယ်လိုက်ရုံပေါ့"

"ရိပ်ရင်ကူကို ကျွန်တော် တွေ့နိုင်ဖို့ ကြိုးစားပါတယ်၊ ခင်ဗျား သိတဲ့အတိုင်း ရိပ်ရင်ကူက သွားလာလှုပ်ရှားနေတာဆိုတော့ တွေ့တွေ့ဆိုင်ဆိုင် တွေ့နိုင်ဖို့မလွယ်ဘူး၊ ဟိုတစ်နေ့က သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဒီအိပ်မက်ဂေဟာက သီးသန့်ခန်းတစ်ခန်းထဲမှာ ရှိနေတာကို တွေ့မိတယ်၊ ဒါပေမဲ့ သူ့အနားမှာ မီးခဲထန်ဟန်နဲ့ သိုင်းမင်းသား ကျန်းထင်ကျင့်တို့လည်း အတူရှိနေကြလေတော့ ကျွန်တော့်အနေနဲ့ ဒီကိစ္စကို ဖုတ်ဖော်မေးလို့ မဖြစ်ခဲ့ဘူးလေ"

"နောက်ထပ် ရိပ်ရင်ကူကိုတွေ့ပြီး မေးကြည့်နိုင်မဲ့ အခွင့်အလမ်း မရှိတော့ဘူးလား"

"မရှိသလောက်ကို နည်းနေပြီ"

"ဘာကြောင့်လဲ"

"ရိပ်ရင်ကူကို ငွေအသပြာတစ်သိန်းပေးပြီး ဝယ်ချင်တဲ့လူ ပေါ်နေတဲ့အကြောင်း ခင်ဗျား မကြားမိဘူးလား"

"ကြားမိပါတယ်၊ ဒါက ကျောက်စိမ်းဝါ ဆံထိုးအကြောင်း ရိပ်ရင်ကူနဲ့ ပြောဆိုတဲ့ကိစ္စနဲ့ ဘာဆိုင်လို့လဲ"

"ရိပ်ရင်ကူကို သွားတွေ့ရင် ကျွန်တော့်အပေါ် တစ်မျိုးတစ်မည်ထင်ပြီး အန္တရာယ် ပေးလာမှာစိုးလို့ပါ"

"ခင်ဗျားပြောတာ ကျွန်တော် နားမလည်ပါလား၊ ဘယ်သူက အန္တရာယ်ပေးမှာလဲ"

"ရိပ်ရင်ကူက ဘယ်လိုမာယာမျိုး သုံးလိုက်တယ်မသိဘူး မီးခဲထန်ဟန်ကို ကောင်းကောင်း စေစားနေနိုင်တယ်၊ အခု မီးခဲထန်ဟန်က ရိပ်ရင်ကူရဲ့ အနီးကပ် ကိုယ်ရံတော်လို ဖြစ်နေတယ်"

"ဒါဆိုရင် ခင်ဗျားက ဘယ်သူအန္တရာယ်ပေးမှာကို ကြောက်နေတာလဲ"

"ဒေါင်းညီအစ်မ သုံးဖော်ကိုပါ"



"အလို ဒေါင်းညီအစ်မသုံးဖော်ကို ခင်ဗျားက ဘာကြောင့် လန့်နေရတာလဲ"

"ကျွန်တော်နဲ့ထန်ဟန် ရင်းနှီးမှုန်း ဒေါင်းညီအစ်မသုံးဖော်တို့က သိနေတယ်၊ ပြီးတော့ ရိပ်ရင်ကူကို ငွေအသပြာတစ်သိန်း ပေးပြီး အရဝယ်ချင်တာ ဒေါင်းညီအစ်မသုံးဖော် ဖြစ်ကြောင်းကိုလည်း ကျွန်တော်က သိထားတယ်၊ တကယ်လို့ ကျွန်တော်ကသာ နတ်နန်းတော် တည်းခိုရိပ်သာက ရိပ်ရင်ကူရဲ့ တည်းခိုဆောင်ကို သွားမယ်ဆိုရင် ဒေါင်းညီအစ်မသုံးဖော်တို့က သူတို့အကြောင်း ထန်ဟန်ကို သွားပြောတယ်လို့ ထင်ကြလိမ့်မယ်၊ ပြီးတော့ ဒေါင်းညီအစ်မ သုံးဖော်တို့က ကျွန်တော့်အပေါ် အငြိုးထားစရာ ကိစ္စတစ်ခုကလည်း လတ်တလော ဖြစ်ပွားခဲ့သေးတယ်"

"ဘာများလဲ ပြောစမ်းပါဦး"

ကောင်းလင်မှုန်းက မိမိနှင့်တကွ ဗုမ်စန်းတောင် မုတ်ဆိတ်ကြီး ရှန်ဝမ်ကျုံး၊ မိုးတစ္ဆေမယ် လန်ယောင်ပေဘက်တို့ကို ငွေဒေါင်းပျို ချန်လီလီက ထမင်းစားဖိတ်ကျွေးကာ ဟင်းချောများတွင် အဆိပ်ခတ်လုပ်ကြံခဲ့ပုံနှင့် မိမိ အဆိပ်မသင့်ပဲ ချမ်းသာရာ ရခဲ့ကြောင်းများကို ပြောပြသည်။

"ဒေါင်းညီအစ်မသုံးဖော်နဲ့ ရိပ်ရင်ကူတို့ဟာ ပင်လယ်ရေနဲ့ တွင်းရေလို သူ့စည်းနဲ့သူ နေခဲ့တာပဲ၊ ဘာကြောင့် သူတို့က အသပြာတစ်သိန်းတောင်မှ အကုန်ခံပြီး ရိပ်ရင်ကူကို ဝယ်ယူချင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... သိပြီ သိပြီ၊ ခေါင်းညီအစ်မ သုံးဖော်ထဲက တစ်ယောက်က ထန်ဟန်ကို သဘောကျနေပြီထင်တယ်"

"ဟုတ်တယ်၊ ကြေးခေါင်းမ ချန်ဝမ်လန်က ထန်ဟန်ကို ကြိုက်နေတာ"

"ခေါင်းညီအစ်မသုံးဖော်ဟာ အပျော်အပါး ဝါသနာပါပြီး ရက်စက်ကြတယ်၊ ဒီလိုမိန်းမမျိုးကို ထန်ဟန်က စိတ်ဝင်စားမယ် မထင်ဘူး"

"အပြတ်ပြောလို့ မရဘူးလေ၊ အခု ထန်ဟန်ဟာ ရိပ်ရင်ကူနဲ့ တပူးတွဲတွဲဖြစ်နေတယ် မဟုတ်လား၊ ရိပ်ရင်ကူရဲ့ နာမည်က ခေါင်းညီအစ်မသုံးဖော်လောက် မကောင်းလှဘူး၊ ထန်ဟန်ဟာ အပျော်မယ် ရိပ်ရင်ကူနဲ့ တွဲနေလေတော့ ကြေးခေါင်းပျိုမဆီကို စားကျက်မပြောင်းနိုင်ဘူးလို့ ဘယ်ပြောလို့ရမှာလဲ"

"ထန်ဟန်ဟာ ကျူးချိုလိုလူစားမျိုး မဟုတ်ဘူး၊ သူက ရင်ရိပ်ကူနဲ့ အတူရှိနေတာဟာ ထူးခြားတဲ့ အကြောင်းတစ်ခုခုကြောင့် ဖြစ်လိမ့်မယ်၊ ကဲလေ ဒီအကြောင်းကို ထားလိုက်ပါတော့ ခင်ဗျားက သေသေချာချာ အာမခံထားခဲ့ပြီး အခု ဆေးအမည် ခုနစ်မျိုးမှာ ခြောက်မျိုးပဲရပြီး ကျောက်စိမ်းဝါတစ်မျိုး ကျန်နေပါလား၊ ခင်ဗျား ဒီရွာကိုရောက်နေတာ ငါးရက်လောက်ရှိနေပြီ အခုထက်ထိ ကျောက်စိမ်းဝါခံထိုးကို မရှာနိုင်သေးဘူးဆိုတော့ ခက်ပါတယ်ဗျာ"

ထိုသို့ပြောပြီးနောက် အိုက်တာရင့်သည် စိတ်ပျက်အားလျှော့သည့် အမူအရာဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။



"ဒီလောက်လည်း စိတ်ပျက်မသွားစမ်းပါနဲ့ဗျာ၊ သုံးရက်အတွင်းမှာ ကျောက်စိမ်းဝါခံထိုးကို ဝယ်လို့ပဲဖြစ်ဖြစ်၊ ခိုးလို့ပဲရရ၊ လုလို့ပဲဖြစ်ဖြစ် ရတဲ့နည်းနဲ့ ယူပေးပါ့မယ်"

"မင်းမှာ ဘယ်လိုအကြံမျိုး ရှိနေလို့လဲ"

"ဟော ... လိန်လိန်တို့ လာနေကြပြီ၊ ဒီအကြောင်း ရပ်ကြစို့"

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

ပလွေနက် စွန်းလူယီသည် သိုင်းပညာတွင် သိုင်းမင်းသား ကျွန်းထင်ကျွင့်ကို မမီပေ။ ရုပ်ရည်မှာလည်း ကျောက်စိမ်းမင်းသား အိုက်ဟားနှင့်လောက် ရည်မွန်ချောမောခြင်း မရှိပေ။ ကောင်းလင်ဖုန်းလိုလည်း အရာရာတွင် စပ်စပ်စုစုနှင့် မရှိတတ်ပေ။

စွန်းလူယီသည် ရိုးသားသည်။ တည်ကြည်သည်။ နေထိုင်ပြောဆိုရာတွင်လည်း စည်းစနစ်ရှိသည်။

ပလွေနက် စွန်းလူယီ၏ သိုင်းပညာသည် သိုင်းမင်းသား ကျွန်းထင်ကျွင့်ထက် တစ်ဆင့်နိမ့်သော်လည်း အစွမ်းအစကတော့ မသေးပါချေ။ သိုင်းလောက၏ ပထမတန်းစား သိုင်းသမားများစာရင်းတွင် ပါဝင်ပေသည်။

သူသည် သိုင်းပညာ အစွမ်းထက်မြက်သည့် သိုင်းလုလင်တစ်ယောက် ဖြစ်သော်လည်း သိုင်းလောကတွင် မည်သူနှင့်မျှ ရန်ငြိုးရန်စ မဖြစ်ဖူးပေ။ ပြဿနာ အရှုပ်အထွေးများနှင့်လည်း ပတ်သက်ခြင်းမရှိပေ။

ယခု စိတ်တိုင်းကျပြည့်စုံရွာသို့ ရောက်လာသည့်အခါတွင် ပြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲသို့ တက်ရောက်လာခဲ့



သည်မှအပ အရက်ဆိုင်၊ လောင်းကစားဝိုင်း၊ ဆောင်ကြာမြိုင်တို့သို့ သွားရောက်ခြင်းမရှိ။ ရိုးရိုးအေးအေးသာ နေခဲ့သည်။

သူသွားသည့် နေရာတို့မှာ ရွာပတ်ဝန်းကျင် တောအုပ်တောတန်းများထဲသို့ လှည့်လည်သွားလာကာ သဘာဝရှုခင်းအလှများကိုကြည့်ပြီး ပလွေမှုတ်ခြင်းသာ ဖြစ်သည်။

ယနေ့တွင်လည်း စွန်းလူယီသည် ရွာ၏မြောက်ဘက်ရှိ တောအုပ်ထဲသို့ ဝင်ရောက်လာခဲ့သည်။

ထိုတောအုပ်သည် စွန်းလူယီ လာရောက်နေကျ နေရာဖြစ်သည်။

ထိုနေရာတွင် သစ်ပင်များ စိမ်းစိမ်းစိုစို အုပ်အုပ်ဆိုင်းဆိုင်းရှိသည်။ လူသူလည်း ကင်းစေသည်။ အမျိုးအမည်မသိသော တောပန်းတို့လည်း ဖူးပွင့်ဝေဆာနေသည်။

ကောင်းကင်တွင် ကျေးငှက်များ ပျံသန်းမြူးတူးနေကြသည်။ သာယာသည့် နေရာတစ်ခု ဖြစ်ပေသည်။

သို့သော်။

ပလွေနက် စွန်းလူယီ ထိုနေရာသို့ အမြဲလိုလိုရောက်လာခြင်းသည် သဘာဝရှုခင်းကိုကြည့်ကာ ပလွေမှုတ်ရန်သက်သက်သာ မဟုတ်ပေ။

ထိုတောအုပ် အလယ်လောက်တွင် သဘာဝအလျောက်ဖြစ်ပေါ်နေသော ကျောက်နံရံတစ်ခု ရှိသည်။ ထိုကျောက်နံရံတစ်နေရာတွင် သဘာဝလိုဏ်ဂူတစ်ခု ရှိသည်။

စွန်းလူယီသည် ထိုသဘာဝ လိုဏ်ဂူကြီးရှိရာသို့ ဝှေ့ရှက လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလိုက်ဝှရေ့တွင် အဘိုးကြီးတစ်ယောက်သည် တောကြက်တစ်ကောင်ကို မီးခဲများဖြင့် ကင်နေသည်။

ထိုအဘိုးကြီးသည် စိတ်တိုင်းကျပြည့်စုံရွာမှ ထင်းခုတ်သမားကြီးဖြစ်သည်။

သူ့အမည်မှာ ဖန်းကိတန်း ဖြစ်သည်။ ရွာရှိလူများက အဘိုးကြီးဖန်းဟု ခေါ်ကြသည်။

အဘိုးကြီးဖန်းသည် စိတ်တိုင်းကျပြည့်စုံရွာတွင် နေထိုင်ခဲ့သည်မှာ ကာလကြာမြင့်လှပြီဖြစ်၍ ရွာခံလူတစ်ယောက်နှင့် မခြားတော့ပေ။

ရွာထဲတွင် ဟိုနေရာစပ်စပ်၊ သည်နေရာစပ်စပ် ပါတတ်ပြီး အရက်လည်း ကြိုက်လှသည်။ အရက်တစ်အိုးလောက်တိုက်ပြီး သူ့ထံမှ သတင်းနှိုက်ထုတ်လျှင် သိလိုသည်များ သိနိုင်သည်ဟုပင် အများကပြောကြသည်။

"ဘယ်လိုလဲ နည်းလမ်းကောင်းတွေ စဉ်းစားမိပြီလား"

အဘိုးကြီးဖန်းက စွန်းလှုယိကို လှမ်းမေးသည်။

စွန်းလှုယိက စိတ်ပျက်သည့်အသွင်ဖြင့် ခေါင်းခါပြသည်။

"တောက် ... အသုံးမကျတဲ့ကောင်ပဲ၊ တကယ်လို့ မင်းအဖေ အသက်ရှင်နေသေးတယ် ဆိုရင်လည်း ဒီကိစ္စလေးတစ်ခုကိုတောင် မင်းက ဖြစ်ဖြစ်မြောက်မြောက် မလုပ်ဆောင်နိုင်တာကို မြင်ရရင် ခေါသဖြစ်ပြီး အသက်ထွက်သွားနိုင်တယ်"

သိုင်းလောကတွင် နာမည်ရနေသည့် ဓလွှနက် စွန်းလှုယိသည် အဘိုးကြီးဖန်း၏ မျက်စိထဲတွင်မူ အသုံးမကျသည့် ကောင်လေးတစ်ယောက် ဖြစ်နေသည်။



စိတ်တိုင်းကျပြည့်စုံရွာတွင် ထင်းခုတ်သမားအဖြစ် အသက်မွေးကာ သိရှိထားသည့် သတင်းများကို အရက်တစ်ခွက်လောက်မျှဖြင့် ရောင်းစားနေသည့် အဘိုးကြီးဖန်းက စွန်းလှုယိလို သိုင်းလုလင်တစ်ယောက်ကို ယခုကဲ့သို့သော စကားမျိုး ပြောကြားသည်ကို ကိုယ်တိုင် မြင်ရကြားရခြင်းမရှိလျှင် ယုံနိုင်မည်မဟုတ်ပေ။

"ဒီကိစ္စက အသေးအမွှားကိစ္စ မဟုတ်ပါဘူး ဦးရီးတော်"

စွန်းလှုယိသည် မိမိကိုယ်မိမိ ကာကွယ်ကာ ပြောကြားသည်။ သို့သော် စကားသံကတော့ အတော်ပင်ပျော့သည်။ မငုံမရဲပြောသည့် အသွင်မျိုး။

အဘိုးကြီးဖန်းက ဘာမှမပြော။ ကြက်ကင်ကိုသာ ဆက်ဆက်ကင်နေသည်။

စွန်းလှုယိက ဆက်လက်၍ ...

"အပျော်မယ် ရိပ်ရင်ကူဟာ ရင်စန်းတောင် အရှိးပျော့ကျောင်းက အဆင့်မြင့်သိုင်းပညာရှင် တစ်ယောက်ပဲ၊ ပြီးတော့ သူ့ဆက်ချက်ကြောင့် ဒုက္ခတွေ့သွားရတဲ့ သိုင်းသမားတွေလည်း နည်းတော့ဘူး"

"မင်းက ဒီမိန်းမကို ကြောက်နေလို့လား"

အဘိုးကြီးဖန်းက မေးသည်။

"ကျွန်တော်က ဒီမိန်းမကို ကြောက်တယ် မကြောက်ဘူး ဆိုတာ ပြဿနာ မဟုတ်ပါဘူး"

"ဒါဆိုရင် ဘာကြောင့်လဲ"

"အခုလောလောဆယ်မှာ မီးခဲထန်ဟန်က ရိပ်ရင်ကူကို ကာကွယ်ပေးနေတယ်၊ ကျွန်တော့်အနေနဲ့ ရိပ်ရင်ကူကို အမိဖမ်းယူ

www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်း ရှိတယ်ပဲထား ထန်ဟန့်ဖ၊ ဝင်လာရင် ဘယ်လိုလုပ်မလဲ ဒါဟာ ကျွန်တော့်အဖို့ အကြီးမားဆုံး အခက်အခဲပါပဲ၊ တကယ် လို့ ရိပ်ရင်ကူနဲ့ ပတ်သက်ပြီး တိုက်ခိုက်သတ်ဖြတ်မှုတွေ ဖြစ်လာ ရင် ဦးရိုးတော် အကွက်ချစီစဉ်ထားတာတွေ အလကားပျက်ကုန်မယ် မဟုတ်လား”

အဘိုးကြီးဖန်း မည်သူနည်း။

သာမန်ထင်းခုတ်သမား အဘိုးအိုတစ်ယောက်တော့ မဟုတ် နိုင်။

အဘိုးကြီးဖန်း၏ အကွက်ချ စီစဉ်မှုဆိုသည်က မည်သည် တို့နည်း။

“မီးခဲထန်ဟန်ဟာ ဦးနှောက်မှာ တစ်ခုခုတော့ ဖြစ်နေပြီ ရိပ်ရင်ကူလို မိန်းမကိုမှ ဘာကြောင့် အကူအညီ အကာအကွယ် ပေးနေရတာလဲ”

စွန်းလူယီက ဘာမှမပြောပေ။

အဘိုးကြီးသည် ကြက်ကင်ကို နှစ်ပိုင်းခွဲလိုက်ပြီး စွန်းလူယ ထံသို့ တစ်ပိုင်းပစ်ပေးကာ ကျန်တစ်ပိုင်းကို ယူထားလိုက်လေသည်။

စွန်းလူယီက အဘိုးအိုဖန်း ပစ်ပေးလိုက်သည့် ကြက်ကင် တစ်ပိုင်းကို အသာဖမ်းယူလိုက်ပြီး ...

“ဦးရိုးတော်ရဲ့ ကြက်ကင်က သိပ်ကောင်းတာပဲ၊ အနံ့ ကလည်း မွှေးကြိုင်လို့”

“အေး ... ဒီလိုကြက်ကင်မျိုးစားဖို့က သိပ်မလွယ်လ တော့ဘူး။ ဒီနေရာအနီးဝန်းကျင်က တောကြက်တွေ ငါ့လက်ချက် ကြောင့် အကုန်ကုန်လုနီးပါး ဖြစ်နေပြီ”



“တောဝက်ကင်နဲ့ သမင်သားကင်တို့၊ ယုန်သားကင် တို့လည်း မဆိုးပါဘူး”

“ပိုင်ထင်တိန်းရဲ့ အသားကိုကင်စားနိုင်ရင် ပိုကောင်းမယ်”

“ဆရာကြီးပိုင်ကို ပြောတာလား”

လူတွင်ကျယ် ပိုင်ထင်တိန်းကို စိတ်တိုင်းကျပြည့်စုံ ရှာသား များက ဆရာကြီးပိုင်ဟု ခေါ်လေ့ရှိကြသည်။

“ဘာဆရာကြီးလဲ အလကားကောင်”

“ဦးရိုးတော်က ဆရာကြီးပိုင်ဟာ စေတနာကောင်းရှိတဲ့ လူလို့ ခဏခဏပြောနေတာ မဟုတ်လား၊ အခု ဘာကြောင့် ဆရာကြီးပိုင်အပေါ် မကျေမနပ် ဖြစ်နေရတာလဲ”

“ခွေးကောင်လေး မင်းက ဘာနားလည်လို့လဲ”

စွန်းလူယီမှာ အခြောက်တိုက် အဆူခံနေရသောကြောင့် အတော်အံ့ဩသွားသည်။

“ဘကြီးတော် နဂါးနိုင်ဓားဝိဇ္ဇာ ကြမ္မာဆိုးကြုံရတဲ့ကိစ္စမှာ ဆရာကြီးပိုင်က ပါဝင်ပတ်သက်နေလို့လား”

စွန်းလူယီက လွှတ်ခနဲ မေးလိုက်သည်။

အဘိုးကြီးဖန်းသည် မိမိ စိတ်လိုက်မာန်ပါပြောမိ၍ စကား များသွားသည်ကို နောင်တရဟန်ရှိသည်။

“မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ မင်း အရမ်းလျှောက်ပြော မနေနဲ့၊ ဒီလိုကိစ္စမျိုးက ဘာမသိညာမသိ အရမ်းလျှောက်ပြော နေလို့ ဖြစ်တာမဟုတ်ဘူး၊ ဒီလိုစကားမျိုး အပြင်ကို ပေါက်ကြား သွားမယ်ဆိုရင် ဘာတွေဖြစ်လာနိုင်တယ် ဆိုတာကို မင်း သိဖို့ ကောင်းတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ရိုပ်ရှင်ကူကို ခေါင်းညှိအစ်မ သုံးဖော်တို့လက်ကို အပ်နိုင်ရင် တိမ်မြုပ်နေတဲ့ လူတစ်ယောက်ကို အပြင်ထွက်လာအောင် လုပ်နိုင်မယ်လို့ ဦးရီးတော် ပြောခဲ့တယ်မဟုတ်လား၊ အဲဒီလူဟာ ဘယ်သူဖြစ်မလဲ"

"မင်းက ဒီနေ့ တယ်စကားများနေပါလား၊ ဒီကိစ္စတွေဟာ ငါ့ရဲ့ ကြိုတင်ခန့်မှန်းချက်တွေပဲလို့ ငါ ပြောခဲ့တယ်မဟုတ်လား ခန့်မှန်းချက်ဆိုတာ ခန့်မှန်းချက်ပဲ၊ သေချာပေါက် ဖြစ်နိုင်မယ်လို့ ပြောတာမဟုတ်ဘူး"

စွန်းလှယီအနေဖြင့် ဤအပြေမျိုးကို သိပ်သဘောမကျပေ။

စွန်းလှယီက လူတစ်ယောက် ပေါ်ထွက်လာမည်ဆိုခြင်းမှာ သေချာခြင်းရှိမရှိ မေးခြင်းမဟုတ်ပေ။ ထိုသူ၏ အမည်ကိုသာ မေးခြင်းဖြစ်သည်။

စွန်းလှယီသည် အဘိုးကြီးဖန်း ပြောသည့်စကားများကို မကျေနပ်သော်လည်း ဘာမှမပြောပဲ ကြက်ကင်ကိုသာ ကိုက်စားလိုက်သည်။

* * *

စွန်းလှယီ၏ ကြက်ကင်တစ်ပိုင်း ကုန်သွားသည်။

အရက်ဝင်သွားသည့်အတွက် အဘိုးကြီးဖန်းသည် အာရွင်လာသည်။



ထိုအခါတွင် အဘိုးကြီးဖန်းက စွန်းလှယီအား ဇာတ်ကြောင်းတစ်ခုကို ပြောပြသည်။

စွန်းလှယီ မကြားဖူးပင် ကြားဖူးပြီး ဖြစ်သော ဇာတ်ကြောင်းပင်။

ထိုဇာတ်ကြောင်းမှာ တစ်ချိန်က သိုင်းလောကတွင် ထင်ရှားခဲ့သည့် ပလွေနက်သိုင်းသမား စွန်းချန်မင်၏ ရဲစွမ်းသတ္တိရှိမှု၊ သော်ရွေမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ အများအကျိုးဆောင်မှု၊ ဒုစရိုက်သမား သိုင်းသမားဆိုးများကို ချေမှုန်းခဲ့ပြီး ဒုစရိုက်မှု ပပျောက်ရေးကို လုပ်ဆောင်ခဲ့မှု၊ အားနည်းသူများကို စာနာကာ ကူညီခဲ့မှုစသည့်အကြောင်းများ ဖြစ်သည်။

ပလွေနက်သိုင်းသမား စွန်းချန်မင်သည် စွန်လှယီ၏ ခင်ပင်ဖြစ်သည်။

အဘိုးကြီးဖန်းသည် အခါအခွင့်သင့်တိုင်း စွန်းချန်မင်၏ အကြောင်းကို စွန်းလှယီအား ပြောပြခဲ့သည်။ စွန်းချန်မင်သည် မည်မျှ အစွမ်းအစထက်မြက်ပြီး သူ့သား စွန်းလှယီမှာမူ မည်မျှ ညံ့ဖျင်းကြောင်းကို ပုံနှိုင်း နှိုင်းယှဉ်တတ်သည်။

အဘိုးကြီးဖန်းသည် စွန်းချန်မင်၏ သွေးသောက်ညီတော်ဖြစ်သည်။

အစ်ကိုကြီးဖြစ်သူ နဂါးနိုင်ဓားဝိဇ္ဇာ ကြမ္မာဆိုးကြုံရပြီး အစ်ကိုလတ် စွန်းချန်မင် သေဆုံးသွားကာ ယခု အဘိုးကြီးဖန်းသာ အသက်ရှင်လျက် ကျန်နေခဲ့သည်။ အစ်ကိုကြီး နဂါးနိုင်ဓားဝိဇ္ဇာ ကြမ္မာဆိုးကြုံရမှုနှင့် ပတ်သက်၍ လက်တုံ့ပြန်မှုလည်း မပြုရသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးဖန်းသည် ဤကိစ္စအတွက် တူတော်မောင် စွန်းလူယီကို အလွန်ပင် အားထားသည်။ ဤကိစ္စ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်လည်း အကွက်ချကာ အစီအစဉ်များ ပြုလုပ်ခဲ့သည်။

ထိုအစီအစဉ်ထဲတွင် စွန်းလူယီက အပျော်မယ် ရိပ်ရင်ကူကို အမိဖမ်းယူကာ ပြည့်စုံစားသောက်ဆိုင်သို့ သွားပို့ပေးရမည့် ကိစ္စလည်း ပါဝင်သည်။ သို့သော် မီးခဲထန်ဟာန်က ရိပ်ရင်ကူ အနားတွင် ကိုယ်ရံတော် ပြုလုပ်သည့်အတွက် စွန်းလူယီအဖို့ ရိပ်ရင်ကူကို အမိဖမ်းရန် အခက်တွေ့နေရသည်။

ဤအတွက် စွန်းလူယီသည် မိမိကိုယ်မိမိ မကျေမနပ် ဖြစ်မိသည်။ ကွယ်လွန်သွားပြီဖြစ်သော ဘကြီးတော် နဂါးနိုင်မောင်ဗိဇ္ဇာအပေါ် တာဝန်မကျေသလိုလည်း ခံစားရသည်။

မိမိအပေါ် မျှော်လင့်ချက် ကြီးစွာထားသော ဦးရီးတော် ဖန်းကိုကန်းအဖို့ စိတ်ပျက်စရာ ဖြစ်မည်ကိုလည်း စွန်းလူယီ နားလည်သည်။

သို့သော်။

လူတိုင်းတွင် မိမိ ကျွမ်းကျင်ရာကိုယ်စီ ရှိကြသည်။ ယခုလို မိန်းမပျိုတစ်ယောက်ကို အမိအရဖမ်းယူရခြင်း ကိစ္စသည် စွန်းလူယီ ကျွမ်းကျင်သော အလုပ်မဟုတ်ပေ။ မိမိ အသုံးမကျ၍ မဟုတ်ပဲ မိမိ မကျွမ်းကျင်သည့် အလုပ်ဖြစ်၍ အောင်မြင်အောင် မလုပ်ဆောင်နိုင်ခြင်းဖြစ်ကြောင်း စွန်းလူယီသာ သိလေသည်။

"ငါ့အသက်လည်း ကြီးပြီ၊ အချိန်ကြာကြာ မစောင့်နိုင်တော့ဘူး၊ ဒီတော့ ဒီနေ့ညပဲ စတင်လှုပ်ရှားတော့မယ်"



အဘိုးကြီးဖန်းက ပြောလိုက်သည်။

"ဘယ်လိုလှုပ်ရှားမှာလဲ"

စွန်းလူယီက ပြန်မေးသည်။

"မင်းက ရိပ်ရင်ကူကို အမိဖမ်းရမယ်"

"ဖြစ်ပါ့မလား၊ ထန်ဟာန့်ကို ဘယ်လိုလုပ် ကျော်လွှားရမှာလဲ"

"ဒီအတွက် ငါ့မှာ အကြံရှိပါတယ်၊ ငါပေးတဲ့ အကြံအတိုင်းသာ မင်းက လှုပ်ရှားရင် ရိပ်ရင်ကူကို အမိဖမ်းနိုင်မှာမလွဲဘူး၊ ရိပ်ရင်ကူကို အမိဖမ်းနိုင်ပြီးရင်သာ ပြည့်စုံစားသောက်ဆိုင်ကို ရောက်အောင် အမြန်ဆုံးပို့ပေးလိုက်"

ထို့နောက် အဘိုးကြီးဖန်းက မိမိအကြံကို စွန်းလူယီအား ပြောပြနေလေတော့သည်။

ထိုအကြံမှာ ...။

* * *

တန်ဟာန်နှင့် ရိပ်ရင်ကူတို့သည် သဘောတူညီမှု ထားသည့်အတိုင်း ညားကာစ ဇနီးမောင်နှံကဲ့သို့ပင် အတူစားအတူသွားနေထိုင်ကြသည်။ သူတို့နှစ်ယောက် အတူမနေကြသည့် အချိန်မှာ ညအိပ်ချိန်သာ ဖြစ်သည်။

ဤအကြောင်းသည် ထိုအထူးတည်းခိုဆောင်တွင် ပြုစုတာဝန်ယူရသည့် စားပွဲထိုးလူငယ် မျောက်ကလေးထံမှ ပြန့်လွင့်လာသော သတင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တစ်ခန်းစီ ခွဲအိပ်ကြသည်ဆိုသော်လည်း ညသန်းခေါင်ယံ အချိန်တွင်မှ တစ်ယောက်ဆီသို့ တစ်ယောက်က သွားမသွားကိုမူ မိမိအနေဖြင့် မည်သို့မှ မပြောနိုင်ပါဟု မျောက်ကလေးက ဆိုသေးသည်။

ဤသို့ ခြွင်းချက်ဖြင့်ပြောမှုက လူအများကို ပို၍ စိတ်ဝင်စားစေသည်။

ညသန်းခေါင်ကျော်အချိန် ထန်ဟန်နှင့် ရိပ်ရင်ကူတို့ မည်သို့နေထိုင်ကြသည်ကို ချောင်းမြောင်းကြည့်ရှုပေးရန် မျောက်ကလေးအား ငွေစ မြိုးမြိုးမြက်မြက်ပေး၍ စေခိုင်းသူအချို့က စေခိုင်းကြသည်။

မျောက်ကလေးသည် ငွေမက်သော်လည်း အန္တရာယ်ကိုတော့ မြင်သူဖြစ်သည်။

"ဆရာတို့တစ်တွေ စိတ်ဝင်စားကြတယ်ဆိုရင် ကိုယ့်ဘာသာကိုယ်ပဲ စောင့်ကြည့်ကြပါ၊ ကျွန်တော် မျောက်ကလေးကတော့ သူတို့နှစ်ယောက်ကို သွားပြဿနာမရှာရဲပါဘူး"

မျောက်ကလေးက၊ ထိုသို့ပြောကာ ငြင်းပယ်ပစ်လိုက်လေသည်။

မျောက်ကလေး ပြောသည်မှာမှန်သည်။ မျောက်ကလေး မဆိုထားဘိ စိတ်တိုင်းကျပြည့်စုံရှာသို့ ရောက်နေကြသည့် အကျော်အမော် သိုင်းသမားများပင် မိးခဲထန်ဟန်နှင့် ရိပ်ရင်ကူတို့ကို ပြဿနာ မရှာလိုကြပေ။

ပြဿနာ မရှာလိုခြင်းနှင့် ပြဿနာဖြစ်အောင် လုပ်ရဲမရဲ ဆိုသည်ကတော့ တစ်ပိုင်းစီပင်။ အဆိပ်ပြင်းသည့် မြွေဆိုးကို



လူများ ကြောက်ရွံ့ကြသော်လည်း ထိုမြွေဆိုးကို မိအောင်ဖမ်းသူကတော့ ဖမ်းနေသည်။

အဘိုးကြီးဖန်နှင့် ရွှန်းလူယိတို့ကလည်း မြွေဆိုးကို ဖမ်းမည့်လူများလို ဖြစ်နေပေတော့သည်။

* * *

ထိုနေ့ည။

ရိပ်ရင်ကူ တည်းခိုနေထိုင်ရာ အထူးတည်းခိုဆောင်၏ အနောက်ဘက် အိမ်ခန်းခေါင်မိုးပေါ်သို့ ဝတ်စုံနက်ဝတ် လူတစ်ယောက် တိတ်ဆိတ်ညင်သာစွာ ရောက်ရှိလာသည်။

ဝတ်စုံနက်သည် ခေါင်မိုးပေါ်တွင် ငြိမ်ချက်စွာ ဝပ်၍နေသည်။ မည်သို့မှမလှုပ်ရှား။ တစ်စုံတစ်ရာသော အခွင့်ကောင်းကို စိတ်ရှည်လက်ရှည် စောင့်နေသည့်အသွင်မျိုး ဖြစ်သည်။

ထိုအချိန်တွင် ထန်ဟန်နှင့် ရိပ်ရင်ကူတို့ နှစ်ယောက်သည် တည်းခိုဆောင်၏ စားသောက်ခန်းထဲတွင်ထိုင်ကာ အရက် သောက်လိုက်၊ ဟင်းလျာများ စားလိုက်နှင့် စကားပြောနေကြလေသည်။

ယင်းမှာ သူတို့နှစ်ယောက် ညနေပိုင်းအချိန်များတွင် အမြဲတမ်း ပြုလုပ်လေ့ရှိသည့် အလုပ်ဖြစ်သည်။ အရက်နှင့်ဟင်းလျာများ စားသောက်ပြီး ဗိုက်ပြည့်သည်နှင့် မိမိတို့အခန်းများ အသီးသီးသို့ ပြန်ကာ အနားယူကြလေတော့သည်။

မျောက်ကလေး ပြောသည်မှာမှန်သည်။ ထန်ဟန်နှင့် ရိပ်ရင်ကူတို့သည် တစ်ခန်းတည်း အတူတူ မအိပ်ကြပေ။ အထူးတည်းခို

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တွင် အိပ်ခန်းနှစ်ခန်း ရှိသည့်အနက် ထန်ဟန်က အရှေ့ဘက် အိပ်ခန်းတွင်ဝင်အိပ်ပြီး ရိုပ်ရင်ကူက အနောက်အိပ်ခန်းထဲတွင် အိပ်သည်။

အနောက်ဘက်အိပ်ခန်း၏ ခေါင်မိုးပေါ်ရှိ ဝတ်စုံနက်သည် ဆက်လက်၍ ငြိမ်သက်စွာ ဝပ်နေမြဲဝပ်နေသည်။

အချိန်က တရွေ့ရွေ့ ကုန်သွားသည်။

ညသန်းခေါင်ယံ အချိန်သို့ပင် ရောက်လာသည်။

ဝတ်စုံနက်သည် ခေါင်မိုးပေါ်မှနေ၍ အောက်သို့ဆင်းလာသည်။ ဝတ်စုံနက်၏ လှုပ်ရှားပုံသည် ပေါ့ပါးကာ ညင်သာလှသည်။ မည်သို့မှ အသံမပေါ် ထွက်ပဲ အောက်သို့ရောက်လာသည်။ ထိပ်တန်းကိုယ်ဖော့ပညာ စွမ်းရည်ရှိသူ တစ်ယောက်ဖြစ်ကြောင်း သိသာနိုင်သည်။

ဝတ်စုံနက်သည် ကိုယ်ဖော့ပညာ အဆင့်မြင့်ရုံမက သော့ဖွင့်သည့် အတတ်တွင်လည်း အလွန်ကျွမ်းကျင်သည်။ သော့ခတ်ကာ ပိတ်ထားသော အနောက်ဘက် အိပ်ခန်းတံခါးမှာ တိုတောင်းလှသော အချိန်လေးအတွင်း ပွင့်သွားသည်။

သို့ရာတွင်။

* * *

ဝတ်စုံနက်သည် ပွင့်သွားသော တံခါးမှနေ၍ အိပ်ခန်းထဲသို့ ခြေလှမ်းဝင်မည် ပြုလိုက်သည့်အချိန်မှာပင် သူ၏နောက်ဘက်မှ စကားသံတစ်ခု ပေါ်လာသည်။



"ဘာဖြစ်လို့ ဒီလောက်တောင် လောနေရကာလဲ၊ ခဏလောက် နေပါဦးလေ"

ဝတ်စုံနက်သည် လျှင်မြန်လှသည်။ နောက်ဘက်မှ စကားသံကြားသည်နှင့် ညာလက်ကို နောက်ပြန်လှုပ်ရှားကာ အသံပေါ်လာရာသို့ သံမဏိဆူးချွန်ငါးခုဖြင့် လှမ်းပစ်ပေါက်လိုက်လေသည်။

အသံပြုလိုက်သူမှာ ထန်ဟန် ဖြစ်သည်။

ဝတ်စုံနက်၏ လှုပ်ရှားမှုများ မည်မျှ ပေါ့ပါးညင်သာသည် ဖြစ်စေ သိုင်းပညာ မြင့်မားလှသော ထန်ဟန်ကမူ တိုးညင်းလှသော လှုပ်ရှားသံများကိုပင် ကြားရကာ ယခုလို အချိန်ကောင်းတွင် ရောက်လာခြင်း ဖြစ်သည်။

ထန်ဟန်သည် တဟားဟား ရယ်မောရင်း ခိမိထံ လွင့်ပျံဝင်ရောက်လာသော သံမဏိဆူးချွန်ငါးခုကို ညာလက်ဖြင့် အမိအရ ဖမ်းယူလိုက်သည်။

"ရော့ ... ခင်ဗျားရဲ့ ကစားစရာတွေကို ခင်ဗျားပဲပြန်ယူ"

ပြောပြီးသည်နှင့် ထန်ဟန်က ဆုပ်ဖမ်းမိထားသော သံမဏိဆူးချွန်များဖြင့် ဝတ်စုံနက်ကို ပြန်လည်ပစ်ပေါက်လိုက်သည်။

ထန်ဟန် ပစ်လိုက်သည့်အားမှာ စောစောက ဝတ်စုံနက် ပစ်လိုက်သည့် အားအဟုန်ထက် ပိုပြင်းထန်သည်။ သို့သော် ဝတ်စုံနက်သည် ထန်ဟန် ပြန်ပစ်လိုက်သော သံမဏိဆူးချွန်များကို အမိအရပင် ဖမ်းယူထားလိုက်နိုင်သည်။

ထိုသို့သော တိုက်ခိုက်သံများကြောင့် အိပ်ပျော်နေသည့် ရိုပ်ရင်ကူလည်း အိပ်ရာမှနိုးလာသည်။

ရိုပ်ရင်ကူသည် အိပ်ခန်းပြင်သို့ ပြေးထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထန်ဟန် ဒီကောင်ကြီးကို အလွတ်မပေးနဲ့၊ အနည်းဆုံးတော့ သူ ဘယ်သူလဲဆိုတာ သိရအောင်လုပ်ပါ"

ရိပ်ရင်ကူက ထန်ဟန်ကို လှမ်းအော်ပြောသည်။

ဝတ်စုံနက်သည် စကားတစ်ခွန်းမှ မပြောပေ။ ပြင်းထန်သော လက်ဝါးရိုက်ချက်များကိုသာ တစ်ချက်ပြီးတစ်ချက် ရိုက်ထုတ်နေသည်။

သူ၏ လက်ဝါးရိုက်ချက်များသည် လျှပ်စစ်လို မြန်ဆန်ကာ ဓားသွား၊ ပုဆိန်သွားများနှယ် ပြင်းထန်လျက် ကြောက်စရာကောင်းလှသည်။

လက်ဝါးရိုက်ချက်တိုင်းသည် ထန်ဟန်၏ သေကွင်းသေကွက် နေရာများကိုသာ ဦးတည်နေသည်။

ထန်ဟန်ကလည်း ဖေါ့ဖါးသွက်လက်စွာ တိုက်ခိုက်နေသည်။ ဝတ်စုံနက်၏ လက်ဝါးရိုက်ချက်များကို ပိုင်ပိုင်နိုင်နိုင် ဗိုက်ဆို့တိုက်ခိုက်နိုင်သော်လည်း အသာစီးတော့ ရုတ်တရက် မရနိုင်သေးဘဲ အပြန်အလှန် တိုက်ခိုက်နေရသည့် အခြေအနေမျိုးတွင်သာ ရှိနေသည်။

ထန်ဟန်သည် ယခုလို အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်မှုမျိုးကို ပြုလုပ်ခဲ့သည်။ ထိုသို့ အကြိတ်အနယ် ပြိုင်ဆိုင်မှုများ ပြုလုပ်ခဲ့လျှင်လည်း ပြိုင်ဘက်ကို သိုင်းကွက်ဆယ်ကွက်အတွင်း အနိုင်ယူလိုက်သည်ဟု သတင်းကြီးနေသည်။

ထိပ်တန်း သိုင်းသမားဆိုးကြီး တစ်ယောက်ဖြစ်သူ ဘုံခုနစ်ဆင့်ဓား ရှန်တာ့မှုကိုပင် သိုင်းကွက်ငါးကွက်အတွင်း အနိုင်ယူချေမှုန်းခဲ့သည်။



ယခု ဝတ်စုံနက်နှင့် တိုက်ခိုက်နေသည်မှာ သိုင်းကွက်နှစ်ဆယ်ကျော်သွားပြီ ဖြစ်သော်လည်း ပြတ်ပြတ်သားသား အသာစီးမရနိုင်သေးပဲ အပြန်အလှန် တိုက်ခိုက်နေကြဆဲ ဖြစ်သည်။

ရိပ်ရင်ကူသည် ပထမ၌ ထန်ဟန်အနေဖြင့် ဝတ်စုံနက်ကို အလွယ်ပင် တိုက်ခိုက်အနိုင်ယူနိုင်မည်ဟု ထင်ခဲ့သည်။

ဝတ်စုံနက်ကို အပြတ်အနိုင်မယူနိုင်သည့်တိုင် ဤနေရာမှ ထွက်ပြေးသွားအောင် လုပ်နိုင်လျှင် တော်ပြီဟုပင် ကျိတ်ကာတွေးမိသည်။

သိုင်းကွက်သုံးဆယ်ကျော် တိုက်ခိုက်ပြီးနောက် ဝတ်စုံနက်သည် မိမိအနေဖြင့် ထန်ဟန်ကို အနိုင်ယူရန် မလွယ်ကြောင်း သိသွားဟန်တူသည်။ သူသည် ရိပ်ရင်ကူကို ဖမ်းခေါ်ရန်လာခဲ့ပြီး ထန်ဟန်နှင့် သိုင်းမညာယှဉ်ရန် မဟုတ်ပေ။

ရိပ်ရင်ကူကို အမိဖမ်းသွားရန် အခွင့်အလမ်း မသာတော့သည့် အတူတူ ထန်ဟန်နှင့် အသေအကြေ တိုက်ခိုက်နေရန်မလိုဟုလည်း စဉ်းစားမိပုံရသည်။

ဝတ်စုံနက်သည် ပြင်းထန်သော လက်ဝါးရိုက်ချက်သုံးချက် ဆက်တိုက်ရိုက်ထုတ်ကာ ထန်ဟန်ကို တန့်သွားအောင်လုပ်လိုက်ပြီး ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့၏။

ရိပ်ရင်ကူသည် အစက ဝတ်စုံနက် မည်သူမည်ဝါ ဖြစ်သည်ကိုသိရအောင် အမိဖမ်းစေလိုခဲ့သည်။ ထန်ဟန်နှင့် ဝတ်စုံနက်တို့ အပြန်အလှန် အကြိတ်အနယ် တိုက်ခိုက်နေကြသည်ကို တွေ့ရသောအခါတွင်မူ ဝတ်စုံနက် ထွက်ပြေးသွားအောင် တိုက်ခိုက်နိုင်လျှင် တော်ပြီဟု တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဝတ်စုံနက် နောက်လှည့် ထွက်ပြေးသွားသောအခါတွင်မှ အလွတ်မပေးလိုသောဆန္ဒ ပေါ်လာပြန်သည်။

"မောင်လေး မြန်မြန်လိုက်လေ၊ ဒီကောင်ကြီးကို အလွတ်မပေးနဲ့"

ရိပ်ရင်ကူက ထန်ဟန်ကို အော်ပြောလိုက်သည်။

"ဒီလိုထွက်ပြေးလို့ ဘယ်ရမှာလဲ"

ထန်ဟန်က ပါးစပ်မှပြောဆိုရင်း ဝတ်စုံနက်နောက်သို့ ပြေးလိုက်သွားသည်။

ထွက်ပြေးသွားသော ဝတ်စုံနက်သည် နောက်သို့လှည့်မကြည့်ပဲ လက်ကိုသာ နောက်ပြန်လွှပ်ရှားလျက် ထန်ဟန်ကို သံမဏိဆူးချွန်များဖြင့် လှမ်းပစ်ပြန်သည်။

"ဟား ဟား ဟား ... ခင်ဗျားမှာ အခြားပညာ မရှိတော့ဘူးလား၊ ဘာကြောင့် ဒီကစားစရာတွေကိုပဲ သုံးနေရတာလဲ"

ထန်ဟန်သည် ရယ်မောပြောဆိုပြီး မိမိထံ ဝင်လာသော သံမဏိဆူးချွန်များကို အင်္ကျီလက်များဖြင့် ပုတ်ထုတ်ပယ်ရှားပစ်လိုက်သည်။

ထို့နောက် ဝတ်စုံနက်၏နောက်မှ အပြေးပင် လိုက်သွားလေသည်။

မိမိနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့သည့် ဝတ်စုံနက်မှာ စိတ်တိုင်းကျပြည့်စုံမှု၏ ထင်းခုတ်သမား အဘိုးကြီးဖန်းအသွင်ဖြင့် မထင်မရှား နေထိုင်နေသူ ခန်းကိကန်းဖြစ်ကြောင်း ထန်ဟန် မရိပ်မိပေ။



ထို့ပြင် ယခုလို ပြေးလိုက်လာမိခြင်းသည် အဘိုးကြီးဖန်း ဆင်ထားသော ပရိယာယ်ဆင်ကွက်ထဲသို့ တိုးဝင်သွားမိခြင်းဖြစ်ကြောင်းကိုလည်း မသိခဲ့ပေ။

* * *

အဘိုးကြီးဖန်းက မျက်နှာဖုံးနက်စွပ်ပြီး ရောက်ရှိလာခြင်းမှာ ရိပ်ရင်ကူကို အမိဖမ်းခေါ်သွားရန် မဟုတ်ပေ။

ထိုသို့ ဖမ်းခေါ်သွားနိုင်မည့်အကြံ၏ ပထမအဆင့်အဖြစ် ထန်ဟန်ကို မျှားခေါ်ထုတ်သွားခြင်းသာ ဖြစ်သည်။

ထိုအချိန်တွင် အခြားဝတ်စုံနက် တစ်ယောက်က ရိပ်ရင်ကူ၏ နောက်ကျောဘက်သို့ လှစ်ခနဲ ရောက်လာသည်။

ထိုသူသည် စွန်းလူယိပင် ဖြစ်သည်။ စွန်းလူယိသည် မျက်နှာကို ပဝါနက်ဖြင့် စည်းထားသည်။

မိမိကို မမှတ်မိနိုင်ရန်အတွက် အသုံးပြုနေကျ ပလွေနက်ကို မကိုင်ပဲ နှစ်ပေသာသာခန့်ရှည်သော တုတ်တိုတစ်ချောင်းကိုသာ ကိုင်လာသည်။

အနားသို့ ချဉ်းကပ်မိသည်နှင့် စွန်းလူယိက ရိပ်ရင်ကူ၏ ကျောခွေကြောကို တုတ်တိုဖြင့် ထိုးပိတ်လိုက်သည်။

နောက်ဘက်မှ လှုပ်ရှားသံကိုကြား၍ လှည့်ကြည့်ရန် ကြံမိစဉ်မှာပင် ရိပ်ရင်ကူသည် အကြောပိတ်ခံရကာ လဲကျသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလို ရုပ်ဖျက်ကာ လူတစ်ယောက်ကို နောက်ကျောဘက်မှ အလစ်ဝင်ရောက် တိုက်ခိုက်ခြင်းမျိုးကို စွန်းလူယိအနေဖြင့် တစ်ကြိမ်တစ်ခါမှ မလုပ်ဖူးပေ။

ရိုပ်ရင်ကူကို အကြောပိတ်ပြီးနောက် စွန်းလူယိသည် မိမိ၏ မျက်နှာကို ရှက်ဖြင့်ယောင်ကာ ပွတ်လိုက်မိရာ မျက်နှာကို ဖုံးအုပ်ထားသော ပဝါနက် ပြုတ်ထွက်သွားသည်။

ပျော့ခွေကြော အပိတ်ခံရ၍ မြေပြင်ပေါ် လဲကျသွားသော ရိုပ်ရင်ကူသည် စွန်းလူယိ၏ ရုပ်သွင်ကို တွေ့မြင်သွားလေတော့သည်။

"ဩော် … ကျွန်မကို ဖမ်းချင်တဲ့လူဟာ ရိုးသားပြီး အေးအေးဆေးဆေး နေတတ်တယ်လို့ နာမည်ကြီးနေတဲ့ ပလွေနက် စွန်းလူယိကိုး"

ရိုပ်ရင်ကူက ပြောသည်။

"ဟာ … မဟုတ်ပါဘူး မဟုတ်ပါဘူး၊ ကျွန်တော့်ကို တလွဲမထင်ပါနဲ့"

စွန်းလူယိက ပျာပျာသလဲပင် ပြောသည်။

စွန်းလူယိ၏ မျက်နှာမှာလည်း နီမြန်းသွားသည်။

"ဘာတလွဲမထင်ရမှာလဲ လက်တွေ့မျက်မြင်ပဲဥစ္စာ"

"ကျွန်တော်ဟာ ဒီလိုလူစားမျိုး မဟုတ်ပါဘူး၊ အခုဟာက ကျွန်တော့် သဘောနဲ့လုပ်ရတာ မဟုတ်ပါဘူး၊ အမှန်အတိုင်း ပြောရရင် ကျွန်တော် … ကျွန်တော်"

"ဘာလဲ တစ်ယောက်ယောက်က အတင်းအကျပ် ခိုင်းလိုက်လို့လား"



စွန်းလူယိမှာ ဟုတ်သည်ဟုလည်း မဖြေရဲ။ မဟုတ်ဟုလည်း မငြင်းဝံ့။

အခက်တွေ့နေရသည်။

ယခုလို ခိုးကြောင်ခိုးဝှက် အလုပ်မျိုးကို အလုပ်ခိုင်းသူ ဦးရိုးတော် ဖန်းကိကန်းကိုသာ စိတ်ထဲကကျိတ်၍ မကျေမနပ် ဖြစ်မိသည်။

ဤသတင်းသာ သိုင်းလောကသို့ ပျံ့နှံ့သွားပါက တစ်သက်လုံး ထိန်းလာခဲ့သည့် မိမိ၏ရိုးသားမှုနှင့် တည်ကြည်မှုတို့ ရေစုန်မျောကုန်တော့မည်ဟုလည်း တွေးမိသည်။

ယခုည လာရောက်လုပ်ကြံမှုသည် တစ်စုံတစ်ယောက်၏ စေခိုင်းချက်အရသာ ဖြစ်မည်ဟုလည်း စဉ်းစားမိသည်။

"ရှင့်သဘောနဲ့ရှင် လုပ်တာမဟုတ်ဘူးဆိုရင် ဘာကြောင့် ကျွန်မကို အကြော ပြန်မဖွင့်ပေးသေးတာလဲ"

ရိုပ်ရင်ကူက ပြောလိုက်သည်။

စွန်းလူယိ အဆုံးဖြတ်ရ ခက်သွားသည်။

အကယ်၍ စွန်းလူယိအနေဖြင့် ရိုပ်ရင်ကူကို ပြန်လွှတ်ပေးလိုလျှင် အသာ အကြောဖြေ ဖွင့်ပေးလိုက်ရုံ ဖြစ်သည်။ မိမိကို စေခိုင်း တာဝန်ပေးထားချက် မအောင်မြင်ကြောင်း ဦးရိုးတော် ဖန်းအား အကျိုးအကြောင်း တစ်ခုခုပြကာ ဆင်ခြေတော့ ပေးရပေမည်။

စွန်းလူယိ အနေဖြင့် ရိုပ်ရင်ကူကို ယခုလို လာရောက်ဖမ်းဆီးခြင်းသည် အသပြာတစ်သိန်း ရလို၍လည်းမဟုတ်။ ကြမ္မာဆိုး ကြုံသွားရသော ဘကြီးတော် နဂါးနိုင်ဓားဝိဇ္ဇာအတွက် လက်တုံ့

www.burmeseclassic.com

www.burmeseclassic.com

ပြန်ရန်ကိစ္စနှင့် ပတ်သက်နေသောကြောင့်သာ လုပ်ဆောင်ရခြင်း ဖြစ်သည်။

မိမိကြောင့် ယခုအစီအစဉ် ပျက်စီးရပါက ကွယ်လွန်သူ ဘကြီးတော်နှင့် ဖခင်တို့ကို မျက်နှာဖျက်ရာ ရောက်ပေမည်။

စွန်းလွယ်သည် မိမိ၏တွေဝေမှုနှင့် စိတ်ထားနုံ့ညံ့မှုကို အားမလိုအားမရ ဖြစ်မိသည်။

ထန်ဟန်လို လုပ်ရဲကိုင်ရဲပြီး စိတ်ဓာတ်ကြံ့ခိုင်သူ တစ်ယောက် ဖြစ်လျှင် ယခုလို တွေဝေနေခြင်းမရှိပဲ ချက်ချင်းပင် ဆုံးဖြတ်နိုင်ကာ ချက်ချင်း ယှပ်ရှားလုပ်ဆောင်သွားနိုင်မည် ဖြစ်ပေသည်။

မိမိနေရာတွင် ထန်ဟန်သာ ရောက်နေလျှင် မည်သို့လုပ်ကိုင်မည်နည်းဟု စွန်းလွယ် စဉ်းစားကြည့်မိသည်။

ထိုသို့ စဉ်းစားကြည့်ရာ နောက်ဆုံးတွင်တော့ အဖြေတစ်ခု ရလိုက်သည်။

မီးခဲထန်ဟန်၏ အောင်မြင်ကျော်ကြားမှုသည် သိုင်းပညာ စွမ်းရည် မြင့်မားခြင်းကြောင့်ချည်းသာ မဟုတ်ပဲ၊ သစ္စာရှိပြီး ကတိတည်ခြင်းကြောင့်လည်း ဖြစ်သည်။

ဤသို့တွေးတော အဖြေရသည်နှင့် စွန်းလွယ်သည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

"ဝမ်းနည်းပါတယ် ရိုပ်ရင်ကျူ၊ ကျွန်တော်က မလွှဲသာလို့ လုပ်ရပေမဲ့ ဒီအလုပ်ကို ဆုံးခန်းတိုင်အောင်တော့ လုပ်ရပါလိမ့်မယ်၊ ခင်ဗျားကို အကြောဖွင့်ပြီး ပြန်လွှတ်မပေးနိုင်ပါဘူး"

စွန်းလွယ်သည် ထိုသို့ပြောပြီးနောက် ရိုပ်ရင်ကျူ အနားသို့ အသာတိုးကပ်လာသည်။



ရိုပ်ရင်ကျူသည် ရှက်ရွံ့သော အမူအရာနှင့် ...

"ရှင်က ဘာလုပ်မလို့လဲ၊ ယောကျ်ားနဲ့မိန်းမဆိုတာ နီးနီး ကပ်ကပ်နေလို့ မကောင်းဘူး၊ ရှင်က ကျွန်မလို အပျော်မယ် တစ်ယောက်ကို မွေ့ဖက်ချိုပိုးပြီး ပြည့်စုံစားသောက်ဆိုင်ကို ခေါ်သွား မလို့လား"

စွန်းလွယ်မှာ ခြေလှမ်းတုံ့ကာ တွေဝေသွားပြန်သည်။

သူသည် မိန်းကလေးများနှင့် နီးနီးကပ်ကပ်မနေပဲ ခပ်ကင်းကင်း ခပ်ကွာကွာ နေလေ့ရှိသူဖြစ်သည်။

ယခုလို ရိုပ်ရင်ကျူက သေသေချာချာ ထုတ်ဖော်ပြောဆို လိုက်သည့်အခါတွင် စွန်းလွယ်မှာ ရိုပ်ရင်ကျူကို မထိရဲမကိုင်ရဲအောင် ဖြစ်သွားရသည်။

ထိုအချိန်မှာပင် ပန်းချုံတစ်ခုနောက်မှ ရယ်မောပြောဆိုသံ တစ်ခု ပေါ်ထွက်လာသည်။

"ကိစ္စမရှိပါဘူး ဒီအလုပ်ကို ကျွန်တော် လုပ်ပါ့မယ်၊ စွန်းလွယ်က မိန်းကလေးကို မထိရဲမကိုင်ရဲ ဖြစ်နေပေမဲ့ ကျွန်တော် ကတော့ မွေ့ချီပြီး သွားရဲပါတယ်"

စကားသံနှင့်အတူ ပန်းချုံနောက်ကွယ်မှ လူတစ်ယောက် လျှောက်လှမ်း ထွက်လာသည်။ ထိုသူမှာ ဖိုးစပ်စု ကောင်းလင်ဖုန်းဝင် ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ပန်းချုံနောက်မှ ဖိုးစပ်စု ကောင်းလင်ဖုန်း ထွက်လာသည်။

ရိပ်ရင်ကူကော စွန်းလူယီပါ အံ့သြသွားကြသည်။ ဤနေရာတွင် ကောင်းလင်ဖုန်း ရောက်နေလိမ့်မည်ဟု သူတို့ မထင်မိကြပေ။

"ခင်ဗျားက တကယ်ပဲ မိန်းကလေး ရိပ်ရင်ကူကို ပွေ့ချီပြီး ပြည့်စုံစားသောက်ဆိုင်ကို ပို့ပေးမှာလား"

စွန်းလူယီက ဝမ်းပန်းတသာပင် မေးလိုက်သည်။

နောက်ပိုင်း မည်သို့ ဆက်ဖြစ်နိုင်သည်ကိုပင် မတွေးမိတော့ပေ။

"စိတ်ချ ... စိတ်ချ"

စကားဆုံးသည်နှင့် ကောင်းလင်ဖုန်းသည် ရိပ်ရင်ကူ၏ ကိုယ်လုံး ကျစ်ကျစ်လျစ်လျစ်လေးကို ဇွေ့ခနဲ ပွေ့ချီလိုက်လေသည်။

အကြောပိတ်ခံထားရ၍ မလှုပ်ရှားနိုင်သော ရိပ်ရင်ကူမှာ ဘာမှမတတ်နိုင်ပဲ ကောင်းလင်ဖုန်း၏ ရင်ခွင်ထဲတွင် ကော့ကော့လေး ပါသွားရသည်။

"ကောင်လေး ဒီနေ့ည ဒီလိုလုပ်တာကို နောက်နောင်တော့သာ နောင်တမရပါစေနဲ့"

ကိုယ်ခန္ဓာ မလှုပ်ရှားနိုင်သော်လည်း စကားပြောနိုင်သေးသည့် ရိပ်ရင်ကူက မကျေမချမ်းပြောသည်။



ကောင်းလင်ဖုန်းသည် ရိပ်ရင်ကူကို မည်သို့မှ တုံ့ပြန်ကာ မပြောပဲ ကိုယ်ဟန်လှုပ်ရှားလျက် ပြေးထွက်သွားသည်။

စွန်းလူယီလည်း ယခုမှပင် ကောင်းလင်ဖုန်းက လမ်းခုလတ်တွင် တစ်ခုခု လှည့်ကွက်ဆင်လျှင် အခက်ပေ့တွေးမိကာ ကောင်းလင်ဖုန်း၏နောက်မှ အပြေးပင် လိုက်သွားလေတော့သည်။

* * *

ကောင်းလင်ဖုန်းသည် ရိပ်ရင်ကူကို ပွေ့ချီကာ ပြေးထွက်လာခဲ့သည်။ စွန်းလူယီလည်း နောက်မှ အပြေးလိုက်ပါလာလေသည်။

နတ်နန်းဆောင် တည်းခိုရိပ်သာနှင့် ခပ်လှမ်းလှမ်းကို ရောက်သောအခါ ကောင်းလင်ဖုန်းက မိမိ၏ရင်ခွင်ထဲမှ ရင်ခွင်ထဲမှ ရိပ်ရင်ကူကို ငုံ့ကြည့်ကာ ...

"ဘယ်လိုလဲ ကျွန်တော်က အပွေ့ချီ တော်တယ်မဟုတ်လား"

"ဖွေးကောင်လေး သေချင်းဆိုးနဲ့ သေရလိမ့်မယ်၊ ဘာဖြစ်လို့ သူများကိစ္စမှာ ဝင်ပါရတာလဲ"

ရိပ်ရင်ကူက မကျေမနပ်ဆဲဆိုသည်။

"ကျွန်တော်က ဖိုးစပ်စုရယ်လို့ နာမည်ရထားကာဆိုတော့ သူတစ်ပါးကိစ္စမှာ ဝင်ရှုပ်တာကိုက အကျင့်တစ်ခုလို ဖြစ်နေပြီ၊ မမနာမည်က အပျော်မယ်ဆိုတော့ ကျွန်တော် ပွေ့ခ်လာတာကို ပျော်ပျော်ပါးပါးနဲ့ သီချင်းဆိုပြီးတောင် လိုက်လာဖို့ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တောက် ... သေနာလေး ပါးစပ်ပိတ်ထားစမ်း"

"မမ စိတ်ကူးလွဲနေပြီ၊ ကျွန်တော် ကောင်းလင်ဖုန်းဟာ အသက်လည်းငယ်တယ်၊ ရုပ်လည်းချောတယ်၊ မိန်းမချော အတော်များများဟာ ကျွန်တော် ကြည့်တာကို ခံရတာတောင် ဂုဏ်ယူလို့မဆုံးဘူး၊ မမက ဒီနေ့ည ကျွန်တော်နဲ့ မွေ့ချီခြင်းကို ခံရတာတောင် ကုသိုလ်ထူးတယ်လို့မှတ်၊ ဒါကို ဝမ်းမသာဘဲ ဘာကြောင့် ဆဲဆိုနေရတာလဲ"

"တော် ... တော် ... နောက်ထပ် မဟုတ်တာတွေ ပြောမနေနဲ့တော့၊ စကားတစ်ခွန်းထပ်ပြောရင် နားမခံသာအောင် ဆဲပြလိုက်မယ်"

ကောင်းလင်ဖုန်းသည် ပါးစပ်မှစကားကို ရပ်သွားသည်။

ပါးစပ်ပိတ်သွားသော်လည်း လက်က အငြိမ်မနေ။ လှုပ်ရှားနေသည်။

သူတို့ လာနေကြသည်မှာ ပြည့်စုံစားသောက်ဆိုင်သို့ ရောက်ပေတော့မည်။

"ဟိတ် ... သေနာလေး၊ ဟိုစမ်းဒီစမ်းနဲ့ ဘာလိုက်စမ်းနေတာလဲ"

ရုတ်တရက် ရိပ်ရင်ကူက ခပ်မာမာပြောသည်။

"ပစ္စည်းတစ်ခုကို စမ်းပြီးရှာနေတာပါ"

ကောင်းလင်ဖုန်းက ပြန်ပြောသည်။

"ဘာပစ္စည်းလဲ၊ ပေါက်ကရပြောပြီး မဟုတ်တာ လုပ်မနေနဲ့နော်"



"ဟာ ... စိတ်ချပါ၊ ကျွန်တော်က မဟုတ်တာလုပ်ဖို့ စိတ်မကူးပါဘူး"

"စိတ်မကူးရင် လက်က ငြိမ်ငြိမ်နေပါလား"

စွန်းလူယိမှာ မနေသာတော့ပဲ ...

"ကောင်းလင်ဖုန်း စည်းမဲ့ကမ်းမဲ့ မလုပ်ပါနဲ့၊ ခင်ဗျား အခုလိုလုပ်တာ သူတစ်ပါးသိကုန်ရင် မကောင်းပါဘူး"

ကောင်းလင်ဖုန်းက စွန်းလူယိကို လှမ်းကြည့်လိုက်ပြီး ...

"ခင်ဗျားကများ ကျွန်တော့်ကို ပြောနေရသေးတယ်၊ ခင်ဗျားက ရိပ်ရင်ကူကို အလစ်မှာဝင်ဖမ်းပြီး ငွေအသပြာတစ်သိန်းနဲ့ ရောင်းစားတာကကော လူကြားလို့ကောင်းသလား"

"ဟို ... ဟို ... ဒါက တစ်မျိုးပါ၊ ခင်ဗျားထင်သလို မဟုတ်ပါဘူး"

"ကျွန်တော်က စေတနာနဲ့ ဝင်လုပ်ဆောင်ပေးတာပါ၊ ဒါကို ခင်ဗျားက မကောင်းထင်တယ်ဆိုရင်တော့ ရော့ ... ခင်ဗျား ဘာသာ ခင်ဗျား ပြန်ယူပေတော့"

ကောင်းလင်ဖုန်းသည် ထိုသို့ပြောပြီး သူ့လက်ထဲတွင် မွေ့ချီထားသော ရိပ်ရင်ကူကို စွန်းလူယိထံသို့ ပစ်ပေးလိုက်သည်။

အပျော်မယ် ရိပ်ရင်ကူမှာ အကြောပိတ်ခြင်း ခံထားရ၍ မလှုပ်ရှားနိုင်ပေ။

ကောင်းလင်ဖုန်းက ပစ်ပေးလိုက်သည်ကို စွန်းလူယိ အနေဖြင့် မဖမ်းဘဲနေလျှင် မြေကြီးပေါ်သို့ ထိုးကျသွားရုံသာရှိမည်။ ထိုသို့ ကျသွားပါက ထိခိုက်အနာတရ ဖြစ်သွားမည် မလွဲပေ။

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံစားသောက်ဆိုင်မှ လက်ခံမည်မှာ အသက်ရှင်လျက်ရှိပြီး ဒဏ်ရာဒဏ်ချက်လည်း လုံးဝရမထားသော ရိပ်ရင်ကူကို ဖြစ်သည်။

အကယ်၍ ရိပ်ရင်ကူသာ မြေကြီးပေါ်ကျသွားပြီး ထိခိုက်အနာတရဖြစ်ပါက ပြည့်စုံစားသောက်ဆိုင်သို့ သွားပို့ပေးရန် ဘယ်လိုမှ မဖြစ်နိုင်တော့ပေ။

စွန်းလှူယိမှာ ရိပ်ရင်ကူကို ပွေ့ချီခြင်း မပြုလိုသော်လည်း မတတ်သာသည့် အခြေအနေမို့ ကောင်းလင်ဖုန်း ပစ်ပေးလိုက်သော ရိမ်ရင်ကူကို ဇွေ့ခနဲ့နေအောင် ဆီး၍ ပွေ့ယူထားလိုက်ရသည်။

ကောင်းလင်ဖုန်းသည် ရိပ်ရင်ကူကို ပစ်ပေးပြီးနောက် လှစ်ခနဲ ပြေးထွက်သွားရာ မှောင်ရိပ်ထဲတွင် ပျောက်ကွယ်သွားလေတော့သည်။

***

စွန်းလှူယိသည် ရိပ်ရင်ကူကို ပွေ့ချီထားလျက်ရှိနေပြီးရင်လည်း တဒိန်းဒိန်း ခုန်နေသည်။ မျက်နှာလည်း နီရဲနေလေသည်။

ရှေ့ဆက်၍လည်း လျှောက်လှမ်းခြင်း မပြုနိုင်။ ရိပ်ရင်ကူကို သည့်အတိုင်း ပွေ့လျက်သား ကြောင်အမ်းအမ်းဖြင့် ရပ်နေလေသည်။

"ဟာ ... ဒုက္ခပါပဲ၊ စွန်းလှူယိရယ် ကျွန်မ ရင်ဘတ်ကို စမ်းကြည့်ပေးစမ်းပါ"



ရိပ်ရင်ကူ ရုတ်တရက် ပြောလိုက်ရာ စွန်းလှူယိမှာ ရင်တုန်ပန်းတုန်ပင် ဖြစ်သွားရရှာသည်။

"ဟင် ... ဘယ်လို၊ ဘာကို စမ်းကြည့်ရမှာလဲ"

"ကျွန်မရဲ့ရင်ဘတ်ကို စမ်းပေးစမ်းပါလို့ ပြောတာပါ"

စွန်းလှူယိက အလန့်တကြားပင် ငြင်းဆန်သည်။

"ကျွန်မ တောင်းပန်ပါတယ်ရှင် စမ်းကြည့်ပေးစမ်းပါ"

ရိပ်ရင်ကူက တောင်းပန်အသနားခံနေရာ စွန်းလှူယိအဖို့ အတွေးရခက်စရာ ဖြစ်သွားရလေတော့သည်။

"ဟို ... ဟို ... ဒါက ဘာသဘောလဲ၊ ဟိုစမ်းသည်စမ်းလုပ်တဲ့ ကောင်းလင်ဖုန်းကိုတော့ ခင်ဗျားက ဆဲဆိုလွှတ်လိုက်လို့ ထွက်ပြေးသွားပြီ၊ ကျွန်တော့်ကိုတော့ ဘာကြောင့် စမ်းအကြည့်ခိုင်းနေရပြန်တာလဲ"

"အမယ်လေး သစ်သားရုပ်လိုလူစားက ဒီနေရာမှာတော့ အတွေးကောင်းနေပြန်ပြီ"

"ကျွန်တော်တွေးတာ ဘာများမှားသွားလို့လဲ"

"ဟိုသေနာကောင်က ကျွန်မ ကိုယ်ပေါ်ကို ဟိုစမ်းသည်စမ်းလုပ်တာ ဟို ... ဟို ... ကျွန်မ ဝှက်ထားတဲ့ အဖိုးတန်ပုစ္ဆည်းနှစ်ခုကို လိုက်ရှာနေတာမှန်း အခုမှစဉ်းစားမိတယ်၊ အဲဒါ ဟိုသေနာလက်ထဲကို ဝစ္စည်းတွေ ပါသွားသလားဆိုတာ သိရအောင် ရှင့်ကို စမ်းကြည့်ခိုင်းတာပါ၊ ကျွန်မက အကြောပိတ်ခံထားရတော့ ကိုယ်တိုင် မစမ်းနိုင်ပါဘူး၊ ရှင် စမ်းကြည့်မပေးချင်ရင် ကျွန်မတို့ အကြောပြန်ဖွင့်ပေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အကြောပြန်ဖွင့် ပေးလို့ကတော့ မဖြစ်ဘူး၊ အဲဒီ အဖိုးတန်ပစ္စည်းဆိုတာက ဘာတွေလဲ"

"ကျောက်စိမ်းဝါဆံထိုးနဲ့ အဆိပ်တစ်ရာ ဖြေဆေးပုလင်း ပဲ"

"ဟာ ... ခက်ကုန်ပါပြီ"

"ဘယ့်နှယ်လဲ တွေ့သလား"

"ဘာမှမတွေ့ဘူး"

ရှိပ်ရင်ကူမှာ အလွန်ပင် စိတ်ပျက်အားလျော့ သွားရလေသည်။

စွန်းလူယိမှာလည်း အတော်ပင် စိတ်မကောင်း ဖြစ်မိသွားသည်။

ယခုလို ရှိပ်ရင်ကူထံမှ အဖိုးတန်ပစ္စည်းနှစ်ခု ကောင်းလင်ဖုန်းလက်သို့ ပါသွားခြင်းတွင် မိမိတွင်လည်း တာဝန်မကင်းဟု စွန်းလူယိက တွေးမိသည်။

အကယ်၍ မိမိကသာ ရှိပ်ရင်ကူကို မွေ့ချိုခေါ်လာခဲ့လျှင် ကောင်းလင်ဖုန်း အနေဖြင့် ထိုပစ္စည်းနှစ်ခုကို မည်သို့မှ နိုက်ယူသွားနိုင်မည် မဟုတ်ဟုလည်း စွန်းလူယိ တွေးတောမိလေသည်။

စွန်းလူယိက ဆက်လက်၍ ...

"ခင်ဗျားအနေနဲ့ သည်လို အဖိုးတန်ပစ္စည်းတွေကို ကိုယ်ပေါ်မှာ မထားသင့်ဘူး"

"ဘာကြောင့်လဲ"



"ဥပမာပြောရရင် ဒီနေ့ညလို ခင်ဗျား အဖမ်းခံရပြီး ပြည့်စုံစားသောက်ဆိုင်ကို ရောက်သွားရင် ဘယ်လိုလုပ်မလဲ၊ ကောင်းလင်ဖုန်းက ခင်ဗျားဆီကပစ္စည်းကို ကြားဖြတ်ပြီး နိုက်ယူမသွားရင်လည်း အဲဒီပစ္စည်းတွေဟာ ခင်ဗျားနဲ့အတူ သူတစ်ပါးလက်ကို ရောက်သွားမှာပဲ"

"ဘယ်သူ့လက်ကို ရောက်သွားမှာလဲ"

"ရှင်းရှင်းပြောရရင် ကျွန်တော်က အပြင်ကကြားလူလိုဖြစ်နေတယ်၊ ကျွန်တော့် တာဝန်က ခင်ဗျားကို ပြည့်စုံစားသောက်ဆိုင်ကို အရောက်ပို့ပေးဖို့ပဲ၊ ခင်ဗျားကို ဘယ်သူက ဝယ်ချင်သလဲ ဆိုတာကိုတော့ ကျွန်တော် မသိဘူး၊ ကျွန်တော် ဆိုလိုတာက အဲဒီဝယ်မဲ့လူကို ပြောတာပါ"

"ကျွန်မကို ပြည့်စုံစားသောက်ဆိုင် ပို့ပေးလိုက်တာနဲ့ ဒီအရောင်းအဝယ် ဖြစ်နိုင်မယ်ထင်လို့လား"

"ပြည့်စုံစားသောက်ဆိုင်ဟာ သိပ်မဝေးတော့ဘူး၊ ခင်ဗျားကို အဲဒီအရောက် ပို့ပေးလိုက်ရင် ကိစ္စပြီးနေတာပဲ"

"အင်း ... စိတ်ကူးကတော့ တယ်ဟုတ်နေတာပေါ့"

"ဘာစိတ်ကူးက ဟုတ်နေတာလဲ၊ ခင်ဗျားကို ကျွန်တော် အကြောပိတ် ဖမ်းထားနိုင်ပြီ၊ ခင်ဗျားက ကျွန်တော့် လက်ကနေ လွတ်အောင် ထွက်ပြေးနိုင်လို့လား"

"ကျွန်မက ထွက်ပြေးစရာ မလိုပါဘူး"

"ဒါဆို ဘယ်လိုသဘောလဲ"

"ရှင် ဒီလောက် အကဲခတ်ညံ့တယ်ဆိုရင် ကျွန်မ ပါးစပ်ကို သေသေချာချာ ကြည့်လိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



စွန်းလူယိသည် ရိပ်ရင်ကူ၏ ပါးစပ်ကို ကြည့်လိုက်သည်။ ရိပ်ရင်ကူ၏ နှုတ်ခမ်းထောင့်တွင် သွေးစများ စို့နေသည်ကို တွေ့ရသည်။

ရိပ်ရင်ကူ ဘာလုပ်လိုက်သည်ကို စွန်းလူယိ နားလည်သွားလေပြီ။

ရိပ်ရင်ကူက သူမ၏ပါးစောင်ကို သွားဖြင့်ကိုက်လိုက်ရာ ပါးစောင်တွင် ပေါက်ပြဲကာ သွေးများ ယိုစီးထွက်လာခြင်း ဖြစ်သည်။

ဝယ်လိုသည့် စည်းကမ်းသတ်မှတ်ချက်မှာ အသက်ရှင်လျက်ဖြင့် ဒဏ်ရာဒဏ်ချက် လုံးဝမရရှိသော ရိပ်ရင်ကူ ဖြစ်လေသည်။

ယခုလို ပါးစောင်တွင် ပေါက်ပြဲသည့် ဒဏ်ရှိနေပါက စည်းကမ်းချက်နှင့် မညီနိုင်တော့ပေ။

ပါးစောင်တွင် ပေါက်ပြဲသွားခြင်းသည် ဘာမှမပြောပလောက်သော်လည်း ဒဏ်ရာကတော့ ဒဏ်ရာသာဖြစ်သည်။

စွန်းလူယိ ဘာမှမတတ်သာတော့။

ရိပ်ရင်ကူကို အကြောဖြေဖွင့်ကာ အောက်သို့ အသာချပေးလိုက်ရလေတော့သည်။

"ခင်ဗျား သွားချင်ရာ သွားပါတော့"

စွန်းလူယိသည် စိတ်ပျက်အားလျော့သော လေသံဖြင့်ပြောသည်။

ရိပ်ရင်ကူသည် စွန်းလူယိကို သနားသည့် အကြည့်မျိုးဖြင့် ကြည့်လိုက်သည်။ ထိုအကြည့်တွင် ရိုးသားဖြူစင်လှသည့် လူတစ်



ယောက်အနေဖြင့် ယခုလိုကိစ္စမျိုးတွင် မပါဝင်သင့်ကြောင်း သတိပေးသည့်သဘောလည်း ပါဝင်သည်။

ထိုသို့ကြည့်ပြီးနောက် ရိပ်ရင်ကူသည် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်း ထွက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

မီးခဲထန်ဟန်သည် တည်းခိုဆောင်သို့ ပြန်ရောက်လာလေသည်။

သူသည် အဘိုးကြီးဖန်နောက်သို့ ပြေးလိုက်သွားသော်လည်း မမီဘဲ မျက်ခြည်ပြတ်သွားသောကြောင့် တည်းခိုဆောင်သို့ ပြန်လာခြင်း ဖြစ်သည်။

အထူးတည်းခိုဆောင်၏ ခြံဝင်းထဲသို့ရောက်ကာ မျက်စိတစ်ချက်ဝင့်ကာ ကြည့်လိုက်ရုံဖြင့် ရိပ်ရင်ကူကို တစ်စုံတစ်ယောက်က ဖမ်းဆီးခေါ်ဆောင်သွားပြီဖြစ်ကြောင်း ထန်ဟန် ရိပ်မိလိုက်သည်။

မိမိသည် တစ်ဖက်လူများ၏ လှည့်ကွက် ပရိယာယ်ထဲသို့ တိုးဝင်မိလိုက်မှန်း ထန်ဟန် သိလိုက်သည်။

စားသောက်ခန်းထဲသို့ အသာဝင်ကာ ထိုင်ခုံတစ်ခုတွင် ထိုင်ချလိုက်ပြီး တစ်ကိုယ်တည်းသာ တီးတိုး ရေရွတ်လိုက်လေသည်။

"ငါ့ကို လှည့်စားပြီး ခေါ်ထုတ်သွားတဲ့လူကလည်း ခေါ်ထုတ်သွားနိုင်တယ်၊ နောက်ပိုင်းက ရိပ်ရင်ကူကို ဖမ်းတဲ့လူကလည်း ဖမ်းသွားနိုင်တယ်၊ သူတို့ အစီအစဉ်အောင်မြင်လို့ အတော်ဝမ်းသာနေကြမှာပဲ"

"သူတို့ ဝမ်းသာတာက ကိစ္စမရှိပါဘူး၊ ခင်ဗျားကတော့ စကားမတည်တဲ့ လူတစ်ယောက် ဖြစ်သွားပြီ"

စကားသံတစ်ခု ရုတ်တရက် ပေါ်လာသည်။

ထို့နောက် ကျွန်းထင်ကျင့်သည် အခန်းထဲသို့ ခြေတစ်လှမ်းချင်း လျှောက်လှမ်းကာ ဝင်ရောက်လာသည်။

"ကျွန်တော် စကားမတည်ဘူးလို့ ခင်ဗျားက ဘာကြောင့် ပြောနိုင်တာလဲ"

ထန်ဟန်က ကျွန်းထင်ကျင့်ကို မျက်မှောင်ကြုတ်ကာ ကြည့်ပြီး မေးသည်။

"ခင်ဗျားက အပျော်မယ် ရိပ်ရင်ကူကို ကာကွယ်စောင့်ရှောက်ပေးပါမယ်လို့ ပြောခဲ့ပြီး အခု ရိပ်ရင်ကူ သူများလက်ထဲပါသွားပြီ မဟုတ်လား၊ ဒီတော့ ခင်ဗျားဟာ စကားမတည်ဘူးပေါ့ ရှင်းနေတာပဲ"

"ဒီလိုဖြစ်တာနဲ့ ကျွန်တော့်ကို စကားမတည်ဘူးလို့ ဘယ်ပြောနိုင်မှာလဲ"

"ခင်ဗျားက ဘာများ ငြင်းချက်ထုတ်ချင်သေးလို့လဲ"

"ကျွန်တော့်ရဲ့ သိုင်းပညာစွမ်းရည် နိမ့်သေးတယ်လို့ ခင်ဗျား ပြောချင်ပြောနိုင်တယ်၊ တစ်ဖက်လူတွေက ကျွန်တော့်ထက် ဉာဏ်ရည်သာတယ်လို့လည်း ဆိုချင်ဆိုနိုင်တယ်၊ ဒါပေမဲ့ ကျွန်တော့်ကို စကားမတည်ဘူးလို့တော့ မစွပ်စွဲနဲ့၊ ကျွန်တော်က အတတ်နိုင်ဆုံး အစွမ်းကုန် ရိပ်ရင်ကူကို အကာအကွယ် လုပ်ပေးခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟိုလူကို အမိဖမ်းဖို့နဲ့ ဟိုလူ ထွက်ပြေးသွားတဲ့အခါ လိုက်ဖမ်းဖို့ ရိပ်ရင်ကူက ပြောဆိုတိုက်တွန်းခဲ့တာ ဖြစ်တယ်"

"သူက တိုက်တွန်းတိုင်း ခင်ဗျားက လိုက်လုပ်ရသလား၊ ခင်ဗျားဘာသာ ခင်ဗျား ချင့်ချိန်စဉ်းစားဖို့ ကောင်းတယ်"

"ဟိုလူရဲ့ကိုယ်ဟန်နဲ့ သိုင်းကွက်တွေကိုမြင်ရရင် ခင်ဗျားလည်း အဲဒီလူ ဘယ်သူဘယ်ဝါ ဖြစ်မယ်ဆိုတာကို သိချင်တဲ့စိတ်တွေ ချုံးနှိမ်လို့မရအောင် ပေါ်ထွက်လာလိမ့်မယ်"

"ဒီလူက မျက်နှာဖုံး စွပ်ထားသလား"

"ဟုတ်တယ်"

"အခု အဲဒီလူ ဘယ်သူလဲဆိုတာ ခင်ဗျား သိပြီလား"

"သေသေချာချာ မဟုတ်ပေမဲ့ လူတစ်ယောက်ကိုတော့ စဉ်းစားမိလိုက်တယ်၊ အတတ်တော့ မပြောနိုင်ဘူး"

"ခင်ဗျား စဉ်းစားမိတာ ဘယ်သူလဲ"

"ကျင်းလင် သိုင်းညီနောင်သုံးဖော်ထဲက အငယ်ဆုံးလူ ကျားသစ်ပျံ အိုးယန်ကျွင့်ပါပဲ"

"ကျားသစ်ပျံ အိုးယန်ကျွင့် ဖြစ်တယ်လို့ ခင်ဗျားက ဘာကြောင့် ခန့်မှန်းနိုင်တာလဲ"

"သူ့ရဲ့ သွက်လက်မြန်ဆန်ပြီး အကွက်ဆန်းပြားတဲ့ လက်ဝါးသိုင်းကွက်တွေနဲ့ သိပ်ကို လျင်မြန်ဖျတ်လတ်လှတဲ့ ကိုယ်ဖော့ပညာစွမ်းတို့ကို တွေ့ရလို့ ပြောနိုင်တာပဲ"

"သိုင်းလောကမှာ လက်ဝါးသိုင်း အစွမ်းထက်တဲ့လူတွေနဲ့ ကိုယ်ဖော့ပညာ ကောင်းတဲ့လူတွေ အများကြီးပဲ ရှိပါတယ် ဘာကြောင့် ကျားသစ်ပျံ အိုးယန်ကျွင့်ကိုမှရွေးပြီး ခန့်မှန်းမိတာလဲ"



"ခင်ဗျားပြောတာ ဟုတ်ပါတယ်၊ သိုင်းလောကမှာ လက်ဝါးသိုင်း အစွမ်းထက်တဲ့လူနဲ့ ကိုယ်ဖော့ပညာ ကောင်းတဲ့လူတွေ အများကြီးပါပဲ၊ ဒါပေမဲ့ သိုင်းကွက်သိုင်းဟန် လူ[illegible]များမှုတွေက တစ်ယောက်နဲ့တစ်ယောက် မတူကြပါဘူး၊ အဆင့်မြင့် သိုင်းသမားတွေမှာ ထူးခြားချက်ကိုယ်စီ ရှိတတ်ကြပါတယ်၊ ခင်ဗျားကို ဥပမာထားပြီး ပြောရမယ်ဆိုရင် သိုင်းလောကမှာ ဓားသိုင်းပညာ အစွမ်းထက်တဲ့လူတွေ အများကြီးရှိပေမဲ့ နဂါးမြူးဟန် ဓားသိုင်းကို ပိုင်ပိုင်နိုင်နိုင် ထိထိမိမိ သုံးနိုင်သူကတော့ ခင်ဗျား တစ်ယောက်တည်းပဲ ရှိတယ်မဟုတ်လား"

ထန်ဟန်၏ စကားမမှားပေ။ ကျန်းထင်ကျင့်၏ နဂါးမြူးဟန် ဓားသိုင်းမှာ အခြားဓားသိုင်းများနှင့်မတူ တစ်မူဆန်းသည်။ နဂါးမြူးဟန် ဓားသိုင်းကိုမြင်သည်နှင့် ကျန်းထင်ကျင့်ဖြစ်မှန်း သိကြမည်မလွဲပေ။

"ကျင်းလင်သိုင်းညီနောင် သုံးဖော်တို့ဟာ လမ်းမှန်သိုင်းသမားတွေ ဖြစ်တယ်၊ အစ်ကိုကြီးနဲ့ အစ်ကိုလတ် သေဆုံးသွားပြီး အငယ်ဆုံး ကျားသစ်ပျံ အိုးယန်ကျွင့်ဟာလည်း သိုင်းလောကမှာ ပေါ်မလာတော့ဘဲ ပျောက်ကွယ်နေတာကြာပြီ၊ သူ့ကို သေဆုံးသွားပြီလို့ ထင်သူတွေက ထင်နေတယ်၊ တကယ်လို့ သူ အသက်ရှင်နေသေးတယ်ပဲထား ဒီလို အောက်တန်းကျတဲ့ အလုပ်မျိုးကို သူက လုပ်မှာတဲ့လား"

"ကျွန်တော်လည်း ဒါကို တွေးမိပါတယ်၊ ဒါကြောင့် ခန့်မှန်းမိတယ်လို့ပဲ ပြောခဲ့တာပါ၊ တိတိကျကျ ဟုတ်ရမယ်လို့ မပြောပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အခုကိစ္စမှာ ထူခြားတဲ့ အကြောင်းတစ်ခုခု ရှိမယ်လို့ ကျွန်တော် ထင်တယ်"

"ဘာအကြောင်းလဲ"

"ကျွန်တော်က အစစအရာရာကိုသာ သိနေမယ်ဆိုရင် ကျွန်တော့် နာမည်ကို မီးခဲထန်ဟန်လို့ ဘယ်ခေါ်တော့မှာလဲ၊ နတ်မင်းထန်ဟန်လို့ ခေါ်မှာပေါ့"

"အခု ရိပ်ရင်ကူကို လူတစ်ယောက် ဖမ်းခေါ်သွားပြီ၊ ဒီတော့ ခင်ဗျားအနေနဲ့ သူ့ကို ပြန်ကယ်နိုင်အောင်လို့ မကြိုးစားတော့ဘူးလား"

"ကျွန်တော်ထင်တာ မမှားဘူးဆိုရင် ရိပ်ရင်ကူအတွက် စိတ်ပူမနေပါနဲ့တော့"

"ကျွန်တော် ဟိုလူ့နောက်ကို ပြေးလိုက်သွားတာ လိုက်မမီနိုင်မှန်းသိတာနဲ့ ချက်ချင်း နောက်ကြောင်းပြန်လှည့်လာခဲ့တယ်၊ လမ်းမှာလည်း မျက်စိလျှင်လျင်ထားပြီး လိုက်ကြည့်ခဲ့တယ်၊ အဲဒီလူဟာ ကျားသစ်ပျံ အိုးယန်ကျွင့် ဖြစ်တယ်ထားဦး၊ နှစ်ကိုယ်တော့ မခွဲနိုင်ပါဘူး၊ သူက တစ်ဖက်က ကိုယ်ယောင်ပြပြီး ကျွန်တော့်ကို လှည့်ခေါ်အသွားမှာ အခြားတစ်ယောက်က နောက်ပိုင်းကနေပြီး ရိပ်ရင်ကူကို ဝင်ဖမ်းသွားရမယ်၊ အဲဒီလို နောက်ပိုင်းက ဝင်ဖမ်းသွားတာ ဘယ်သူဖြစ်မယ် ထင်သလဲ"

"ကျင်လင်သိုင်းညီနောင် သုံးဖော်ထဲက အကြီးဆုံး နဂါးနိုင်ဘားဝိဇ္ဇာဟာ သူတစ်ပါးလက်ချက်နဲ့ ကြမ္မာဆိုးကြုံခဲ့ရပြီး၊ အငယ်ဆုံး ကျားသစ်ပျံ အိုးယန်ကျွင့်ကလည်း တပည့်မမွေး အိမ်ထောင်မပြုခဲ့ဘူး"



ကျန်းထင်ကျင့်က ကြားဖြတ်၍ ...

"အလယ် ပလွေနက်သိုင်းသမား ချန်မင်မှာတော့ ဆိုင်းမျိုးဆက် ကျန်ရစ်ခဲ့တယ်"

"ဟုတ်ပြီ ဒီတော့ တကယ်လို့ ကျွန်တော့်ကို လှည့်စားဖျားယောင်းပြီး ခေါ်သွားတဲ့လူဟာ ကျားသစ်ပျံ အိုးယန်ကျွင့် ဖြစ်တယ်ဆိုရင် ရိပ်ရင်ကူကို တစ်ဖက်လှည့်နဲ့ဝင်ဖမ်းတာ ဘယ်သူဖြစ်မလဲ"

"ခင်ဗျားက ဟို ... ဟို ... စွန်းလူယီကို ဆိုလိုတာလား"

"ဟုတ်တယ်"

"ဒါကြောင့် ခင်ဗျားက စိတ်အေးလက်အေး ရှိနေတာကိုး"

"စွန်းလူယီဟာ ဘယ်လို စိတ်သဘောထား ရှိတယ်ဆိုတာ ခင်ဗျား အသိပဲ၊ ရိပ်ရင်ကူသာ သူ့လက်ထဲကို ရောက်နေရင် ဘာများ စိုးရိမ်နေစရာရှိလဲ"

"ကောင်းပါပြီ ခင်ဗျား မှန်းဆတဲ့အတိုင်း မှန်တယ်ပဲထားလိုက်ပါ၊ ဘာကြောင့် အခုထက်ထိ ပြန်ရောက်မလာသေးတာလဲ"

"ရိပ်ရင်ကူဟာ သူ့ကို ဖမ်းယူသွားတဲ့ လူရဲ့လက်က လွတ်မြောက်အောင် လုပ်နိုင်ပြီးတဲ့နောက် ဒီနေရာကို ပြန်လာချင်မှ လာလိမ့်မယ်၊ ပြန်မလာဖို့များတယ်"

"တယ်အပြောကောင်းတဲ့လူပဲ၊ ရိပ်ရင်ကူဟာ လောကကြီးကနေ ရှောင်တိမ်းထွက်သွားတာကိုး၊ အင်း ... အင်း ... ဒီလိုဆိုတော့ ဒီနေရာကို ဘယ်လိုလုပ် ပြန်လာနိုင်တော့မှာလဲ"

"ခင်ဗျားက လိုရာကိုဆွဲပြီး အပြောတတ်သားပဲ"

ကျန်းထင်ကျင့်က ထန်ဟန်ကို ကြည့်လိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"အလို ကျွန်တော်က ခင်ဗျားကို မတရားစွပ်စွဲနေတယ်လို့ ဆိုချင်တာလား"

"အေးလေ ထားလိုက်ပါတော့၊ ကျွန်တော် တစ်ခုပဲမေးချင်တယ်၊ ရိုပ်ရင်ကူကို ကျွန်တော်တို့ ဘယ်တော့ ပြန်တွေ့နိုင်မှာလဲ"

"အကြာဆုံးပြောရရင် ရှေ့လဆန်း ငါးရက်နေ့၊ ပြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲ အချိန်ထက်တော့ ပိုမကြာနိုင်ပါဘူး"

"အမြန်ဆုံးကကော"

"အမြန်ဆုံး ပြောရရင်တော့ မနက်မိုးလင်းရင်တောင် ခင်ဗျားနဲ့ဆုံမိပြီး နှုတ်ဆက်စကား ပြောကောင်းပြောလိမ့်မယ်"

"ခင်ဗျားပြောတဲ့ အကြာဆုံးအချိန် ရောက်တဲ့အထိ ရိုပ်ရင်ကူကို မတွေ့ရရင်ကော"

ထန်ဟန်က မထိတရီပြုံးလိုက်ကာ ...

"ကျွန်တော့်ကို ကြိုက်သလို အပြစ်ပြောနိုင်တယ်"

"ကောင်းပြီ နောက်မှ ပြန်ဆုံကြသေးတာပေါ့"

ကျန်းထင်ကျင့်သည် ထိုသို့ပြောပြီး ချာခနဲ လှည့်ထွက်သွားလေသည်။

"ခဏနေပါဦးလေ"

ထန်ဟန်က ဟန့်တားလိုက်သည်။

* * *



"ခင်ဗျား မေးချင်တာတွေ အကုန်မေးပြီး ထွက်သွားတော့မလို့လား၊ ကျွန်တော် မေးချင်တာလေး မေးပါရစေဦး"

"မေးနိုင်ပါတယ်"

"ဟိုတစ်ခေါက် အရက်သောက်ပြိုင်ရာမှာ ကျွန်တော် ရှုံးနိမ့်ခဲ့ရတဲ့အတွက် ဘယ်လို လုပ်ဆောင်ပေးရမယ်ဆိုတာ သိပါရစေလား"

ကျန်းထင်ကျင့်သည် ချက်ချင်း အဖြေမပေးသေးပဲ အသာမျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။

"အခုလောလောဆယ် စဉ်းစားလို့ မရဘူးဆိုရင်လည်း နေပါစေ၊ နောက်နှောင် စဉ်းစားလို့ရမှပဲ ပြောပါ"

ထန်ဟန်က ပြောသည်။

ကျန်းထင်ကျင့်သည် မထိတရီအပြုံးမျိုး ပြုံးလိုက်ကာ ...

"ကျွန်တော်က တစ်ကိုယ်ကောင်း မဆန်ပါဘူး၊ သူတစ်ပါးအတွက် ထည့်ပြီးစဉ်းစားပါတယ်၊ ကျွန်တော်က ခင်ဗျားကို အရက်သောက်ပြိုင်ရာမှာ အနိုင်ရတဲ့အတွက် လောင်းကြေး လုပ်ခဲ့ကြတဲ့အတိုင်း ခင်ဗျားက ကျွန်တော့် အလုပ်တစ်ခုကို လုပ်ပေးရမှာဖြစ်ပေမဲ့ ကျွန်တော်က ကျွန်တော့်အတွက် သက်သက်ချည်းပဲ မစဉ်းစားပါဘူး၊ ကျွန်တော် ပြောမဲ့အလုပ်က ခင်ဗျား ကိုယ်တိုင်လည်းလုပ်ဖို့ အများကြီး သင့်လျော်နေတဲ့အလုပ် ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းထင်ကျင့်သည် မိမိကိုယ်မိမိ အလွန်ကျေနပ်သည့် အသွင်ဖြင့်ပြုံးရယ်ကာ ဆက်လက်၍ ...

"အသပြာ တစ်သိန်းငါးသောင်းပေးပြီး ခင်ဗျားရဲ့ သိုင်းပညာ ဓာတ်မြစ်နဲ့ ဆရာသမားအကြောင်း လျှို့ဝှက်ချက်ကို ဝယ်ယူသွားတဲ့ လူဟာ ဘယ်သူလဲဆိုတာကို သုံးရက်အတွင်းသိအောင် စုံစမ်းပေးဖို့ ပါပဲ"

ဤအလုပ်သည် ထန်ဟန်ကို တကယ်စေတနာရှိ၍ စေခိုင်းသည့်အလုပ် ဖြစ်မည်လား။

သုံးရက်အတွင်း ဤကိစ္စကို ပြီးစီးအောင် ဆောင်ရွက်နိုင်ပါမည်လား။

ကျန်းထင်ကျင့်သည် ထိုစကားများကို ပြောပြီးနောက် အလွန်ပင် ကျေနပ်သည့်အသွင်ဖြင့် ပြုံးရယ်၍နေသည်။

ကျန်းထင်ကျင့်သည် ထန်ဟန်ကို အကျဉ်းအကျပ် အခြေအနေတွေ့ရအောင် ဖန်တီးနိုင်၍ အတော်ပင် ပီတိဖြစ်နေဟန် တူသည်။

"တခြား ကိစ္စတစ်ခုခုကို ပြောင်းပြီးပြောပါလား၊ အခုကိစ္စဟာ ခင်ဗျားအတွက် ဘယ်လိုမှ အကျိုးမရှိနိုင်ပါဘူး"

ထန်ဟန်က ကျန်းထင်ကျင့်ကို ပြောသည်။

"ကိစ္စမရှိပါဘူး ကျွန်တော့်အတွက် အကျိုးမရှိရင်လည်း နေပါစေ၊ ကျွန်တော်က ခင်ဗျားအပေါ်မှာ စေတနာထားတာကြောင့် ဒီလိုမျိုးပြောတာပါ၊ ခင်ဗျားအတွက် အကျိုးရှိမယ်ဆိုရင်ပဲ ကျွန်တော် ကျေနပ်နေပါပြီ"



"ကျွန်တော် ထန်ဟန်ရဲ့ သိုင်းပညာဓာတ်မြစ်နဲ့ ဆရာသမား အကြောင်း လျှို့ဝှက်ချက်ကို အသပြာ တစ်သိန်းငါးသောင်းပေးပြီး ဝယ်တဲ့လူကို ရအောင်စုံစမ်းဖော်ထုတ် ပေးရမယ်လို့ ခင်ဗျားက ပြောတယ် ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်၊ သုံးရက်ဆိုတဲ့အချိန်ဟာ နည်းလွန်းနေလို့လား၊ ဒါဆိုရင် နောက်ထပ် ရက်နည်းနည်း တိုးပေးနိုင်ပါတယ်"

ထန်ဟန်က ခေါင်းကိုခါယမ်းကာ ...

"ကျွန်တော် ပြောချင်တာက ဆန့်ကျင်ဘက် ဖြစ်နေတယ်"

ကျန်းထင်ကျင့်မှာ အံ့ဩသွားကာ ...

"ဘာ ... သုံးရက်အချိန်တောင် မလိုဘူး၊ ဟုတ်လား"

ထန်ဟန်က မထီတရီ ပြုံးလိုက်ကာ ...

"ဟုတ်ပါတယ် အဲဒီလူကို အခုချက်ချင်းတောင် ရှာပေးနိုင်ပါသေးတယ်"

"ဒါဖြင့် ပြောစမ်းပါဦး၊ အဲဒီလူဟာ ဘယ်သူလဲ"

ထန်ဟန်က မထီတရီ ရယ်မောလိုက်ပြီး ...

"အဲဒီလူဟာ ကျွန်တော် ကိုယ်တိုင်ပါပဲ"

***

ကျန်းထင်ကျင့်မှာ အလွန်ပင် အံ့အားသင့်သွားရသည်။

ကျန်းထင်ကျင့်သည် အံ့ဩလွန်း၍ ခေတ္တ ကြောင်အမ်းအမ်း ဖြစ်နေပြီးနောက် ထန်ဟန်ကို မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပြနိုင်ပါတယ်၊ သိပ်လည်းဆန်းပြားတဲ့အလုပ် မဟုတ်ပါဘူး၊ ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ရအောင် လုပ်လိုက်တာပဲ ဆိုပါတော့"

"ဘယ်လို ... ဘယ်လို ... ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ရမှာလဲ"

ကျန်းထင်ကျင့်သည် သဘောမပေါက်သေးသောကြောင့် ထပ်မေးလိုက်သည်။

ကျွန်တော့်ရဲ့ သိုင်းပညာတစ်မြစ်နဲ့ ဆရာသမားအကြောင်း လျှို့ဝှက်ချက်ကို သိုင်းလောကမှာ သိုင်းသမားတွေ အတော်များများ စိတ်ဝင်စားနေကြတယ်၊ ဒီလျှို့ဝှက်ချက်ကို တစ်ယောက်မဟုတ် တစ်ယောက်က သိအောင်စုံစမ်းကြမှာပဲ၊ ဒီလိုစုံစမ်းနေမှုကို ဘယ်လို အခြေအနေ ရှိတယ်ဆိုတာကို သိရအောင် ကျွန်တော်က အခုလို လုပ်လိုက်တာပါပဲ၊ သူများထက်အလျင် လက်ဦးမှုယူလိုက်တယ် ဆိုပါတော့"

"ဒီလိုလုပ်လိုက်တော့ ခင်ဗျား ဘယ်လိုများ ထူးထူးခြားခြား သိလာရသလဲ"

ထန်ဟန်က မထိတရီ ပြုံးလိုက်ဖြီကာ ...

"သိပ်ထူးခြားတယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ ကျွန်တော် တွက်ထားတဲ့အတိုင်း ဖြစ်လာတယ်လို့ပဲ ပြောပါရစေလား"

"ကျွန်တော်ဟာ သိုင်းလောကမှာ ထူးခြားတဲ့လူ အတော်များများကို တွေ့ဖူးပါတယ်၊ ဒါပေမဲ့ ခင်ဗျားလို ထူးခြားတဲ့လူကိုတော့ မတွေ့ဖူးသေးပါဘူး"



"ကျွန်တော်ကလည်း ခင်ဗျားလို သူတစ်ပါးအပေါ် စိတ်ကောင်း စေတနာကောင်းထားတတ်တဲ့ လူစားမျိုးကို မတွေ့ဖူးပါဘူး၊ ကဲ ... အရက်သောက်ပြိုင်ရာမှာ ရှုံးခဲ့တဲ့လောင်းကြေး ကြေသွားပြီနော်"

ကျန်းထင်ကျင့်က ပြုံး၍ ခေါင်းညိတ်ပြသည်။

ထို့နောက် နှစ်ယောက်သား ပြိုင်တူ ရယ်မောလိုက်ကြတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

စိတ်တိုင်းကျပြည့်စုံရွာတွင် ပဲပြားဆိုင်ဟူ၍ တိန်းမာကျီ၏ ပဲပြားဆိုင် တစ်ဆိုင်တည်းသာရှိသည်။ ထိုဆိုင်၏ပဲပြားသည်အလွန် အရသာရှိသည်။

ဆိုင်ကလည်း တစ်ရွာလုံးတွင် တစ်ဆိုင်တည်းသာ ရှိသည့် အတွက် အရောင်းအဝယ် အလွန်ကောင်းလေသည်။

ပဲပြားဆိုင်ရှင် တိန်းမာကျီတွင် အကျင့်ဆိုးတစ်ခုရှိလေ သည်။

ထိုအကျင့်ဆိုးကြောင့်လည်း တိန်းမာကျီ၏ ပဲပြားများကို ကြိုက်နှစ်သက်သူ များပြားသလောက် တိန်းမာကျီကို အမြင်ကတ် သူလည်း များပြားသည်။

တိန်းမာကျီသည် ပါးစပ် စည်းကမ်းမရှိပေ။ မိန်းမများကို ရိသဲ့သဲ့ဖြင့် နောက်ပြောင်ကျီစယ်တတ်သည်။

ထိုသို့ ရိသဲ့သဲ့ မထိတထိ အပြောခံရသူများထဲတွင် မသိ ယောင်ပြုကာ နေသူများရှိသလို တိန်းမာကျီကို မျက်စောင်းထိုး ဒေါသထွက်သွားသူများလည်း မနည်းပေ။ အချို့ကလည်း တိန်းမာ ကျီကို ပြန်ကာ ရန်တောင်သွားတတ်သည်။



ပဲပြားသည် အမျိုးမျိုး ချက်ပြုတ်စားသောက်နိုင်သည့် ပစ္စည်းဖြစ်ရာ တိန်းမာကျီ၏ဆိုင်တွင် ဈေးဝယ်သူများ အမြဲ စည်ကားနေသည်။

နံနက် နေထွက်ချိန်တွင် စတင်ရောင်းချရာ တစ်နာရီခန့်ပင် ကြာသော အချိန်အတွင်း လုပ်ထားပြီးသမျှပဲပြားတွေ တက်တက်စင် ပြောင်သွားမြဲ ဖြစ်သည်။

ပဲပြားပြုလုပ်ရာတွင် ပဲကိုရေစိမ်ခြင်း၊ ပဲကြိတ်ခြင်း၊ ကြိုချက် ခြင်း၊ အရောင်တင်ခြင်း၊ ပုံသွင်းကာဖိထားခြင်း စသဖြင့် အဆင့်ဆင့် လုပ်ရသည်မှာ ဝင်္ဂါန်းလှသည်။

ထို့ပြင် နောက်ထပ်ဖွင့်လှစ်မည့် ပဲပြားဆိုင်များတွင်လုပ်သည့် ပဲပြားသည် တိန်းမာကျီ၏ ပဲပြားလောက် အရသာကောင်းချင်မှ ကောင်းနိုင်ပေမည်။

ထို့ကြောင့်လည်း ရိသဲ့သဲ့ပြောတတ်သည့် တိန်းမာကျီ၏ အပြောကို အမျိုးသမီးများက သည်းခံကာ သူ့ထံမှ ပဲပြားများကို နေ့စဉ် ဝယ်ယူနေကြရသည်။

ယနေ့နံနက်တွင်လည်း ဆိုင်ဖွင့်သည်နှင့် တိန်းမာကျီ၏ ပဲပြားဆိုင်တွင် ဈေးဝယ်သူ အမျိုးသမီးများနှင့် စည်ကားနေလေ ပြီ။

တစ်ယောက်ပြီးတစ်ယောက် ရောင်းချလာရာ ဈေးခုံအနားသို့ တရွေ့ရွေ့ နီးကပ်လာသော အမျိုးသမီးတစ်ယောက်ကို မြင်လိုက် ရသည်တွင် တိန်းမာကျီ၏ မျက်လုံးထဲတွင် အရောင်များလက်လာ သည်။ မျက်နှာတွင်လည်း သွေးရောင် အနည်းငယ် လျှမ်းတက် လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးမှာ တိန်းမာကျီ၏ ဖောက်သည်တစ်ယောက် ဖြစ်သလို တိန်းမာကျီ၏ ထိကပါးရိကပါး အပြောခံရဆုံးလည်း ဖြစ်သည်။

စိတ်တိုင်းကျပြည့်စုံရွာတွင် အချောဆုံးပင် ဖြစ်သည်။

အချို့က တစ်မိုးအောက်တွင် ဤအမျိုးသမီးလောက် လှပချောမောကာ စွဲမက်စရာကောင်းသူ မရှိဟုပင် ပြောကြလေသည်။

မျက်လုံးညိုညိုများသည် အမြဲပင် အရည်လဲ့ကာ ချစ်စဖွယ် ဖြစ်သလို သွေးရောင်လျှမ်းနေသော ပါးပြင်၊ နီမြန်းကာအိထွေးသော နှုတ်ခမ်း၊ ပေါ်လွင်သောနှာတံ၊ လုံးလုံးအိအိ မေးစေ့လေးတို့ဖြင့် မျက်နှာကလည်း အလွန်ပင် ချောမောလေသည်။

မိမိ၏ အလှအပများကို ပေါ်လွင်အောင်လည်း ဝတ်စားဆင်ယင်တတ်သည်။

ဤအမျိုးသမီး၏အမည်မှာ လီမော်စန်းဟု ခေါ်သည်။ ကရားမွေး လက်ဖက်ရည်ဆိုင်ပိုင်ရှင် ထောင်စု၏ ဇနီးသည်လေးဖြစ်သည်။

ထောင်စုသည် တစ်ကိုယ်တည်း လူပျိုကြီးအဖြစ် နေလာခဲ့ပြီး လက်ဖက်ရည်ဆိုင်မှ ရသမျှအမြတ်တို့ကို ကျစ်ကျစ်ပါအောင် စုထားခဲ့သည်။ အသက်လေးဆယ်အရွယ်တွင် ငွေကြေး အခဲတော် အတန်စုမိကာ မိမိထက် အသက်နှစ်ဆယ်မျှငယ်သော လီမော်စန်းကို မယားအဖြစ် ယူလိုက်သည်။

လီမော်စန်းသည် စိတ်တိုင်းကျပြည့်စုံ ရွာသူတစ်ယောက် မဟုတ်ပေ။ တစ်နယ်တစ်ကျေးမှ ဖြစ်သည်။ သို့သော် လီမော်စန်း မည်သည့်ရပ်ရွာက မည်သူတွေ၏ သမီးဖြစ်သည်ဆိုခြင်းကို စိတ်တိုင်းကျပြည့်စုံရွာမှလူများ မသိကြပေ။



စိတ်တိုင်းကျပြည့်စုံရွာ၏ လျှို့ဝှက်ချက် အမျိုးမျိုးတို့တွင် လီမော်စန်း၏ နောက်ကြောင်းအဝ ဖြစ်စဉ်သည်လည်း တစ်ခုသော လျှို့ဝှက်ချက် ဖြစ်နေပေသည်။

ထောင်စုလို အသက်လေးဆယ် အရွယ်ရှိနေပြီး ကောင်းကောင်းလည်း ကျန်းမာသန်းစွမ်းမှုမရှိသော လူတစ်ယောက်က ငယ်ရွယ်ချောမောပြီး စွဲမက်စရာအပြည့်ဖြစ်သည့် လီမော်စန်းလို ဇနီးချောလေးရသည်မှာ ကံကောင်းသည်ဟု လူအများက ပြောကြသည်။

အမှန်တကယ် ကံကောင်းခြင်း ရှိမရှိကိုမူ ထောင်စုကိုယ်တိုင်သာ သိပေမည်။

ထောင်စုသည် ပဲပြားကိုသိပ်မကြိုက်။ သို့သော် လီမော်စန်းကမူ ပဲပြား အလွန်ကြိုက်သည်။ နေ့စဉ်ပင် ပဲပြားကို တစ်နည်းမဟုတ်တစ်နည်း အမျိုးမျိုးဖြင့် မရိုးရအောင် ချက်ပြုတ်စားသောက်လေ့ရှိသည်။

နံနက်စောစောတိုင်း တိန်းမာကျီ၏ဆိုင်သို့ ပဲပြားဝယ်ရန် ရောက်လာလေ့ရှိသည်။

ထိုသို့ လီမော်စန်း ပဲပြားဝယ်ရန် ရောက်လာလျှင် တိန်းမာကျီကလည်း အလွန်ပင် စိတ်ဓာတ်တက်ကြွကာ ဒုံမြူးနေတတ်သည်။

လီမော်စန်းသည် ချောမောလှပကာ စွဲမက်စရာအပြည့် ဖြစ်သလို တိန်းမာကျီ၏ ရိသဲ့သဲ့ စကားများကို ပြုံးရယ်ကာ နားထောင်နေတတ်သည်။ တစ်ခါတစ်ရံတွင် တုံ့ပြန်ကာပင် နောက်ပြောင်သွားတတ်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တိန်းမာကျိုလို လူတစ်ယောက်အဖို့ လီမော်စန်းလို အမျိုးသမီးတစ်ဦးကို မနှစ်သက်ပဲ နေနိုင်ပါမည်လား။

ယနေ့တွင် လီမော်စန်းသည် ဖက်မှုံးရောင် ဂါဝန်ရှည်နှင့် အဖြူရောင်အင်္ကျီကို ဝတ်ဆင်ထားသည်။ ဖြူနုသော အသားအရည်နှင့် အလွန်ပင် လိုက်ဖက်သည်။

"ဟော ... တို့ညီမ ရောက်လာပြီ၊ ဒီနေ့ ပိုလှလို့ပါလား"

ဈေးခုံအနားသို့ လီမော်စန်း တိုးကပ်လာသည်နှင့် တိန်းမာကျိုက လှမ်းနောက်ပြောင်လိုက်သည်။

လီမော်စန်းသည် လှပစွာပြုံးကာ အရောင်လက်နေသော မျက်လုံးရွဲကြီးများဖြင့် တိန်းမာကျိုကို တစ်ချက်ကြည့်လိုက်သည်။ ပါးစပ်ကတော့ ဘာမှပြန်မပြောပေ။ သို့သော် ထိုအကြည့်နှင့် ထိုအပြုံးတို့က တိန်းမာကျိုကို အလွန်ပင် ကျေနပ်နှစ်သိမ့်သွားစေခဲ့သည်။

ထိုအချိန်တွင် တိန်းမာကျိုသည် ပဲပြားနှစ်တုံး လှီးဖြတ်ကာ ဈေးဝယ်သူ အဘွားကြီးတစ်ယောက်၏ ခြင်းတောင်းထဲ ထည့်ပေးနေချိန် ဖြစ်သည်။

လှပသော လီမော်စန်းကို လှမ်းငေးကြည့်နေရင်းမှ ပဲပြားကို ထည့်ပေးနေခြင်းဖြစ်ရာ လက်ကိုပြန်အရုတ်တွင် လက်ထဲ၌ ကိုင်ထားသောဓားမက ပဲပြားကို ထိမိကာ အနည်းငယ် ပဲ့ထွက်သွားသည်။

"အလိုလေး ကြည့်ပါဦး၊ ပဲပြား ဘယ်လိုဖြစ်သွားပြီလဲ၊ အိမ်က ခခင်မလေးက ဆူတော့မှာပဲ"

အဘွားကြီးက အသံစူးစူးနှင့်အော်သည်။



လီမော်စန်းသည် ဈေးခုံအနားသို့ ရောက်နေပြီဖြစ်သော်လည်း ဈေးဝယ်ရန်အလှည့် မရောက်သေးပေ။ သူမ၏ရှေ့တွင် ရှိနေသူများကို တိန်းမာကျို အလှည့်ကျ ရောင်းပေးနေရသည်။

ထိုသို့ ရောင်းနေရင်း လီမော်စန်းကိုသာ ပြောဆိုနောက်ပြောင်နေလေသည်။

သုံးလေးယောက်ကို ရောင်းပြီးမှ လီမော်စန်း၏ အလှည့်ကို ရောက်လာသည်။

"ဒီနေ့ ပဲပြားလေးတုံးယူမယ်၊ ရော့ ... ဒီမှာ ပိုက်ဆံ"

လီမော်စန်းက ထိုသို့ပြောပြီး ပဲပြားဖိုးကျသင့်သည့် ငွေအကြွေ အနည်းငယ်ကို ဆိုင်ခုံပျဉ်ပြားပေါ် တင်လိုက်သည်။

ထိုသို့ လှမ်းအဝင်တွင် ယက်ညှိုးနှင့်လက်သူကြွယ် အကြားတွင် ညှပ်ထားသည့် စက္ကူလိပ်လေး တစ်ခုကိုလည်း ပျဉ်ပြား၏ အောက်သို့ အသာထောက်၍ ချပေးလိုက်သည်။

ဤအပြုအမူကို တိန်းမာကျိုမှတပါး အခြား မည်သူမှ သတိမမူမိလိုက်ကြပေ။

တိန်းမာကျိုကလည်း လူမြွေမပျက်ပင် လီမော်စန်းကိုသာ နောက်ပြောင်နေရင်း ပဲပြားလေးတုံးကို လှီးဖြတ်ပေးလိုက်လေသည်။

တိန်းမာကျိုသည် ထိုစက္ကူလိပ်လေးကို ကောက်ယူဖြန့်ကြည့်လိုလှပြီ ဖြစ်သော်လည်း ဈေးဝယ်သူများ ကျန်နေသေးသည့်အတွက် မကောက်ယူနိုင်ပဲ ဆက်လက် ရောင်းချနေရသည်။

မကြာမီမှာပင် ပဲပြားများ ရောင်း၍ကုန်သွားသည်။ တိန်းမာကျိုသည် ရောင်းရငွေများကို ကြည့်လိုက်သည်။ ထို့ပြင် လီမော်စန်း ပေးသွားသော စက္ကူလိပ်လေးကိုလည်း ကောက်ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စက္ကူလိပ်လေးကို ကောက်ယူပြီးနောက် တိန်းမာကျီသည် စိတ်ရွှင်လန်းစွာ လေတလေး တချွန်ချွန်ဖြင့် ဆိုင်ခန်းမှထွက်ကာ နေအိမ်ထဲသို့ ဝင်ရောက်သွားသည်။

တိန်းမာကျီသည် တံခါးပိတ်ထားသော အစွန်ဆုံးအခန်းရှိရာသို့ အသာလျှောက်လှမ်းသွားသည်။

ထိုအခန်းနားသို့ ရောက်သောအခါ လေချွန်နေမှုကို ရပ်လိုက်သည်။ ခြေသံကိုလည်း ခပ်ဖွဖွသာ နင်းနေသည်။

ပိတ်ထားသောတံခါးကို အသာတွန်းကာ အခန်းထဲသို့ ဝင်လိုက်သည်။

ထိုအခန်းထဲတွင် ငယ်ရွယ်နုပျိုပြီး ချောမောလှပသော မိန်းမပျိုသုံးယောက် ရှိနေသည်။

အခန်းထဲတွင် မိန်းမပျိုသုံးယောက် ရှိနေသည်။

သုံးယောက်လုံး ငယ်ရွယ်နုပျိုကာ လှပချောမောကြသည်။ တစ်ယောက်က အဝါရောင်၊ တစ်ယောက်က အဖြူရောင်၊ တစ်ယောက်က နီညိုရောင် ဝတ်စုံများကို ဝတ်ထားကြသည်။

တိန်းမာကျီ ဝင်ရောက်သွားချိန်တွင် မိန်းမပျိုသုံးယောက်သည် စားသောက်ဝိုင်းတစ်ခုရှိ ထိုင်ခုံတွင် ဝိုင်းထိုင်နေကြသည်။ ဟောင်းနွမ်းနေပြီဖြစ်သော စာအုပ်တစ်အုပ်ကို သုံးယောက်အတူ ဖတ်နေကြသည်။

တိန်းမာကျီသည် ခါးကိုအသာကိုင်းကာ ရိုသေစွာရပ်နေသည်။ မိန်းမချောများကိုမြင်လျှင် စူးရှသောအကြည့်ဖြင့် အားမနာတမ်းကြည့်ကာ ရိသဲ့သဲ့ ပြောတတ်လေ့ရှိသူ တိန်းမာကျီသည်မိန်းမပျို သုံးယောက်ကိုတော့ မော်၍ပင်မကြည့်။ မျက်လွှာ



ကိုသာ ချထားသည်။ နောက်ပြောင်ခြင်း၊ ရိသဲ့သဲ့ ပြောခြင်းလည်း မပြု။ နှုတ်ပိတ်နေသည်။

အခန်းထဲသို့ ရောက်သွားသော တိန်းမာကျီသည် အခြားလူတစ်ယောက်အဖြစ် အသွင်ပြောင်းသွားသလား ဟုပင် ထင်ရသည်။

တိန်းမာကျီအကြောင်း သိထားသူ တစ်ယောက်ယောက်သာ ယခုအဖြစ်ကိုမြင်ရလျှင် ယုံနိုင်ဖွယ်မရှိပေ။

စာအုပ်၏ စိတ်အဝင်စားဆုံး၊ အရေးအကြီးဆုံးသော အပိုင်းကို ဖတ်နေကြဟန်တူသည်။

"အတော့်ကို ကြောက်စရာကောင်းတဲ့ မိုးတစ္ဆေကုတ်ဆွဲသိုင်းကွက် တစ်ဆယ့်ရှစ်ကွက်ပါလား၊ တကယ်လို့ သိုင်းပညာချင်းသာ ရင်ဆိုင်တိုက်ရမယ်ဆိုရင် ကျွန်မတို့သုံးယောက်ပေါင်းတိုက်ရင်တောင် ဒီအဘွားကြီးကို ယှဉ်နိုင်မယ် မထင်ဘူး"

နီညိုရောင် ဝတ်စုံဝတ်ထားသည့် မိန်းမပျိုက ကီးတိုးရေရွတ်ပြောသည်။

"အချိန်တော့ သိပ်မရနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် မိုးတစ္ဆေကုတ်ဆွဲသိုင်းကွက်ကို အဆင့်ခုနစ်အထိလောက် ပိုင်နိုင်အောင် လေ့ကျင့်နိုင်ရင်တောင် ဟို ... ကောင်းလင်ဖုန်းဆိုတဲ့ သေနာကောင်လေးကို ကောင်းကောင်း အနိုင်ယူနိုင်မယ်"

အဖြူရောင် ဝတ်စုံဝတ်ထားသည့် မိန်းမပျိုက ပြောသည်။

အဝါရောင် ဝတ်စုံဝတ်ထားသော မိန်းမပျိုက ရုတ်တရက် ခေါင်းမော်ကာ တိန်းမာကျီဘက်ကို လှမ်းကြည့်ပြီး ...

"အကြောင်းထူးရှိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



တိန်းမာကျီသည် ခါးကိုကိုင်းကာ အရိုအသေပေးလိုက်ကာ ...

"ဟုတ်ကဲ့၊ ကရားမွေး လက်ဖက်ရည်ဆိုင်က သတင်းပို့ချက် ရလာပါတယ်"

ကျန်မိန်းမပျို နှစ်ယောက်လည်း တိန်းမာကျီကို ခေါင်းမော့ကာ ကြည့်လိုက်သည်။ မိန်းမပျို သုံးယောက်လုံး၏ မျက်နှာများပေါ်တွင် ဝမ်းသာသည့် အရိပ်အသွင်များ ပေါ်လွင်နေကြသည်။

တိန်းမာကျီသည် စကားပြောပြီးသည်နှင့် အသာရှေ့သို့ လျှောက်လှမ်းလာကာ စက္ကူလိပ်တစ်ခုကို အဝါရောင်ဝတ်စုံဝတ် မိန်းမပျိုလက်သို့ ရိုသေစွာ ပေးလိုက်သည်။

ထိုစက္ကူလိပ်လေးသည် လီမော်စန်း ပစ်ချပေးသွားခဲ့သော စက္ကူလိပ်လေးပင် ဖြစ်သည်။

အဝါရောင်ဝတ်စုံဝတ် မိန်းမပျိုက စက္ကူလိပ်လေးကို အသာဖွင့်ကာ ဖတ်ကြည့်သည်။

စက္ကူပေါ်တွင် စာတစ်ကြောင်း ရေးထားသည်။

"ဖုန့်ယန်ရဲတိုက်လူတွေ ရောက်လာကြပြီ"

***

ကရားမွေး လက်ဖက်ရည်ဆိုင်တွင် လူအတော် စည်ကားနေသည်။

ဆိုင်ထဲ၌ စားပွဲအားလုံးလိုလိုတွင် လူများပြည့်လုမတတ် ရှိနေသည်။



ဆိုင်ရှင် ထောင်စုသည် ငွေသိမ်းစားပွဲတွင်ထိုင်ကာ လက်ဖက်ရည်ကြမ်း သောက်နေသည်။

သူ့ရှေ့တွင် အပြာရောင် လက်ဖက်ရည်ကြမ်း ကရားတစ်ခုလည်း ရှိနေသည်။

ထိုအပြာရောင် ကရားထဲမှ လက်ဖက်ရည်ကြမ်းသည် သာမန် လက်ဖက်ရည်ကြမ်း မဟုတ်ပေ။

အားတိုးဆေးမြစ်များဖြင့် ရောနှော ပြုလုပ်ထားသည့် အထူး အားတိုး လက်ဖက်ရည်ကြမ်း ဖြစ်သည်။

ထောင်စုသည် ကျန်းမာရေး သိပ်မကောင်းလှပေ။ အားအင်လည်း နည်းပါးနေသည်။ ထို့အတွက် ဆေးဆရာကပြုကြည့်ရာ အားတိုးဆေးမြစ်များဖြင့် ရောနှောပြုလုပ်ထားသည့် အထူးလက်ဖက်ရည်ကြမ်းသောက်ရန် ဆေးညွှန်းပေးခဲ့လေသည်။

အားတိုးလက်ဖက်ရည်ကြမ်း ကရားတစ်ဝက်ခန့် ကုန်သွားသည့်အချိန်တွင် ဆိုင်ထဲသို့ ဝတ်စုံပြာဝတ် လူရွယ်တစ်ယောက် ဝင်လာသည်။

"ကြွပါ ဆရာလေး"

ထောင်စုသည် ထိုင်ရာမှထကာ ခရီးဦးကြို စကားဆိုသည်။ သို့သော် သူ၏စကားမှာ အထစ်ထစ်အငေါ့ငေါ့ ဖြစ်သွားရသည်။ ဝင်လာသူမှာ ယောကျ်ားပျို တစ်ယောက်အသွင် ဝတ်ဆင်ထားသော်လည်း တကယ့်ယောကျ်ားပျို အစစ်မဟုတ်ပဲ မိန်းမပျို တစ်ယောက်သာဖြစ်ကြောင်း ထောင်စု သိထားသည့်အတွက် ဆရာလေးဟု ခေါ်ရမည်လား။ မမလေးဟု ခေါ်ရမည်လား ဝေခွဲမရပဲ ရှိနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေးအသွင် ဝတ်ဆင်ထားသော မိန်းမပျိုက အသာ မျက်စိမှိတ်ပြလိုက်တော့မှ ထောင်စုသည် စကားကို ရှောရှောရှူရှူ ဆက်ပြောချလိုက်နိုင်သည်။

"ဩော် ... ဆရာလေးချန်ပါလား၊ အထဲကိုကြွပါ၊ ဆရာကြီးဝမ် အနောက်ဘက် အတွင်းခန်းထဲမှာ စောင့်နေပါတယ်"

ယောကျ်ားလေးအသွင် ဝတ်ဆင်ထားသော မိန်းမပျိုက ခေါင်းညိတ်ပြပြီး အနောက်ဘက် အတွင်းခန်းထဲသို့ ဝင်ရောက်သွားသည်။

ထိုမိန်းမပျိုမှာ ခေါင်းညီအစ်မသုံးဖော်မှ ကြေးချန်ဝမ်လန် ဖြစ်ပြီး အတွင်းဘက်တွင် စောင့်နေသူ ဆရာကြီးဝမ်ဆိုသူမှာ ဖုန့်ယန်ရဲတိုက်မှ ကျားရဲဆယ့်ရှစ်ဖော်ကို ဦးဆောင်သူ လက်မရွံ့ ဝမ်လင်ထူး ဖြစ်သည်။

ခေါင်းညီအစ်မ သုံးဖော်တို့သည် တိန်မာကျို၏ အိမ်ထဲတွင် လျှို့ဝှက်စခန်းချကာ ဖုန့်ယန်ရဲတိုက်မှလူများ ရောက်လာမည့် အချိန်ကို စောင့်နေခဲ့ကြသည်။

ဖုန့်ယန်ရဲတိုက်မှလူများ ရောက်လာ ကြသည့်အကြောင်းကို လီမော်စန်းက လျှို့ဝှက် အကြောင်းကြား ဆက်သွယ်ချက်အရ ကြေးခေါင်ပျိုက ဝမ်လင်ထူးကို လာရောက် တွေ့ဆုံခြင်းဖြစ်လေသည်။

* * *



ဝမ်လင်ထူးသည် အသက် ဘိုးဆယ့်ငါးနှစ်ခန့် ရှိသည်။ ကိုယ်ခန္ဓာကျစ်လျစ်ကာ အေးတိအေးစက် အမူအရာရှိသည်။ သွေးအေးအေးနှင့် ရက်စက်ကြမ်းကြုတ်စွာ ပြုလုပ်တတ်မည့် လူတစ်ယောက် ဖြစ်သည်။

"အစ်ကိုကြီးဝမ် နေကောင်းပါရဲ့လား"

အခန်းထဲသို့ ရောက်လာသော ကြေးခေါင်းပျိုက မေးလိုက်သည်။

ဝမ်လင်ထူးက အေးစက်စက် အမူအရာဖြင့် ...

"ဟုတ်ကဲ့ နေကောင်းပါတယ်၊ ထိုင်ပါ"

ကြေးခေါင်းပျိုသည် အခန်းထဲရှိ ထိုင်ခုံတစ်ခုပေါ်တွင် ဝင်ထိုင်လိုက်လေသည်။

"ရဲတိုက်သခင်ကြီး နှစ်ယောက်ကော ရောက်လာကြပြီလား"

"အခုတော့ မရောက်သေးပါဘူး၊ ဒါပေမဲ့ သူတို့ ရောက်လာကြလိမ့်မယ်လို့တော့ ပြောပါတယ်"

ဝမ်လင်ထူးသည် ကြေးခေါင်းပျိုကို တစ်ချက်ကြည့်လိုက်ကာ ဆက်လက်၍ ...

"ပင့်ကူမျှင်အကျီကို အရယူနိုင်ပြီလား"

ကြေးခေါင်းပျိုက ခေါင်းညိတ်ပြကာ ...

"ယူနိုင်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မိန်းကလေးတို့ ခေါင်းညီအစ်မသုံးဖော်နဲ့ ကျုပ်တို့ရဲ့ ရဲတိုက်သခင်ကြီးနှစ်ယောက် ကြိုတင်သဘောတူထား ကြပြီးတဲ့အတိုင်း ကျုပ်က အပျော်မဆံ ရိပ်ရင်ကူကို ရှင်းပေးရဖို့အလှည့်ရောက်လာပြီပေါ့"

"ရိပ်ရင်ကူကို ဂင်းပေးစရာ မလိုတော့ဘူး၊ အခြားလူတစ်ယောက်ကိုပဲ ရှင်းပေးပါ"

"ဘယ်သူ့ကိုလဲ"

"ဖိုးစပ်စု ကောင်းလင်ဖုန်း"

ဝမ်လင်ထူး၏ မျက်နှာပေါ်တွင် ထူးခြားသော အပြုံးတစ်ခုပေါ်လာသည်။

"ကောင်းလင်ဖုန်းဟာ ကိုယ်ဖော့ပညာ ကောင်းတာကလွဲပြီး အခြားသိုင်းပညာတွေမှာ မထူးချွန်ပါဘူး၊ သူက မိန်းကလေးတို့ ခေါင်းညီအစ်မသုံးဖော်ကို ဒေါသထွက်အောင် ဘာတွေများလုပ်ခဲ့လို့ပါလဲ"

"မမလတ်ကို ဒေါသထွက်အောင် လုပ်ခဲ့တယ်လေ"

"ဩော် ... ဟုတ်လား၊ ဘယ်လိုများပါလိမ့်"

ချန်ဝမ်လန်၏ မျက်နှာပေါ်တွင် ပန်းနုရောင်သမ်းသွား၏။

"ကျွန်မလည်း သေသေချာချာတော့ မသိပါဘူး၊ အဲဒီလူက မမလတ်ကို အလစ်မှာ သွေးကြောပိတ်လိုက်တယ်၊ သွေးကြောပိတ်ခံရပြီး မမလတ် မလှုပ်မရှားနိုင် ဖြစ်သွားတဲ့အခါကျတော့ အင်း ... အဲ"

"အကြောပိတ်ပြီးတော့ ဘာလုပ်သလဲ"



ဝမ်လင်ထူးသည် အောင့်အည်းမနေနိုင်တော့ပဲ မေးလိုက်လေသည်။

"ပြီးတော့ သူက မရိုးမသား လုပ်လိုက်တာပဲ"

"တောက် ... တယ်ဆိုးတဲ့ကောင်လေးပဲ"

မရိုးသားဟူသော စကားမှာ အတော်ပင် အဓိပ္ပာယ်ရှိသည်။ တကယ်တော့ ကောင်းလင်ဖုန်းသည် ချန်လီလီကို ပွေ့ဖက်နမ်းရှုံ့ခဲ့ခြင်းသာ ဖြစ်သည်။ ဤအကြောင်းကို ချန်ဝမ်လန်က ခပ်ရှင်းရှင်းပြောပြလိုက်လျှင် ဘာမှအကြောင်းမဟုတ်ပေ။

"ဒီကောင်လေး အခု ဘယ်မှာရှိနေသလဲ"

"အိပ်မက်ဂေဟာမှာ"

"အိပ်မက်ဂေဟာဆိုတာက ဘယ်နေရာနားပဲ"

ဝမ်လင်ထူးသည် စိတ်တိုင်းကျပြည့်စုံရွာသို့ ယခုမှ ပထမဆုံး ရောက်လာခဲ့သည်ဖြစ်ရာ အိပ်မက်ဂေဟာ၏ တည်နေရာကို မသိပေ။

ချန်ဝမ်လန်က အိပ်မက်ဂေဟာ တည်ရှိနေရာကို ပြောဆိုလမ်းညွှန် ပေးလိုက်ရသည်။

"ကောင်းပြီ ကျုပ် အခုပဲ ဒီကောင့်ကို သွားတွေ့လိုက်မယ်၊ သတင်းကိုသာ စောင့်နားထောင်ပေတော့"

ဝမ်လင်ထူးသည် ပြောပြောဆိုဆို ထိုင်နေရာမှ ထလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းသည် အေးမြသော မှတ်သဘောရှိကာ ကိုယ်ခန္ဓာအတွင်းရှိ အပူတို့ကို ငြိမ်းစေနိုင်သည်ဟု ဆေးကျမ်းတို့တွင် ဆိုသည်။

ကျောက်စိမ်းဟု ဆိုသော်လည်း အရောင်သည် အစိမ်း၊ အဖြူ၊ အနီ စသဖြင့် ရှိတတ်သည်။ အဝါရောင် ကျောက်စိမ်းမှာ အလွန်ပင် ရှားပါးလှသည်။ ရှားပါးသလောက်လည်း ကျောက်စိမ်းအမျိုးမျိုးတွင် ဆေးဖက်အဝင်ဆုံးလည်း ဖြစ်လေသည်။

ငွေအသပြာ အသိန်းအသန်း ပုံပေးပါစေ ကျောက်စိမ်းဝါကိုမူ ရရှိရန်ခက်ခဲလှသည်။

ကောင်းလင်ဖုန်းသည် ရိပ်ရင်ကူထံမှ အရယူလာခဲ့သော ကျောက်စိမ်းဝါဆံထိုးကို နှာမြောသလို တစ်ချက်ကြည့်ပြီးနောက် အမှုန့်ချေပစ်လိုက်သည်။

သူသည် ကျောက်စိမ်းဝါဆံထိုးကို မဖျက်ဆီးလိုသော်လည်း အတွင်းဒဏ်ရာရကာ အားအင်များကုန်ခန်းပြီး အတွင်းအားစုစည်းခြင်း မပြုနိုင်တော့သည့် အိုက်တာရင့်အတွက် ဖြေဆေးဖော်စပ်ရာတွင် ဆေးအမယ် တစ်မယ်အဖြစ်ထည့်ကာ ဖော်စပ်နိုင်ရန်အတွက် အမှုန့်ချေပေးလိုက်ရခြင်း ဖြစ်သည်။

ဆေးအမယ် အားလုံးစုံပြီမို့ ဖော်စပ်ထားသော ဆေးရည်ကို အိုက်တာရင့်က သောက်သုံးပြီး တင်ပျဉ်ခွေထိုင်ကာ အတွင်းအားလည်ပတ်လေ့ကျင့်သည်။



ကောင်းလင်ဖုန်းက ဘေးနားတွင်ထိုင်ကာ လိုအပ်ပါက ကူညီပေးနိုင်ရန် စောင့်ကြည့်ပေးနေသည်။

အချိန်နှစ်နာရီကျော် ကြာမြင့်ပြီးနောက် အိုက်တာရင့်သည် တင်ပျဉ်ခွေ ထိုင်နေရာမှ ထရပ်လိုက်သည်။ သူ၏ အသွင်မှာ လန်းဆန်း၍လာသည်။

ဝေဝေဝိုင်းဝိုင်း ဖြစ်နေသည့် အမူအရာများလည်း ပပျောက်သွားသည်။

သူ၏ ကိုယ်ခန္ဓာအတွင်း သွေးလေများသန့်စင်ကာ အတွင်းအားလည်း ကောင်းစွာလည်ပတ် အသုံးချနိုင်လေပြီ။

အိုက်တာရင့်အတွက် လိုအပ်သည့် ဆေးအမယ်များကို ကြိုးစားရှာဖွေပေးခဲ့ရသူ ကောင်းလင်ဖုန်းသည် အိုက်တာရင့် တစ်ယောက် ယခုလို ကျန်းမာရွှင်လန်းသွားသည်ကို တွေ့ရသောအခါ ပင်ပန်းရကျိုးနပ်ကာ ဝမ်းသာအားရ ဖြစ်မိလေသည်။

"ခင်ဗျားကို သိပ်ကျေးဇူးတင်တယ်ဗျာ၊ ဒီည ခင်ဗျားကို ကောင်းကောင်း ဧည့်ခံပြုစုပါ့မယ်"

အိုက်တာရင့်က ပြုံးရယ်ကာပြောသည်။

"ခင်ဗျား ဧည့်ခံပြုစုမှာကို ကျွန်တော် လက်ခံနိုင်မယ် မထင်ဘူး"

ကောင်းလင်ဖုန်း၏ စကားကြောင့် အိုက်တာရင့်မှာ အံ့သြသွားကာ ...

"ဟင် ... ဘာဖြစ်လို့လဲ"

"ကျွန်တော် အခုချက်ချင်းပဲ သွားရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုသွားမှာလဲ"

"အပျော်မယ် ရိပ်ရင်ကုန်ပဲ ခေါင်းညီအစ်မသုံးဖော်တို့ဟာ ကျွန်တော့်ကို အစိမ်းလိုက် ဝါးစားချင်နေကြပြီ၊ ယောကျ်ားကောင်း တစ်ယောက်ဟာ မိန်းမသားတွေနဲ့ ရန်မဖြစ်ထိုက်ဘူး၊ ဒါကြောင့် သင့်တော်မဲ့နေရာ တစ်နေရာရာမှာသွားပြီး ပုန်းအောင်းရှောင်တိမ်း နေမလို့ပါ"

ထိုအချိန်မှာပင် အခန်းအပြင်ဘက်မှ အေးစက်စက် စကား သံတစ်ခု ပေါက်ထွက်လာသည်။

"ကိုယ့်အန္တရာယ်ကို အတပ်သိသားပဲ၊ ဒါပေမဲ့ အခုမှ ရှောင်ပုန်းထွက်သွားလို့ မရနိုင်တော့ဘူး သိပ်နောက်ကျနေပြီ"

ကောင်လင်ဖုန်းနှင့် အိုက်တာရင့်တို့နှစ်ယောက် တစ်ယောက် မျက်နှာတစ်ယောက် ကြည့်မိကြသည်။

"ဒီလူကို ခင်ဗျား သိသလား"

အိုက်တာရင့်က ကောင်းလင်ဖုန်း ကြားနိုင်ရုံ တီးတိုးလေသံ နှင့် မေးသည်။

"ခင်ဗျား အသာနေ ဒီလူကြီးကို ကျွန်တော် ရှေ့ကနေပြီး ရင်ဆိုင်မယ်"

"ဟာ ... ဖြစ်ပါ့မလား၊ ခင်ဗျားရဲ့ သိုင်းပညာက ကျွန်တော့်ထက် အဆင့်မြင့်ပေမဲ့ အခုလေးတင်ကမှ ဖြေဆေး စားလိုက်ရလို့ အတွင်းအား ပြန်လည်ပတ်နိုင်တာ မဟုတ်လား၊ ဒီလိုအခြေအနေမှာ ရန်သူနဲ့ ရင်ဆိုင်တိုက်ခိုက်လို့ ဘယ်ဖြစ်ပါ့ မလဲ၊ ကျွန်တော် ကောင်းလင်ဖုန်းဟာ စကျူးအရုပ် မဟုတ်ပါဘူး၊



ဒီလူကြီးက ကျွန်တော့်ကို ဘယ်လိုများ အန္တရာယ် ပေးနိုင်မလဲ ဆိုတာ ကြည့်ကြသေးတာပေါ့"

ထိုအချိန်မှာပင် အခန်းအပြင်ဘက်မှ အော်ပြောလိုက်သည့် စကားသံ ပေါ်လာပြန်သည်။

"အရုပ်ဆိုးတဲ့ ချွေးမလည်း ယောက္ခမကို ထွက်တွေ့ရ တာပဲ၊ လိပ်လိုခေါင်းဝှက်ပြီး ပုန်းရှောင်နေလို့ရမတဲ့လား၊ ဟား ဟား ဟား"

ခဏအကြာတွင် တံခါး ဝုန်းခနဲပွင့်သွားကာ လူတစ်ယောက် အခန်းထဲသို့ လျှောက်လှမ်းဝင်လာသည်။

"ဘယ်သူများလဲလို့ စဉ်းစားကြည့်နေတာ လက်စသတ်တော့ လက်မရှဲ့ ဝမ်လင်ထူးကိုး"

အိုက်တာရင့် ရေရွတ်ပြောဆိုလိုက်သည်။

"အေး ... ကျုပ်မှန်းသိရင် ပြီးတာပဲ၊ အခု ကျုပ်လာတဲ့ ကိစ္စဟာ မင်းနဲ့ တယ်လိုမှ မပတ်သက်ဘူး၊ ဟို ... စပ်စပ်စုစု ကောင်လေးကိုပဲ ကျုပ် လာရှာတာ"

ဝမ်လင်ထူးက ပြန်ပြောသည်။

ကောင်လင်ဖုန်းသည် လျင်မြန်စွာပင် ရှေ့သို့ တက်လှမ်း လာကာ ဝမ်လင်ထူးကို စိမ်းစိမ်းကြည့်လိုက်ပြီး ...

"ခင်ဗျားကို ခေါင်းညီအစ်မသုံးဖော်တို့က စေလွှတ်လိုက် တာလား"

ဝမ်လင်ထူးက ခေါင်းညိတ်ပြကာ ...

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားရဲ့ သိုင်းပညာအဆင့်က အတော်မြင့်ပါတယ်၊ ဘာကြောင့် သဘောထားသေးသိမ်ပြီး အမျိုးသမီးတွေအတွက် အသက်စွန့်ချင်ရတာလဲ"

"ဒါက ကျုပ်ရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်ပဲ"

"သြော် ... ရရှိမဲ့ အခကြေးငွေနဲ့ အကျိုးအမြတ်ကိုပဲကြည့်ပြီး ခိုင်းစေတဲ့လူ ဘယ်သူဘယ်ဝါ ဆိုတာကို မစဉ်းစားတော့ဘူးပေါ့"

"ဟုတ်တယ်"

"လုပ်ဆောင်ရမဲ့ကိစ္စဟာ မှားသလား၊ မှန်သလား ဆိုတာကိုကော မစဉ်းစားတော့ဘူးလား"

"စဉ်းစားစရာ မလိုပါဘူး"

"ခင်ဗျားက အခကြေးငွေနဲ့ အကျိုးအမြတ်ကို ဒီလောက်မက်မောနေတယ်ဆိုရင် ဒီလိုလုပ်ပါလား၊ ဟိုကောင်မတွေ ပေးလိုက်တဲ့ အခကြေးငွေထက် ကျုပ်တော်က တစ်ဆပိုပေးမယ်၊ ခင်ဗျားသူတို့ဆီပြန်သွားပြီး နည်းနည်းပါးပါးလောက် ဆုံးမပေးပါ"

"အင်း ... မင်းပြောတာ မဆိုးပါဘူး၊ ဒါပေမဲ့ ကိစ္စနှစ်ခုကို တစ်ခုပြီးမှတစ်ခု လုပ်ဖို့တော့လိုတယ်"

"ဘာကြောင့် တစ်ခုပြီးမှတစ်ခု လုပ်ရမှာလဲ"

"ဒီနေ့ ကျုပ်တင်အလုပ်လက်ခံ ပြီးထားတဲ့အတိုင်း မင်းရဲ့အသက်ကို အလျင်ခြွေယူမယ်၊ မနက်ဖြန်ကျမှ ခင်ဗျားရဲ့ မိတ်ဆွေကြီး အိုက်တာရင့်ကတစ်ဆင့် ခင်ဗျားရဲ့အလုပ်ကို လက်ခံယူပြီး ဟိုမိန်းမချော သုံးယောက်ကို သွားလက်တုံ့ပြန်ပေးမယ်၊ သဘောပေါက်လား"



"ဟာ ... ပေါက်ကရတွေ"

ဝမ်လင်ထူးသည် အေးစက်စက် ရယ်မောကာ ရှေ့သို့ တက်လာသည်။

ဝမ်လင်ထူး၏ နောက်ကျောတွင် ဓားရှည်တစ်လက် လွယ်ထားသည်။

ဝမ်လင်ထူးသည် လှုပ်ရှား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သော်လည်း ဓားရှည်ကိုဆွဲထုတ်ခြင်း မပြုသေးပေ။

ကောင်းလင်ဖုန်းလို လူတစ်ယောက်ကို လက်နက်ဆွဲထုတ်ကာ တိုက်ခိုက်ရန် မလိုကြောင်းပြသည့် သဘောပင်ဖြစ်သည်။

ရှေ့သို့ လှမ်းတက်ပြီးသည်နှင့် ဝမ်လင်ထူးသည် ကောင်းလင်ဖုန်းကို လက်ဝါးနှစ်ဖက်ဖြင့် ဗာအားရိုက်ချလိုက်သည်။

လက်ဝါးရိုက်ချက် လျင်မြန်လှသည့်အတွက် ကောင်းလင်ဖုန်းမှာ ရှောင်တိမ်းရန်ပင် အချိန်မရနိုင်ပဲ လက်ဝါးနှစ်ဖက်ကို ဆန့်ထုတ်ကာ လက်ဝါးချင်း ခံဆောင်လိုက်ရသည်။

"ဖုန်း"

"ဖုန်း"

လက်ဝါးချင်းဆိုင်ကာ ရိုက်မိကြသည်။

ဝမ်လင်ထူးသည် နေရာတွင် ဟန်မပျက်ရပ်နေနိုင်သော်လည်း ကောင်းလင်ဖုန်းမှာမူ လက်မောင်းနှစ်ဖက်လုံး ကျင်ခနဲဖြစ်ကာ မျက်နှာတွင်လည်း သွေးဆုတ်ကာ ဖြူလျော်သွားလျက် ခြေလှမ်းသုံးလေးလှမ်းမျှ နောက်သို့ ယိမ်းယိုင်ကာ ဆုတ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန့်ယန်ရဲတိုက်မှ လက်ခံ၍ ဝမ်လင်ထူးသည် ကြမ်းကြုတ်ရက်စက်ကာ တိုက်ခိုက်ရာတွင် အလွန် သွက်လက်မြန်ဆန်လှကြောင်းကို အိုက်တာရင့်နှင့် ကောင်းလင်ဖုန်းတို့ နှစ်ယောက်က ကောင်းကောင်း ကြားဖူးထားကြသည်။

အိုက်တာရင့်နှင့် ကောင်းလင်ဖုန်းတို့ နှစ်ယောက်လုံး အံ့ဩထိတ်လန့်သွားကာ ကြောင်အမ်းအမ်း ဖြစ်ကုန်ကြသည်။

အိုက်တာရင့်သည် ကောင်းလင်ဖုန်းနှင့် ပူးပေါင်းကာ ဝမ်လင်ထူးကို တိုက်ခိုက်လျှင် အခြေအနေတစ်မျိုး ပြောင်းနိုင်သည်။ ဝမ်လင်ထူး၏ တိုက်ခိုက်မှု မည်မျှပင် လျင်မြန်ကာ ကြမ်းကြုတ်ရက်စက်သည်ဖြစ်စေ အိုက်တာရင့်နှင့် ကောင်းလင်ဖုန်းတို့ နှစ်ယောက် ပူးပေါင်းတိုက်ခိုက်သည်ကို ရင်ဆိုင်ခုခံရန် မလွယ်ပေ။

ထို့ပြင် ကိုယ်ဖော့ပညာ ကောင်းလှသော ကောင်းလင်ဖုန်းက အလွတ်ရုန်းကာ ထွက်ပြေးလျှင်လည်း ဝမ်လင်ထူးအနေဖြင့် နောက်မှ အမီလိုက်ဖမ်းနိုင်ရန် ခက်ပေမည်။

ယခုမူ အိုက်တာရင့်ကလည်း ကောင်းလင်ဖုန်းနှင့် အတူ ပူးပေါင်းကာ ဝမ်လင်ထူးကို တိုက်ခိုက်ရန် သတိမရ။ ကောင်းလင်ဖုန်းကလည်း ကိုယ်ဖော့ပညာကိုသုံးကာ ကိုယ်လွတ်ရုန်း ထွက်ပြေးရန် စိတ်မကူးမိ။

နှစ်ယောက်လုံး ကြောင်အမ်းအမ်း ဖြစ်နေကြသည်။

"ဟား ဟား ဟား"

ဝမ်လင်ထူး အေးစက်စက် ရယ်မောကာ ရှေ့သို့ လှစ်ခနဲ တိုးပြီး ညာလက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်ပြန်သည်။



ကောင်းလင်ဖုန်း မရှောင်နိုင်။ ရင်ဘတ်တွင် လက်ဝါး ရိုက်ချက် အထိခံရကာ ပက်လက်လန် လဲကျသွားသည်။

ဝမ်လင်ထူးသည် ပက်လက်လန် လဲကျသွားသော ကောင်းလင်ဖုန်း၏ လည်ပင်းကို ခြေထောက်ဖြင့် ဆောင့်နင်းချမည်ပြုပြန်သည်။

ထိုအခါတွင်မှ ကြောင်အမ်းအမ်းဖြင့် ရပ်ကြည့်နေမိသော အိုက်တာရင့်သည် သတိဝင်လာကာ လွှားခနဲ ခုန်ဝင်လာလျက် ဝမ်လင်ထူး၏ နောက်ကျောကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ကျောက်စိမ်းမင်းသား အိုက်တာရင့်၏ သိုင်းပညာစွမ်းရည်သည် မိုးစပ်စု ကောင်းလင်ဖုန်းထက် သာလွန်ကြောင်းကို ဝမ်လင်ထူး သိထားသည်။

ထို့ကြောင့် ကောင်းလင်ဖုန်း၏ လည်မျိုကို ခြေထောက်ဖြင့် နင်းရန်ကိစ္စကို အခံသာရပ်တန့်ကာ နောက်သို့ ချာခနဲလှည့်၍ အိုက်တာရင့်၏ လက်ဝါးရိုက်ချက်ကို ရင်ဆိုင်လိုက်သည်။

အိုက်တာရင့်သည် အတွင်းဒဏ်ဖြစ်နေရာမှ ပျောက်ကင်းကာစ၊ အတွင်းအား ပြန်လည်စုစည်း အသုံးချနိုင်ကာစ အချိန်ဖြစ်ရာ သိုင်းပညာကို အားကုန်အင်ကုန် အစွမ်းကုန် အသုံးမပြုနိုင်သေးပေ။

ထို့ကြောင့် ဝမ်လင်ထူးက နောက်လှည့်ကာ ခုခံလိုက်ရာ အိုက်တာရင့်၏ လက်ဝါးရိုက်ချက်မှာလည်း ပျက်ပြယ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိုက်တာရင့်သည် ဝမ်လင်ထူးကို တိုက်စစ်မဆင်နိုင်တော့ပဲ ဝမ်လင်ထူး၏ ပြင်းထန်သော လက်ဝါးရိုက်ချက်များကိုသာ ကြိုးစားခုခံ ကာကွယ်နေရသည်။

ပြန်လည်စုစည်း အသုံးပြုနိုင်ကာစဖြစ်သော အတွင်းအားကို အတင်းထုတ်သုံး နေရသည့်အတွက် သိုင်းကွက်နှစ်ဆယ်မျှ အပြန်အလှန် တိုက်ခိုက်ပြီးသောအခါတွင် အိုက်တာရင့်မှာ မောပန်းလာသည်။ လက်ဝါးရိုက်ချက်များလည်း စောစောပိုင်းကလောက် အားအင်မပြည့်ဝတော့။

"ဟဲ ဟဲ ဟဲ ... ဒီနေ့ တစ်ယောက်ကိုပဲ ရှင်းဖို့လာခဲ့တာ အခုတော့ တစ်ယောက်က အဆစ်ဝင်ပါလာပြီး နှစ်ယောက်ရှင်းပစ်ရတော့မှာပါလား"

ဝမ်လင်ထူးက အေးစက်စက် ရယ်မောကာပြောသည်။

သူ၏ စကားများမှာ အိုက်တာရင့်နှင့် ကောင်းလင်ဖုန်းတို့ နှစ်ယောက်အတွက် သေမင်းခေါ်သံလို ဖြစ်နေသည်။

ထို့ပြင် ကောင်းလင်ဖုန်းအနေဖြင့် ကိုယ်လွတ်ရုန်းကာ ထွက်ပြေးလိုသည့်တိုင် ရရှိထားသော ဒဏ်ရာကြောင့် ထွက်ပြေးနိုင်ခြင်း မပြုနိုင်တော့ပေ။

"သူများကိုရှင်းဖို့ကို အသာထားလိုက်ပါ၊ ကိုယ် အရှင်းမခံရအောင်ပဲ ကြိုးစားပါဦး"

စကားသံတစ်ခု ကြားရသည့်အတွက် ဝမ်လင်ထူးသည် အံ့အားသင့်ကာ အိုက်တာရင့်နှင့် တိုက်ခိုက်နေမှုကို ရပ်ဆန့်လျက် နောက်သို့ဆုတ်ကာ အသံပေါ်လာရာဘက်သို့ လှမ်းကြည့်သည်။



အသံရှင်ကို မြင်လိုက်ရသောအခါ ဝမ်လင်ထူး၏မျက်နှာ ကွက်ခနဲပျက်လျက် ညာလက်ကလည်း အလိုအလျောက်ပင် ကျောတွင်လွယ်ထားသော ဓားရှည်၏ လက်ကိုင်ရိုးကို လှမ်းဆုပ်လိုက်မိသည်။

* * *

ဝမ်လင်ထူးသည် မိမိကိုယ်မိမိ အထင်ကြီးသူတစ်ယောက် ဖြစ်သည်။

အိုက်တာရင့်၊ ကောင်းလင်ဖုန်းတို့နှင့် ရင်ဆိုင်ခဲ့မှုဉ်က ဝမ်လင်ထူးသည် လက်နက်ကို ကိုင်ပင်မကိုင်ခဲ့ပေ။

ယခုမူ နောက်ကျောတွင် လွယ်ထားသော ဓားရှည်၏ အရိုးကို ဆုပ်ကိုင်ကာ ဓားရှည်ကို ရှမ်းခနဲ ဆွဲထုတ်လိုက်သည်ကိုတောက်လျှင် တွေ့မြင်လိုက်ရသည့် ရန်သူသည် သူ့အဖို့ အလွန်အလေးထားစရာ လူတစ်ယောက်ဖြစ်ကြောင်း သိသာနိုင်သည်။

ရောက်ရှိလာသူသည် မီးခဲထန်ဟာန်ပင် ဖြစ်သည်။

အိုက်တာရင့်သည် မီးခဲထန်ဟာန် ရောက်လာသည်ကို မြင်ရသောအခါ ပင်လယ်တွင် သဘောပျက်၍ မျောနေသူတစ်ယောက် ကုန်းမြေကို လှမ်းတွေ့လိုက်ရသလို ဝမ်းသာရွှင်မြူးသွားသည်။

အိုက်တာရင့်သည် ဝမ်လင်ထူးကို အရေးမလုပ်တော့ပဲ ဒဏ်ရာရထား လဲကျနေသည့် ကောင်းလင်ဖုန်းထံသို့သာ အပြေးသွားကာ အသာဖေးမ ပြုစုပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့ကျွန်တော် ဒီနေ့တော့ ဆန့်ကျင်ဘက်အဖြစ် ရင်ဆိုင်တွေ့ကြရပြီ၊ ဒါပေမဲ့ နောက်ဆုံးအဖြစ် ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုရပဲ ကိုယ့်လမ်းကိုယ် အေးအေးဆေးဆေး သွားနိုင်တဲ့ အခွင့်အလမ်းတစ်ခုတော့ ရှိသေးတယ်၊ ခင်ဗျားဟာ ဉာဏ်ကောင်းတဲ့လူဆိုတော့ ဒီလောက်ပြောရင် နားလည်ပါလိမ့်မယ်"

ထန်ဟာန်က ဝမ်လင်ထူးကို မထီတရီပြုံးကာ ကြည့်ပြီး ပြော၏။

"ကျုပ်က ဒီလောက် ဉာဏ်မကောင်းဘူး၊ မင်းက ဘာကို ဆိုလိုတာလဲ"

ဝမ်လင်ထူးက ထန်ဟာန်ကို စိမ်းစိမ်းကြည့်ပြီး ပြန်ပြောသည်။

"ခင်ဗျားက ဒီလိုပြောမှတော့ ကျွန်တော်က အသေးစိတ် ရှင်းပြရတာပေါ့"

"ကောင်းတယ်၊ ရှင်းရှင်းပြောနိုင်လေ ကောင်းလေပဲ"

"ဖုန်းယန်ရဲတိုက်ဟာ သိုင်းလောကမှာ တည်တည်တံ့တံ့ နေခဲ့တယ်လို့ အပြင်ပန်းအမြင်နဲ့ ခံယူထားပေမဲ့ တကယ်တော့ ဒုစရိုက်လုပ်ငန်းတွေကို နောက်ကွယ်က လျှပ်ရှားလုပ်ကိုင်နေတယ်လို့ ကျွန်တော် သတင်းရထားတယ်၊ ဒီအကြောင်းကို ခင်ဗျားက သိထားသလောက် ထုတ်ဖော်ပြောပြမယ်ဆိုရင် ခင်ဗျားနဲ့ကျွန်တော် ရင်ဆိုင်တိုက်ခိုက်စရာ မလိုတော့ပါဘူး"

"ဖုန့်ယန်ရဲတိုက်ရဲ့ လုပ်ဆောင်မှုတွေဟာ ဖြောင့်မှန်တည်ကြည်ပါတယ်၊ ဘာဒုစရိုက်လုပ်ငန်းမှ မလုပ်တဲ့အတွက် ကျုပ်အနေနဲ့ မင်းကို ဘာမှပြောစရာအကြောင်း မရှိပါဘူး"



"ခင်ဗျားက ဖြောင့်ဖြောင့်နေတာကိုး၊ ရှည်ရှည်ဝေးဝေး ထားလိုက်ပြီး အခုလောလောဆယ် ကိစ္စတစ်ခုကိုပဲ ပြောမယ်၊ ပင့်ကူမျှင်အကျီ တစ်ထည်အတွက် ခင်ဗျားတို့ ဖုန့်ယန်ရဲတိုက်က ဒေါင်းညီအစ်မသုံးဖော်ကို စေခိုင်းပြီး ဗုမ်စန်းတောင် မုတ်ဆိတ်ကြီး ရှန်ဝမ်ကျုံးနဲ့ မိုးတခွေမယ် လန်ယောင်ယောက်တို့ကို အဆိပ်ခတ် သတ်ခဲ့တာဟာ မှန်ကန်တဲ့ အပြုအမူလို့ ဆိုနိုင်မလား"

"တောက် ... တော်တော်လျှာရှည်တဲ့ ကောင်လေးပဲ"

ထန်ဟာန်သည် အပေါ်သို့ လွှားခနဲခုန်လိုက်သည်။ ဤတွင် ဝမ်လင်ထူးကလည်း ချက်ချင်းပင် ဓားချက်ကိုရုတ်သိမ်းကာ ထန်ဟာန် မြေပြင်ပေါ် ပြန်ကျလာမည့် အချိန်ကိုတွက်ကာ ဓားဖြင့် ကန့်လန့်ဖြတ် ခုတ်လိုက်သည်။

ဓားချက်က ခုန်လွှားတက်လိုက်ရာမှ မြေကြီးပေါ် ပြန်ကျလာသည့် ထန်ဟာန်၏ ခါးလည်ပိုင်းသို့ တန်း၍ဝင်လာသည်။

အပေါ်သို့ ခုန်လွှားတက်ရာမှ အောက်ပြန်ကျလာသည့် အချိန်သည် ကိုယ်ဟန်လှုပ်ရှား ပြောင်းလဲရန် အခက်ခဲဆုံးသော အချိန်ဖြစ်သည်။ ထိုသို့အချိန်မျိုးတွင် ဓားချက်ကို ရှောင်တိမ်းရန်မှာ အလွန်ပင် ခဲယဉ်းပေသည်။

သို့သော် ... ဓီးခဲထန်ဟာန်သည် ထိုသို့သော ခဲယဉ်းလှသည့် အလုပ်ကို လုပ်နိုင်ခဲ့သည်။

ထန်ဟာန်၏ကိုယ်သည် လေထဲတွင်ပင် ရုတ်တရက် အလျားလိုက် ဖြစ်သွားသည်။ ဝမ်လင်ထူး၏ ဓားချက်က ထန်ဟာန်၏ ကိုယ်အောက်မှ သီသီလေးကပ်ကာ လွဲထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ထန်ဟာန်၏ ညာလက်ဝါးက ဝမ်လင်ထူး၏ ရင်ဝကို ရိုက်နှက်လာသည်။

ထန်ဟာန်၏ ဆန်းပြားလှသော တိုက်ခိုက်လာမှုကြောင့် ဝမ်လင်ထူးမှာ အလွန်အံ့ဩကာ ရှောင်တိမ်းခြင်းပင် မပြုနိုင်တော့။

ရင်ဘတ်တည့်တည့်တွင် လက်ဝါးရိုက်ချက် အထိခံလိုက်ရသည်။

"ဖုန်း"

ဝမ်လင်ထူးသည် အတွင်းအား တောင်းလှသူတစ်ယောက်ဖြစ်သည်။ ထန်ဟာန်၏ လက်ဝါးရိုက်ချက်တစ်ချက် အထိခံရသော်လည်း လဲကျသွားခြင်း မရှိသေးပေ။

ရှင် နောက်သို့ ခြေလှမ်း တစ်လှမ်း ယိမ်းယိုင်ရုံမျှသာ ယိမ်းယိုင်သွားသည်။

ဝမ်လင်ထူးလို လက်မရွံ့ သိုင်းသမားဆိုး တစ်ယောက်ကို ရင်ဆိုင်ရာတွင် ထန်ဟာန်က လက်မနှေးပေ။

မြေကြီးပေါ် ခြေချကာရပ်မိသည်နှင့် နောက်ထပ် လက်ဝါးတစ်ချက် ခပ်ပြင်းပြင်း ရိုက်ထုတ်လိုက်ပြန်သည်။

"ဝုန်း"

"ထိုလက်ဝါးရိုက်ချက်က ဝမ်လင်ထူး၏ ဘယ်ဘက်ရင်ဘတ်ကို ထိသွားသည်။

သည်တစ်ခါတွင်တော့ ဝမ်လင်ထူးမှာ မဟန်နိုင်တော့ပဲ မှက်လက်လန်ကာ လဲကျသွားလေတော့သည်။



ဝမ်လင်ထူးကို ချေမှုန်းပြီးနောက် ထန်ဟာန်သည် အိုက်တာရင့်နှင့် ကောင်းလင်ဖုန်းတို့ရှိရာသို့ လျှောက်လှမ်းလာသည်။

အိုက်တာ ရင့်၏ အတွင်းအားဖြင့် နှိပ်နယ်ပြုစုပေးမှုကြောင့် ကောင်းလင်ဖုန်းမှာ သတိပြန်ရလာနေပြီ ဖြစ်သည်။

"ရော့ ... ဟောဒီ ချင်ချန်းဂိုဏ်းရဲ့ အသက်ကယ် အားတိုးဆေးကိုသောက်လိုက်၊ သုံးရက်လောက် အေးအေးဆေးဆေး အနားယူလိုက်မယ်ဆိုရင် သက်သာသွားပါလိမ့်မယ်"

အိုက်တာရင့်သည် ကျေးဇူးတင်စကားပြောကာ ထန်ဟာန်ပေးသော ဆေးလုံးကိုယူပြီး ကောင်းလင်ဖုန်းကို ဟိုက်ကျွေးလိုက်သည်။

ထို့နောက် ထန်ဟာန်ကို မော်ကြည့်ကာ ...

"ဖုန့်နန်ရဲ့တိုက်ဟာ မကောင်းမှုဒုစရိုက်တွေကို လျှို့ဝှက်လုပ်ဆောင်နေတယ်လို့ စောစောက ခင်ဗျားပြောတာကို ကြားလိုက်မိပါတယ်၊ သူတို့က ဘာတွေများ လုပ်နေကြလို့လဲ"

ထန်ဟာန်က မထီတရီ ပြုံးလိုက်ကာ ...

"ဒီကိစ္စတွေအတွက် အခု တွေးတောစဉ်းစား မနေပါနဲ့ဦး၊ အခု အရေးအကြီးဆုံး လုပ်ရမှာက အေးအေးချမ်းချမ်းနေနိုင်မဲ့ နေရာတစ်ခုခုကိုရှာပြီး ကောင်းလင်ဖုန်းရဲ့ဒဏ်ရာ သက်သာပျောက်ကင်းအောင် အနားယူဖို့ပဲ ဖြစ်ပါတယ်"

အိုက်တာရင့်က ဘာမှမပြောတော့ပေ။ ထန်ဟာန်က ဆက်လက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ကို တစ်ခုမှာချင်တယ်၊ လမ်းလွှဲသိုင်းသမားဆိုးတွေဟာ သမာဓိရှိကြတာ မဟုတ်ဘူး၊ ဒီတော့ ဝမ်လင်ထူးလို အာဂသိုင်းသမားဆိုး တစ်ယောက်ယောက်နဲ့ ရင်ဆိုင်ရတဲ့အခါ ကြောင်အမ်းအမ်းနဲ့ တုံ့နှေးမနေကြပါနဲ့၊ ကိုယ့်မှာရှိသမျှ အားအင်ကိုသုံးပြီး အပြတ်အသတ်သာ တိုက်ပစ်လိုက်ပါ"

* * *



## အခန်း(၁၅)

စိတ်တိုင်းကျပြည့်စုံရွာ၏ တောင်ဘက်အစွန်ပိုင်းတွင် ဘုံကျောင်းတစ်ကျောင်း ရှိသည်။ ထိုဘုံကျောင်း၏အမည်မှာ ကျောင်းကြီးဘုံကျောင်းဟု ခေါ်သည်။

ဘုံကျောင်းကို ကပ္ပိယကြီး ဖန့်အုက စောင့်ရှောက်ကြည့်ရှုထားသည်။

အမှန်စင်စစ် ပြောရလျှင်မူ ဘုံကျောင်းက ကပ္ပိယကြီး ဖန့်အုကို စောင့်ရှောက်ကျွေးမွေး ထားသည်ဟု ဆိုရပေမည်။

ဘုံကျောင်း အတွင်းဘက်ပိုင်းရှိ အမွေးတိုင်ထွန်း စင်အနားတွင် အပေါက်ကျဉ်းလေးတစ်ခု ဖောက်ထားသော ကျွန်းသားသေတ္တာကြီးတစ်လုံး ရှိသည်။ ထိုသေတ္တာကြီးသည် ဘုံကျောင်း၏ အလှူခံသေတ္တာကြီး ဖြစ်သည်။ ဖန့်အုအတွက် သုံးမကုန်နိုင်သော ငွေတွင်းကြီးဟုလည်း ဆိုနိုင်ပေသည်။

ဘုံကျောင်းသို့ လာရောက်ကာ အမွေးတိုင်ထွန်း သူများသည် ထိုကျွန်းသေတ္တာကြီးထဲသို့ အလှူငွေများ ထည့်သွင်း လှူရှိသည်။ ထိုသို့ လှူဒါန်းချိန်တွင် ဖန့်အုသည် ကျွန်းသေတ္တာ ဘေးနားတွင် ရပ်ကာ ဆုမွန်များ တောင်းပေးနေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်းသေတ္တာကြီးထဲမှ ငွေများ မည်သည့်နေရာတွင်သုံးသည် ဆိုခြင်းကို ဖန့်အုသာလျှင် ကောင်းစွာသိပေမည်။

ဖန့်အုသည် ရွာတောင်ဘက်ပိုင်းရှိ မိန်းမကြီးဟူ၏ ပြည့်တန်ဆာအိမ်တွင်လည်း ဖောက်သည်ကောင်း တစ်ယောက် ဖြစ်နေပေသည်။

လေးလပိုင်း ဆယ့်ငါး...ရက်နေ့။

ဖန့်အုသည် အိပ်ရာမှ စောစောပင်ထသည်။ လစဉ် ဆယ့်ငါးရက်နေ့သည် ဘုံကျောင်းသို့ အမွေးတိုင် လာရောက်ထွန်းသူ အများဆုံးရက်ဖြစ်သည်။

အလှူငွေလည်း အများဆုံးရရှိသည်။

ထို့ကြောင့် အမွေးတိုင်လာထွန်းသူတွေ ပိုမိုများကာ အလှူငွေလည်း ပိုရနိုင်မည် ဖြစ်သောကြောင့် ဖန့်အု အလွန်ပင် ရွှင်လန်းနေသည်။

ဘုံကျောင်း တံခါးမကြီးကို ဖွင့်လိုက်သည့်အခါတွင်မူ ဖန့်အုမှာ မျက်လုံးများပြူးကျယ်ကာ အံ့သြသွားမိသည်။

ရုတ်တရက် ဘာလုပ်ရမည်မှန်းမသိဘဲ ငေးကြောင်ကြောင် ဖြစ်သွားသည်။

ဘုံကျောင်း၏ အဝင်တံခါးမကြီးရှေ့တွင် လူသေအလောင်း တစ်ခု ရှိနေသည်။

ခေတ္တ ငေးကြောင်ကာ ကြည့်နေမိသော ဖန့်အုသည် စိတ်ကို တည်ငြိမ်နိုင်သမျှ တည်ငြိမ်အောင် ကြိုးစားထိန်းပြီးနောက် အသာရှေ့သို့ လျှောက်လှမ်းတက်ကာ မည်သူမည်ဝါ၏ အလောင်း ဖြစ်မည်ကို စူးစမ်းကြည့်ပြန်သည်။



အလောင်း၏မျက်နှာကို ကြည့်လိုက်မိသောအခါ ဖန့်အု၏ မျက်လုံး ပြူးကျယ်သွားပြန်သည်။

"ဟာ ... ရှယ်ရှင်ပါလား"

ဖန့်အု၏ ပါးစပ်မှ တအံ့တသြ ရေရွတ်လိုက်မိသည်။

ထိုအလောင်းသည် ပြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲတွင် ဈေးနှုန်းများကို လျှို့ဝှက်စွာ လိုက်လံမေးမြန်းသူ တာဝန်ခံ ဆယ့်ရှစ်ယောက်အနက်မှ ရှယ်ရှင်၏ အလောင်းဖြစ်နေသည်။

ရှယ်ရှင်ကို မည်သူက သတ်ဖြတ်သွားသနည်း။

ဖန့်အုအနေဖြင့် ကြာကြာစဉ်းစားရန် မလိုပါ။ ချက်ချင်းဆိုသလိုပင် မည်သူ့လက်ချက်ကြောင့် ရှယ်ရှင် သေဆုံးရသည်ကို ဖန့်အု သိလိုက်ရတော့သည်။

ထိုအကြောင်းကို ဖန့်အုအား ပြောပြသည်မှာ အဝါရောင် ပိတ်စတစ်စ ဖြစ်သည်။ ထိုပိတ်စကို ရှယ်ရှင်၏ အလောင်းပေါ်တွင် ကပ်ထားသည်။ ပိတ်စပေါ်တွင် သစ္စာမဲ့သူတို့သွားရာလမ်းဟု ရေးထားကာ ပိုင်ထင်တိန်းဟု လက်မှတ်ရေးထိုးထားသည်။

* * *

ကရားမွေး လက်ဖက်ရည်ဆိုင်တွင် လူအတော် စည်ကားနေသည်။

ဤနေရာသည် ရွာထဲတွင် ဖြစ်ပျက်သည့် သတင်းပေါင်းစုံတို့ကို ပြောဆိုလေ့ရှိသည့် နေရာဖြစ်သည်။ ယနေ့တွင်မူ ရှယ်ရှင် သေဆုံးရသည့်အကြောင်းကို လူအားလုံးက ပြောဆိုနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆောင်းတွင် ကပ်ထားသည့် အဝါရောင်ပိတ်စပေါ်တွင် သစ္စာမဲ့သူအဖြစ် ရေးထားသော်လည်း မည်သည့်ကိစ္စတွင် သစ္စာမဲ့ခြင်းကိုကား လူအများအဖို့ တွေးတောစရာ ဖြစ်သည်။

ကရားဗွေး လက်ဖက်ရည်ဆိုင်တွင် လာရောက် လက်ဖက်ရည်သောက်သူများသည် ထိုအကြောင်းကိုသာ အမျိုးမျိုး ထင်မြင်ချက် ပေးနေကြသည်။

ဆိုင်ရှင်ထောင်စုကမူ မည်သို့မှ ထင်မြင်ချက်မပေးပေ။ ငွေသိမ်းစားပွဲတွင်ထိုင်ကာ အားတိုးဆေးမြစ်များနှင့် ပြုလုပ်ထားသည့် လက်ဖက်ရည်ကြမ်းကိုသာ တစ်ခွက်ပြီးတစ်ခွက်ငှဲ့ကာ သောက်နေသည်။

ညှို့သည်အသစ် ရောက်လာလျှင် ဖြိုးရယ်ကာ ခရီးကြိုဆိုစကားပြောသော်လည်း သူ့အပြုံးက အသက်မပါ။ သူ၏ ခရီးကြိုဆိုသော စကားကလည်း အေးစက်စက် ဖြစ်နေသည်။

ထောင်စုသည် အတော်ပင် စိတ်ရှုပ်နေဟန်တူသည်။

အားတိုးလက်ဖက်ရည်ကြမ်း တစ်ကရား ကုန်လုဆဲဆဲတွင် ဆိုင်ထဲသို့ သန်မာထွားကြိုင်းသော ယောကျ်ားကြီးလေးယောက် ဝင်ရောက်လာကြသည်။

"ကြွကြွပါခင်ဗျာ ကြွပါ"

ထောင်စုက ထုံးစံအတိုင်းပင် ခရီးဦးကြိုဆိုလိုက်သည်။

"ကျုပ်တို့ နဂါးနှစ်ကောင် လက်ဖက်ခြောက်ခတ်ထားတဲ့ လက်ဖက်ရည်ကြမ်း သောက်ချင်တယ်"

မျက်နှာလေးထောင့်နှင့် လူကြီးက ခပ်တိုးတိုးပြောသည်။ ထောင်စု၏ မျက်လုံးများ ကျယ်လာသည်။



ထောင်စု၏ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ခြောက် အမျိုးအစား မျိုးစုံရှိသော်လည်း နဂါးနှစ်ကောင် လက်ဖက်ခြောက်တော့ မရှိပေ။

သို့သော် ထိုလူကြီး ဘာကိုဆိုလိုကြောင်းကို ထောင်စု သိသည်။ ထို့ပြင် နွားသားရေ အိတ်ငယ်လေးထဲ၌ မိမိအတွက် ငွေစများ ပါလာကြောင်းကိုလည်း နားလည်သည်။

ထောင်စုသည် ထိုင်နေရာမှထကာ နွားသားရေအိတ်ငယ်ကို ယူလိုက်ပြီး ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ အလိုရှိရာကို ရပါစေ့မယ်၊ ကျုပ်နောက်လိုက်ခဲ့ပါ၊ အနောက်ဘက်မှာ စားပွဲလွတ်တစ်ခု ရှိနေပါတယ်"

ထောင်စုသည် ထိုသို့ပြောပြီး ထိုလူလေးယောက်ကို ဆိုင်အနောက်ဘက်သို့ လမ်းပြခေါ်သွားသည်။

ဆိုင်အနောက်ဘက်တွင် မည်သည့်စားပွဲလွတ်မှ မရှိပေ။ သန့်ရှင်းသပ်ရပ်သော အခန်းတစ်ခန်းသာ ရှိသည်။ ထိုအခန်းသည် ထောင်စုနှင့် ဇနီးချောလေး လီမော်စန်းတို့၏ အိပ်ခန်းဖြစ်သည်။

အခန်းထဲတွင် ဖဲမွေ့ရာခင်းထားသော ခုတင်တစ်လုံးနှင့် ထိုင်ခုံအချို့ရှိသည်။ သူတို့လူစု အခန်းထဲသို့ ဝင်လိုက်ချိန်တွင် မိန်းမချောတစ်ယောက် ခုတင်ပေါ်တွင် လဲလျောင်းလျက်သား ရှိနေသည်။

ထောင်စုသည် ယောကျ်ားကြီးလေးယောက်ကို အခန်းထဲ ပို့ပေးပြီးနောက် ချက်ချင်း ပြန်လှည့်သွားကာ မိမိ၏ ငွေသိမ်းစားပွဲတွင် ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် နဂါးနှစ်ကောင် လက်ဖက်ခြောက်ဖြင့် လက်ဖက်ရည်ကြမ်း ပြုလုပ်ရန် ဆိုင်အလုပ်သမားများကို စေခိုင်းခြင်း မပြုတော့ပေ။

နဂါးနှစ်ကောင် လက်ဖက်ခြောက်ခပ်ထားသည့် လက်ဖက်ရည်ကြမ်းဟု ပြောခြင်းမှာ အချိန်းအချက်စကားသာ ဖြစ်သည်။ ဖိုလုလေးယောက်သည် တကယ် လက်ဖက်ရည်ကြမ်း သောက်လိုသူများ မဟုတ်ပေ။ သူတို့ လိုချင်သည်က အေးချမ်းတိတ်ဆိတ်သော အခန်းတစ်ခန်းသာ ဖြစ်သည်။

* * *

ခုတင်ပေါ်တွင် လဲလျောင်းလျက်ရှိနေသူမှာ ကြေးခေါင်းပျို ချန်ဝမ်လန် ဖြစ်သည်။

အခန်းထဲသို့ ဝင်လာကြသည့် ယောကျာ်းကြီး လေးယောက်တို့မှာ ဖုန်းယန်ရဲတိုက်၏ ကျားရဲဆယ်မော်အနက်မှ ကျားပျံ ချောင်ချီ၊ ကျားဆိုး လန်စန်းဟို၊ ကျားမာန် ဖိန်ဆောင်နှင့် ကျားလိမ္မာ ကုန်းစွန်းကျောင်းတို့ ဖြစ်ကြသည်။

ကြေးခေါင်းပျို ချန်ဝမ်လန်သည် ခုတင်ပေါ်တွင် ထထိုင်လိုက်ပြီး ...

“အခုလောက်ဆို ရှင်တို့ရဲ့ ဦးဆောင်ကြီး လက်မစွံ ဝမ်လင်ထူး ကံဆိုးရှာတဲ့အကြောင်းကို ရှင်တို့ သိလောက်ရောပေါ့”

“ကျုပ်တို့ ကြားသိပြီးပါပြီ”

ကျားပျံ ချောင်ချီက ခေါင်းညိတ်ပြကာ ပြောသည်။



“ကျုပ်တို့ မနေ့ညက အိပ်မက်ဂေဟာကို သွားစုံစမ်းကြည့်ပြီးပါပြီ၊ ဝမ်လင်ထူး သေဆုံးနေတဲ့အခန်းကို လူငယ်နှစ်ယောက်က ငှားရမ်းအသုံးပြုနေတယ်လို့ သိခဲ့ရတယ်”

ကျားလိမ္မာ ကုန်းစွန်းကျောင်းက ပြောသည်။

“ဟုတ်ပါတယ်၊ အဲဒီလူငယ်နှစ်ယောက်ဟာ ကျောက်စိမ်းမင်းသား အိုက်တာရှင်နဲ့ ဖိုးစပ်စု ကောင်းလင်ဖုန်းတို့ပါပဲ”

“ဝမ်လင်ထူးက အိပ်မက်ဂေဟာကို ဘာသွားလုပ်တာလဲ”

ကျားပျံ ချောင်ချီက မေးသည်။

“ကောင်းလင်ဖုန်းကို အပြတ်ရှင်းဖို့သွားတာပါ”

“မိန်းကလေးတို့ အပြတ်ရှင်းချင်တဲ့လူက အပျော်မယ် ရိပ်ရင်ကူလို့ အစကပြောခဲ့တယ် မဟုတ်လား”

“ဟုတ်ပါတယ်၊ အခု အခြေအနေ ပြောင်းလဲမှုကြောင့် အခုလို လုပ်လိုက်ရတာပါ၊ ဒီအတွက် ကိုယ်ရံတော်ကြီးချန်နဲ့လည်း ပြောဆိုသဘောတူညီမှု ရယူပြီးပါပြီ”

“ဝမ်လင်ထူးရဲ့ သိုင်းပညာ ဘယ်လောက် အဆင့်မြင့်တယ်ဆိုတာကို မိန်းကလေးလည်း အသိပဲ၊ သူဟာ ကောင်းလင်ဖုန်းနဲ့ အိုက်တာရှင်တို့ကို မယှဉ်နိုင်စရာ အကြောင်းမရှိဘူး”

“မီးခဲထန်ဟန်နဲ့ သိုင်းမင်းသား ကျုန်းထင်ကျင့်တို့ တစ်ယောက်ယောက် ဖြစ်လိမ့်မယ်”

“ကျုန်းထင်ကျင့်တော့ ဖြစ်မယ်မထင်ဘူး”

“ဘာကြောင့်လဲ”

www.burmeseclassic.com

www.burmeseclassic.com



"ကျန်းထင်ကျင့်ရဲ့ အစွမ်းအထက်ဆုံး သိုင်းပညာက နဂါးမြူးဟန် ဓားသိုင်းဖြစ်တယ်၊ ဝမ်လင်ထူးလို ပြိုင်ဘက်တစ်ယောက်နဲ့တွေ့ရင် ကျန်းထင်ကျင့်ဟာ သူ့ရဲ့ အကောင်းဆုံး သိုင်းပညာကို ထုတ်သုံးရမှာပဲ၊ အခု ဝမ်လင်ထူးဟာ ဓားဒဏ်ရာနဲ့ သေခဲ့ရတာ မဟုတ်ဘူး၊ လက်ဝါးရိုက်ချက်ကြောင့် သေခဲ့ရတယ်"

"ဒါဆိုရင် ထန်ဟန်ကိုပဲ သံသယဖြစ်စရာ ရှိတော့တာပေါ့"

"ထန်ဟန် အခု ဘယ်မှာရှိနေလဲ"

"သူဟာ ဒီရွာကိုရောက်လာပြီး လူစွမ်းကောင်း တည်းခိုဆိုင်မှာ အခန်းတစ်ခန်း ငှားခဲ့ပေမဲ့ အဲဒီမှာမနေဘူး၊ ဟိုတလောကတော့ အပျော်မယ် ရိပ်ရင်ကူနဲ့အတူတူ နတ်နန်းဆောင် တည်းခိုရိပ်သာက အထူးတည်းခိုဆောင် အမှတ်သုံးမှာနေကြတယ်"

"အခုကော"

"အခုတော့ ဘယ်နေရာမှာရှိနေမှန်း မသိဘူး၊ ထန်ဟန်ဟာ ခြေရာဖျောက် သိပ်တော်တယ်၊ သူ ပုန်းအောင်းနေရင် ရှာဖို့ မလွယ်ဘူး"

"ထန်ဟန် ဘယ်မှာရှိတယ်ဆိုတာကို မိန်းကလေးကပဲ ကျေးဇူးပြုပြီး စုံစမ်းပေးပါ၊ ကျုပ်တို့ ကျောင်းကြီးဘုံကျောင်းမှာ စခန်းချကြမယ်၊ ထန်ဟန်ကို အရင်စာရှင်းရှင်းပြီးမှ မိန်းကလေးတို့ရဲ့ ကိစ္စတွေကို ဆက်လက် ဆောင်ရွက်ပေးနိုင်မယ်"

ဤစကားကို ကြားရသောအခါ ချန်ဝမ်လန်၏ ချက်နှာ ကွက်ခနဲ ပျက်သွားသည်။ သို့သော် ကျားယုံချောင်ချိတို့ သတိမထားမိမီမှာပင် ချန်ဝမ်လန်သည် မျက်နှာအမူအယာကို ပြန်ပြင်လိုက်နိုင်သည်။



သူတို့ ဒေါင်းညီအစ်မသုံးဖော် စိတ်တိုင်းကျပြည့်စုံရွာသို့ ရောက်လာကြခြင်းမှာလည်း ချန်ဝမ်လန်က ထန်ဟန်၏ နောက်သို့ လိုက်လို၍ အစ်မနှစ်ယောက်ကို မှုဆောခဲ့သောကြောင့် ဖြစ်လေသည်။

ချန်ဝမ်လန်သည် ထန်ဟန်နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစကားမပြောဖူးသေးသော်လည်း ထန်ဟန်ကို တွေ့ဖူးမြင်ဖူးက ထန်ဟန်အကြောင်းကိုလည်း ကောင်းကောင်း ကြားသိထားသည်။

ထန်ဟန် ဘယ်ကိုမှ အလေးမထားပဲ မဟုတ်မခံ မိမိမှန်ကန်သည်ထင်သည်ကို ရိုဝ့်ရွှံ့စားစွာ လုပ်ဆောင်ဘတ်မှုကို ချန်ဝမ်လန်က တန်းတန်းစွဲ လေးစားကျ နှစ်သက်နေခဲ့သည်။

ဒေါင်းညီအစ်မသုံးဖော်နှင့် အပျော်မယ် ရိပ်ရင်ကူတို့သည် မိမိတို့လမ်း မိမိတို့လျှောက်ကာ သီးသီးခြားခြား နေထိုင်ခဲ့ကြသူများ ဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက်လည်း ပြဿနာ မဖြစ်ခဲ့ကြပေ။

ယခုမှ တစ်ဖက်နှင့်တစ်ဖက် ရန်မီးပွားနေရခြင်းမှာ ချန်ဝမ်လန်က ထန်ဟန်အပေါ် စွဲလမ်းနေသည့် စိတ်ကြောင့် ဖြစ်ရလေသည်။

ဖုန့်ယန်ရဲ့တိုက်မှ ကျားရဲ့ဆယ်ရှစ်ဖော်တို့သည် သိုင်းပညာ အဆင့်မြင့်ကြောင်းကို ချန်ဝမ်လန် သိထားသည်။

ယခု ကျားရဲလေးယောက်တို့က ထန်ဟန်ကို ရှာဖွေကာ တိုက်ခိုက်ရန် ဆုံးဖြတ်ထားကြပြီးဖြစ်ရာ ထန်ဟန်အတွက် အန္တရာယ် မသေးကြောင်းကို ချန်ဝမ်လန် နားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခုအခြေအနေတွင် ဒေါင်းညီအစ်မသုံးဖော်တို့သည် ဖုန်းယန်ရဲတိုက်မှ သိုင်းသမားများနှင့် ပူးပေါင်းကာ လုပ်ဆောင်နေသည့် အချိန်ဖြစ်ရာ ကျားပျံချောင်ချီတို့ကို တားဆီးရန်လည်း မဖြစ်နိုင်ပေ။

* * *

ဟူအန်း၏ ယုန်သားဆိုင်သည် [illegible]ကျပြည့်စုံရွာ၏ အရှေ့ဖျားပိုင်းတွင် တည်ရှိသည်။ ထိုရွာ၏ တစ်ဆိုင်တည်းသော ယုန်သားဟင်းလျာဆိုင်လည်း ဖြစ်သည်။

ဟူအန်းသည် ဟင်းချက်ကောင်းသူ ဖြစ်သည်။ သူ စီမံချက်ပြုတ်သည့် အကင်၊ အကြော်၊ အပေါင်း၊ အပြုတ် ဟင်းလျာမျိုးစုံတို့သည် မြို့ကြီးများရှိ ထိပ်တန်းစားသောက်ဆိုင်ကြီးများ၏ ဟင်းလျာများနှင့် ယှဉ်နိုင်သည်။

နေ့လည်ပိုင်းအချိန် ဖြစ်သည်။

ဤအချိန်မျိုးသည် ဟူအန်း၏ ယုန်သားဆိုင်တွင် စားသောက်သူကင်းမဲ့သည့် အချိန်မျိုးဖြစ်သည်။ နံနက်ပိုင်းနှင့် ညနေပိုင်းတွင် ယုန်သားဟင်းလျာ စားသောက်သူများ ဆိုင်အပြည့် စည်ကားနေတတ်သော်လည်း နေ့လယ်ပိုင်း အချိန်များတွင်မူ စားသောက်သူ တစ်ယောက်စ နှစ်ယောက်စသာ တစ်ခါတစ်ရံ ရှိတတ်ပြီး များသောအားဖြင့် စားသောက်သူ ကင်းမဲ့နေတတ်သည်။

ယနေ့ နေ့လယ်ပိုင်းတွင်မူ ဟူအန်း၏ ယုန်သားဆိုင်တွင် စားသောက်သူတစ်ယောက် ရှိနေသည်။



ထိုသူမှာ မီးခဲထန်ဟန် ဖြစ်သည်။

ထန်ဟန်သည် အကောင်းစား စပျစ်အရက်တစ်အိုးနှင့် ယုန်ကင်တစ်ကောင် မှာယူကာ စားသောက်နေသည်။ အရက်အိုး တစ်ဝက်ခန့်ကျိုးပြီး ယုန်ကင်တစ်ဝက်ခန့် ကုန်သွားချိန်တွင် ဆိုင်ရှေ့သို့ အဘိုးကြီးဖန်း ရောက်ရှိလာသည်။

အဘိုးကြီးဖန်းသည် ဟူအန်း ယုန်သားဆိုင်၏ ဖောက်သည် တစ်ယောက် ဖြစ်သည်။

ဟူအန်း၏ ဆိုင်အတွက် ထင်းများကို အဘိုးကြီးဖန်းက ပေးသွင်းသည်။

ထင်းများအတွက် ငွေစယူသည့်အခါ ယူသည်။

ယုန်သားဟင်းလျာနှင့် လဲစားလျှင်လည်း လဲစားသည်။ တစ်ခါတလေ တောယုန်များကို ဖမ်းလာပြီး ပေးသွင်းတတ်သေးသည်။

အဘိုးကြီးဖန်းသည် ယုန်သားဆိုင်ရှေ့သို့ ရောက်သည့်အခါတိုင်း ခေတ္တနားကာ ဆိုင်ရှင်အဘိုးကြီး ဟူအန်းနှင့် စကားစမြည် ပြောတတ်သည်။ ထို့ပြင် ဆိုင်ထဲတွင် သူ့အား အရက်တိုက်မည့်လူ ရှိမရှိလည်း ရှာကြည့်တတ်သည်။

ယခုလည်း သူ့ ထုံးစံအတိုင်း ဆိုင်ထဲသို့ဝင်လာကာ ဟူအန်းကို နှုတ်ဆက်ပြီးနောက် ထန်ဟန်၏ စားပွဲသို့ ရယ်ပြုံးကာ ရောက်လာသည်။

ထန်ဟန်ကလည်း အလိုက်သိစွာပင် အဘိုးကြီးဖန်းအတွက် အရက်တစ်ခွက် ငှဲ့ပေးလိုက်သည်။ အဘိုးကြီးဖန်းသည် ဈေးအလွန်ပေါ တိုးဖြစ်သော အရက်ဖြူကိုသာ သောက်လေ့ရှိသည်၊

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ တူမောင်ရာ ကျုပ် သည့်လိုအဖိုးတန်အရက် အကောင်းစားကို မသောက်ပါဘူး၊ ကျုပ်အတွက် ဈေးပေါတဲ့ အရက်ဖြူကိုသာ မှာပေးပါ"

အဘိုးကြီးဖန်းက ပြောသည်။

"သောက်ပါဗျာ၊ အားနာမနေပါနဲ့၊ ကျွန်တော် တစ်ယောက်တည်း ထိုင်သောက်နေရတာ ပျင်းပြီး အဖော်လိုနေလို့ပါ ရော့"

ထန်ဟန်က ပြောသည်။

အဘိုးကြီးဖန်းလည်း ငြင်းမနေတော့ဘဲ ထန်ဟန် ငှဲ့ပေးထားသည့်အရက်ကို တစ်ခါတည်းပြောင်အောင် မော့သောက်ချလိုက်သည်။

ထန်ဟန်က နောက်တစ်ခွက် ထပ်ငှဲ့ပေးသည်။

အဘိုးကြီးဖန်းသည် ထိုခွက်ကိုလည်း ပြောင်အောင် တစ်ခါတည်း မော့သောက်လိုက်ပြီး ...

"ကျေးဇူးပါပဲ၊ တူမောင်လို ရက်ရောတဲ့ လူတစ်ယောက်ကို ကျုပ် မတွေ့ဖူးသေးဘူး"

ထန်ဟန်က မထီတရီ ပြုံးလိုက်ကာ ...

"အဘက ကျွန်တော့်ထက်ပိုပြီး ရက်ရောပါတယ်"

"ကျုပ်က ဘယ်လို ရက်ရောခဲ့လို့လဲ"

"ငွေတစ်သောင်းကို စပေါ်ငွေအဖြစ် အလကားသက်သက် တင်ခဲ့တာဟာ ရက်ရောတယ်လို့ ဆိုရမှာပေါ့"

ဖြည့်စုံစားသောက်ဆိုင်တွင် ထစ်စုံတစ်ရာ ဝယ်ယူလို၍ ကြော်ငြာပြောဆို ပေးစေလိုလျှင် သတ်မှတ်သည့် ဈေးနှုန်းတန်ဖိုး၏ တစ်ဆယ်ရာခိုင်နှုန်းကို စပေါ်ငွေအဖြစ် တင်ရပေသည်။



ရိပ်ရင်ကူကို အသပြာတစ်သိန်းဖြင့် အရဝယ်ယူလိုကြောင်း ကြော်ငြာရာတွင်လည်း ထိုသို့ ကြော်ငြာခိုင်းသူက အသပြာတစ်သောင်းကို စပေါ်အဖြစ်တင်ရသည်။

ထန်ဟန်က ဤသည်ကို ရည်ညွှန်းပြီး ပြောလိုက်ခြင်းဖြစ်ရာ အဘိုးကြီးဖန်းမှာ ရှိတိတိ ဖြစ်ကာစ အမူးလေးပင် ပြယ်သွားရသည်။

"ကဲ ... ကဲ ... အခုလို ဖိတ်ခေါ်ပြီး အရက်တိုက်တာ ကျေးဇူးပါပဲ၊ လုပ်စရာလေးတွေ သွားလုပ်လိုက်ဦးမယ်"

အဘိုးကြီးဖန်းသည် ထိုသို့ပြောပြီး ထောင်ထားသော ထမ်းပိုးကိုလှမ်းယူကာ ဆိုင်အပြင်သို့ ထွက်သွားသည်။

"တကယ်လို့ တစ်စုံတစ်ယောက်က စွန်းလူယိကို အတင်းအကျပ် စေခိုင်းနေတာကို ရပ်ဆိုင်းလိုက်မယ်ဆိုရင် ကျွန်တော်က သတင်းတစ်ခု ပြောပြချင်တယ်၊ နဂါးနိုင်ဓားဝိဇ္ဇာ ကြမ္မာဆိုးကျခဲ့တာဟာ ဓားမပျံဂိုဏ်းနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး"

"ပြီးတော့ ရိပ်ရင်ကူနဲ့ ဓားမပျံဂိုဏ်းဟာလည်း မသက်ဆိုင်ဘူး၊ တစ်ယောက်ယောက်က ရိပ်ရင်ကူကို ဖမ်းချုပ်ပြီး ကျောင်းကြီးဘုံကျောင်းရှေ့ မြေကွက်လပ်မှာသွားပြီး ကြိုးနဲ့တုပ်ထားလည်း ဓားမပျံဂိုဏ်းက ဘယ်လိုမှလှုပ်ရှားမှာ မဟုတ်ဘူး၊ ဓားမပျံဂိုဏ်းချုပ်လည်း ပေါ်ထွက်လာမှာ မဟုတ်ဘူး"

ထန်ဟန်က ထိုသို့ ပြောဆိုရေရွတ်နေချိန်တွင် အဘိုးကြီးဖန်းသည် ဆိုင်တံခါးဝသို့ ရောက်သွားပြီဖြစ်သည်။

ဆိုင်ရှေ့မြေပြင်မှာ ပြောင်စင်အောင် တံမြက်လှည်းထားသည်။ သို့သော် အဘိုးကြီးဖန်း၏ အပြင်ဘက်သို့ လှမ်းလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်သည် ခွေနေသော မြွေဆိုးတစ်ကောင်ကို မြင်လိုက်ရဘိသကဲ့သို့ ရုတ်ခြည်းပင် နောက်ပြန်ရုတ်သွားလေသည်။

"အခုလို အကောင်းစား စပျစ်အရက်မျိုးက သောက်ရခဲတယ်၊ လုပ်စရာတွေကို ခဏထားလိုက်ဦးမယ်"

အဘိုးကြီးဖန်းသည် ထိုသို့ပြောပြီး နောက်လှည့်ကာ ထန်ဟာန်ရှိရာ စားပွဲသို့ လျှောက်လှမ်းသွားလေတော့သည်။

* * *

ကျားပျံချောင်ချီတို့ လူစုသည် ကရားမွေး လက်ဖက်ရည်ဆိုင်မှထွက်ကာ ရွာထဲတွင် လျှောက်ကြည့်ကြရာ ဟူအန်း၏ ယမ်းသားဆိုင်အရောက်တွင် အထဲရှိ ထန်ဟာန်ကို လှမ်းမြင်သွားကြသည်။

ထိုအချိန်တွင် ထန်ဟာန်နှင့် အဘိုးကြီးဖန်းတို့သည် အတော်ပင် ရေချိန်ကိုက်နေသည့် အသွင်မျိုးဖြင့် ရှိနေကြသည်။

ကျားပျံချောင်ချီတို့ လေးယောက်သည် ဆိုင်အဝင် တံခါးပေါက်တွင် တန်းစီကာ ရပ်လိုက်ကြသည်။ သူတို့၏ သန်မာထွားကြိုင်းသော ကိုယ်ခန္ဓာများက တံခါးပေါက်ဝတွင် ပိတ်ဆို့နေရာ ဆိုင်ထဲသို့ အလင်းရောင် သိပ်မဝင်တော့ပဲ ခပ်မှောင်မှောင်ပင် ဖြစ်သွားသည်။

"အင်း ... ရေချိန်လည်း အတော်ကိုက်နေပြီ၊ ခုတင်ပေါ်မှာ ခဏဝင်လှဲလိုက်ဦးမယ်"

အဘိုးကြီးဖန်းက ပြောသည်။



ဟူအန်း၏ ယမ်းသားဆိုင်မှ စားပွဲများကို ပုံစံတစ်မျိုးဖြင့် ပြုလုပ်ထားသည်။ စားပွဲအောက်ခြေတွင် သစ်သားပြားများကို ခင်းထားသည်။

အရက်မူးလွန်သော လူများသည် ထိုစားပွဲအောက်ခြေတွင် ခင်းထားသော သစ်သားပြားပေါ်တွင် လဲလျောင်းအိပ်စက်နိုင်သည်။

အဘိုးကြီးဖန်းသည် စကားဆုံးသည်နှင့် ထိုင်ခုံပေါ်မှ လျှောဆင်းကာ စားပွဲအောက်တွင် ခင်းထားသည့် ပျဉ်ပြားပေါ်တက်၍ လဲလျောင်းအိပ်ချလိုက်သည်။

"ထန်ဟာန် အပြင်ကို ထွက်လာခဲ့ပါ"

ကျားပျံချောင်ချီက ထန်ဟာန်ကို လှမ်းပြောသည်။

ထန်ဟာန်က အလွန်အရက်မူးနေသည့် အသွင်မျိုးဖြင့် ...

"ကျွန်တော် အခု အရက်သိပ်မူးနေလို့ လိုက်မလာနိုင်သေးဘူး၊ နောက်မှလာမယ်"

ချောင်ချီက သူ့ဘေးနားရှိ ကျားဆိုး လန်စန်းဟိုကို ကြည့်လိုက်ကာ ...

"ဒီကောင်လေးက အရက်သိပ်မူးနေတယ် ဆိုပါလား၊ တကယ်မူးတာ ဟုတ်မဟုတ် သွားကြည့်လိုက်စမ်းပါ"

လန်စန်းဟိုသည် ဖုန့်ယန်ရဲတိုက်၏ ကျားရဲဆယ့်ရှစ်ဖော်တွင် ကျားရဲခုနစ်ဖြစ်သည်။ အရပ်မြင့်ကာ ခြေတံရှည်သည်။ ခြေတံရှည်ကြီးဖြင့် ခြေလှမ်းကျဲကျဲ လျှောက်လှမ်းသွားရာ တစ်ခဏအတွင်းမှာပင် ထန်ဟာန်၏အနီးသို့ ရောက်သွားသည်။

ထန်ဟာန် အနီးသို့ ချဉ်းကပ်မိသည်နှင့် သူလက်ကို ဆတ်ခနဲ ဆန့်ထုတ်ကာ ထန်ဟာန်၏ ရင်ဘတ်ကို ကတ်သွင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ၏ လက်ချောင်းများက တုတ်ခိုင်ကာ လက်သည်းများမှာ ချွန်ထက်နေသည်။

ကုတ်ဆွဲခံရပါက သက်သာမည်မဟုတ်ပေ။

တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပင် ထန်ဟန်သည် ထိုင်နေရာမှ ရုတ်တရက် မတ်တပ်ထရပ်လိုက်ရာ အရက်မူးနေသည့် အသွင်မျိုးဖြင့် ကိုယ်ဟန်ကို မထိန်းနိုင်ပဲ အနည်းငယ် ယိမ်းယိုင်သွားရာ ကုတ်ဆွဲလိုက်သည့် လန်စန်းဟို၏ လက်ချောင်းများမှ သီသီလေး ကပ်ကာလွဲသွားသည်။

"ခင်ဗျားက ကျွန်တော့်ဆီကို လာတာကိုး၊ ကဲ ... ကဲ ... ထိုင်ပါဦးလေ"

ထန်ဟန်က လျှာလေးအာလေးကြီးနှင့် ပြောသည်။

လန်စန်းဟိုသည်၊ ဘာမှမပြောပဲ ဒုတိယအကြိမ်အဖြစ် ကုတ်ဆွဲလာပြန်သည်။

ဦးတည်သည်က ထန်ဟန်၏ ရင်ဘတ်ဖြစ်သည်။ ပထမအကြိမ် ကုတ်ဆွဲမှုနှင့် ဦးတည်ရာနေရာချင်း အတူတူပင် ဖြစ်သည်။ သို့သော် ကုတ်ဆွဲလိုက်သည့် အားအဟုန်ကား မတူတော့ပေ။ ပထမအကြိမ်ကထက် တစ်ဆမျှ ပိုပြင်းထန်သည်။

"တယ်ဆူညံပါလား"

စားပွဲခုံအောက်ရှိ ပျဉ်ပြားပေါ်တွင် လဲလျောင်းနေသော အဘိုးကြီးဖန်းက မကျေမချမ်း ရေရွတ်လိုက်သည်။

"စားပွဲခုံအောက်က အဘိုးကြီး သတိထားဦး"

ကျားမာန် ဖိန်းထောင်က လှမ်းအော် သတိပေးလိုက်သေးသည်။



သို့သော် သူ၏ သတိပေးမှုသည် နောက်ကျသွားခဲ့လေပြီ။

"ဖောက်"

မတိုးမကျယ် အသံလေးနှင့်အတူ ကျားဆိုး လန်စန်းဟိုသည် ဒူးထောက်လျက်သား ဖြစ်သွားသည်။

စားပွဲအောက်ဘက် ပျဉ်ချပ်ပေါ်ရှိ အဘိုးကြီးဖန်းက လန်စန်းဟို၏ ခြေသလုံးကို လက်ဝါးစောင်းဖြင့် ရိုက်ခုတ်ချလိုက်သည့်အတွက် ယခုလိုအခြေမျိုး ဆိုက်သွားခြင်းပင်။

လန်စန်းဟိုသည် လက်နှစ်ဖက်ဖြင့် စားပွဲခုံကိုဖမ်းကာ ထောက်ထားလိုက်သောကြောင့်သာ ဦးငိုက်စိုက် လဲကျမသွားခြင်း ဖြစ်သည်။

"တောက် ... အခုလို အလစ်ချောင်းပြီး အောက်ဘက်ကနေ တိုက်ခိုက်တာ ဘယ်လူစွမ်းကောင်းလဲ"

ကျားမာန် ဖိန်းထောင်က မကျေမနပ်ပြောသည်။

သူ၏ စကားမဆုံးခင်မှာပင် ထောက်ဟူသောအသံ ပေါ်လာပြန်သည်။

ကျားမာန် ဖိန်းထောင်သည် ဆိုင်တံခါးဝတွင် ရပ်နေသည်။ သူ ရပ်နေသည့်နေရာ ဘေးနားတွင် ထင်းပုံတစ်ပုံရှိသည်။ ထင်းပုံကြားမှ အနက်ရောင် ပလွေတစ်ချောင်း ပေါ်ထွက်လာပြီး ဖိန်းထောင်၏ ခြေသလုံးကို ရိုက်လိုက်သောကြောင့် ထိုအသံလေး ပေါ်ထွက်လာခြင်း ဖြစ်သည်။

အသံပေါ်ထွက်လာခြင်းနှင့်အတူ ဖိန်းထောင်မှာလည်း ဒူးခွေညွတ်ကာ ဒူးထောက်လျက်သား လဲကျသွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိန်းထောင် လဲကျသွားချိန်မှာပင် ထင်းပုံကြားမှ စွန်းလှုယိ ခုန်လွှားထွက်လာသည်။

ကျားလိမ္မာ ကုန်းစွန်းကျောင်းသည် ချာခနဲလှည့်ပြီး ညာလက်ကို လှုပ်ရှားလိုက်ရာ သံမဏိကြာစေ့သုံးစေ့သည် စွန်းလှုယိထံသို့ တန်းခနဲ ဝင်သွားသည်။

စွန်းလှုယိသည် လကပ္ပင်ကိုင်ထားသော ပလွေနက်ဖြင့် မိမိထံသို့ တန်းဝင်လာသော သံမဏိကြာစေ့များကို ဇွေ့ယမ်း ရိုက်ထုတ်ပစ်သည်။

သံမဏိကြာစေ့ သုံးလုံးအနက် နှစ်လုံးကိုသာ ရိုက်ထုတ်ပစ်နိုင်သည်။ တစ်လုံးကို ရိုက်မထုတ်နိုင်ပဲ နဖူးအလယ်ရှိ ဗဟို ဥကင် သွေးကြောကွက်နေရာကို ထိမှန်သွားသည်။

ဗဟိုဥကင် သွေးကြောကွက်နေရာသည် အထူးအရေးကြီးသော သွေးကြောကွက်နေရာ တစ်ခုဖြစ်ရာ ထိုနေရာကို အထိမှန်ခံရလျှင် အပြင်းအထန် ဒဏ်ရာရနိုင်ကာ အချိန်မီကုသခြင်း မပြုပါက အသက်ပင် အန္တရာယ်ဖြစ်နိုင်သည်။

စွန်းလှုယိသည် သံမဏိကြာစေ့ဖြင့် အထိခံလိုက်ရသည်နှင့် ပက်လက်လန်ကာ လဲကျသွားလေတော့သည်။

ကျားလိမ္မာ ကုန်းစွန်းကျောင်းသည် ညာလက်ကို ဇွေ့ယမ်းကာ ဆိုင်ထဲရှိ အဘိုးကြီးဖန်းထံသို့ သံမဏိကြာစေ့သုံးစေ့ ပစ်လွှတ်လိုက်ပြန်သည်။

အဘိုးကြီးဖန်းသည် ထိုင်ခုံတစ်ခုကို ကောက်ကိုင်ကာ ဒိုင်းသဖွယ် အသုံးပြု၍ ရိုက်ထုတ်ပစ်လိုက်ရာ သူ့ထံသို့ တန်းဝင်လာသော သံမဏိကြာစေ့သုံးလုံးသည် လမ်းကြောင်းလွဲကျကုန်ကြပြီး



ခြေထောက်ဒဏ်ရာရထား၍ မလှုပ်မရှားနိုင်အောင် ဖြစ်နေသော ကျားဆိုး လန်စန်းဟိုထံသို့ တန်းဝင်သွားကြလေသည်။

ကျားလိမ္မာ ကုန်းစွန်းကျောင်းက လွှားခနဲပြေးဝင်ကာ သံမဏိကြာစေ့များကို ဆီး၍ဖမ်းယူလိုက်သော်လည်း နှစ်ခုသာ ဖမ်းမိပြီး တစ်ခုက ကျားဆိုး လန်စန်းဟို၏ နောက်စေ့ကို ထိမှန် သွားသည်။

ဒူးထောက်လျက်သား ရှိနေသော လန်စန်းဟိုမှာ ဘိုင်းခနဲ လဲကျသွားသည်။

ကျားပျံချောင်ချီသည် ကျားဟိန်းသံလို အသံကြီးဖြင့် အော်ဟစ်ကြိမ်းဝါးပြီး အဘိုးကြီးဖန်း ရှိရာသို့ ခုန်လွှားဝင်ရောက် သွားသည်။

ကျားလိမ္မာ ကုန်းစွန်းကျောင်းကလည်း ထန်ဟန်ကို သံမဏိကြာစေ့သုံးလုံးဖြင့် ပစ်ခတ်တိုက်ခိုက်ပြန်သည်။ ထန်ဟန်က ထို သံမဏိကြာစေ့များကို တစ်ခုမကျန် ပုတ်ထုတ်ဖယ်ရှား ပစ်လိုက် သည်။

ဤတွင် ကျားလိမ္မာသည် ထန်ဟန်ရှိရာသို့ ခုန်ဝင်လာကာ ခြေပျံတစ်ချက် ခတ်လိုက်သည်။ ကျားလိမ္မာ၏ ခြေပျံက ထန်ဟန်၏ မျက်နှာဆီသို့ တန်းဝင်လာသည်။

ထန်ဟန်သည် မပေါ့ဆဝံ့ပဲ ကိုယ်ခန္ဓာကို စက်ဝိုင်းသဏ္ဌာန် လှည့်ပတ်လှုပ်ရှားလိုက်ရာ ကျားလိမ္မာ ကုန်းစွန်းကျောင်း၏ နောက်ကျောဘက်သို့ ရောက်သွားသည်။

ထိုသို့ နောက်ကျောဘက် ရောက်သွားသည်နှင့် ကျားလိမ္မာ ကုန်းစွန်းကျောင်း၏ ပခုံးကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျားလိမ္မာ ကုန်းစွန်းကျောင်း၏ သိုင်းပညာမှာ အတော်ပင် ကောင်းသည်။ မိမိ၏ခြေကန်ချက် လွဲသွားကြောင်းသိသည်နှင့် လျင်မြန်စွာ သိုင်းကွက်ကို ရုတ်သိမ်းကာ ကိုယ်ခန္ဓာကို တစ်ပတ်လှည့်ပြီး ထန်ဟာန်၏ လက်ဝါးရိုက်ချက်ကို ရှောင်သည်။

လက်ဝါးရိုက်ချက်ကို လွတ်အောင်ရှောင်နိုင်ပြီးနောက် ခြေပျံတစ်ချက် သွက်လက်စွာကန်ကာ တိုက်ခိုက်ပြန်သည်။

ထန်ဟာန်သည် သွက်လက်သောကိုယ်ဟန်ဖြင့် ဘေးသို့ အသာဆုတ်ကာ ခြေပျံကန်ချက်ကို ရှောင်လိုက်ရသည်။

ထို့နောက် ဆိုင်ထဲတွင် ပြင်းထန်သော ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားလေတော့သည်။ ကျားပျံချောင်ချီနှင့် အဘိုးကြီးဖန်းတို့က တစ်တွဲ၊ ထန်ဟာန်နှင့် ကျားလိမ္မာ ကုန်းစွန်းကျောင်းတို့ကတစ်တွဲ အကြိတ်အနယ်ပင် တိုက်ခိုက်ကြသည်။

အချိန်ကြာလျှင် မိမိတို့ အနိုင်ရမည်ကို ထန်ဟာန် သိသော်လည်း ဒဏ်ရာရထားသော စွန်းလူယီအတွက် စိုးရိမ်နေမိသည်။ စွန်းလူယီ ရရှိထားသော ဒဏ်ရာမှာ မသေးပေ။

ထန်ဟာန် ထိုသို့ တွေးတောနေဆဲတွင် လူရိပ်သုံးခု ပြေးလွှားရောက်ရှိလာသည်ကို မြင်ရသည်။

ထန်ဟာန်က လှမ်းကြည့်လိုက်ရာ ဆိုင်ထဲသို့ မိန်းမပျိုသုံးယောက် ဝင်ရောက်လာကြသည်ကို တွေ့ရသည်။

ထိုမိန်းမပျိုတို့မှာ ခေါင်းညီအစ်မသုံးဖော်ပင် ဖြစ်ပေတော့သည်။

ထန်ဟာန်၏ စိတ်ထဲတွင် မကြုံစဖူး စိုးရိမ်ထိတ်လန့်သွားမိလေသည်။



အချိန်မီကုသမှု အလွန်လိုအပ်နေသော စွန်းလူယီအတွက်ကြောင့် ထန်ဟာန်အဖို့ ယခုလို စိုးရိမ်စိတ် ဖြစ်ပေါ်လာရခြင်းပင်။

လက်ရှိအခြေအနေတွင် ထန်ဟာန်နှင့် အဘိုးကြီးဖန်းတို့သည် ကျားရဲနှစ်ယောက်နှင့် အကြိတ်အနယ် တိုက်ခိုက်နေရသည်။ သည်အချိန်တွင် ခေါင်းညီအစ်မသုံးဖော်တို့ပါ တိုက်ပွဲထဲဝင်လာပါက ထန်ဟာန်တို့အဖို့ အခြေအနေ ဆိုးရွားသွားမည်မှာ မလွဲပေ။

ထန်ဟာန်သည် မိမိ၏ လျှို့ဝှက်သိုင်းပညာဖြစ်သော မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်းပညာကို ထုတ်သုံးရန် ဆုံးဖြတ်လိုက်သည်။

သိုင်းလောကကို အန္တရာယ်ပြုမည့် အလွန်လျှို့ဝှက်သော လမ်းလွဲ သိုင်းသမားဆိုးကြီးတစ်ယောက် ခေါင်းဆောင်သော အဖွဲ့တစ်ခုကို ဖြိုခွင်းနှိမ်နင်းနိုင်ရန်အတွက် ထန်ဟာန်သည် မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်းပညာကို လေ့ကျင့်ထားခဲ့ခြင်းဖြစ်သည်။

ထန်ဟာန်သည် သိုင်းလောကတွင် ဝင်ရောက်၍ တိုက်ပွဲအမျိုးမျိုး ကြုံခဲ့သော်လည်း မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်းပညာကို တစ်ကြိမ်တစ်ခါမှ ထုတ်မသုံးခဲ့သေးပေ။

မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအား သိုင်းပညာကို တတ်မြောက်ထားကြောင်း သတင်းသည် တစ်စွန်းတစ်စ ပေါက်ကြားသွားသည်နှင့် ထန်ဟာန် ကြိုးစားရှာဖွေ၍ သဲလွန်စလေးမျှ ရစပြုနေပြီဖြစ်သော ထိုသိုင်းသမားဆိုးကြီးသည် လုံးဝ ခြေရာပျောက်သွားမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် သိုင်းလောကအတွက် အန္တရာယ် အသွယ်သွယ်တို့လည်း ပေါ်ပေါက်လာနိုင်သည်။

ထို့ကြောင့် ထိုသိုင်းသမားဆိုးကြီးနှင့် အတိအလင်း ရင်ဆိုင်ရသည့်အခါမှသာ မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်းကို ထုတ်သုံးတိုက်ခိုက်ရန် ထန်ဟန်က ဆုံးဖြတ်ထားခဲ့လေသည်။

ယခုမူ မလွဲမရှောင်သာတော့။

မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်းပညာကို ထုတ်သုံးရပေတော့မည်။

"ကုန်းစွန်းကျောင်း တယ်ဟုတ်ပါလား၊ ထန်ဟန်ကိုတောင် ကောင်းကောင်းဖိနှိပ် တိုက်ခိုက်နိုင်တယ်"

ကြေးခေါင်းပျို ချန်ဝမ်လန်က လှမ်းပြောသည်။

ကုန်းစွန်းကျောင်းမှာ ချန်ဝမ်လန်၏ ချီးမွမ်းစကားကြောင့် အတော်လေး ဘဝင်မြင့်သွားသည်။

"ဟား ဟား ဟား ... ဟိုနားမှာ လဲကျနေတဲ့ စွန်းလူယီကိုလည်း ကျုပ်ကပဲ လှဲသိပ်ထားတာလေ"

ကုန်းစွန်းကျောင်းက ကပ်ကြွားကြွား ပြောသည်။

"ထန်ဟန်ကတော့ အတော် အစွမ်းထက်တယ်နော်၊ ကျွန်မတို့ ဝင်ကူပေးရမလား"

"မလိုဘူး ကျုပ် ထိန်းနိုင်ပါတယ်၊ ဟို ... လဲကျနေတဲ့ကောင်လေး စွန်းလူယီကိုသာ အပြတ်ရှင်းပစ်လိုက်ကြပါ"

"ကောင်းပြီ"

ကြေးခေါင်းပျို ချန်ဝမ်လန်၏ လှုပ်ရှားမှုမှာ အတော်မြန်၏။



စကားမဆုံးမီပင် ဓားပျံတစ်လက် တပ်ဆင်ထားသော ပိုးကြိုးတစ်ချောင်း လက်ထဲသို့ ရောက်လာသည်။

ထို့ကြောင့် ထန်ဟန်သည် ကုန်းစွန်းကျောင်းနှင့် တိုက်ခိုက်နေသည်ကို အလေးမထားတော့ပဲ စွန်းလူယီ လဲကျနေရာ ဆိုင်အဝင်ဝ ထင်းပုံအနားသို့ လှစ်ခနဲ ပြေးသွားသည်။

ကြေးခေါင်းပျို ပစ်လွှတ်လာမည့် ပိုးကြိုးတပ် ဓားပျံကို မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်းပညာဖြင့် ရိုက်ထုတ်ဖယ်ရှားပစ်ရန်လည်း အသင့်ပြင်ထားသည်။

ကုန်းစွန်းကျောင်းကလည်း ထန်ဟန်၏နောက်မှ အပြေးလိုက်ပါလာသည်။

ထိုအချိန်မှာပင် ဝှီးခနဲ အသံနှင့်အတူ ကြေးခေါင်းပျို ပစ်လွှတ်လိုက်သော ပိုးကြိုးတပ်ဓားပျံသည် လွင့်ပျံရောက်လာသည်။

* * *

ကြေးခေါင်းပျိုက ပိုးကြိုးတပ်ဓားပျံဖြင့် လှမ်းပစ်သည်။

ထန်ဟန်သည် ရုတ်တရက် ငေးကြောင်သွားသည်။ သို့သော် ချက်ချင်းဆိုသလိုပင် မူလပင်ကိုမျက်နှာ အမူအရာအတိုင်း ပြန်ဖြစ်သွားသည်။

မိမိ မည်သို့မှ မထင်မှတ်ထားသော အပြောင်းအလဲ ဖြစ်လာတော့မည်ကို ထန်ဟန် သိလိုက်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟန်နောက်သို့ အပြေးလိုက်လာခဲ့သော ကုန်းစွန်းကျောင်းသည် ထန်ဟန်၏ မျက်နှာအမူအရာ အပြောင်းအလဲကို မြင်လိုက်သည်။ အခြေအနေ မဟန်သည်ကိုလည်း အကဲခတ်မိလိုက်သည်။

ကုန်းစွန်းကျောင်းသည် ကြေးခေါင်းပျို ချန်ဝမ်လန်၏ ချိုးမွှမ်းစကားကြောင့် အတော်တဝင်မြင့်ကာ ပီတိဖြစ်လျက် ထန်ဟန်ကို အပြတ်ချေမှုန်းပြလိုစိတ် ပြင်းထန်နေရာ သူ့စိတ်က ထန်ဟန်ကို တိုက်ခိုက်ရန်သာ အာရုံရောက်နေသည်။

နောက်ဘက်ကို သတိမမူမိတော့ပေ။

ကုန်းစွန်းကျောင်းက ခုခံရှောင်တိမ်းရန် ကြိုးစားပါသေးသည်။

သို့သော် ကုန်းစွန်းကျောင်းသည် မည်သို့မှ မရှောင်တိမ်းနိုင်မီမှာပင် သူ့ဓားပျံက နောက်ကျောကို ထိုးစိုက်မိသည်။

ကုန်းစွန်းကျောင်းသည် အသံပင်မထွက်နိုင်ပဲ မှောက်လျက်သား လဲကျသွားသည်။

ကြေးခေါင်းပျိုသည် ပိုးကြိုးတပ်ဓားပျံကို ပြန်ဆွဲယူကာ နောက်လှည့်၍ ဆိုင်အတွင်းဘက်သို့ လှမ်းပစ်လိုက်သည်ကို ထန်ဟန် မြင်လိုက်ရပြန်သည်။

ဆိုင်အတွင်းဘက်မှ လေးလံသော အရာတစ်ခု လဲပြိုကျသွားသံ ပေါ်လာပြီး တိုက်ခိုက်သံများ ရပ်သွားသည်။

ကြေးခေါင်းပျိုသည် ကြိုးတပ်ဓားပျံကို ပြန်သိမ်းလိုက်၏။ ထို့နောက် ခေါင်းညီအစ်မသုံးဖော်တို့ ထွက်ခွာသွားကြသည်။



ထိုသို့ထွက်ခွာအသွားတွင် ကြေးခေါင်းပျို ချန်ဝမ်လန်က ထန်ဟန်ကို တစ်ချက် စူးစိုက်ကြည့်သွားသည်။ ထန်ဟာန်က ကျေးဇူးတင်သည့်အပြုံးမျိုး ပြုံးပြလိုက်သည်။

'မည်သည့်အတွက်ကြောင့် ယခုလို ဝင်ရောက်ကူညီပေးခဲ့သည်' ဆိုခြင်းကိုသာ အဖြေရှာ စဉ်းစား၍မရပေ။ ထွက်သွားကာနီးတွင် ကြည့်သွားသည့် ကြေးခေါင်းပျို၏ အကြည့်မှာမူ အလွန်ပင် အဓိပ္ပာယ်ရှိလှသည်။

ထိုအကြည့်က ထန်ဟန်၏ စိတ်ကို လှုပ်ခြ ကြွ ကောင်းသွားစေခဲ့သည်။

ထန်ဟန်သည် ဆိုင်အတွင်းဘက်သို့ ဝင်ပြ ည့်လိုက်ရာ ကျားပျံ ချောင်ချီ၊ ကျားဆိုး လန်စန်းဟို၊ ကျားမာန် ပိန်းထောင်တို့ အတုံးအရုံး လဲကျနေကြသည်ကို တွေ့ရသည်။

အဘိုးကြီးဖန်းကိုမူ မတွေ့ရပေ။

ကျားသစ်ပျံ အိုးယန်ကျွင့်သည် မည်သည့်နေရာသို့ ရောက်သွားသနည်း။

သို့သော် ထိုကိစ္စများကို အဖြေရှာစဉ်းစားနိုင်ရန် ထန်ဟန်တွင် အချိန်မရှိပေ။ စွန်းလူယိကို အချိန်မီ ဆေးဝါးကုသ ပေးရဦးမည် မဟုတ်ပါလား။

ထို့ကြောင့် ထန်ဟန်သည် ဆိုင်အနောက်ဘက် မီးဖိုအနားတွင် ကြောက်လန့်စွာ ပုန်းအောင်းနေသော အဘိုးကြီးဟူအား ထံသို့သွားကာ နှစ်ပေါင်းသုံးဆယ်ကျော် ရောင်းချမှသာရနိုင်မည့် အမြတ်ငွေလောက်နီးနီးရှိသော ငွေအသပြာများကို ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကို တစ်ရက်ပိတ်ကာ အနားယူပြီး ကျွဲရဲလေးယောက်တို့၏ အလောင်းများကို မြှုပ်နှံပေးရန် ပြောဆိုမှာကြားလေသည်။

ထို့နောက် စွန်းလူယိကို အရေးပေါ် အကြောနှိပ်ကာ ပြုစုပေးပြီး အသာပွေ့ချီလျက် အသက်ရှည်ဆေးဆိုင်ဘက်သို့ အပြေးထွက်လာခဲ့သည်။

***



## အခန်း(၁၄)

အသက်ရှည်ဆေးဆိုင်သို့ ထန်ဟာန် အပြေးလာခဲ့သည်။

စိတ်တိုင်းကျပြည့်စုံရွာထဲတွင် ဆေးဆိုင်ငါးဆိုင်ခန့် ရှိသည်။

သို့သော် ဆေးပညာကို အဆင့်မြင့်မြင့် တတ်မြောက်ကာ စွန်းလူယိကို ကုသပေးနိုင်မည့်သူမှာ အသက်ရှည်ဆေးဆိုင်မှ ဆေးဆရာ ဟို့ကျိုကျင်းသာဖြစ်ကြောင်း နားလည်သည့်အတွက် ထန်ဟာန်သည် အသက်ရှည်ဆေးဆိုင်သို့သာ အပြေးလာခဲ့ခြင်း ဖြစ်သည်။

ဟို့ကျိုကျင်းလို ဆေးပညာ အဆင့်မြင့်မြင့် တတ်မြောက်ထားသူတစ်ယောက် ဝေးသီခေါင်ဖျားလှသည့် သည်လိုရွာမျိုးတွင် လာရောက်ကာ ဆေးဆိုင်ဖွင့်လှစ်ထားသည်ကို စိတ်တိုင်းကျပြည့်စုံရွာသားများအနေဖြင့် ကျေးဇူးတင်ကြဖို့ ကောင်းသည်။

ဟို့ကျိုကျင်း၏ ဆေးများသည် အစွမ်းထက်မြက်မှန်း သိကြသော်လည်း ဈေးအဆမတန် ကြီးလှသောကြောင့် သာမန်အဖျားအနာမျိုးကို ဟို့ကျိုကျင်း၏ ဆေးဝါးများဖြင့် ကုသခြင်း မပြုကြပေ။ တစ်လလုံးနေ၍မှ ဆေးတစ်မယ် မရောင်းရသည့် အခါမျိုးပင် ရှိတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှည်ဆေးဆိုင်ကို ဝင်းထရံပတ်လည် ကာရံထားကာ ခြံဝင်း၏ ဝင်ပေါက်ထွက်ပေါက်ဟူ၍ တစ်ပေါက်တည်းသာ ရှိသည်။

ထန်ဟန်သည် ခြံဝင်းတစ်ခုတည်းသော ဝင်ပေါက်ထွက်ပေါက်မှနေ၍ မဝင်ပဲ အိမ်အနောက်ဘက် ဝင်းထရံကိုကျော်ကာ အိမ်ဝင်းထဲ ဝင်လာခဲ့သည်။ ထို့နောက် ဆေးဆိုင်၏ ဘေးတံခါးမှ ဝင်လာခဲ့သည်။

ဆေးဆိုင်ထဲတွင် ဟို့ကျိုကျင်းသည် တစ်ယောက်တည်း ထိုင်ကာ စစ်တုရင် ကစားနေသည်။

ထန်ဟန်က ချောင်းသံတစ်ချက် ဟန့်လိုက်ရာ ဟို့ကျိုကျင်းက မျက်မှန်ပေါ်မှနေ၍ မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"အလို မင်းက ခြံဝင်းထဲကို ဘယ်လိုလုပ် ဝင်လာတာလဲ"

ဟို့ကျိုကျင်းက မေးသည်။

"အနောက်ဘက်က ဝင်လာတာပါ"

"ကျုပ်ရဲ့ခြံဝင်းကို လေးဖက်လေးတန် ကာရံထားပြီး အရှေ့ဘက်မှာပဲ ခြံဝင်းဝင်ပေါက်ရှိတယ်၊ အနောက်ဘက်မှာ ဘာဝင်ပေါက်မှ မရှိဘူး"

"ဟုတ်ကဲ့ ကျွန်တော် ခြံဝင်းကိုကျော်ပြီး ဝင်လာခဲ့တာပါ"

"ဟာ ... ဒီလိုလုပ်တာ ဘယ်ကောင်းမှာလဲ၊ ဘာကြောင့် ဝင်းတံခါးကနေ အတိအလင်း ဝင်မလာတာလဲ"

"ဟုတ်ကဲ့ နောက်ဆို ဆင်ခြင်ပါ့မယ်၊ အခုလူနာက အရေးကြီးနေလို့ အနီးဆုံးလမ်းက ဝင်လာခဲ့တာပါ"



ထန်ဟန်က ထိုသို့ပြောပြီး ပွေ့ချီလာခဲ့သော စွန်းလူယိကို ဝါးကွပ်ပျစ်ပေါ် အသာချပေးထားလိုက်သည်။

ထို့နောက် ရွှေတုံးလေးတစ်တုံးကိုထုတ်ကာ စစ်တုရင်ခုံ၏ ဘေးနားတွင် ချထားလိုက်ပြီး ...

"ဆေးဖိုးဝါးခ အတွက်ပါ"

ဟို့ကျိုကျင်းသည် နှာခေါင်းပေါ်တွင်ကျနေသော မျက်မှန်ကို အသာပင့်တင်ကာ ရွှေတုံးကို သေသေချာချာကြည့်၍ ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး ...

"မင်းရဲ့လူနာက ဘယ်လိုရောဂါ ဖြစ်နေတာလဲ၊ ဆေးတာရွက်ကော ပါသလား"

"သူ့မှာ ဘာရောဂါမှ မရှိပါဘူး၊ လတ်တလော ဒဏ်ရာရလာတဲ့အတွက် ခေါ်လာရတာပါ၊ ဒါကြောင့် ဆေးတာရွက်လည်း ပါမလာပါဘူး၊ သူ့ရဲ့ နဖူးအလယ်မှာ သံမဏိကြာစေ့လေးတစ်လုံး နစ်ဝင်နေတယ်၊ အဲဒါကိုထုတ်ယူပြီး ကုသပေးဖို့ပါပဲ"

ဟို့ကျိုကျင်းမှာ အလန့်တကြား ဖြစ်သွားသည်။

ရွှေတုံးကိုလည်း ကိုင်၍ပင်မကြည့်တော့။

"ဟာ ... မဖြစ်ဘူး မဖြစ်ဘူး၊ ဒီလို လူနာမျိုးကို ကျုပ် မကုတတ်ဘူး၊ အခြား ဆေးဆရာဆီကို ခေါ်သွားပါ"

ထန်ဟန်က အေးစက်သောအကြည့်ဖြင့် ဟို့ကျိုကျင်းကို စိုက်ကြည့်ကာ ...

"လူနာကို ကုသပေးပါ ဆရာကြီး၊ မဟုတ်ရင် ဆရာကြီးရဲ့ လျှို့ဝှက်ချက်တွေ ပေါ်ကုန်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟိုကျိုကျင်းမှာ မျက်နှာအကြီးအကျယ် ပျက်သွားကာ ...

"ဘာပြောတာလဲ ကျုပ်မှာ ဘာလျှို့ဝှက်ချက်ရှိလို့လဲ"

ဟိုကျိုကျင်း၏ အသံမှာ သိသိသာသာ တုန်ရင်နေသည်။

"ဟိုကျိုကျင်းကို ပြောင်းပြန်လုပ်လိုက်ရင် ကျင်းကျိုဟို ဖြစ်လာတယ်၊ ချင်ကျိုဟိုနဲ့ဆိုရင် အသံချင်းဆင်ပါတယ်"

ဟိုကျိုကျင်း၏ မျက်နှာပိုပျက်လာသည်။

ထန်ဟာန်က ဆက်လက်၍ ...

"ဆေးသူရှင်စေ သမားတော်ကြီး ချင်ကျိုဟိုဟာ ဘယ်လိုလုပ် နာမည်ပြောင်းပြီး ဒီရွာမှာ မထင်မရှား ရောက်နေတာလဲ၊ ကဲ ... ကဲ ... ကျွန်တော့် လူနာကိုသာ ကုပေးပါ၊ ဆရာကြီးရဲ့ လျှို့ဝှက်ချက် မပေါက်ကြားစေရပါဘူး"

"မင်း ဒီအကြောင်းတွေ ဘယ်လိုသိနေတာလဲ"

"နောက်တော့မှ ရှင်းပြတာပေါ့၊ အခုတော့ ဆေးအလျင် ကုပေးပါဦး"

* * *

ချင်ကျိုဟိုသည် တကယ်ပင် ဆေးသူရှင်စေ သမားတော်ကြီး ဟူသော တင်စားအမည်ကို ခံယူထိုက်သည်။

စွန်းလူယိ၏ ' ဗဟိုဥကင်း သွေးကြောကွက်နေရာတွင် မြုပ်ဝင်နေသော သံမဲထိုကြာစေ့ကို အောင်မြင်စွာ ထုတ်ယူနိုင် ခဲ့သည်။



အတွင်းဘက်ခန်းတွင် စွန်းလူယိကို သက်သောင့်သက်သာ နားနေအိပ်စက်နိုင်ရန် ပြုလုပ်ပေးထားပြီးနောက် ချင်ကျိုဟိုနှင့် ထန်ဟာန်တို့နှစ်ယောက် အပြင်ဘက် ဆေးဆိုင်ခန်းသို့ ထွက်လာ ကြသည်။

"ကျုပ် အကြောင်းကို သိထားတာ ဘယ်လောက်ကြာပြီ လဲ"

ဆေးဆိုင်ခန်းထဲရှိ ထိုင်ခုံများတွင် ထိုင်မိကြသောအခါ ချင်ကျိုဟိုက မေးသည်။

"တစ်နှစ်လောက်ရှိပါပြီ"

ထန်ဟာန်က ပြန်ဖြေသည်။

"ကျုပ်က အမြဲသတိထား နေခဲ့ပါတယ်၊ မင်း ဘယ်လိုလုပ် သိတာလဲ"

"ဆရာကြီးရဲ့ဆေးဆိုင်က ဆေးတွေဟာ ဆေးမတန်ကို ဈေးကြီးလွန်းတယ်"

"ဒါက ကျုပ်ရဲ့ လျှို့ဝှက်ချက်နဲ့ ဘာဆိုင် လို့လဲ"

"အရောင်းအဝယ် လုပ်တာဟာ အမြတ်ရချင်လို့ပဲ၊ ဈေးနှုန်း အရမ်းကြီးမြင့်နေတော့ အရောင်းရဲသိပ်နည်းတယ်၊ ဝယ်သူနည်း တော့ အမြတ်လည်းသိပ်မရဘူးပေါ့၊ ဆေးဆိုင်က ဘာမှအမြတ် မရပေမဲ့ ဆရာကြီးဟာ မပူမပင် စားသောက်နေထိုင်နိုင်တယ်၊ ဆရာကြီးရဲ့အိမ်မှာ ဆရာကြီးအပြင် အခြားလူပိုလည်း တစ်ယောက် မှမရှိဘူး၊ ဈေးကြီးလွန်းလို့ ဝယ်သူလည်း တစ်လမှ တစ်ယောက် မလာကြဘူး၊ ဆေးကို ဈေးမြှင့်ထားတာဟာ လူဝင်အထွက် နည်းအောင် လုပ်တဲ့သဘောပေါ့၊ ဒါကို အခြေခံပြီး ဆက်စူးစမ်း

www.burmeseclassic.com



ကြည့်လိုက်ရင် ဆရာကြီးဟာ ဓာတ်မြှုပ်နေထိုင်နေတဲ့ ထိပ်တန်း သမားတော်ကြီး တစ်ယောက် ဖြစ်မယ်ဆိုတာ သိနိုင်ပါတယ်လေ"

"သိုင်းလောကမှာ အန္တရာယ်တွေ စုံလှပါတယ်၊ ကျုပ်ဟာ အသက်အရွယ်ထောက်လာတော့ ဒီ်းလောက အရှုပ်အရှင်းတွေမှာ မပါချင်ပဲ အေးအေးချမ်းချမ်းနေချင်လို့ အခုလို လုပ်ခဲ့တာပဲ၊ တူမောင်ရဲ့ ရှင်းပြချက်ဟာ သဘာဝကျပါတယ်၊ ဒါပေမဲ့ ကျုပ်ဆိုင်ကဆေးတွေ ဈေးကြီးနေတာ တစ်ခုတည်းနဲ့ ကျုပ်ရဲ့ ဓာတ်မှန်ကို ဘယ်လိုလုပ် ဖော်ထုတ်နိုင်တာပဲ"

ထန်ဟန်က မထိတရီ ပြုံးလိုက်ကာ ...

"အစကတော့ ဆရာကြီးဟာ သာမန်ဆေးဆရာတစ်ယောက် မဟုတ်ပဲ ဓာတ်မြှုပ်နေထိုင်တဲ့ ထိပ်တန်း သမားတော်ကြီး တစ်ယောက် ဖြစ်မယ်လို့ပဲ တွေးမိပါတယ်၊ သေသူရှင်စေ သမားတော်ကြီး ချင်ကျိုဟို ဟုတ်မဟုတ်တော့ သေသေချာချာ မပြောနိုင်ခဲ့ပါဘူး၊ ဒါပေမဲ့ စောစောတုန်းက ချင်ကျိုဟိုဆိုတဲ့ နာမည်ကို ကျွန်တော် ထုတ်ပြောလိုက်တဲ့အချိန်မှာ ဆရာကြီးဟာ မျက်နှာပျက်သွားတယ်၊ အဲဒီအခါကျတော့မှ ဆရာကြီးကို သေသူရှင်စေ သမားတော်ကြီး ချင်ကျိုဟို တကယ်ဟုတ်မှန်း ကျွန်တော် အသေအချာ သိခဲ့တာပါ"

"အင်း ... တူမောင်က တကယ်လျှင်ပြီး အကင်းပါးတာကိုး၊ စောစောက တူမောင် ပေးခဲ့တဲ့ကတိ တည်ပါစေနော်"

"စိတ်ချပါ မီးခဲထန်ဟန်ဟာ ကတိစကားကို အမြဲတမ်း စောင့်ထိန်းနိုင်ပါတယ်"



"ကဲ ... လူနာ အနားယူ အိပ်စက်နေတာကိုစောင့်ရင်း တူမောင်နဲ့ကျုပ် စစ်တုရင် ကစားရအောင်လား"

"အဆင့်သင့်ပါပဲ"

* * *

ချင်ကျိုဟိုသည် စစ်တုရင် ဝါသနာပါသူ တစ်ယောက် ဖြစ်သည်။

ထန်ဟန်ကလည်း စစ်တုရင် ကစားရာတွင်တော်သည်။

ချင်ကျိုဟိုအဖို့ တစ်ယောက်တည်းသာ စစ်တုရင် ကစားနေရလေ့ရှိရာ ယခုလို ပြိုင်ဘက်ကောင်းနှင့် တွေ့သောအခါတွင် အလွန်ပင် သဘောကျနေသည်။

သူတို့နှစ်ယောက် စစ်တုရင် ထိုးကောင်းနေကြဆဲတွင် ခြံဝင်းထဲသို့ လူသုံးယောက် ဝင်လာကြသည်။

ထိုလူသုံးယောက်သည် ချည်ကြမ်းဝတ်စုံများကို ဝတ်ဆင်ထားကြကာ ကျေးတောသားများ အသွင်ရှိသည်။

"ဟိတ် ... ဘာကိစ္စလဲ၊ ဒါဆေးဆိုင် သိရဲ့လား"

ချင်ကျိုဟိုက ထိုလူသုံးယောက်ကို မော်ကြည့်ကာ ခပ်မာမာ ပြောလိုက်သည်။

"ကျွန်တော်က တောင်ခြေမှုဆိုးအုပ်စုက ချိုက်တာဟူပါ၊ ဆရာကြီးဆီမှာ ဆေးဝယ်ချင်ပါတယ်"

ချည်ကြမ်းဝတ်စုံဝတ် လူကြီးတစ်ယောက်က ပြောကာ ဆေးစာရွက်တစ်ရွက် ထုတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်ကျိဟိုသည် စစ်တုရင်ဝိုင်းမှ မထလိုပေ။ သို့သော် မတတ်သာသည့်အတွက် ဆေးစာရွက်ကိုယူကာ ဆေးဘူးများထားသည့် စင်ဘက်သို့ လျှောက်သွားပြီး စာရွက်တွင်ပါသည့် ဆေးအမည်များအတိုင်း ဆေးစပ်ပေးလိုက်ရသည်။

ဆေးထုပ်ကို ချိုက်တာ့ဟွာကို လှမ်းပေးရင်း ...

"မင်းကိုကြည့်ရတာ သန်သန်မာမာကြီးပါပဲ၊ ဘာကြောင့် အားတိုးဆေးကို စားနေရတာလဲ"

"ကျွန်တော်က ဆေးမစားတတ်ပါဘူး"

ချိုက်တာ့ဟွာက ပြန်ဖြေသည်။

"သြော် ... သူများအတွက် ဆေးလာဝယ်တာကိုး"

"ဟုတ်ကဲ့၊ ဟို ... ကျွန်တော့်ရဲ့ အသက်ခုနစ်ဆယ်အရွယ် အမေအိုကြီး အတွက်ပါ"

ချင်ကျိဟို၏ မျက်နှာတွင် အံ့ဩသည့်အသွင် ဖွေ့လာကာ ဆေးစာရွက်ကို တစ်ချက် ထပ်ဖတ်ကြည့်လိုက်သည်။ ထို့နောက် ခေါင်းကိုညိတ်ကာ ...

"ဒီဆေးက သိပ်ကိုတန်ဖိုးကြီးတယ်၊ အစကတော့ နှစ်ဆယ့်ငါးအသပြာ တောင်းမလို့ပဲ၊ ဒါပေမဲ့ မင်းဟာ မိဘကိုရိုသေတဲ့ သားတစ်ယောက်ဖြစ်နေလို့ ဈေးကို အထူးလျှော့ပေးလိုက်မယ်၊ သုံးအသပြာပဲ ပေးပေတော့"

ချိုက်တာ့ဟွာသည် အံ့ဩသည့်အသွင်ဖြင့် ချင်ကျိဟိုကို ကြည့်သည်။

ထို့နောက် ကျေးဇူးတင်စကားပြောကာ ကျသင့်ငွေ ပေးချေပြီး ထွက်သွားသည်။



ချင်ကျိဟိုသည် ကျေနပ်သည့် အပြုံးဖြင့်ပြုံး ... စစ်တုရင်ခုံတွင် ပြန်ဝင်ထိုင်လိုက်ပြီး ...

"ကျုပ်က ဈေးကြီးယူပေမဲ့ စေတနာထားတတ်တဲ့ လူတွေကိုတော့ ထားပါတယ်၊ တူမောင် အမြင်ပဲမဟုတ်လား"

ထန်ဟန်က မထိတရိ ပြုံးလိုက်ကာ ...

"အင်း ... ကောင်းပါတယ်၊ ဒါပေမဲ့ ချိုက်တာ့ဟွာဟာ မိဘကို ရိုသေတဲ့သား ဟုတ်နိုင်ပါ့မလား"

ချင်ကျိဟိုက မျက်မှောင်ကြုတ်လျက် ...

"ဘယ်လို လူစားမျိုးကိုမှ မိဘကိုရိုသေတယ်လို့ ဆိုရမှာလဲ၊ မိဘကို ရိုသေတဲ့လူလို့ နဖူးမှာ စာတန်းထိုးထားမှာလား"

ထန်ဟန် အဖြေရခက်သွားသည်။

"ဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဆရာကြီးကို တခြားကိစ္စတစ်ခု မေးချင်ပါသေးတယ်"

ထန်ဟန်က ပြောလိုက်သည်။

"အင်း ... ဆိုစမ်းပါဦး"

"မိဘကိုရိုသေတဲ့ ချိုက်တာ့ဟွာဟာ ဆရာကြီးရဲ့ဆေးဆိုင်မှာ လာမဝယ်ပဲ အခြားဆေးဆိုင်မှာ သွားဝယ်ရင် စောစောက ဆေးမျိုးအတွက် ဘယ်လောက်ပေးရမလဲ"

"ဒီဆေးမှာပါတဲ့ ဆေးအမယ်အချို့က အတော်ရှားပါတယ်၊ တော်ရုံတန်ရုံဆေးဆိုင်မှာ သွားဝယ်ရင် မရှိနိုင်ဘူး၊ တကယ်လို့ ရှိတယ်ထား၊ ဆေးဖိုးက ငါးအသပြာလောက်တော့ ပေးရမယ်၊ ကျုပ်က တစ်ခင်လျှော့ယူလိုက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ချိုက်တာ့ဟူကို မိဘရှိသေးတဲ့လူလို့ ဆရာကြီးက မသတ်မှတ်ရင် ဆေးဖိုးကို နှစ်ဆယ့်ငါးအသပြာပဲ ယူမှာမဟုတ်လား"

"ဟုတ်တယ် တစ်ပြားမှတောင် မလျှော့နိုင်ဘူး"

"ဒီလောက် တန်ဖိုးကြီးကြီးကို ချိုက်တာ့ဟူလို တောမုဆိုးတစ်ယောက်က တတ်နိုင်ပါ့မလား"

"တတ်နိုင်မတတ်နိုင် ပေးရမှာပဲ"

"ဒါက ဘယ်လိုသဘောလဲ"

"သူဟာ ဒီဆေးကို သိပ်လိုအပ်နေတယ်၊ ဒါကြောင့်လည်း ကျူပ်ဆိုင်ကို ဈေးကြီးမှန်းသိလျက်နဲ့ ဝင်လာတာပဲ"

"ဒီလို မတရားဈေးယူတာ မရက်စက်ဘူးလား"

"ဆေးဆရာတွေ ဆေးကုသရင် ဆေးဖိုးဝါးခ ယူကြတာပဲ၊ ဒါဟာ ရိုးနေပြီ၊ ဘာပဲဖြစ်ဖြစ် ထိုက်သင့်တဲ့ အဖိုးအခကို ပေးရမှာပဲ"

"ချိုက်တာ့ဟူတို့ တောလိုက်မုဆိုးတွေ နေကြတဲ့ တောင်ခြေက အိမ်စုလေးကို ရောက်ဖူးသလား"

"ရွာနဲ့ သိပ်မှမဝေးတာ ရောက်ဖူးတာပေါ့"

"ဒီနေရာဝန်းကျင်မှာ အမဲလိုက်ပြီး အသက်မွေးဝမ်းကျောင်း ကောင်းကောင်း လုပ်နိုင်ပါ့မလား"

"ဒီနားက တောတောင်တွေမှာ သားကောင်တွေ အများကြီး ရှိနေတာပဲ"

"ဒါပေမဲ့ ဈေးကွက်က သိပ်မရှိဘူး၊ အမဲလိုက်မုဆိုးတစ်ယောက်အဖို့ တစ်နေ့ကို ဆယ့်ငါးပြားလောက်ရဖို့ မနည်း



ကြိုးစားရတယ်၊ နှစ်ဆယ့်ငါးအသပြာ မဆိုထားနဲ့ စောစောက ပေးသွားရတဲ့ သုံးအသပြာရလောက်ရဖို့ကိုပဲ နှစ်လသုံးလလောက် ခြိုးခြံပြီး စုဆောင်းရမယ်၊ ဒီလောက် စုဆောင်းထားရတဲ့ငွေနဲ့ အမေအိုကြီးကို အားဆေးတိုက်ကျွေးမဲ့ သားလိမ္မာမျိုးကို ဆရာကြီးရဲ့ တစ်သက်တာမှာ ဘယ်နှစ်ယောက် တွေ့ဖူးပါသလဲ"

ချင်ကျိုဟို၏မျက်နှာ ရှုံ့မဲ့သွားပြီး …

"ဒါဆိုရင် စောစောကချိုက်တာ့ဟူဟာ အမဲလိုက်မုဆိုးမဟုတ်ဘူးပေါ့၊ ဒါဖြင့် သူက ဘာလဲ"

တစ်စုံတရာ ပြန်ပြောမည်အပြုတွင် ဆိုင်အပြင်ဘက်မှ စကားသံတက်ခုပေါ်လာသည်။

"ထန်ဟန်ဟာ မျက်စိစူးရှသလို အကဲခတ်လည်း တော်ပါပေတယ်"

စကားသံနှင့်အတူ လူတစ်ယောက် ဆိုင်ထဲသို့ ဝင်ရောက်လာသည်။ ထိုသူမှာ စောစောက ဆေးဝယ်သွားသော ချိုက်တာ့ဟူပင် ဖြစ်သည်။

ထန်ဟန်ကသာ မထီတရီ ပြုံးလိုက်ပြီး …

"အခုလို တစ်ခေါက် ပြန်လာပုံထောက်ရင် ဆရာကြီးကို ပင့်ခေါ်ချင်လို့မှတ်တယ်"

"ဟုတ်ပါတယ် … ဟုတ်ပါတယ်"

ချိုက်တာ့ဟူက ထိုသို့ပြောပြီး အနီရောင်ဝက္ကူ ဝတ်ထားသော စာအိတ်တစ်ခုကို ထုတ်ပေးသည်။

ထန်တန်က ထိုစာအိတ်ကိုထုတ်ယူပြီး ဖွင့်ကြည့်လိုက်ရာ ငွေလဲလက်မှတ်တစ်စောင် ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ရှင်ချန်မြို့ တထိုးဂေတာက ထုတ်ပေးတဲ့ အသပြာ သုံးသောင်းတန် ငွေလွှဲလက်မှတ်ပါလား၊ ဆေးဆရာကို လာပင့်တဲ့ ခြေကြွခက တယ်များတာကိုး"

ထန်ဟန်သည် ငွေလွှဲလက်မှတ်ကို ကြည့်နေရာမှ ရုတ်တရက် ချိုက်တာ့ဟူကို မော်ကြည့်လိုက်ပြီး ...

"ခင်ဗျားတို့ ခါးမပျံဂိုဏ်းချုပ်ရဲ့ အခြေအနေ အတော်ဆိုးနေပြီ မှတ်တယ်"

ချိုက်တာ့ဟူမှာ ကြောင်အမ်းအမ်း ဖြစ်သွားပြီး ...

"ကျုပ် လာရင်းကိစ္စကို ဘယ်လိုလုပ်သိတာလဲ"

ထန်ဟန်က ချိုက်တာ့ဟူ၏ အမေးကိုမဖြေပဲ ငွေလွှဲလက်မှတ်ကို ခပ်ပေါ့ပေါ့ပင် ပြန်ချထားလိုက်ပြီး ...

"အသပြာသုံးသောင်းဟာ မနည်းပေမဲ့ လူကို ဖိမသတ်နိုင်ပါဘူး၊ ဟောဒီက ဆရာကြီးလို ထိပ်တန်းသမားတော် တစ်ယောက်ကို လာပင့်တဲ့အခါ အနည်းဆုံး ဂိုဏ်းမှူးနှစ်ယောက်ကို စေလွှတ်ပြီး ဝေါယဉ်နဲ့လာပင့်မှ ရှိသေရာရောက်မှာပေါ့"

ချိုက်တာ့ဟူက ချင်ကျိဟိုကို ကြည့်သည်။ ချင်ကျိဟိုသည် ဘာမှမပြောပဲ ဆိတ်ဆိတ်သာ ထိုင်နေသည်။ ဆိတ်ဆိတ်နေခြင်းဖြင့် ထန်ဟန် ပြောသည်ကို သဘောတူကြောင်း ပြသသည့်သဘော ဖြစ်နေသည်။

ချိုက်တာ့ဟူသည် ဘာမှ ထပ်မပြောတော့ပဲ ထန်ဟန် ချထားသော ငွေလွှဲလက်မှတ်ကိုယူကာ ထွက်သွားသည်။

"ချိုက်တာ့ဟူကို မင်း အလျင်က မြင်ဖူးသလား"



ချိုက်တာ့ဟူ အဝေးသို့ ရောက်သွားသောအခါ ချင်ကျိဟိုက ထန်ဟန်ကို မေးသည်။

"ဟင့်အင်း မမြင်ဖူးပါဘူး"

ထန်ဟန်က ခေါင်းကိုခါယမ်းပြပြီး ပြန်ဖြေသည်။

"ဒီလိုဆိုရင် သူဟာ ဘယ်ဂိုဏ်းအဖွဲ့က ဖြစ်ပြီး သူတို့ဂိုဏ်းချုပ် ဘာဖြစ်နေတယ်ဆိုတာကို မင်းက ဘယ်လိုလုပ်သိတာလဲ"

ထန်ဟန်က မထီတရီ ပြုံးလိုက်ပြီ ...

"ခန့်မှန်းကြည့်တာပါ"

"မင်း ခန့်မှန်းကြည့်တာကလည်း သေချာလှချည်လား၊ အမြဲကို မှန်နေတာပဲ"

"ဒီလောက်လည်း မဟုတ်သေးပါဘူး"

"ဘယ်အချက်တွေပေါ်မှာ မှတည်ပြီး ခန့်မှန်းကြည့်တာလဲ"

"ချိုက်တာ့ဟူဟာ အမဲလိုက် မုဆိုးတစ်ယောက် မဟုတ်နိုင်တာကိုတော့ ကျွန်တော် ရှင်းပြခဲ့ပြီးပါပြီ"

"အင်း"

"အခု သူက ငွေအသပြာ သုံးသောင်းတန် ငွေလွှဲလက်မှတ် ပေးပြီး ဆရာကြီးကို လာပင့်တယ်၊ ဒီလောက် ငွေတွေများများပေးပြီး လာပင့်တာဟာ သာမန် လူနာတစ်ယောက် မဟုတ်နိုင်ဘူး"

"အေး ... ဟုတ်ပြီ၊ ဂိုဏ်းချုပ် အဆင့်အတန်းလောက်ရှိတဲ့လူပဲ ဖြစ်ရမှာပေါ့"

"ပြီးခဲ့တဲ့ လဆန်းငါးရက် ပြည့်စုံစားသောက်ဆိုင် အရောင်း

www.burmeseclassic.com

www.burmeseclassic.com



အဝယ်ပွဲမှာ ခရုဇွေခားအိမ်ဟာ ခားမပျံဂိုဏ်းချုပ် ထုံချီဖေးရဲ့ ကိုယ်နှင့်မကွာထားတဲ့ ပစ္စည်းဖြစ်နေတယ်၊ ဒီခားအိမ်ဟာ ဘာကြောင့် ထုံချီဆီကနေ ပျောက်ဆုံးသွားရတာလဲ"

"ပြောစမ်းပါဦး"

"အခုဆိုရင် ခားမပျံဂိုဏ်းက ဂိုဏ်းမှူးကြီး လေးယောက်ဟာ ခရုဇွေခားအိမ်ကို ပြန်သိမ်းယူပြီးဖြစ်လေမဲ့ စိတ်တိုင်းကျပြည့်စုံ ရွာကနေ ပြန်မသွားကြသေးဘူး၊ ဒီရွာမှာပဲ ဆက်နေပြီး ဘာမှ မလုပ်ပဲ အရက်သောက် အစာစားနဲ့ အချိန်ဖြုန်းနေကြတယ်၊ သူတို့ဟာ အလကားသက်သက် ဒီလို အချိန်ဖြုန်းနေကြမှာ မဟုတ်ဘူး"

"အင်း ... ဟုတ်ပြီ၊ ကျုပ် သဘောပေါက်ပြီ"

"ဒီနေ့ ချိုက်တာ့ဟူ ရောက်လာပြီး ဆရာကြီးကိုပင့်လာတဲ့ အခါကျတော့ ဒီကွင်းဆက်တွေ စုစည်းမိပြီး အခြေအနေကို ခန့်မှန်းလာနိုင်တာပေါ့၊ ထုံချီဖေးဟာ တစ်ယောက်ယောက်နဲ့ ဖြစ်ဖြစ်၊ လူတစ်စုနဲ့ဖြစ်ဖြစ် တိုက်ခိုက်ပြီး အပြင်းအထန် ဒဏ်ရာ ရခဲ့လို့ ဒါမှမဟုတ် သေဆုံးသွားလို့ သူ့ ကိုယ်နဲ့မကွာထားတဲ့ ခရုဇွေခားအိမ်ဟာ သူများလက်ကို ရောက်ခဲ့ရတယ်၊ ခားမပျံဂိုဏ်းက ဂိုဏ်းမှူးလေးယောက်တို့ စိတ်တိုင်းကျပြည့်စုံရွာမှာ နေထိုင်နေတာ ဟာလည်း ဆရာကြီးဟာ သေသူရှင်စေ သမားတော်ကြီး ဖြစ်နိုင် မယ်လို့ ထင်မိကြတာကြောင့် တစ်နည်းနဲ့မဟုတ်တစ်နည်း ဆက်သွယ်နိုင်အောင်လို့ ဖြစ်တယ်၊ သူတို့က သမားတော် ရှာနေ တာဆိုတော့ သူတို့ ဂိုဏ်းချုပ်ဟာ အပြင်းအထန် ဒဏ်ရာရနေလို့ပဲ ဖြစ်မှာပေါ့"



"ခားမပျံဂိုဏ်းချုပ် ထုံချီဖေးဟာ လမ်းမှန်သိ်းသမားကောင်း တစ်ယောက်ဖြစ်တယ်၊ ပြီးတော့ ကျုပ်ရဲ့ လျှို့ဝှက်သေးချက်ကိုလည်း သူတို့ သိသွားကြပြီ၊ ဒီလို အခြေအနေမျိုး ရှိနေတာတောင် သူတို့ရဲ့ ဖိတ်ခေါ်ချက်ကို တူမောင်က ကျုပ်ကိုယ်စား ဘာကြောင့် ငြင်းပယ်လိုက်ရတာလဲ"

"ဒါက ဆရာကြီးရဲ့ အကျိုးအတွက်ပါ"

"ဘာလဲ ကျုပ်ကို ဟန်ဟိတ်ကြီးကြီးနဲ့ ဝေယာဉ်ပေါ် ထိုင်သွားနိုင်အောင် လုပ်ပေးတာလား"

"ဒါက ချိုက်တာ့ဟူ ပြန်သွားအောင် ပြောလိုက်တဲ့ ဆင်ခြေစကားပါ၊ သူ ပြန်သွားမှ ဆရာကြီးနဲ့ကျွန်တော် အေးအေး ဆေးဆေး ပြောဆိုတိုင်ပင်နိုင်မယ် မဟုတ်လား"

"တူမောင်က ဘာများ တိုင်ပင်ချင်တာလဲ"

"ဆရာကြီးဟာ ဓာတ်မြှုပ်ပြီး အေးအေးဆေးဆေး နေခဲ့ တာမှာ လျှို့ဝှက်တဲ့ အကြောင်းတစ်ခုခု ရှိချင်ရှိမယ်၊ ထုံချီဖေးကို ဆေးဝါးကုသ ပေးလိုက်မှုကြောင့် ဆရာကြီးအတွက် အန္တရာယ် ပေါ်ပေါက်လာနိုင်တယ်၊ ဒီအချက်ကို ဆရာကြီး သေသေချာချာ စဉ်းစားစေချင်ပါတယ်၊ ဆရာကြီးဟာ ဗွန်းလူယိ ့ အသက်ကို တယ်တင်ကုသ ပေးထားတဲ့အတွက် ဆရာကြီးကို ကျွန်တော်က ကျေးဇူးတုံ့ပြန်ရပါမယ်၊ ဆရာကြီးရဲ့ အန္တရာယ်ကို ကာကွယ် ပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်"

ချင်ကျိဟို၏ မျက်လုံးများတွင် ထူးခြားသောအရောင် လက်လာကာ ထန်ဟန်ကို ကြည့်လိုက်သည်။ ထန်ဟန်၏

www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်မတ်သော စိတ်နေစိတ်ထားကို အလွန်သဘောကျသွားခြင်း ဖြစ်ပေတော့သည်။

ချင်ကျိဟိုသည် သက်ပြင်းတစ်ချက် ချလိုက်ကာ ...

"ဝက်တွေဟာ ဝမှာကိုကြောက်ကြတယ်၊ ဝလာရင် သတ်စားခံရတော့မှာကိုး၊ ကျုပ်လည်း အသက်ကြီးလာတော့ နာမည်ကျော်ကြားတာကို မလိုလားတော့ဘူး၊ ဒါကြောင့် ဒီရွာမှာ အေးအေးချမ်းချမ်း လာနေတာပါ"

သေသူရှင်စေ သမားတော်ကြီး ချင်ကျိဟိုသည် အမည်ကို ပြောင်းကာ စိတ်တိုင်းကျပြည့်စုံရွာတွင် မထင်မရှား လာရောက်နေထိုင်ခြင်းသည် ဤမျှရိုးစင်းသော အကြောင်းရင်းကြောင့် ဟုတ်နိုင်ပါမည်လား။

သို့သော် ထန်ဟန်သည် ချင်ကျိဟို၏ အကြောင်းပြချက်နှင့် ပတ်သက်၍ မည်သို့မျှ ထပ်မံမေးမြန်းခြင်း မပြုပေ။

ဒါကလည်း ထန်ဟန်၏ ထူးခြားသော စရိုက်ဖြစ်သည်။

ထန်ဟန်သည် တစ်ဖက်သား မပြောလိုသည်ကို မည်သည့်အခါတွင်မှ အတင်းအကျပ် မမေးပေ။ တစ်ဖက်သား မလုပ်လိုသည်ကိုလည်း အတင်းအကျပ် မလုပ်ခိုင်းပေ။

"ဓားမပျံဂိုဏ်းက ဂိုဏ်းမှူးကြီးတွေဟာ ကျွန်တော်ပြောလိုက်တဲ့အတိုင်း ဆရာကြီးကို လာပင့်ခေါ်ကြမှာပဲ၊ ဆရာကြီးက သူတို့ပင့်ခေါ်တာကို လိုက်သွားမယ်ဆိုရင် တစ်ခုတော့ သတိထားစေချင်တယ်"

"ဘာများလဲ"



"ထုံချီဖေးဟာ ဘယ်သူ့လက်ချက်ကြောင့် ဒဏ်ရာရခဲ့ရတယ်ဆိုတာကို သိရအောင်မေးခဲ့ပါ"

"ဘာကြောင့် မေးခိုင်းတာလဲ"

"ဒါကလည်း ဆရာကြီးရဲ့ ကောင်းကျိုးအတွက်ပဲ"

"ရှင်းပြစမ်းပါဦး"

"ထုံချီဖေးကို အခုလို ဒဏ်ရာအပြင်းအထန်ရအောင် တိုက်ခိုက်လိုက်တဲ့လူဟာ ထုံချီဖေးကို အသက်သေစေချင်တဲ့ဆန္ဒရှိမှာပဲ၊ ဆရာကြီးက ဝင်ကုသပေးလိုက်ရင် အဲဒီလူက စိတ်ဆိုးပြီး ဆရာကြီးအပေါ် အငြိုးထားချင် ထားနိုင်တယ်၊ ဒီလူ ဘယ်သူလဲဆိုတာ သိထားရင် ကြိုတင်ကာကွယ်မှုတွေ လုပ်ထားနိုင်တာပေါ့၊ သူများကို ကယ်တင်ကုသပေးပြီး ကိုယ့်အသက် သေဆုံးရရင် မကောင်းပါဘူးလေ"

* * *

လေးလပိုင်း တစ်ဆယ့်ရှစ်ရက်နေ့။

စိတ်တိုင်းကျပြည့်စုံရွာသို့ လက်ဖွာမင်းသား ရင်မိန်ယန် ရောက်ရှိလာသည်။

ရင်မိန်ယန်သည် ကျွန်းထင်ကျင့်လောက် ချမ်းသာကြွယ်ဝခြင်း မရှိသော်လည်း ပစ္စည်းဥစ္စာတော့ ပေါများသည်။

အသုံးအစွဲတွင်မူ နှမြောခြင်း မရှိပေ။ အပေးအကမ်း ရက်ရောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့် သူ့ကို လက်ဖွာမင်းသားဟု တင်စားအမည် ပေးထားကြခြင်း ဖြစ်သည်။

ရင်မိန်ယန်သည် သိုင်းလောကတွင် အချမ်းသာဆုံး မဟုတ်သော်လည်း အသုံးအစွဲကြီးမှု၊ အပေးအကမ်း ရက်ရောမှုတို့တွင်ကား သူ့ကို မည်သူမှ မမီပေ။

အလွန်ဓါရာ ရက်ရောသူ ဖြစ်သည်။

အရောင်းအဝယ်ပြုလုပ်ရာ နေရာတိုင်းသည် လက်ဖွာမင်းသား ရင်မိန်ယန် သူတို့ထံ ရောက်လာပါစေဟု ဆုတောင်းနေတတ်ကြသည်။

တစ်နေရာရာသို့ လက်ဖွာမင်းသား ရင်မိန်ယန် ဝင်ရောက်ကြည့်ရှုရုံမျှနှင့် ငွေကြေး မြီးမြီးမြက်မြက်ရနိုင်သည် မဟုတ်ပါလား။

ရင်မိန်ယန် ရောက်ရှိလာသည့်သတင်းကို ကြားရသည်နှင့် စိတ်တိုင်းကျပြည့်စုံရွာရှိ အရောင်းအဝယ် နေရာများနှင့် အပျော်အပါး နေရာများသည် အကောင်းဆုံး အခြေအနေဖြစ်အောင် ပြင်ဆင်ကြလေတော့သည်။

ရင်မိန်ယန် ရောက်လာသည့် အကြောင်းကိစ္စနှင့် ပတ်သက်၍လည်း အမျိုးမျိုး ထင်ကြေးပေးနေကြသည်။

လေးလပိုင်းအတွက် ပြည့်စုံစားသောက်ဆိုင်၏ အရောင်းအဝယ်ပွဲသည် ပြီးစီးသွားပြီဖြစ်သည်။

ငါးလပိုင်းတွင် ပြုလုပ်မည့် အရောင်းအဝယ်ပွဲကလည်း အတော်ပင် လိုနေသေးသည်။



ရင်မိန်ယန် ရောက်လာပြီးနောက် စိတ်တိုင်းကျပြည့်စုံရွာ၏ အခြေအနေ အရပ်ရပ်ကို ပြောင်းလဲသွားစေမည့် ဖြစ်ရပ်များ ဆက်တိုက်ပေါ်ပေါက် လာလိမ့်မည်ဟူ၍ကား မည်သူကမှ မတွေးမိကြပေ။

* * *

စိတ်တိုင်းကျပြည့်စုံရွာတွင် အကောင်းဆုံး တည်းခိုနေထိုင်ရန် နေရာမှာ နတ်နန်းဆောင် တည်းခိုရိပ်သာ ဖြစ်သည်။ အကောင်းဆုံး အရက်သည် အာကာနန်း ပျော်တော်ဆက် စားသောက်ဆိုင်မှ ဝါးစိမ်းအရက် ဖြစ်သည်။

အကောင်းဆုံး ဟင်းလျာသည် ချမ်းသာစားသောက်ဆိုင်မှ တောင်ပံစုံဟင်းလျာ ဖြစ်သည်။

ယနေ့ညတွင် စိတ်တိုင်းကျပြည့်စုံရွာ၏ အကောင်းဆုံး အရက်၊ အကောင်းဆုံး ဟင်းလျာနှင့် အကောင်းဆုံး ပျော်တော်ဆက် မိန်းမချောများသည် အကောင်းဆုံး တည်းခိုနေရာဖြစ်သော နတ်နန်းဆောင် တည်းခိုရိပ်သာ၏ အထူးတည်းခိုဆောင် အမှတ်တစ်တွင် စုဝေးနေကြသည်။

လက်ဖွာမင်းသား ရင်မိန်ယန်သည် စိတ်တိုင်းကျ ပြည့်စုံရွာသို့ ရောက်ရှိ၍ တည်းခိုဆောင် ငှားရမ်းပြီးသည်နှင့် အကောင်းဆုံး အရက်၊ အကောင်းဆုံး ဟင်းလျာ၊ အချောဆုံး ပျော်တော်ဆက်မယ်တို့ကို စုစည်းစေကာ ညစာခင်းကျင်း၍ စီစဉ်ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညစာစားပွဲတွင် စားပွဲဝိုင်းတစ်ဝိုင်းသာ ခင်းကျင်းထားသည်။ ဖိတ်ကြားသည့် ဧည့်သည်ကလည်း ငါးယောက်တည်းသာ ဖြစ်သည်။

ထိုငါးယောက်မှာ သိုင်းမင်းသား ကျန်းထင်ကျင့်၊ ကျော်ကိုစိမ်းမင်းသား အိုက်တာ ဂင်၊ ပလွေနက် စွန်းလူယီ၊ ဖိုးစပ်စု ကောင်းလင်ဖုန်းနှင့် မီးခဲထန်ဟန်တို့ ဖြစ်သည်။

ရင်မိန်ယန်တွင် ရှောင်ဟုန်၊ ရှောင်ချန်၊ ရှောင်ဝှမ်၊ ရှောင်လု၊ ရှောင်လို၊ ရှောင်ချင်း၊ ရှောင်လန်နှင့် ရှောင်ကျီ အမည်ရှိ လက်စွဲတော် လူငယ်ခုနစ်ဦး ရှိသည်။

သူတို့သည် အသက်ဆယ့်နှစ်နှစ်ဝန်းကျင် အရွယ်များသာ ရှိကြသေးသည်။ ဖျတ်လတ်ကာ အကင်းပါးသည်။

သူတို့ ခုနစ်ယောက်သည် လက်စွဲတော် လူငယ်များဟု အများရှေ့တွင် ခေါ်ဆိုသော်လည်း တကယ်စင်စစ် ရင်မိန်ယန်၏ တပည့်လေးများ ဖြစ်ကြသည်။

ရင်မိန်ယန်က သူတို့ ခုနစ်ယောက်ကို သိုင်းပညာသာမက စာပေပညာ၊ ဂီတပညာ စသည်တို့ကိုပါ လက်ထပ်သင်ကြားပေးထားသည်။

ယနေ့ည ညစာစားပွဲအတွက် ဧည့်သည်ငါးယောက်ကို ဖိတ်ကြားရန်အတွက် ရင်မိန်ယန်က ရှောင်ဟုန်၊ ရှောင်ချန်၊ ရှောင်ဝှမ်၊ ရှောင်လိုနှင့် ရှောင်ချင်းတို့ကို တာဝန်ပေး စေလွှတ်ခဲ့သည်။

ရှောင်ဟုန်သည် သိုင်းမင်းသား ကျန်းထင်ကျင့်ကို ဖိတ်ခေါ်နိုင်ခဲ့သော်လည်း ကျန်လူငယ် လေးယောက်မှာမူ ပြန်လည်ပေါ်



မလာ၊ သတင်းလည်း မကြားရသည့်အတွက် ရင်မိန်ယန်သည် အတော်ပင် ဘဝင်မကျ ဖြစ်နေသည်။

အချိန်မှာလည်း နေဝင်မိုးချုပ်နေပေပြီ။

ရင်မိန်ယန်သည် ဧည့်ခန်းဆောင်ထဲသို့ ရောက်ရှိနေပြီဖြစ်သော ကျန်းထင်ကျင့်ကို နေရာထိုင်ခင်းပေးကာ ဧည့်ခံစကားပြောဆိုရင်း မိမိ၏ တပည့်လေးယောက်နှင့် ဧည့်သည်လေးယောက်တို့ကို စောင့်မျှော်နေသည်။ အတန်ကြာမှ ရှောင်ချန်၊ ရှောင်ဝှမ်၊ ရှောင်လိုနှင့် ရှောင်ချင်းတို့ လေးယောက် မျက်နှာပန်းတကြီးနှင့် ရောက်လာကြသည်။ ဧည့်သည်များမူ ပါမလာခဲ့ပေ။

အခြေအနေ သိပ်မဟန်ကြောင်းကို မပြောဘဲနှင့် ရင်မိန်ယန်က အကဲခတ်မိသည်။

"ကဲ ... ဘယ်လို ဖြစ်လာကြတယ်ဆိုတာ တစ်ယောက်စီ ပြောကြစမ်း"

ရင်မိန်ယန်က အမိန့်ပေးလိုက်သည်။

အိုက်တာရင့်ကို သွားရောက်ဖိတ်ခေါ်ရန် တာဝန်ပေးခံရသူ ရှောင်ချန်က စတင်ပြောပြသည်။

"ကျော်ကိုစိမ်းမင်းသား အိုက်တာရင့်ကို နောက်ဆုံးမြင်လိုက်ကြရတဲ့ နေရာဟာ အိပ်မက်ဂေဟာ ဖြစ်ပါတယ်၊ သူဟာ ဖုန့်ယန်ရဲ့တိုက်က လက်မရွံ့ ဝမ်လင်ထူးနဲ့ ရင်ဆိုင်တိုက်ခိုက်တယ်လို့လည်း သတင်းကြားရပါတယ်၊ အဲဒီနောက်တော့ သူ ဘယ်ကို သွားတယ်ဆိုတာ ဘယ်သူ့ဆီမှာမှ မေးမြန်းစုံစမ်းလို့ မရနိုင်ပါဘူး"

"တိုက်ခိုက်ကြတဲ့ နေရာမှာ အရှုံးအနိုင် ဘယ်လိုရှိသလဲ၊ အိုက်တာရင့် ထိခိုက်အနာတရ ဖြစ်သေးလား"

www.burmeseclassic.com

www.burmeseclassic.com



ရင်မိန်ယန် စိုးရိမ်ဟန်ဖြင့် မေးသည်။

"တိုက်ခိုက်မှု အခြေအနေ အသေးစိတ်ကိုတော့ ဘယ်သူမှ မသိကြပါဘူး၊ တိုက်ပွဲပြီးသွားတဲ့အချိန်မှာ လက်မရွံ့ ဝမ်လင်ထူးရဲ့ အလောင်းကိုသာ တွေ့ရတယ်လို့ ပြောပါတယ်"

ရင်မိန်ယန်သည် သက်ပြင်းခပ်ချချကာ ကျွန်းထင်ကျွင့် ဘက် လှည့်ကြည့်ပြီး ...

"အိုက်တာရင့်ဟာ လက်မရွံ့ ဝမ်လင်ထူးနဲ့ ပြိုင်ဘက် မဟုတ်ဘူး၊ အခု ဝမ်လင်ထူး သေဆုံးသွားရပုံကိုထောက်ရင် အိုက်တာရင့်ရဲ့ ပန်းပျံကျော့ကွင်းသိုင်းဟာ အများကြီးတိုးတက်လာ ပုံရတယ်"

ကျွန်းထင်ကျွင့်က ခေါင်းကို ခါယမ်းလိုက်ကာ ...

"မဖြစ်နိုင်ဘူး အိုက်တာရင့်ရဲ့ ပန်းပျံကျော့ကွင်းသိုင်း ဘယ်လောက် တိုးတက်လာ တိုးတက်လာ လက်မရွံ့ ဝမ်လင်ထူးကိုတော့ အပြတ်အနိုင်မယူနိုင်ပါဘူး"

"ဒါဆိုရင် ဝမ်လင်ထူး သေဆုံးရတာကို ဘယ်လိုပြောမလဲ"

"ကျွန်တော်လည်း ဒီကိစ္စကို စဉ်းစားကြည့်နေမိပါတယ်၊ တစ်ယောက်ယောက်က ကြားဝင်ခဲ့လိမ့်မယ်လို့ ကျွန်တော် ထင်မိတယ်"

ဖိုးစပ်စု ကောင်းလင်ဖုန်းကို ဖိတ်ခေါ်တာဝန်ယူထားရသူ ရှောင်လှိုက ကြားဖြတ်ကာ ...

"ဖိုးစပ်စု ကောင်းလင်ဖုန်းဟာ အဲဒီအချိန်တုန်းက အိုက်တာရင့်နဲ့ အတူရှိနေတယ်လို့ သိရပါတယ်"



"ကောင်းလင်ဖုန်းလည်း ခြေရာပျောက်နေတယ် မဟုတ်လား"

ရင်မိန်ယန်က မေးသည်။

ရှောင်လှိုက ခေါင်းညိတ်ပြကာ ...

"ဟုတ်ပါတယ်"

ရင်မိန်ယန်သည် ရှောင်ဝမ်ဘက်သို့ လှည့်ကြည့်ပြီး ...

"မင်း သွားဖိတ်ခေါ်တဲ့ စွန်းလူယိကော"

"စွန်းလူယိဟာ နေ့စဉ်နေ့တိုင်း ရွာပြင်ထွက်ပြီး တောတောင် သဘာဝရှုခင်းကို ကြည့်ခဲ့လေ့ရှိတယ်လို့ သိရပါတယ်၊ ဒါပေမဲ့ မနေ့ကတော့ မနက်ဘက် ထွက်သွားလိုက်တာ တည်းခိုခန်းကို ပြန်ရောက်မလာတော့ဘူး၊ ကျွန်တော် ရွာပြင်က တောအုပ်တောတန်းတွေထဲမှာ လိုက်ရှာပါသေးတယ်၊ စွန်းလူယိကို မတွေ့ရဘူး"

ရင်မိန်ယန်သည် ခေါင်းကိုအသာညိတ်ကာ ရှောင်ချင်းဘက် ကြည့်လိုက်ပြီး ...

"မီးခဲထန်ဟန်ကို မင်း သွားဖိတ်ခေါ်တာ ဘာများထူးခြားသလဲ"

"ဒီနေ့ နေ့လယ်ပိုင်းတုန်းက မီးခဲထန်ဟန်ဟာ ဟူအန်းရဲ့ ယုန်သားဆိုင်မှာ ယုန်ကင်နဲ့အရက် ထိုင်သောက်နေတာ တွေ့ခဲ့ တယ်လို့ သတင်းကြားရတာကြောင့် ကျွန်တော် အပြေးသွားပြီး စုံစမ်းကြည့်ပါတယ်၊ ဒါပေမဲ့ ဆိုင်ကပိတ်ထားတယ် ပြီးတော့ ထန်ဟန် အကြောင်းလည်း ဘယ်လိုမှစုံစမ်းလို့ မရတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရင်မိန့်ယန်က ကျန်းထင်ကျင့်ဘက် လှည့်ကြည့်ကာ ...

"ဒါက ဘယ်လိုဖြစ်တာလဲ၊ ဒီလူတွေ တစ်ယောက်ပြီး တစ်ယောက် ဘာကြောင့် ခြေရာပျောက်ကုန်ကြတာလဲ"

* * *

ဒုတိယပိုင်း (ဇာတ်သိမ်း)

ကို

ဆက်လက် ဖတ်ရှုပါရန်။

တက္ကသိုလ်ဝင်းကြွယ်

www.burmeseclassic.com